


www.burmeseclassic.com
BURMESE
CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# စောညို

ဒေါ်သံဝေးဝေး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၅၆၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၀၇၀၆၀၆

၂၀၀၇ ခုနှစ်၊ မတ်လ၊
ဒုတိယအကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊

## ပြည်သူ့သဘောထား

ပြည်ထောင်စု မပြိုကွဲရေး — ပြည်သူ့ရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ပြည်သူ့ရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ပြည်သူ့ရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ၁

ကုန်လွန်ခဲ့ပြီးသော
တစ်ခေတ်နှောင်းခဲ့ပြီးသော ကာလ
၁၉၅၄ ခုနှစ် ဝန်းကျင်
(သို့မဟုတ်)
လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ခန့်

မနေ့ညက သူသည် လွယ်လန်တောင်ကုန်းတွင် စခန်းချ ရပ်ခဲ့သည်။ အကြောင်းမှု သူ့လိုပဲ ခရီးသွားတစ်စုက သူ့အရှင် ရေရှသော စမ်းချောင်းတစ်ခုသို့ ရောက်နေကြလိမ့်မည် ဖြစ်ရကား ထိုခရီးသည် တစ်စုကို တွေ့ဆုံလိုသော ဆန္ဒမရှိပေ။

နံနက်အာရုံဦးက ပို့တက်လာသော အခါမှသာလျှင် သူက လွယ်လန်တောင်ကုန်း အောက်ခြေမှ ထွက်ခွာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လို အချိန်မျိုးတွင် အိပ်ချင်စရာ မည်မျှကောင်းပြောပေမင့် သူ့မျက်လုံးတွေကို သူက အလိုမလိုက်၊ အိပ်ချင်စိတ်ကို တားဆီးနိုင်ခြင်းသည် စိတ်ဓာတ်ကို တစ်မျိုးနိုင်နင်းခြင်းဟု သူက မှတ်ယူထားသည်။

နေထွက်လာသောအခါ နေဟိန်းသည် သူ့ပတ်ဝန်းကျင်ကို မျက်လုံးကစားသည်။ မျက်စိအောက်တွင် အရာရာတိုင်းသည် သစ်ပင်များ၊ တောင်ကုန်း တောင်ကမူများနှင့်သာ ပြည့်နေသည်။ နေဟိန်းသည် သည်အရပ်ဒေသတွင် ကျင်လည်နေသူတစ်ဦး ဖြစ်၏။ မြင်းတစ်ကောင်စီးလျက် လူဆိုးများ၏ အခြေအနေ၊ သောင်းကျန်းသူများ၏ လှုပ်ရှားမှုများကို လိုက်လံထောက်လှမ်းလျက် အလျဉ်းသင့်ရာ ရဲစခန်း သို့မဟုတ် စစ်တပ်သို့ အကြောင်းကြားတတ်သည်။

သူ့တွင် ထိုသို့လုပ်ဖို့ရန်အတွက် အကြောင်းပြချက်က အခိုင်အလုံရှိသည်။ သူသည် အစက တောင်ကြီးတွင် သနပ်ဖက်ကုန်သည်တစ်ဦး ဖြစ်ခဲ့သည်။ နေအောင်သည် နေဟိန်း၏ အင်မတန်ချစ်လှသည့် ညီ။ လောကတွင် မေတ္တာမျှစရာ၊ ကြင်နာစရာ၊ ကျေးစရာဆို၍ သည်ညီတစ်ယောက်သာပဲ သူ့မှာရှိခဲ့သည်။ အကုသိုလ်ကံ စက်ရဟတ် တစ်ပတ်ကြွလာသောနေ့တွင် တောင်ကြီးမှလွိုင်ကော်သို့ နေအောင်က အလည်အပတ်အသွား၊ သောင်းကျန်းသူတစ်စုက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ နေအောင်သည် အပြစ်မဲ့သူတစ်ယောက်၊ ပြီးတော့လည်း မိမိလို ကြမ်းတမ်းသူ မဟုတ်





ဘဲ နုနယ်သူတစ်ဦး။ ထို့အပြင် ကြောက်စိတ်လည်း ရှိသည်။ ဓာလေးငှက်အသွင် ဘာကိုမှ အန္တရာယ်မပြုတတ်သူကိုမှ သောင်းကျန်းသူတစ်စုက အကြောင်းမဲ့ သတ်ခြင်းသည် နေဟိန်း၏ ရင်ကို သွက်သွက်ခါ နာကြည်းစေသည်။ ယူကျုံးမရ ဖြစ်စေသည်။ နေဟိန်း၏ တစ်သက်တာတွင် တတိယအကြိမ် မျက်ရည်ပေါက်ဆါက် ကျခဲ့ရသည်။ ပထမ အမေဆုံးပါးခဲ့စဉ်က၊ ဒုတိယ အဖေဆုံးတော့၊ ယခု တတိယ ညီငယ်တစ်ယောက်လုံး လူ့လောကတွင် မရှိသော အချိန်မှာပင် တကား။

ဝမ်းနည်းခြင်း မျက်ရည်အောက်မှ ဒေါသမီးလျှံနှင့် ခန်းတီးခြင်းသည် နေဟိန်းကို ပူးကပ်လာ၏။ လူမျိုးရေး မဖြစ်သင့်ပါဘဲလျက် လူမျိုးရေး သွေးကွဲအောင် လုပ်နေသော ထိုသောင်းကျန်းသူတစ်စု၊ ပြည်ထောင်စုကြီး အေးချမ်းသင့်ပါလျက်နှင့် မအေးချမ်းအောင် လုပ်နေသော အဖျက်သမား၊ တောကြောင်ဒေါ်မြဲ့ဒုန္တ စားပြသူခိုးတို့ကို သူ လက်စားချေ ရှင်းပစ်လိုလှသည်။ သည်စိတ်က သူ့အား နေ့စဉ်မပြတ် နေအောင် သေပြီးချိန်မှစ၍ ယခုရှိ အမျှင်မပြတ် ဆွဲဆောင်နေလေရာ မကြာမီ သမယအတွင်း နေဟိန်းသည် တောင်ကြီးမှ ပျောက်ကွယ်လျက် တောတွင်းသတင်း တစ်ယောက်ဘဝသို့ ရောက်ခဲ့ရလေ၏။ မုဆိုးသည် တိရစ္ဆာန်အားကောင်ကို ရှာ၏။ ကြောင်သည် ကြွက်ကိုရှာ၏။ သိန်းငှက်နှင့်ရဲတို့သည် ငှက်ငယ်ကို မွှေရှာ၏။ သည်သို့ရှာခြင်းက အားကြီးသူက အားနည်းသူကို အနိုင်ကျင့် ရှာဖွေခြင်း။ နေဟိန်းကမူ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မဟုတ်။ အားနည်းသူက မိမိထက် အင်အားကောင်း သန်စွမ်းသူကို ရှာဖွေခြင်းသာ ဖြစ်သည်။

သောင်းကျန်းသူတို့၏ အင်အားက သူ့ထက်လက်နက်အင်အားကော၊ လူအင်အားပါ ကြီးမားသည်။ သို့ရာတွင် စိတ်ဓာတ်အင်အား ပြည့်ဝနေသော နေဟိန်းက မကြောက်။

သူ့ကိုယ်ကာယသည် မြင်းပေါ်မှာပင် ခန့်ညားညားရှိလှသည်။ ပခုံးက ကျယ်ဝန်းပြီး ရင်အုံက ထွားမို့၏။ ဝမ်းဗိုက်က ရှပ်သွားသည်။ မျက်နှာက မသိမသာ သွယ်သော်လည်း မေးရိုးကားနေသဖြင့် မျက်နှာသွယ်မှန်း မသိရ။ အသားက အသားလတ် ဖြစ်သည်။ မျက်နှာအေားနှစ်ဖက်တွင် မရိတ်သေးသဖြင့် အနည်းငယ် ရှည်ထွက်နေသော မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှိနေသည်။ ခေါင်းထက်တွင် အနက်ရောင်သက္ကလပ်အနားပြားဦးထုပ်တစ်လုံးကို ဆောင်းထားသည်။ ခေါင်းအောက်မှ မျက်လုံးတို့၏ အနေအထားက မျက်ဝန်းကျယ်သလောက် စူးရှတောက်ပြောင်လှသည်။

ကိုယ်ပေါ်တွင် သားရေဂျာကင် ရှားစေးရောင်နှင့်အတွင်းမှ တက်ထရက်စ်၊ အပါးစား ရှပ်အင်္ကျီ အညိုရောင် ဝတ်ထားသည်။ ကိုယ်အောက်ပိုင်းကမူ အမေရိကန်ဘောင်းဘီပုံစံအတိုင်း သက္ကလပ်ဘောင်းဘီရှည်တစ်ထည် ဝတ်၍ တောစီးဖိနပ်စိမ်းကို ခြေအောက်များမှာ စွတ်ထားသည်။ ခါးတွင် လေးဆယ့်ငါးဗိုု ကယ်လီဘား ခြောက်လုံးပြူးတစ်လက်ကို သေနတ်အိတ်နှင့် တွဲလောင်းချ ချိတ်ထားသည်။ ခါးပတ်က နွားသားရေခါးပတ်ပြား ဖြစ်သည်။ ခါးပတ်အရောင်က အနီရောင်၊ မြင်းကုန်းနှီးတွင် အာဘိုင်သေနတ်တစ်လက်ကို အိတ်ထဲ ထည့်ချိတ်ထားသည်။ သေနတ်ဒင်က ရှည်လျားသော သေနတ်အိတ်ထဲက ထွက်နေလေသည်။

သူစီးသောမြင်းကိုကော ကြည့်ဦးမလား။

မြင်းက ခြေလေးချောင်းစလုံး ရှည်လျားပြီး ရင်အုပ်ကောင်းကောင်း၊ လည်ဆံမွေးဖားဖားနှင့် မန်ကျည်းစေ့ရောင်မြင်းဖြစ်၏။ ခြေတစ်ချက် ချလိုက်တိုင်း ချလိုက်တိုင်း ညက်ညောလှ၏။ မြင်းသွားရာ လမ်းတစ်လျှောက်တွင် ညီညာသော မြေပြင်လည်းရှိ၏။ မညီညာသော အပြေအပြစ်ကင်းမဲ့သည့် မြေပြင်လည်းရှိ၏။ သူ သွားရာနေရာတွင် မြင်းရှေ့မှ ခြေရာများကို တွေ့ရသည်။ သူသည် ယင်းခြေရာများကို မြင်းပေါ်မှဆင်းကာ လေ့လာ၏။ နံနက်ခင်းက နှင်းကျခဲ့သဖြင့် မြေပြင်က စိုထိုင်းပျော့နေလေရာ ထိုမြေပေါ်တွင် မြင်းခွာရာများကို တွေ့ရသည်။ မြင်းခွာရာတွေကိုကြည့်ပြီး လေ့လာကာ ထိုမြင်းကိုစီးသူပေါင်းမှာ ၁၀ ယောက်၊ သို့မဟုတ် ၁၂ ယောက်ဟု မှတ်ချက်ချလိုက်သည်။ သည်ခြေရာတွေ သောင်းကျန်းသူမြင်းစီးသမား၏ ခြေရာလော။ သို့တည်းမဟုတ် လူကောင်းတွေ၏ ခြေရာများပင်လော။ သို့မဟုတ် အစိုးရအမှုတမ်း လူဝင်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ မြင်းခြေရာများပင်လော။ တိတိပပ မခွဲခြားနိုင်။ ခရီးသည်များ သွားချင်းသွားလျှင် မော်တော်







www.burmeseclassic.com

www.burmeseclassic.com



ကားနှင့်သာ သွားကြလိမ့်မည်သာ။ သည်နေရာမှာတော့ သောင်းကျန်းသူတွေ သွားလာ လှုပ်ရှားပြီး၊ ရှမ်းပြည်နယ်၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ကူးနေကြသည်။

မြင်းပေါ်သို့ နေဟိန်းက ပြန်တက်ပြီး ခပ်မှန်မှန် ခရီးဆက်ခဲ့ပါသည်။ ဒါပေမဲ့ သူက မြင်ရသော ရှေ့မှ မြင်းခြေရာများအတိုင်း မလိုက်ဘဲ ဒေါ်မှ ခွာဖဲ့ထွက်လိုက်သည်။ သူသွားရာအရပ်ကား သည်မြင်းသမားများ၏ တူရူအရပ်ဖြစ်သော စိုက်ခေါင်သို့ပင် သွားရပေမည်။

ခက်သည်က သည်အရပ်ဒေသဘက်တွင် စိုက်ခေါင်သို့အသွားဝယ် ရေအထူးလိုအပ်သည်။ တောင်တန်းတွေကျော်လျှင် တောင်ပေါ်မှာလည်းကောင်း၊ တောင်အောက်မှာလည်း ရေတော်ရုံနှင့် မရနိုင်ပေ။ သည်မျှကျယ်သော မိုင်ပေါင်းများစွာ ပတ်လည်တွင် ရေထွက်စမ်းပေါက်ကို အားကိုးရသည်။ ယခုလို နွေရာသီတွင် တောင်ကျရေများပင် နည်းတတ်သည်။

ညက သူ စခန်းချသော နေရ[illegible] မိုင်ရှစ်ဆယ်လောက် အကွာတွင် ရေထွက်စမ်းပေါက်ရှိပြီး ဖြစ်သည်ကို နေဟိန်း သိပြီးသား ဖြစ်သည်။ စိုက်ခေါင်သွားရာ တောင်ကြားတွင် ပေါက်ထွက်နေသည်။ သို့ရာတွင် ထိုနေရာကို တစ်ခါက သောင်းကျန်းသူများက မိုင်းနှင့်ခွဲထွက်သွားကြသဖြင့် တောင်နံရံအချို့ ပြိုကျကာ ရေထွက်ပေါက်ကို ပိတ်ခဲ့ကြောင်း မိုင်းသာရွာမှ သူ အထွက်မှာ သိခဲ့ရ၏။ စိုက်ခေါင်သို့ မရောက်မီ တောင်ဘက်ကို





သွားလျှင်တော့ လွယ်ဂျယ်စမ်းသို့ ရောက်နိုင်၏။ သူ့အတွက် ခုလိုနေသည်က အမှန်။ လွယ်ဂျယ်စမ်းသို့ သူသွားလျှင်လည်း ခိုင်နှစ်ဆယ်မျှလောက်သာ ဝေးကွာချိမ့်မည်။ မြင်းကိုလည်း ရေတိုက်ရမည်။ သူသည်လည်း ရေမိုးသုံးသပ်ရပေမည်။ သူ့အလုပ်သ တောထဲနေ၊ တောထဲစား၊ တောထဲသွားရသော်လည်း လွယ်ကူလှသည် မဟုတ်ပေ။

မနေ့ညက လွယ်လန်တောင်ကုန်းနားတွင် လူတစ်စုအ ခပ်ဝေးဝေး၌ မီးတလက်လက်နှင့် စခန်းချနေခြင်းကို သူတွေ့ခဲ့ရ၏။ သူတွေ့သော မြင်းခြေရာတွေက ထိုလူစု၏ ခြေရာများပင် ဖြစ်ပါလိမ့်မည်။ သူ မသိရပါဘဲလျက် မြင်းစီးသမား ခြောက်ယောက်သည် လွယ်ဂျယ်စမ်းရှိရာသို့ လာနေကြ၏။ လူတိုင်း၏ ချက်နှာတွင် ကြောက်ရွံ့သော အရိပ်အယောင်တွေ သမ်းယှက်နေကြသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်မှ တောင်ဘက် ရေထွက်ပေါက် ရှိရာသို့ လာနေကြသူများက မြင်းစီးသမားနှစ်ယောက် ဖြစ်သည်။ သူတို့ရှေ့တွင် မည်သူတွေ သွားနေကြသည်၊ ဘာတွေဖြစ်ကြလိမ့်မည်ကို မသိသကဲ့သို့ လူနှစ်ဦးမှာ အေးဆေးလှသည်။ ဒါ့ပေမဲ့ မကြာခဏတော့ သူတို့လာရာလမ်းကို သမင်လည်ပြန် ခေါင်းငဲ့ပြီး ပြန်ကြည့်တတ်ကြ၏။ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးလူက မြင်းပေါ်တွင် ကျွမ်းကျင်သက်သာစွာ စီးလာ၏။ သူသည် လူပိန်သော်လည်း သွက်လက်သန်စွမ်းမည့်ပုံ ရသည်။ လှိုင်းတွန့်ဆံပင်များသည် သူ၏နဖူးပေါ်သို့ ဝဲကျနေသည်ကပင် ချောမောသော မျက်နှာပြင်တွင် ကြည့်ကောင်းလှသည်။

သူနှင့်အတူ စီးလာသောသူကား သူလိုယောက်ျားမဟုတ်ဘဲ အမျိုးသမီးတစ်ယောက်သာ ဖြစ်ချေ၏။ သူမသည် ကိုယ်ခန္ဓာဖွဲ့စည်းမှု မိန်းမပီသသော အဖုအထစ်၊ အလုံးအထည်ကောင်းကာ အကောက်အကွေ့ အရှိက်အပိုက် အမို့အမောက်တို့နှင့် ပြီးနေ၏။ နက်မှောင်သော အိုမီဂါ ဆံပင်များသည် သူမ၏ နို့နှစ်ရောင် အသားနှင့် လိုက်ဖက်လှသည်။ မျက်လုံးကလေး





တွေက မွေးစ နွားသူငယ်၏ မျက်လုံးအိမ်လို နက်ရှိုင်းမည်းနက်တောက်ပကြည်လင်လှသည်။ မျက်ဝန်းမျက်ဖန်လှသည်။ တောင့်ဖြောင့်သော ကိုယ်ခန္ဓာအလှနှင့် မျက်နှာ၏အလှက လိုက်လျောညီထွေ လှစေသည်။

"မေ့ဖေဖေက ကိုယ်တို့နောက်ကို လိုက်လာလိမ့်မယ်လို့ ထင်သလား"

"သူကတော့ လိုက်မှာပဲ အစ်ကို"

"တကယ်လို့ ကိုယ်က မေ့ကို လက်ထပ်ပြီးပြီဆိုရင် မေ့ဖေဖေက ဘာလုပ်လိမ့်မယ် ထင်သလဲ"

"အစ်ကို့ကို သတ်မယ်လို့ ထင်တာပဲ၊ သူဟာ မေ့ဖေဖေဆိုပေမယ့် ကြမ်းတမ်းခက်ထန်လွန်းတယ် အစ်ကို၊ တစ်ခါက သူ လူတစ်ယောက်ကို သေလုမျောပါး သတ်ခဲ့ဖူးတယ်၊ အဲဒီအချိန်ကစပြီး မေ့ဖေဖေကို မုန်းမိတော့တာပဲ"

မြင်းကို စီးလာလျက်က မေကြာညိုသည် ကျော်ကျော်ထိုက်ကို ပြောလေသည်။ ကျော်ကျော်ထိုက်က လာရာလမ်းကို သမင်လည်ပြန် ကြည့်ပြီး ...

"ဘာလဲ မေ ... အဲဒီ သေလုမြောပါး အသတ်ခံရသူက မေနဲ့သိတဲ့လူမို့လား"

"မဟုတ်ပါဘူး၊ သူ့ကို ရွာထဲမှာ မြင်တွေ့ဖူးလို့ပါ၊ တစ်ခါတော့ ဖေဖေ့မြင်းခြံကို သူ လာဖူးတယ်၊ သူကငယ်တယ်၊ ချောလည်းချောတယ်၊ ဒီတုန်းက မေ့အသက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်သုံးလေးနှစ်ပဲ ရှိသေးတယ်၊ သူ့ကိုမြင်တုန်းက ရှင်းရှင်းဝန်ခံရရင် မေ ကြိုက်ခဲ့ဖူးတယ်၊ အဲဒီနောက် မေမေက သူ့ကို သတ်တော့တာပဲ၊ ဘာကြောင့်လဲဆိုတာ မေ ဘယ်လိုမှ မသိခဲ့ဘူး"

နေက မြင့်လာပြီမို့ သူတို့နံဘေးတွင် သွေ့ခြောက်စပြုလာသည်။ မြင်းခွာသံများက ခပ်ပျော့ပျော့ ပေါ်လာ၏။

ကျော်ကျော်ထိုက် အဖို့တွင် မေကြာညိုသည် သူ၏ အသက်၊ သူ၏ နှလုံးသားဟုပဲ မှတ်ထင်ထားသည်။

ကျော်ကျော်ထိုက်သည် သူ့ဖခင်နှင့် သာစည်မှာ နေခဲ့သည်။ သူ့ဖခင် ဗိုလ်ကြီးလှမိုးကား တစ်ချိန်က မြန်မာပြည်တွင်းသို့ ကျူးကျော်လာသော နယ်ချဲ့ရုပ်သေး စစ်သားကူမင်တာန် တရုတ်ဖြူများကို တိုက်ခိုက်ရာမှ တိုင်းပြည်အတွက် အသက်ပေးသွားခဲ့သည်။ ဖခင် ကွယ်လွန်ပြီးနောက် မန္တလေးတက္ကသိုလ်သို့ သွားရောက်တက်နေရသူ ကျော်ကျော်ထိုက်သည် တက္ကသိုလ်ဥပစာနယ်မြေမှ အပြီးအပိုင် နှုတ်ထွက်ခဲ့၏။ သူသည် ဖခင်ထံမှ ကျန်ခဲ့သော ငွေ၊ ဌာနဆိုင်ရာမှ ဖခင်အတွက် ပေးလိုက်သောငွေနှင့် ဖခင်ပိုင်အိမ်ကို ရောင်းချကာ ရှမ်းပြည်နယ်ဘက်သို့ စီးပွားရေးထူထောင်ဖို့ ရောက်လာသည်။

လက်လည်းငယ် ငွေကလည်း ရှိနေသဖြင့် သူ့ပတ်ဝန်းကျင်သည် သူ့အတွက် ထွန်းထွန်းတောက်တောက် ပြုနိုင်ဖို့ လမ်းမရှိပေ။ မွေးမြူရေးလုပ်ငန်း တစ်ခုခုလုပ်ဖို့ ကြိုးစားခြင်းထက်





သူသည် အရက်သမားတစ်ယောက် ဖြစ်ခဲ့ရ၏။ သူ့လက်ထဲ ငွေတစ်ထောင်ကျော်လေး ကျန်မှပင် သူ့ဘဝ၏ ပျိုးထောင်ရေး အဖြစ်ကို သတိရလာ၏။

သူ့အား ဖျက်ဆီးနေသော လူ့ပတ်ဝန်းကျင်ကို ဖယ်ခွာကာ မိုင်းဆန်သို့ အခြေစိုက်ပြီး ယာခင်းတစ်ခုခု ပျိုးထောင်ရန် လာရာမှ မေကြာညိုနှင့် ဆုံစည်းခဲ့သည်။

မေကြာညိုကား ဦးနန်းထိုက်၏ တစ်ဦးတည်းသော သမီး ဖြစ်သည်။ ဦးနန်းထိုက် မိုင်းဆန်ရွာတွင် အခြေတည်ရင်း လက်ဖက်ခင်းစိုက်၊ သနပ်ဖက်စိုက်၊ မြင်းမွေးနှင့် ကြီးပွားအခြေကျနေသူ ဖြစ်၏။ စီးပွားရေးတွင် လာဘ်မြင်သလောက် တစ်ဦးတည်းသော သမီးကလေးအပေါ်တွင် ဘယ်လိုမှ အကြောတည့်အောင် စကားမပြောတတ်၊ သူသည် သမီးကိုချစ်သည်။ မိခင်မရှိကတည်းက ပိုက်ထွေးမြတ်နိုးလာရသော သမီးမို့လည်း သမီးအပေါ် ချစ်တာလောက်ပဲ သူသိသည်။

သမီးကလေးက သူ့အပေါ် သံယောဇဉ်ကြီးမားလာအောင် ဦးနန်းထိုက်က မလုပ်တတ်သည်မှာ သူ၏ ချို့ယွင်းချက်ကြီးတစ်ရပ်ပင် ဖြစ်တော့၏။

တကယ်တော့မူ နန်းထိုက် ဆိုသော လူကြီးအတွက် နူးညံ့ပျော့ပြောင်းမှုသည် သူ့ကမ္ဘာတွင်မရှိ။ ကြမ်းတမ်း၏၊ ခက်ထန်၏၊ မာကျော၏။ ဒါတွေကပဲ သူပိုင် ဝိသေသတွေဟု ဖော်ပြရလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အပြင် ခက်သည်က ဦးနန်းထိုက်သည် မကြာညိုကို ငယ်စဉ်ကတည်းမှ ရန်ကုန်ရှိ အင်္ဂလိပ်မယ်သီလရှင်ကျောင်းတွင် ကျောင်းအိပ် ကျောင်းစား ထားခဲ့၏။ မကြာညို ၁၀ တန်းအောင်ပြီး၊ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းအိပ်ကျောင်းစား ဆက်နေလျက် ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ကို ယူပြီးသည့်တိုင်အောင် မကြာညိုနှင့် ဦးနန်းထိုက်၏ တွေ့ထိချက်ကား မကြာညို ကျောင်းပိတ်ရက်တွင်းမှာသာ ဖြစ်ခဲ့၏။ မကြာညိုသည် သူမ တတ်သော အမိတက္ကသိုလ်မှ ပညာဖြင့် တိုင်းပြည်တာဝန်တစ်ခုကို ဝင်ထမ်းလို၏။ ဝင်ရောက် ထမ်းသင့်သည်ဟုလည်း ထင်၏။

ဦးနန်းထိုက်က သည်သို့ မယူဆ၊ မကြာညိုသည် ဘွဲ့တစ်ခုကိုရလျှင် လူ့လောကၚ္ဂ လှပ်ှသော ပညတ်ချက်၌ ဂုဏ်ဒြပ်တစ်ခု အနေဖြင့် ဒီဂရီက မကြာညို အတွက် ဖြည့်စွက်ပြီးပြီဟု ယူဆ၏။ ဒါကြောင့် မကြာညိုက ဘာမှလုပ်ရန်မလို။ သို့မို့ကြောင့် မကြာညိုကို ဦးနန်းထိုက်က ပြန်ခေါ်သည်။

မကြာညိုသည် ဖခင်ကို မကျေနပ်ပြားလည်း ပသို့မျှ စောဒကမတက်၊ ရင်ထဲမှာတော့ မြို့ထားလေသည်။

ဦးနန်းထိုက် ယူသော ဖခင်၏အေးမေတ္တာရိပ်တွင် မကြာညို ခိုအောင်းရသော်လည်း မကြာညို အတွက် စိတ်ဝင်စားစရာ တစ်ကွက်မှ မရှိပါ။ သေးတွင် တော,တောင်တို့သာရှိသည်။ ရှမ်းအမျိုးသားများသာ ရှိသည်။ ရှမ်းအမျိုးသား အမျိုးသမီးကလေးများကို စာတတ်စေချင်၏။ ထို့ကြောင့် မိုင်းဆန်ရွာထဲမှ ကလေး





ငယ်များကိုလည်းကောင်း၊ ဖခင်၏ အလုပ်ခွင်မှ ကလေးများကိုလည်းကောင်း၊ ခေါ်ယူကာ စာသင်ပေးသည်။

သည်အတွင်းမှာပင် အာလူးစိုက်ခင်းဖြစ်ရန် ကြိုးစားနေသူ ကျော်ကျော်ထိုက်နှင့် တွေ့ရသည်။ ကျော်ကျော်ထိုက်သည် မကြာညို၏ စေတနာကို လေးစားနားလည်သည်နှင့်အညီ မကြာညိုကို ကူညီကာ ကလေးငယ်များကို စာသင်ပေးသည်။ မကြာညို အတွက် လိုအပ်သည်တို့ကို ကူညီ၏။

ကျော်ကျော်ထိုက်သည် တစ်ချိန်က ကစားသမားဖြစ်ခဲ့သော သူ့ဘဝကို မြှုပ်နှံလျက် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးသည်ကို မကြာညို တစ်စတစ်စ သိလာသည်။ မြင်းစီးထွက်လျှင်လည်း မကြာညိုအပါးမှ ကျော်ကျော်ထိုက် ပါလာတတ်၏။

မကြာညိုက ရွာရှိကလေးများအား စာသင်ပေးခြင်းကို ဦးနန်းထိုက် ပသို့မျှ မကန့်ကွက်သော်လည်း ကျော်ကျော်ထိုက် ပါလာသည်ကို မနှစ်မြို့ပေ။ သူသည် ငယ်ရာက ကြီးလာသူ။ မိန်းမနှင့် ယောကျ်ားနီးစပ်လျှင် ဘာဖြစ်လိမ့်မည်ကို သူသိသည်။ တကယ်တော့ သံယောဇဉ်သည် နီးစပ်ခြင်းကသာ စခြင်းဖြစ်၏။ ဦးနန်းထိုက်၏ အတွေးသည် အကြွင်းမဲ့ မှန်နေ၏။

မကြာညိုသည် ကျော်ကျော်ထိုက်နှင့် တွေ့လာရသောအခါ အသက်နှစ်ဆယ်ကျော်ကလေးအထိ မေတ္တာဟူသည် ဖခင်မေတ္တာမှလွဲပြီး နားမလည်ရှာသူ သူမသည် ကျော်ကျော်ထိုက်အပေါ် မေတ္တာ၏အခြေခံဖြစ်သော စိတ်ဝင်စားမှုကလေး ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ထိုက်သည် သူမ၏ဘဝ ဝန်းကျင်တွင် ပျော်ပြေသူ တစ်ယောက်ဟု သိရှိထားသလို ကျော်ကျော်ထိုက် မရှိလျှင် မနေတတ်သလို ဖြစ်လာမိသည်။

ကျော်ကျော်ထိုက်ကလည်း ထိုနည်းနှင်နှင်ပါပဲ။

မေတ္တာဖတ်လမ်းကို စတင်ဖော်ရသော် မကြာမီ ကျော်ကျော်ထိုက်နှင့် မကြာညိုသည် ချစ်သူ၏ မျက်နှာက လမင်းတစ်ရာထက် အလေးသာပြီး လှပသူဟု ပြောရလောက်သည့် အခြေအနေသို့ ရောက်လေသည်။

ဦးနန်းထိုက်က မကြာညို၏ ညည့်သည်အဖြစ် သဘောထားပြီး မချစ်သော်လည်း အောင့်ကာနမ်း သဘောမျိုးနှင့် ကြည့်နေရ၏။ တစ်နေ့တွင် သူ့ရင်ထဲ မုန်တိုင်းကျဖို့အကြောင်း ဆိုက်ရောက်လာလေသည်။ မကြာညိုကို လက်ထပ်ဖို့ရန် ကျော်ကျော်ထိုက် လိုလား၏။ သည်ကိစ္စကို ကျော်ကျော်ထိုက် မပြောမီ မကြာညိုက သူမ ဖခင်အား တီးခေါက်ကြည့်ရာမှ ဖခင်နှင့်အကြီး အကျယ် စကားများရတော့သည်။ ဦးနန်းထိုက်သည် သမီးနားဝင် အောင် စကားပြောတတ်သူ မဟုတ်သဖြင့် မကြာညို ငိုပွဲဆင်နွဲ ရ၏။ နောက်တစ်နေ့တွင် ကျော်ကျော်ထိုက် သိလာရသဖြင့် သူ ကိုယ်တိုင် ဦးနန်းထိုက်ထံ သွားရောက်ခွင့်ပန်သည်။ ဦးနန်းထိုက် သည် ကျော်ကျော်ထိုက်အား မောင်းထုတ်သည်သာမက သည် ရွာတွင် ဆက်လက်နေက အသက်နှင့်ကိုယ် မြဲမည်မဟုတ်ဟု ဆိုလာ၏။





ယောက္ခမလောင်း၏ အငြိုအငြင်ကို ကျော်ကျော် ထိုက် မခံယူလို၊ ဒါကြောင့် သူ့စိုက်ခင်းကို ရောင်းချကာ စိုက် ခေါင်းအရပ်ဘက်သို့ မြင်းတစ်ကောင်နှင့် ထွက်အလာ မကြာညို အ မြင်းတစ်ကောင်စီးပြီး သူနှင့်အတူ လိုက်ခဲ့လေတော့သည်။

လာစဉ်က ရေအနည်းငယ်သာ ယူလာကြ၏။ သည်နယ်မြေကို သူတို့က မကျွမ်းကျင်၊ ရေရနိုင်သည်ဟု တွက် ထားသည်။ စမ်းချောင်းတစ်ခုတလေမှ မတွေ့ရမှ မျက်လုံးပြူးလာ ကြသည်။ သူတို့က မြင်းများကို ဆက်လက်နှင့်လာစဉ်မှာပင် တစ်နေရာအရောက်၌ မကြာညိုသည် ထိတ်ထိတ်လန့်လန့် အော်လိုက်မိတော့သည်။

လူနှစ်ယောက်သည် မာကျောသော မြေပြင်ပေါ်တွင် တိုးရိုးကားယား အနေဖြင့် သေပွဲဝင်နေကြသည်။ နှစ်ယောက် စလုံး အဝတ်အစားများ ချွတ်ထားလျက် ခြေ,လက်တွေ ဖြတ် တောက်ခံနေရသည်။ မြင်ကွင်းက ကြောက်စရာတည့်။ မြေပြင် တစ်ခုလုံးကား သွေးများနှင့် မည်းနက်ခြောက်ကပ်နေ၏။ နှစ် ယောက်စလုံး၏ ကိုယ်တွင် မြားတံများ အများအပြား စိုက်နေ သည်မှာ မြင်မကောင်းပါ။

ပထမဆုံးအကြိမ် တွေ့လိုက်ရသော မြင်ကွင်းမို့လည်း ကျော်ကျော်ထိုက်မှာ ရင်ထဲ တုန်လှုပ်မှုလှိုင်း ရိုက်ခတ်သွားလေ တော့သည်။ မျက်နှာပျက်သွားသည်။ သို့ရာတွင် မကြာညို အားငယ်မည်စိုးသဖြင့် မျက်နှာကို ပြင်လိုက်ရလေသည်။ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ညိုက မျက်နှာကလေး ဖြူရော်လျက် တစ်ဖက်သို့ မျက်နှာလွှဲနေ ရှာသည်။

"မေ ... ကိုယ်တို့ ဒီနေရာက မြန်မြန်သွားကြရအောင်ကွယ်"

သူတို့လာရာ ကျောက်တောင်ကမ္ဘူက သူတို့နောက် မှာ ရှိနေသည်။ ထိုတောင်ကမ္ဘူမှ ဆင်းလာသူလူ၏ ဆင်းလာသံ ကို သူတို့မကြားမိ။ သူကား အရပ်ရှည်ရှည်နှင့် လူငယ်တစ်ဦး ဖြစ်၏။ ဟန်အမူအရာက ရက်ရွဲ့ရွဲ့ အမူအရာ ပေါ်ပေါက်နေသည်။ ဒါပေမဲ့ ဒီအချိန်ဝယ် သူ့လက်ထဲမှာ ရိုင်ဖယ်သေနတ်တစ်လက် ကိုင်ထားခဲ့ပြီးမို့ ရက်သလိုလို အမူအရာက ပေါ်လွင်စွာမရှိတော့။ သူ့အဝတ်အစားများသည် စုတ်ပြိုညစ်ပတ်နေလေသည်။ တောင် ကမ္ဘူမှ ထွက်လာသောအခါ စကားမပြောမီ လည်ချောင်းကို ပထမဆုံး အဟင်းအဟဲနှင့် ရှင်းပစ်လိုက်သည်။

"ခင်ဗျားတို့ စိုက်ခေါင်ဘက်ကို သွားမှာလား"

သူ့စကားကြောင့်လည်းကောင်း၊ လည်ချောင်း ရှင်း သံကြောင့်လည်းကောင်း၊ ကျော်ကျော်ထိုက်သည် ချာခနဲ လှည့် လိုက်သလို သူ့လက်ကလည်း ကုတ်အင်္ကျီအောက်ရှိ သေနတ် ရှိရာသို့ အလိုလိုရောက်သွားသည်။ သို့ရာတွင် ပိန်ပိန်ရှည်ရှည် လူငယ်ကို မြင်သောအခါ သူ အံ့အားသင့်သွား၏။

ထို့နောက်မှ ...

"ဟော့ ... မင်း ဘယ်သူလဲ"

သူ့မေးခွန်းက ခပ်ထန်ထန် ထွက်သွားသည်။



"ခင်ဗျားတို့ စိုက်ခေါင်ဘက်ကို သွားမယ်ဆိုရင် ကျွန်တော် လည်း လိုက်ပါရစေ၊ ကျွန်တော့်နာမည် အောင်လွင်ပါ"

တည်ငြိမ်သော လေသံနှင့် လူငယ်က ပြောလိုက်စဉ် ကျော်ကျော်ထိုက်က သေနေသူများကို လက်ညှိုးထိုးပြလိုက်လေ သည်။

"မင်း သူတို့ကို သိသလား"

"သောင်းကျန်းသူတွေ ဆယ့်လေး ဆယ့်ငါးယောက်လောက် ဖြစ်လိမ့်မယ်၊ ကျွန်တော်တို့ ဒီနေရာမှာ ရေရမလားလို့ ရေရှာနေကြတယ်၊ ကျွန်တော်က ဒီတောင်ကမ္ဘူပေါ်မှာ တာဝန်ကျလို့ တောင်ကမ္ဘူပေါ်တက်ပြီး တစ်ဖက်မှာ စမ်း ချောင်းတစ်ခုခုများ ရှိမလားလို့ ရှာနေတုန်း သောင်းကျန်းသူ တွေ ရောက်လာကြတာပဲ၊ ကျွန်တော်က တစ်ချက်ကလေးမှ မပစ်ရသေးခင် သူတို့က ကျွန်တော်တို့ လူတွေကို သတ်ပြီး နေပြီ၊ ရက်စက်လိုက်တဲ့ကောင်တွေ၊ ကျွန်တော်တို့ အဖွဲ့က ရရာအရပ်မှာ ကျရာအလုပ်ကို လုပ်တဲ့လူတွေပဲ၊ အခု ကျွန် တော်တို့ အဖွဲ့က စိုက်ခေါင်သွားပြီး တောင်ယာစိုက်ကြမယ် အလုပ်မှာ အတိုက်ခံကြရတာပဲ"

လူငယ်သည် ဒေါသနှင့် နှုတ်ခမ်းကို ကိုက်လိုက် ရှာသည်။ လူငယ်ကို ကျက်စားမိသော မျက်လုံးများကို မကြာ ... လွှဲပြောင်းလိုက်လေသည်။ သို့တစေ သူမ၏ အသည်းနှလုံး ... မှာ တဆတ်ဆတ် ခုန်နေသည်နှင့်အမျှ သောင်းကျန်းသူတွေကို

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေမိသည်။ သောင်းကျန်းသူတွေ၏ ရက်ရက်စက်စက် သတ်ဖြတ်ညှဉ်းဆဲမှုတွေကို သူမ၏အဖေထံမှ မေကြာညို ကြားခဲ့ဖူးသည်။ ပသို့ပဲဖြစ်စေ သူမအတွက် နောက်ကိုဆုတ်သာမည်တော့ မဟုတ်။

"အစ်ကို ... မေတို့ ဒီကဆက်သွားတာ အကောင်းဆုံးပဲ နို့မို့ သူတို့ ပြန်လာကြရင် ..."

"အနီးဆုံး ရေရနိုင်တာက မိုင်နှစ်ဆယ်လောက်ဝေးတဲ့ လွယ်ဂျယ်စမ်းပေါက်ပဲ"

အောင်လွင်က မေကြာညိုကို လှမ်းပြောသည်။

"အစ်မ ... အစ်မ ခွင့်ပြုရင် ကျွန်တော် အစ်မနဲ့ လိုက်ပါရစေလား"

"သဘောပဲ"

မေကြာညိုက ဆိုသည်။ ကျော်ကျော်ထိုက်က စကားပြောရန် ပါးစပ်ပြင်လိုက်၏။ သို့သော် ဘာမျှမပြောတော့ပေ။ လူသားတစ်ယောက်မို့ အောင်လွင် ဆိုသော လူရွယ်အပေါ် ညာတာထောက်ထားရမည်ကို သိသည်။ အစိုးရစစ်တပ်နှင့် မတွေ့သေးမီကာလဝယ် သည်ကဲ့သို့ပဲ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူကာကွယ်သွားရမည်။ အောင်လွင်၏ လက်ထဲ၌ ရိုင်ဖယ်သေနတ်တစ်လက်ရှိပြီးဖြစ်ရာ မိမိတို့အတွက် အားဆီးရန်ကာ ရနိုင်ပေသည်။

● ● ●





၂

သူတို့က သူတို့လူချည်း ရေတွက်ပါက စုစုပေါင်း ၆–ယောက် ဖြစ်သည်။ ပိုလူကို တွက်လိုက်သော် စုစုပေါင်း ခုနစ်ယောက်၊ ပိုလူက သူတို့လို တောတွင်းသား လူကြမ်းကြီးများနှင့် ပသို့မျှ မအပ်စပ်။

သူတို့သည် မိန်းကလေးကို အကျဉ်းသားအဖြစ် ဓမ်းထားကြသည်။ သူတို့တစ်တွေသည် ကြမ်းတမ်းခက်ထရော်သော အသွင်ရှိလျက် တူမီးသေနတ်အချို့၊ ဒူးလေးအချို့၊ ဓားအချို့ လွယ်ထားသည်။ သူတို့က ဘောင်းဘီမွကြီးများ၊ ညစ်ပေပေ ဖျင်ကြမ်းအင်္ကျီနှင့်လည်းကောင်း၊ စစ်ဘောင်းဘီများနှင့်လည်းကောင်း၊ ရှမ်းဦးထုပ်များကိုလည်းကောင်း ဆောင်းထားကြ၏။

အဖမ်းခံရသူ မြန်မာအမျိုးသမီးငယ်ကလေးသီတာခင်းသည် သူမ၏မိသားစုထဲမှာ နောက်ဆုံးအသက်ရှင် ကျန်နေခဲ့သူကလေး ဖြစ်သည်။ ကျန်လူတွေကား မော်တော်ကားနှင့်အလာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ သောင်းကျန်းသူများ၏ ဝိုင်းဝန်းတိုက်ခိုက် သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ သူမမှာတော့ ယခုအခါ အသက်ရှင်ကျန်လျက်ရှိသော်လည်း သောင်းကျန်းသူများ၏ အကျဉ်းသားဘဝသို့ ရောက်နေပြီး ကူညီမည့်သူက အိပ်မက်တောင် မမက်ရဲသည့် အခြေအနေသို့ ရောက်နေရသည်။ သူမ အသက်ရှင်နေသည်ကိုလည်း မည်သူကမှ သိကြလိမ့်မည် မဟုတ်။ သို့သော် သီတာဝင်း အလျှင်တကူး ကြောက်တတ်သည် မဟုတ်ပါ။ အကြောက်တရားကို အသိဉာဏ်နှင့် ဖြေသိမ့်နိုင်သူ ဖြစ်၏။ သူမကိုယ်သူမ သတိနှင့် နှီးဆွနေပုံသည် တခဏတာမျှတွင် မသိမသာ အခွင့်ရေးကလေးက ပေါ်ပေါက်လာသည်။ သောင်းကျန်းသူတွေက တောထဲမှာ ပစ်ခတ်လာရသော ဒရယ်တစ်ကောင်ကို မီးကင်ဖုတ် စားသောက်ကြသည်။ သူတို့ ဝမ်းကိုဖြည့်တင်းပြီးသောအခါ အိပ်ကြတော့မည်။ သည်အခါတွင် လွတ်မြောက်ဖို့ရန် သီတာဝင်းက ကြံရွယ်ထား၏။

တောမြိုင်ကန္တာရ အလယ်တွင် မိန်းကလေး တစ်ယောက် အနေဖြင့် သွားဖို့ခက်ခဲသော်လည်း ကိုယ့်သတ္တိနှင့် ကိုယ့်စိတ်ဓာတ်ကိုမှ အားမကိုးလျှင် မဖြစ်ချေတော့။ သူမသည် တောင်ကြီးသူတစ်ဦး ဖြစ်သည်။ တောင်ကြီးမှ အမြဲတမ်းခရီးသွားနေသော လူကြီးတစ်ယောက်က ရှမ်းပြည်နယ်အရှေ့ဘက် စိုက်ခေါင်သို့ မြင်းနှင့်သွားရသော တောလမ်းခရီးတွင် လွယ်ဂျယ်စမ်းဆိုသည့် ရေထွက်ပေါက်တစ်ခုရှိကြောင်း၊ ထိုလွယ်ဂျယ်စမ်းသို့ရောက်လျှင် တစ်ဦးတစ်ယောက်နှင့် တွေ့နိုင်ကြောင်း ပြောပြဖူးသည်ကို အမှတ်





မထင် နားထောင်ခဲ့ဖူး၏။ သည်တော့ သူမသည် မနက်ဖြန်အတွက်တောင် အသက်ရှင်ဖို့ကို မမျှော်လင့်၊ ပြီးတော့လည်း မိန်းကလေးတစ်ယောက်၏ ဘဝအဖြစ် သူမကိုယ်သူမသည် သောင်းကျန်းသူကြားထဲတွင် ပြန်မတွေးရဲ၊ သောင်းကျန်းသူတွေက စားသောက်နားနေပြီးသောအခါ သူမအား မတရားအနိုင်ကျင့်ကြ သတ်ဖြတ်ကြပေလိမ့်မည်။ သူမ အသတ်ခံရမည်ကိုလည်း ကောင်းစွာသိသည်။ သောင်းကျန်းသူများသည် မည်သည့်လူကိုမျှ လက်လွှတ်မပေး။ ထို့အပြင် သူတို့က သူမအား လွှတ်လိုက်ပါက သူတို့ကိုယ်ကို သူတို့ လည်ပင်းကြိုးတပ်သည်နှင့် တူကြပေတော့မည်။

သူမ၏ ကြွက်သားကြောများကို အရေးရှိက လှုပ်ရှားရန် ငြိမ်ငြိမ်သက်သက် အားယူနေသည်။ သောင်းကျန်းသူတွေကို စောင့်ကြည့်နေ၏။ မျှော်လည်း မျှော်လင့်ထားသည်။

သည်သို့သော အချိန်ဝယ် နေဟိန်းသည် လွယ်ဂျယ်စမ်းဘက်သို့ ဦးတည်လာနေ၏။ နေဝင်ပြီးနောက်ပိုင်း လွယ်ဂျယ်စမ်းသို့ သူ ရောက်ပေတော့မည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်သည် လွယ်ဂျယ်စမ်းဘက်သို့ ရောက်လာကြသည်။ နှစ်ယောက်သား မြင်းကိုယ်စီနှင့် ဖြစ်၏။ အနောက်မှအရှေ့သို့ လာကြသူများတည်း။ လူတစ်ယောက်က အခြားလူတစ်ယောက်သို့ လှမ်းပြောသည်။

"ဟေ့ ခွန်သာ ... အခုလောက်ဆို တို့ လုံခြုံပါပြီကွာ၊ တို့နောက်က ရဲမှူးကြီးက မိုင်းပြင်းက တို့နောက်ကို လိုက်လာလည်း လွယ်လိန်တောင်ကုန်းအထိ ရောက်ဦးမှာပါပဲ၊ တို့နောက်ကို ခြေရာခံဖို့ကတော့ တယ်မလွယ်ဘူး၊ ဒါတောင်သူ့အဖို့ လမ်းမှာ သောင်းကျန်းသူတွေနဲ့ မတွေ့ရင် ကံကောင်း"

ခွန်သာသည် သူတို့ရောက်လာသော နယ်မြေကို ဟိုမှသည်သို့ လှမ်းကြည့်သည်။ တောင်ကမူများ၊ ကုန်းမြင့်များသာ ရှိနေ၏။

"ဒီနေရာဟာ သောင်းကျန်းသူနယ်မြေပဲ"

"ဘာလဲ ... မင်းက သောင်းကျန်းသူဆို ကြောက်ချေးပါရောလား"





"သောင်းကျန်းသူကြောက်ရင် ဒီကိုတောင် ငါ မလာဘူး မင်းသော်"

အမျိုးသားက ပခုံးတွန့်ပြကာ မြန်မာအမျိုးသားကို စကားခွန်းတုံ့ ပြန်သည်။ ခွန်သာသည် နှုတ်မှစကားပြောသည်ထက် လက်မှ အလုပ် လုပ်တတ်သူ ဖြစ်၏။ လွယ်ဂျယ်စမ်း၌ မင်းသော် ရပ်လိုလျှင် သူလည်း ရပ်ရပေမည်။ မိုင်းပြင်းနယ်မှ ရဲမှူးကြီးသည် တိကျပြတ်သားသော လူတစ်ယောက် ဖြစ်လေရာ သူတို့ကလည်း ကျားမီးမှ သွားဆွဲကြသည်။ အကြောင်းမူ ရဲမှူးကြီး၏ တူတစ်ယောက်ကိုမှ သူတို့က မိုင်းပြင်းတွင် သတ်ခဲ့ကြသောကြောင့် ဖြစ်၏။ ခွန်သာကော မင်းသော်ပါ အရှုံးသိပ်ရင့်ကြသူများ မဟုတ်ပေ။ ရဲမှူးကြီး၏တူ သေဆုံးခဲ့ရသူ လူရွယ်နှင့် သူတို့နှစ်ဦးသည် အကြောင်းတစ်ခုကြောင့် အချင်းများရာမှ သူတို့နှစ်ယောက်က လူတစ်ယောက်၏ အသက်ကို သည်ကမ္ဘာမှ ပျော့ပျော့ကလေး ထွက်သွားရသည်အထိ လက်လွန်ခဲ့ကြသည်။

မင်းသော်သည် တောင့်တင်းထွားကျိုင်းသလောက် သူ့အား ရန်စရန်ပြုလာသူဆိုလျှင် သူ ဆောင်ထားသော ဘိုဝီဓား တစ်ချောင်းဖြင့် ပြန်လည်တုံ့ပြန်တတ်သော အကျင့်ရှိသည်။ သည် ဘိုဝီဓားကို တစ်ခါက မယ်ဆိုင်သို့အကူး ယိုးဒယားနယ်မြေမှ ဝယ်လာခဲ့သည်။

မြင်းများပေါ်မှ သူတို့ ဆင်းသက်ကြချိန်တွင် နှင်းမြူများ အနည်းငယ် ကျနေသော်လည်း လရောင်ကတော့ လွယ်



www.burmeseclassic.com

www.burmeseclassic.com



ဂျယ်စမ်းပေါ်သို့ တည့်တည့်မတ်မတ်ကြီး နင်းမြူဇာလွှာကို ထွင်းဖောက်ထိုးကျနေသည်။ မြင်းများကို ရေတိုက်ပြီး လူနှစ်ယောက်လုံး အားမြသောရေကို သောက်ကာ အိုင်နှင့် မနီးမဝေးတွင် ပေါက်ရောက်နေသော ချုံတန်းများရှိရာသို့သွားကာ သူတို့အရင် အခြားလူများ ရောက်,မရောက် စူးစမ်းကြသည်။ အခြားလူများရောက်လျှင် ဖိထားသော မီးပုံကို မြင်နိုင်သည်။

သောင်းကျန်းသူဖြစ်က သူတို့ တိမ်းရှောင်နိုင်သည်။

❀ ❀ ❀





လွယ်ဂျယ်စမ်း၏ အရှေ့တောင်ထောင့်ဘက်သို့ မှ ဘည်သွားနေကြသော မြင်းနှင့် လူတစ်ဒါဇင်သည် ယခုအခါ မြောက်ဘက်သို့လှည့်ရန် ဆုံးဖြတ်ကြပြီးမို့ မြောက်ဘက်သို့ မြင်းဆွကို ခေါင်းတည်လိုက်ကြသည်။ သည်လူစုကား နေဟိန်းဆွေ့မြင်လာခဲ့သည့် လူစုဖြစ်၏။ ထိုလူစုကား သောင်းကျန်းသူများပင် ဖြစ်သည်။ နေဟိန်းတို့က သောင်းကျန်းသူများကို "ကေ့န်း"လို့ ခေါ်သည်။

သူတို့သည် လူရှစ်ယောက်ပါသော လူဝင်မှုကြီးကြပ်ရေးအဖွဲ့တစ်ဖွဲ့ကို တိုက်ခိုက်အောင်မြင်ခဲ့ပြီး ဖြစ်သည်။ လူရှစ်ယောက်အနက် လေးယောက်သာ အသက်ရှင်ကျန်ခဲ့သည်။ ခွန်သာ ဦးနောက် လိုက်လာသော ရဲမှူးကြီးက သည်အသက်ရှင် ကျန်ရစ်ခဲ့သော လူလေးယောက်နှင့် ပူးပေါင်းမိသည်။

လူဝင်မှုကြီးကြပ်ရေးအဖွဲ့သည် မိုင်းပြင်းမှ အနေးတင်းအဖွဲ့(၁)ဖြစ်သည်။ သူတို့၏ စစ်မြင်းနှင့် လားများကို ကျ ဆိပ်ကွာများနှင့်တကွ ဝိုင်ယာလက်ပါမကျန် သောင်းကျန်းသူတို့က



www.burmeseclassic.com

www.burmeseclassic.com



တိုက်ယူသွားပြီး ဖြစ်၏။ သူတို့သည် မိုင်းပြင်းသို့ ပြန်ကြရမည်။ အပြန်လမ်းတွင် နီးရာစခန်းဖြစ်သော လွယ်ဂျယ်စမ်းသို့ ခေတ္တဝင်ရောက်ခိုရန် ဆုံးဖြတ်ကြသည်။

သောင်းကျန်းသူခြောက်ယောက်သည် တောင်ကုန်းတစ်ခု အောက်ခြေဝယ် စားသောက်ပြီးစီးသဖြင့် အိပ်စက်နားနေမိကြသည်။ သီတာဝင်းသည် သူမ၏တင်ပါးနောက်တွင် လက်ပြန်ကြိုးတုတ်ထားသည့် လက်ကောက်ဝတ်နှစ်ဖက်ကို သူမ၏တင်ပါးအောက်မှ မရမက လျှိုယူသည်။ ကျပ်ကျပ်တည်းတည်းနှင့် လက်ကောက်ဝတ်နှစ်ခုကို တင်ပါးအောက်မှ ထွက်အလာတွင် ခြေထောက်နှစ်ခုမှ ကြိုးချည်ထားသော လက်ကောက်ဝတ်ကို ဆွဲထုတ်လိုက်သည်။ ဒူးကို မေးနှင့် ထိနိုင်သမျှထိပြီး သူမရှေ့မှ ဆွဲထုတ်ရသဖြင့် မလွယ်ကူ။

အိပ်နေသူတွေကိုလည်း ကြည့်ရသေးသည်။ ပြီးလျှင် ဝမ်းမြောက်ဖွယ်ရာ လက်ကောက်ဝတ်နှစ်ခုလုံးက ခြေထောက်များအောက်မှ ကျွတ်လာရာ လက်ကောက်ဝတ်ထိပ်တွင် ချည်ထားသော ကြိုးထုံးကို သူမပါးစပ်နှင့် ကိုက်ဖြေသည်။

တစ်နာရီထက်မနည်း စိတ်ရှေကိုယ်ပါ ကြိုးစားမှုကြောင့် သူမ၏ လက်ကောက်ဝတ်မှကြိုးမှာ ပြေထွက်သွားသည်။ တစ်ဖန် ခြေကျင်းဝတ်တွင် ချည်နှောင်ထားသော ကြိုးများကို ဖြေဖို့လိုလာပြန်၏။ သည်ကြိုးကို ဖြေဖို့ကတော့ ပသို့မျှ မခဲယဉ်းလေတော့။





သူမသည် တိတ်ဆိတ်ငြိမ်သက်စွာ မတ်တတ်ထရပ်ဆိုက်လေသည်။ သောင်းကျန်းသူများ၏ မြင်းများထဲမှ တကောင်အောင်ကို သွားယူစီးရန်ကိုတော့ သူမ စိတ်ကူးထဲ မထည့်ရဲ။ မြင်းက လူစိမ်းတွေကိုတွေ့က လူစိမ်းအနံ့ရသည်နှင့် ဟီကောင်းဟီမည်။ သည်အခါ အိပ်မောကျနေသော သောင်းကျန်းသူများနိုးလာကြမည်မှာ သေချာ၏။

ညအမှောင်က လရောင်ဆမ်းသဖြင့် မမှောင့်တမှောင်ဖြစ်နေသည်။ သူမသည် စိတ်ကိုတင်းကာ အမှောင်ထုထဲသို့ ကြောင်တစ်ကောင် လျှောက်သည့်အလား ညင်သာလျင်မြန်စွာ လျှောက်လာလေသည်။

သီတာဝင်းသည် အသက်အရွယ်ကို ဆန်းစစ်မည်ဆိုပါက ၁၆–နှစ်ကျော်ပြီး မကြာမီ ၁၇–နှစ် ပြည့်တော့မည်ဖြစ်၏။ သူမ၏အသက်အရွယ်တွင် သွေးသားဆူကြွ၍ လောကကို ရူးစမ်းသူ့ဖိပိ ကိလေသာမေတ္တာတရားကိုတော့ အတော်အသင့် သိလာခဲ့၏။ မေတ္တာနှင့် ပတ်သက်ပြီး စိတ်ကူးယဉ်တတ်လာသော အရွယ်လည်း ဖြစ်နေပေပြီ။ ကြောက်ရွံ့ခြင်း မရှိသလောက် ခွန်အားသန်စွမ်း ပြည့်ဖြိုးနေသော အရွယ်မို့လည်း ပစ္စုပ္ပန် အခြေအနေကို ကြောက်ရမှန်းပင် မသိ။

ညအမှောင်လွှမ်းသော နက်ရှိုင်းသည့် ကန္တာရခရီးသို့ သူမက တိုးဝင်လျှောက်သွားလေတော့၏။

✿ ✿ ✿



www.burmeseclassic.com

## ၃

လရောင်သည် ကမ္ဘာမြေတစ်ခွင်ပေါ်သို့ အားနည်း
ပြုလာစေကာမူ ကြည်ကြည်လင်လင် ကျရောက်နေသည်။ လူသုံး
ယောက်က လွယ်ဂျယ်စမ်းအိုင်သို့ လာနေသည်။ မကြာညိုသည်
မြင်းကုန်းနှီးပေါ်တွင် ထိုင်လိုက်လာရသော်လည်း ညက အိပ်ရေး
ပျက်ခဲ့ရသဖြင့် နွမ်းရိနေသည်။ သောင်းကျန်းသူများ၏ ဘေးရန်ကို
စိုးရိမ်မိသဖြင့် ကောင်းကောင်းပင် အိပ်မပျော်။ ယခု မိုးမလင်းမီ
မြင်းပေါ်တွင်ပင် တစ်ချက်,တစ်ချက် ငိုက်သွား၏။

ကျော်ကျော်ထိုက်ကမူ သူတို့နှစ်ဦးကြားထဲ အောင်
လွင် ဝင်လာသဖြင့် ဘဝင်မကြိုက်ပေ။ မနှစ်ခြိုက်စေကာမူ ဘာမှ
တော့ ပြုလုပ်လို့မရ။ သင့်သလိုသာ နောက်ဆုံး ကြည့်စခန်းသွား
ရပေတော့မည်။

အောင်လွင်ကမူ မကြာညိုကို မသိမသာ အကဲခတ်
လာသည်။ လှပသော အမျိုးသမီး၊ တောင့်တင်းသော ကိုယ်ကာယ





ိုင်ရှင်ဟုတော့ ကျိတ်မှိတ်ချက်ချထားသည်။ ကျော်ကျော်ထိုက်
ိုလည်း လူကြီးလူကောင်းတစ်ယောက်ဟု ယုံကြည်ထားသည်။
ူ့လက်ထဲမှ ကိုင်ဆောင်ထားသော ရိုင်ဖယ်သည် တစ်ခါက
ခရီးမှာ သောင်းကျန်းသူသုံးဦးနှင့် တွေ့လေရာ ထိုသောင်းကျန်း
ူသုံးဦးကို သူတို့ကသတ်ပြီး ယူထားသော လက်နက်များထဲမှ
စ်ခုဖြစ်၏။ ယခုမူ သူ့အဖော်တွေက လမ်းမှာ အသတ်ခံခဲ့ရ
ပြီ။

ခွန်သာနှင့် မင်းသော်တို့ ရောက်ခဲ့ပြီးနောက် မနက်
င်းမှာပဲ သူတို့ဆိုက်ရောက်လာကြသည်။ သူတို့လာကြခြင်းကို
န်သာကော မင်းသော်ပါ မမြင်ခဲ့ကြ။

သည်မနက်ခင်းမှာပဲ သီတာဝင်း တစ်ယောက်က
ည်း အနောက်ဘက်သို့ ဦးတည်ကာ ဖြည်းညင်းစွာ လျှောက်
သည်။ အအိပ်ကြီးသော သောင်းကျန်းသူတွေက သူမနောက်
ယ်တွင် မနိုးခဲ့သေးပေ။

မြင်းတွေပေါ်မှ သူတို့ဆင်းကြသည်။ အောင်လွင်က
ကျော်ကျော်ထိုက်၏ မြင်းပေါ်တွင် ကျော်ကျော်ထိုက်၏နောက်မှ
ထိုင်လိုက်ပါလာကြသည်။

"ဒီနေရာမှာ သောင်းကျန်းသူတွေ ရှိ,မရှိ ကျွန်တော် ဒီ
တစ်ဝိုက်မှာ လျှောက်ကြည့်လိုက်ဦးမယ်"

မကြာညိုက စ,ပြီးကန့်ကွက်ဖို့ ပြင်သည်။ သို့ရာ
င် ကျော်ကျော်ထိုက်က ဆိုသည်။

www.burmeseclassic.com



"ကောင်းသားပဲ၊ ဒါပေမယ့် သတိထားနော်"

မကြာညိုက သူ့ကို ဖျတ်ခနဲ ကြည့်လိုက်သည်။ သို့တစေ နှုတ်မှ မည်သည့်စကားမှ မထွက်။

ကျော်ကျော်ထိုက်သည် သူ့မြင်းကို မကြာညို၏ မြင်းနား ခေါ်လာသည်။ နံနက်ခင်းလေသည် တသွင်သွင် တိုက်နေ၏။ နှစ်ယောက်စလုံးပင် ကိုယ်ပေါ်တွင် အနွေးထည်များ ဝတ်ထားသည်။ သိပ်တော့ ခိုက်ခိုက်တုန်အောင် အေးလှသည်တော့ မရှိ။

"ဒီတစ်ခါတော့ ကောင်လေးက တော်သားပဲ၊ သူ့ကို ဒီတာဝန်ပေးလိုက်တာ သင့်ပါတယ်"

မကြာညိုက စကားမပြန်။ နံနက်လင်းပြီမို့ လရောင်ပင် ဆုတ်စ,ပြုနေပြီ။ အောင်လွင် ထွက်ခွာသွားရာ သူတို့ရှေ့ရှိ ကျောက်တောင်ကတုံးများတွင် ခြေနင်းသံများ ထွက်ပေါ်နေသည်။

ဒါမှလွဲပြီး တစ်တောလုံး တိတ်ဆိတ်နေလေသည်။ မိုင်းဆန်းမှ ထွက်လာပြီး အချိန်မှစ၍ မကြာညိုသည် သူမ၏ ပတ်ဝန်းကျင်ကို အလှအပအနေဖြင့် အတော်သဘောတွေ့နေမိသည်။ မိုင်းဆန်းတွင် သူ့အတွက် မိန်းမဖော်မရှိဘဲ ဖခင်အိမ်တွင် တစ်ကိုယ်တည်း ငြီးငွေ့စွာ နေထိုင်ရသည့် ဘဝကိုတော့ အတော်ကြီး မုန်းတီးမိသည်။

ယခုတော့ ဖခင်၏ အရိပ်အာဝါသနှင့် ငြီးငွေ့နလုံးနာဖွယ်ကောင်းသော ထိုဘဝကို စွန့်ပစ်ခဲ့လေပြီတည့်၊ အကြောင်း





အရာမရှိဘဲ လူငယ်လေးတစ်ယောက်အား ပစ်သတ်ခဲ့သော ဖခင်၏ ရက်စက်ကြမ်းကြုတ်မှုနှင့် သေနတ်ကိုလည်း ရွံ့ရှာနာကြည်းမိသည်။

ယခုလို မြင်းနှင့်သွားရသော ကန္တာရ ခရီးကြမ်းသည် မိန်းမများအတွက် မသင့်လျော်။ ခရီးက ငြိမ့်ငြောင်းမှု မရှိသည့်ပြင် တစ်နေရာနှင့် တစ်နေရာ ရေရဖို့အတွက် အတော်သွားနေရသည်။ သူမအား စောင့်ရှောက်သည့် ကျော်ကျော်ထိုက်လို လူမျိုးဆ အပေါ်းမှာရှိပြီး၊ သူမ ဘာမှ မပင်ပန်းသဖြင့် မကြာညို ဝမ်းသာမိသည်။ ကျော်ကျော်ထိုက်သည် လူကြီးလူကောင်းတစ်ယောက်ဖြစ်သည်။ သည်အတွက်ကလည်း သူမအဖို့ ကံကောင်းနေသည်။

အောင်လွင်သည် မထင်မရှား အလင်းရောင်ထဲမှာ ပြန်ပေါက်လာသည်။

"အခြေအနေအားလုံး အဆင်ပြေတယ်၊ ဘယ်သူမှလဲ မရှိဘူး၊ အိမ်ထဲမှာလည်း စမ်းပေါက်နေလို့ ရေတွေအများကြီးပဲ၊ မြင်းတွေကိုတောင် ရေကောင်းကောင်းတိုက်ပြီး ရေမိုးသုတ်သင်နိုင်သေးတယ်"

အရှေ့ဘက် တောင်စွယ်တောင်ကုန်းတွေ အပေါ်မှ မိုးကောင်းကင်သည် လိမ္မော်ရောင် ယှက်သမ်းစ ပြုလာသည်။ သူတို့နေရာတစ်ဝိုက်တွင် နီကျင်ကျင် အရောင်သို့ ပြောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးစက်နေသောရေကို သူက ငုံ့ပြီး လက်ဝါးနှစ်ဖက်နှင့် ခပ်ယူလာလျက် မျက်နှာတဖြန်းဖြန်း သစ်နေစဉ် နွမ်းယိနေသော ကိုယ်ဖြင့် မေကြာညိုသည် သူမ၏မြင်းကို ရေအိုင်အနီးသို့ ဆွဲခေါ်သွားကာ သူ့အနားမှာ ရပ်လိုက်သည်။

"ကိုယ်တို့ ဒီမှာပဲ နားကြရအောင်လားမေ၊ ကိုယ်တို့ မြင်းတွေလည်း အခြေအနေ သိပ်မလှတော့ဘူး"

"ဒီနေရာမှာ အတိုက်ခံရရင်တော့ သိပ်အခြေမလှဘူးနော်၊ ကျွန်တော်တို့အတွက် ခံရပြီးသားပဲ"

သူတို့ရှေ့သို့ အောင်လွင် ပြန်ရောက်လာကာ ပြောသည်။ သူ့ကို မေကြာညိုနှင့် ကျော်ကျော်ထိုက်က ဖျတ်ခနဲမော့ကြည့်သည်။

"ဘာကြောင့်လဲ"

ကျော်ကျော်ထိုက်က ခပ်ပြတ်ပြတ် မေးလိုက်လျှင် အောင်လွင်က ခေါင်းကိုညိတ်ပြီး ...

"ကျွန်တော့် စိတ်ထဲမှာ တစ်ယောက်ယောက်က ချောင်းနေတယ်လို့ ထင်တာပဲ"

တော်ရုံအချိန်ဆိုလျှင် မေကြာညိုအတွက် ဤစကားမျိုးကို အမှုမထား၊ ပစ္စက္ခတွင် နေရာစီမ်းနေရသည့်အထဲ အလင်းရောင်ကလည်း ပြန့်ပြန့်ပြူးပြူး မရှိသေး။ မနေ့ညနေကလည်း သောင်းကျန်းသူများ သတ်ထားသော အလောင်းကို တွေ့ခဲ့ရပြန်သဖြင့် အောင်လွင်၏ စကားကြောင့် မျက်လုံးကလေးများ ဝိုင်းစက်သွား ရှာသည်။





ရေအိုင်အထက် တောင်ကုန်းပေါ်မှ ကျောက်တုံးများကြားကို သူတို့ သတိမမူမိပေ။ ထိုကျောက်တုံးများကြားမှ ခေါင်းတစ်ခေါင်းက သူတို့အား အပေါ်စီးမှ စောင့်ကြည့်မြင်နေရသည်။ ခေါင်းတစ်ခုလုံး ဖော်ကြည့်သည် မဟုတ်ဘဲ မျက်လုံးပေါ်ရုံလောက်သာ ဖော်ထားသည်။ ချောင်းမြောင်းကြည့်သူက တစ်ဦးစီ တစ်ဦးစီ လေ့လာကြည့်နေရာ မေကြာညို အပေါ်သို့ ခပ်ကြာကြာကလေး ကြည့်နေလေသည်။

သူ့ညာဘက်ဘေးတွင် တခြားခေါင်းတစ်လုံးက ထွက်လာပြန်သည်။ မင်းသော်က ခွန်သာနှင့်အတူ ရောက်လာသူများကို စူးစမ်းစစ်ကြောနေခြင်း ဖြစ်၏။ သူ့မျက်လုံးတွေက ရိုင်ဖယ်သေနတ်ကို လက်မှမချဘဲ တကိုင်ကိုင် ဖြစ်နေသော လူငယ်အပေါ်တွင် စူးစူးရှရှ ကြည့်နေသည်။

တစ်ယောက်မှ ရဲဘက်မှ ဟုတ်ကြဟန် မပေါ်။ ဒါဆိုရင် ဘာကြောင့် ဒီကိုလာကြသနည်း။ သည်နေရာကား သောင်းကျန်းသူများ သွားလာဖြတ်သန်း နားနေခိုအောင်းရာ မြေပါဘီသနှင့်။

"လူတွေကတော့ အန္တရာယ်ပေးမဲ့ပုံတော့ မဟုတ်ဘူး၊ ဒါပေမဲ့ တို့ သူတို့ကိုတော့ ဂရုစိုက်ထားရမယ်၊ ဟိုကောင်လေးက သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တတ်ပုံပဲ"

သူတို့ စကားပြောချိန်မှာ အောက်က လူသိုက်က မြင်ပုံမရ။ အောင်လွင်သည် ထ,ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီနားမှာ နိုအောင်းစရာ တွေ့ရင် မီးကလေး ဘာလေးမွေးပြီး ကော်ဖီလေး ဘာလေး ဖျော်သောက်ကြရအောင်၊ အပြင်မှာ မီးမွေးလို့ မကောင်းဘူး၊ မီးနိုထ,လိမ့်မယ် ထင်တယ်"

"မင်းပဲ တာဝန်ယူ လုပ်မလို့လား မောင်အောင်လွင်"

တုံ့လုံ့သောအပြုံး၊ ပျူငှာသောလေသံနှင့် မေကြာညိုက လျှင်မြန်စွာ မေးလိုက်မိသည်။ သူက ပြန်လည်သွားဖြဲပြလိုက်သည်။

"အစ်မက မီးမွေး၊ ကျွန်တော်က ကော်ဖီဖျော်မယ်"

သူသည် ထင်းတွေ တစ်မွေ့တစ်ပိုက်ကြီးနှင့် ပြန်လာသောအခါ လူနှစ်ယောက်ကို တွေ့လိုက်ရသည်။ သည်အချိန်ဝယ် အလင်းရောင်က ကောင်းစွာရရှိ နေလုံးသည်ပင် အရှေ့မှလုံးလုံးပေါ်ထွက်ခဲ့လေပြီ။ အောင်လွင်သည် သူရှိရာမှာပဲ ရပ်သွားသလို မျက်လုံးတွေကလည်း ဟိုလှည့်ကြည့်လိုက် သည်လှည့်ကြည့်လိုက် လုပ်နေသည်။ ပြီးတော့ မလှမ်းမကမ်းရှိ သူ၏ရိုင်ဖယ်ရှိရာသို့ ကြည့်လိုက်၏။

သူ့တွင် သေသူအဖော်တစ်ယောက်ဆီမှ ရလာခဲ့သော ခြောက်လုံးပြူး၄ သူ့ခါးပတ်တွင် ရှိနေသည်။ သို့သော်သေနတ်ကို နှိုက်မည်ဆိုလျှင် ပထမဦးဆုံး လက်ထဲက ထင်းများကို ပစ်ချရပါမည်။ မည်သည့်နင်းနင့်မျှ သူ့လက်က ခါးပတ်ကြားမှ ခြောက်လုံးပြူးဆီသို့ လျှင်မြန်စွာ အချိန်တိုတိုတောင်းတောင်းနှင့် ရောက်မည်မဟုတ်။





"ကျုပ်တို့ ဘယ်သူ့ကိုမှ အန္တရာယ်မပြုဘူး၊ အခု ကျုပ်တို့ အရှေ့ဘက်ကို ခရီးသွားကြရင်းက ညဘက် ဒီမှာဝင်နားကြတာ"

ဤသို့ ထွက်ပေါ်လာသံကြောင့် ကျော်ကျော်ထိုက် ... လှည့်ကြည့်လိုက်သည်။ သူ့လက်တစ်ဖက်က ကုတ်အကျႌကို ... ောက်ဆွဲလှန်ပြီး သူ့သေနတ်ကို ဆွဲထုတ်ရန် ပြင်လိုက်ခြင်းကို ... အောင်လွင် မြင်လိုက်ရလေသည်။ သည်အတွက်ကြောင့် အောင်လွင် ... င် အံ့အားသင့်သွားရ၏။ ကျော်ကျော်ထိုက်ကို လူကြီးလူကောင်း ... စ်ယောက် အဖြစ်သာ ထင်မြင်ယူဆခဲ့ရာ လူကြမ်းလူလျှင်တစ်ဦး ... ော ဤကဲ့သို့ သေနတ်တစ်လက်ကို ဆွဲထုတ်နိုင်လိမ့်မည်ဟု သူ ... မျှော်မှန်းပေ။ ကျော်ကျော်ထိုက်တွင် သေနတ်ရှိလိမ့်မည်ဟုလည်း ... သူ မတွေးခဲ့။ သေနတ်ကို ဘယ်လိုအသုံးပြုရန် သိလိမ့်မည့် လူ ... စ်ယောက်ဟုလည်း သူ မတွေးတောခဲ့ပါ။

အောင်လွင်သည် မီးမွေးတော့မည့် နေရာသို့သွားပြီး ... င်းများကို ပစ်ချလိုက်၏။

"ခင်ဗျားတို့ ရှေ့ဘက်ကို မသွားမီ ကောင်းကောင်းစဉ်းစားကြစမ်းပါဦး၊ လမ်းမှာလည်း သောင်းကျန်းသူတွေက ကျွန်တော့်လူ နှစ်ယောက်ကို သတ်ခဲ့ကြပြီးပြီ"

"ဒါဖြင့်လည်း တို့စောင့်နေကြတာပေါ့ကွာ၊ ဒီလမ်းအတိုင်းသာ ဒီသောင်းကျန်းသူတွေ လာရပ်တော့ တို့ဒီက စီးအုပ် ထည့်လိုက် ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အောင်လွင်၏ စကားကို မင်းသော်က သွားဖြီး၍ ပြန်ချေလိုက်လေသည်။

"သူတို့ လာကြမှာပါပဲဗျာ"

သူတို့က ကျောက်လိုဏ်ကမူ တစ်ခုအောက်တွင် မီးပုံဖိုကြသည်။ မီးခိုးတွေကို အထက်သို့ မတက်လိုကြပေ။ အလင်းရောင်က ကောင်းစွာရလာပြီမို့ မီးခိုးတလူလူထက်က ထင်ထင်ရှားရှား တွေ့မြင်ကြရလိမ့်မည်။ မီးဖိုပြီး၍ ကော်ဖီဖျော်ကာ သောက်ကြ၏။ ကျော်ကျော်ထိုက်မှာ ကော်ဖီ၊ သကြား၊ နို့ဆီ၊ မုန့်သေတ္တာများ ပါလာခဲ့ပြီး ဖြစ်၏။ မိုင်းဆန်ရှိ အိမ်တစ်အိမ်မှ ဝယ်လာခဲ့ခြင်း ဖြစ်သည်။ ကော်ဖီသောက်ပြီးကြသောအခါ သူတို့အတွေးကိုယ်စီ ရှိနေကြ၏။

သူတို့နှင့် ခပ်လှမ်းလှမ်းတွင် မေကြာညိုသည် သူမ ဖခင်အကြောင်းကို တွေးနေသည်။

ဖေဖေသည် သူ့လူတစ်ဒါဇင်လောက်နှင့် သူမကို တောနင်းရှာဖွေပေလိမ့်မည်။ သည်ဘက်တွေမှာ သောင်းကျန်းသူ ခြေရာတွေချည်း မဟုတ်လား။

မင်းသော်ကတော့ သူ့အနာဂတ်ကို အတွေးအာရုံထဲ မျှောနေမိ၏။ သူ့အဖို့ သည်နယ်မြေထဲမှ လွတ်မြောက်နိုင်ပါမှ၊ သို့မဟုတ်က သူ့အားလည်းကောင်း၊ ခွန်သာအားလည်းကောင်း၊ သက်ဆိုင်ရာ ရဲမှူးကြီး လိုက်လာ၍ အချုပ်ခန်းထဲ ထည့်ပေးတော့မည်။ လူ့ဘဝဆိုသည်မှာ (အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ ပွေရသည်)ဆိုသည်က မှန်သည်။





အရှုပ်အထွေးကလည်း များလှပါဘိသနဲ့။

ခွန်သာကတော့ မီးပုံအနီးမှ ဖယ်ခွာပြီး တစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းကာ ပတ်ဝန်းကျင်ကို လေ့လာနေသည်။ သူ့မျက်လုံးများသည် ကျီးမျက်စိလို လျင်သည်ဟု ယူဆထားသည်။

နေက တဖြည်းဖြည်းနှင့် မြင့်တက်လာလေရာ နှင်းငွေ့များပင် ပျောက်ကွယ်စ ပြုလာ၏။ ထိုစဉ် ဟိုမှ သည်သို့ လျှောက်ကြည့်နေသော ခွန်သာ၏ အော်သံက ကျန်လူတွေ၏ အတွေးကို ချွင်းလိုက်လေ၏။

"လူတစ်ယောက် မြင်းစီးလာနေပြီဗျို့"

ကျောက်ကမူအောက်မှာ သူတို့က မန်ကျည်းစေ့ ရောင် မြင်းပေါ်တွင် လူတစ်ယောက် စီးလာသည်ကို မြင်ကြရ၏။ မြင်းက ခပ်သွက်သွက်ကလေး ကဆုန်ပေါက် ချလာသည်။ သည်လူသည် မြင်းကို ကဆုန်စိုင်းရာမှ ပြန်ရပ်ပြီး သုံးချောင်း ထောက် သွားပြန်သည်။

လူတွေက ကြည့်နေသည်။ မင်းသော်က ခွန်သာကို လှမ်းပြောလိုက်သံကိုတော့ ကျန်လူတွေ ကြားရ၏။

"မြင်းစီးတာကတော့ ပျံနေတာပါပဲ၊ သူ့မြင်းက တို့ဆီကို တည့်တည့်လာနေတော့ တို့ ဘယ်မှာရှိနေသလဲဆိုတာ သူသိခဲ့ပြီပဲ။ ပြီးတော့ လူဘယ်နှယောက် ဆိုတာလည်း သူ သိမှာပဲ ငါ့လူ၊ ဒါကို ငါလောင်းရဲတယ်၊ ပြီးတော့ ငါတို့ ဟိုမှာထားခဲ့တဲ့ မြင်းတွေကော ဘယ်လိုမြင်းမျိုးဆိုတာ သိမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ တွေးသလောက်လည်း တော်မဲ့လူ မဟုတ်ပါဘူးကွ၊ မင်းတို့လူကို ငါ ဒီကနေ အချိန်မရွေး သေနတ်နဲ့ ပစ်ချနိုင်ပါတယ်"

ကျော်ကျော်ထိုက်က ဝင်ရောက်ပြောလိုက်မိ၏။

"အမယ် ... ခင်ဗျားအပြောက တယ်လာပါလား၊ ဒါပေမဲ့ မလုပ်လိုက်ပါနဲ့၊ သူ့မှာ သေနတ်ရှည်တစ်လက် ပါလာတယ်၊ ဒါပေမဲ့ သူ့သေနတ်ကို ဘယ်လိုထားတယ် ဆိုတာကိုကော သတိပြုမိရဲ့လား၊ ကျုပ်စိတ်အထင်တော့ သူ့ကို ကျုပ်တို့က မြင်မြင်ချင်း၊ ကျုပ်တို့ကိုလည်း သူက မြင်မှာပဲ၊ ခင်ဗျားက သေနတ်နဲ့ပစ်ဖို့ သေနတ်ကို မ,လိုက်တာနဲ့ တစ်ပြိုင်နက် ခင်ဗျားခေါင်းထဲကို သူ့သေနတ်က ကျည်ဆန် ဝင်နှိုးသွားမယ်၊ ကျုပ်တို့ဟာ သူ့ကို ဒုက္ခပေးလိမ့်မယ် မဟုတ်ဘူးဆိုတာ သူ သိပါတယ်"

မြင်းပေါ်မှလူက သူ့မြင်းနှင့် သစ်ပင်ရိုးနွယ်များကို တိုးခွေ့ပြီး စီးလာစဉ် သူတို့က တောင်ကုန်းမှ အောက်ဘက်သို့ ထိုလူနှင့်တွေ့ရန် ဆင်းသွားကြသည်။

ကျော်ကျော်ထိုက်က ရှေ့ဆုံးမှ ခေါင်းဆောင်ဖြစ်သည်။ မြင်းက ရပ်သွားသောအခါ ကျော်ကျော်ထိုက်က အောင်လွင်၏ လက်ထဲက ရိုင်ဖယ်ကို ဆွဲယူ၍ သူ့ရင်ဘတ်ရှေ့တွင် ကန့်လန့်ဖြတ် ပွေ့ပိုက်ထားပြီး ဖြစ်နေ၏။





"ဘယ်လိုလဲဗျို့၊ ကော်ဖီလေး ဘာလေးများ နည်းနည်းလောက် မသောက်ရဘူးလား၊ ကော်ဖီနံ့ကို နှစ်ဖာလုံလောက်က ကျွန်တော် ရလာတာဗျ"

အနီးသို့ ချဉ်းကပ်လာသူ နေဟိန်းက ဖော်ရွေမှုလည်း ဆောင်း၊ နောက်သလိုလိုလည်း မကင်းသော စကားနှင့် မရှိုးသန့်ခြာရ စကားစ ပစ်သွင်းလိုက်သည်။ သူ့မျက်လုံးတွေက တည်ငြိမ်နေသည်။ ကျော်ကျော်ထိုက်၏ ပွေ့ပိုက်ထားသော သေနတ်ပေါ်တွင်သာ ...

"လာပါလေ"

ဟု ကျော်ကျော်ထိုက်က လေရှည်ကြီးဆွဲကာ ဖိတ်ခေါ်လိုက်သည်။

ယင်းအခါမှပင် နေဟိန်းသည် မြင်းပေါ်မှ ပေါ့ပါးဖျတ်လတ်စွာ လွှားခနဲ ခုန်ချလိုက်လေတော့၏။ သူ့လက်တစ်ဖက်က ကာဘိုင်သေနတ်ထားရာ သေနတ်အိတ်နှင့်တော့ နီးနေသည်။ သူ၏ အစဉ်သတိထားချက်တစ်ခု ဖြစ်ပုံရသည်။

မြေပေါ်သို့ သူ့ကိုယ်နှင့် မိတ်ဆက်တွေ့ဆုံပြီးနောက်၊ နေဟိန်းက သူ့မြင်းကို နီးရာသစ်ပင်တစ်ခုအနီးသို့ ဆွဲခေါ်သွားသည်။ တစ်မိနစ်မျှ ကြာပြီးနောက် သူတို့ရှိရာသို့ ခြေထောက်တွေ ရွှေ့လျားလာသည်။ ကာဘိုင်သေနတ်ကိုတော့ လက်တစ်ဖက်မှာ ကိုင်ထားပြီး၊ စားနပ်ရိက္ခာ ထည့်ထားသော မြင်းကုန်းနှီးအိတ်ကို အခြားလက်တစ်ဖက်နှင့် ကိုင်ထားသည်။

www.burmeseclassic.com



"မိုးလင်းကာနီးမှာ တောင်ဘက်က သေနတ်သံတွေ ကြားခဲ့တယ်"

နေဟိန်းက စကားပြောရင်း မကြာညို၏ မျက်လုံးများနှင့် သွားရောက် ဆုံစည်းမိသည်။ သူ့မျက်လုံးတွေကို တခြားနေရာသို့ ပြောင်းပစ်လိုက်၏။

မကြာညိုက ကော်ဖီတစ်ခွက် လာပေးသဖြင့် သူက လက်ခံလိုက်၏။ နေဟိန်းက သူ့စိတ်ကို အားအားယားယား လွှင့်မထား။

သူ့ခါးမှာ ပတ်ထားသော ခါးပတ်နှင့် လွယ်ထားသော သေနတ်ကို မင်းသော်က ကြည့်လိုက်၊ သူ့မျက်နှာကိုကြည့်လိုက်နှင့် လုပ်နေသည်ကို နေဟိန်း သတိထားမိလိုက်၏။

ကော်ဖီသောက်လျက် သူက သူတွေ့ဆုံလာရသော သည်လူစုအကြောင်းကို စူးစမ်းနေမိသည်။ လူနှစ်စုက တစ်စုပြီး တစ်စု ရောက်လာခြင်းကိုတော့ မြင်မြင်ခြင်း ပါးနပ်လျင်မြန်စွာ အကဲခတ်မိသည်။ သို့ရာတွင် မည်သူက မည်သည့်အစုထဲ ပါသည်ကို သူ မသိ။

သူ ခြေရာခံ လိုက်လာခဲ့သော မြင်းခြေရာများ တစ်လျှောက် မောဟိုက်နွမ်းနယ်နေသော မြင်းကို သူ့အား စတင်နှုတ်ဆက်သူကပဲ စီးသလော။ မိန်းမပျိုကပင် စီးသလော ဆိုသည်ကို သူ ရုတ်တရက် ဝေခွဲမရနိုင်။ မိန်းမပျိုကသာ စီးခြင်းဖြစ်ပါလိမ့်မည်။





သည်သို့သာ အလွယ်ဆုံး အရှင်းဆုံး သူလိုရာ ဆွဲသွားလိုက်သည်။ မင်းသော်ကပင် အောင်လွင်တို့အား သောင်းကျန်းသူများက တိုက်ခိုက်ပြီး အောင်လွင်၏ အဖော်နှစ်ယောက် သေဆုံးရကြောင်း ပြောပြ၏။ ဤအချက်ကို အောင်လွင်က ပြောပြခဲ့ပြီးလေပြီ။

"ကျုပ်တို့တော့ ဒုက္ခရောက်ကြတော့မယ် ထင်တာပဲ၊ သောင်းကျန်းသူတွေက ဒီနေရာကို သိထားတော့ အနားယူစခန်းချဖို့ သူတို့ လိုလားမှာပဲ၊ ဒီကလည်း ရေရတာကို"

"ထိုင်နေရင် အကောင်းသား၊ ထ,သွားမှ ကျိုးမှန်းသိ၊ ဆိုတာလို ဖြစ်နေပါဦးမယ်၊ ကျွန်တော်တို့ ဒီကထွက်ပြေးတာထက်၊ ဒီမှာနေတာကမှ လုံခြုံလိမ့်မယ် ကို ..."

"ကျုပ်နာမည် မင်းသော်ပါ"

အမည်ကို တင်ပြ၍ မင်းသော်က စကားထောက်ပေးသည်။ နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ ငြိမ်သက်ခြင်းကပင် တစ်မျိုးသတိပြုဖွယ် ကောင်းနေ၏။ မကြာညိုကာ သူမ၏ မျက်လုံးရွဲကြီးများဖြင့် နေဟိန်းကို ဝေ့ကြည့်လိုက်ချေ၏။ နေဟိန်းက မကြာညိုကို စကားစ,လိုက်သည်။

"ကျွန်တော့်နာမည် နေဟိန်းပါ"

သူ့ကိုယ်သူ လူလူသူသူ ဖြစ်အောင်တော့ မိတ်ဆက်ပေးသည်။ မကြာညိုက အမည်ကို ကြားသော်လည်း ဘာ[illegible]မှ [illegible]တ်မရသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆားမှ မင်းသော်က သူ့ကိုယ်သူ သဘောကျသလို တစ်ကိုယ်တည်း ပြုံးလိုက်လေသည်။ အောင်လွင်ကတော့ သူမေးလိုသော မေးခွန်းတစ်ခုကို မေး၏။ ပြီးတော့ ... သူ့လျှာကို ပြန်ချုပ်ထားလိုက်လေသည်။

"ကျွန်တော်တို့ စိုက်ခေါင်ကို သွားမလို့ဗျ၊ သောင်းကျန်းသူတွေက ဒီအရှေ့ဘက်မှာ ရှိနေတယ်လို့ ကြားရတယ်"

အချိန်အတန်ကြာမျှ သူ့ထံကမှ စကားထွက်မလာ၊ သို့ရာတွင် နေဟိန်းက သူသိတာကို မင်းသော်ကလည်း စဉ်းစားနေသည်ဟု ထင်မိသည်။ သောင်းကျန်းသူများ အကြောင်းကလွဲပြီး အခြား မည်သည့်ကဏ္ဍကိုမှ ထည့်သွင်းစဉ်းစားနေမည် မဟုတ်။

အောင်လွင်ကမူ သူ့စိတ်ရင်းအတိုင်း ထုတ်ဖော်သည်။

"ကျွန်တော်ကတော့ ဒီနေရာကို ကြိုက်တယ်၊ သောင်းကျန်းသူလာမယ်လို့ သိရတဲ့တိုင်အောင် ဒီက မခွာဘူး"

ကျော်ကျော်ထိုက်က ပခုံးတွန့်ပြသည်။ ပခုံးတွန့်ပြခြင်း၏ အဓိပ္ပာယ်ကို သူသာသိပေလိမ့်မည်။ ပြီးတော့ ခွန်သာကို ငေးငေါ့ပြသည်။

"ဒီလူက ဘယ်လိုလူလဲ"

"သောင်းကျန်းသူတွေကို မုန်းတဲ့သူ"

မင်းသော်က သူ့လူဘက်မှ ကာကွယ်ပြောဆိုခြင်း မဟုတ်ဘဲ၊ အရှိကို အရှိအတိုင်း ပြောမှန်း သိသာလှသည်။ မင်းသော်၏ မျက်နှာသည် ပကတိ တည်ငြိမ်လှပါပေ၏။





"အို ... ဘယ်လိုလုပ်ပြီး သူ့ကိုယုံကြည်နိုင်မှာတဲ့လဲ"

ကျော်ကျော်ထိုက်သည် ခွန်သာကို စူးစူးရဲရဲ ကြည့်သည်။ ခွန်သာသည် မြေပြင်ကိုသာ စိုက်ကြည့်နေ၏။

"ခင်ဗျားကိုကော ယုံရပါတယ် ဆိုတာ ကျွန်တော်တို့က ဘယ်လိုလုပ် သိနိုင်မှာလဲ၊ ဒါမှမဟုတ် ခင်ဗျားကကော ကျွန်တော့်ကို ယုံရတဲ့လူတစ်ယောက်လို့ သဘောထားနိုင်ပါ့မလား၊ ကျွန်တော်တို့ အားလုံးက ဒီမှာ အစမှ သိကြရတဲ့ သူစိမ်းတွေချည်းပဲ"

နေဟိန်းက ဆားမှ ဝင်ခွပ်လိုက်သည်။ မျက်နှာသွင်ပြင်က အေးဆေးစေကာမူ လေသံက ကျယ်လောင်သလိုလို ရှိနေ၏။

ကျော်ကျော်ထိုက်၏ မျက်လုံးထဲဝယ် ဒေါသမီး တောက်လာမှုကို ပြလာ၏။ သို့ရာတွင် သူက စကားမပြောနိုင်မီ မေကြာညိုက ကော်ဖီကရားကိုယူပြီး နေဟိန်း၏ မတ်ခွက်ထဲသို့ ဖြည့်ပေးသည်။ နှုတ်မှလည်း ...

"မေတော့ သူ့ကို ယုံတယ်၊ လူကောင်း လူရိုးတွေပါလို့ မေ့ဖေဖေက ပြောထားဖူးတယ်"

ခွန်သာက ဖျတ်ခနဲ မော်ကြည့်လိုက်သည်။ ပသို့မျှ ထူးခြားချက်မျှ သူ့မျက်နှာတွင် မရှိပေ။ သူတို့အားလုံး ပြောနေကြသော စကားဝိုင်းမှ စကားတို့ကို သူ စိတ်ဝင်စားပုံ မရပေ။ သို့ရာတွင် သူ့အား မေကြာညိုက မှတ်ချက်ချလိုက်သောအခါမှ



www.burmeseclassic.com

www.burmeseclassic.com



မေကြာညိုကို ကြည့်မိသည်။ နောက်ဆုံး မကျေနပ်နိုင်သည့်အလား ကျော်ကျော်ထိုက်က စိတ်တိုစွာ ခြေကိုခပ်ပြင်းပြင်း နင်းထွက်သွားမှပဲ သူက မေ့ကို စုံစမ်းသည်။

"အဲဒီလူဟာ အစ်မကြီး ယောကျ်ားလား"

"အခုတော့ မဟုတ်သေးဘူး၊ ဒါပေမဲ့ စိုက်ခေါင်ကို ရောက်ရင်တော့ မေ့ယောကျ်ား ဖြစ်မှာပဲ"

ကျော်ကျော်ထိုက်သည် လူကြီးလူကောင်း ပီသသော ရုပ်ရည်ရှိသည်။ ရုပ်ချောသည်။ ဤသည်ကြောင့်သာ မေကြာညို၏ မျက်လုံးထဲ၌ တန်းတန်းစွဲ ဖြစ်လိမ့်မည်ဟု နားလည်ထားမိလေသည်။ မေကြာညို၏ အလှကို မြင်မိကာ ကျော်ကျော်ထိုက်ကိုပင် မနာလိုသလို ဖြစ်သွား၏။ သူက ကော်ဖီခွက်ကို ကိုင်ထားရင်း သဘောကျသည့်အလား ပြုံးမိ၏။

သည်အခိုက်ဝယ် လူတစ်ယောက်က ကျောက်တောင်ပေါ်မှ ဆင်းပြေးလာသည်။ မင်းသော်ပဲ ဖြစ်၏။

"ဟို ... အဝေး ခပ်လှမ်းလှမ်းမှာ မြင်းနဲ့လူတစ်ယောက် လာနေတယ်၊ ကျွန်တော့် စိတ်ထင် လူအတော်များများပဲ၊ လူလုံးတော့ မကွဲသေးဘူး"

မင်းသော်၏ အော်ဟစ်သတိပေးသံသည် အားလုံးကို ကိုင်လှုပ်နိုးကြားသလို ဖြစ်သွားစေသည်။

နေဟိန်းသည် မင်းသော်ကို စုံစမ်းမိလေသည်။

"ဘယ်လောက် ဝေးသလဲ"





"သူတို့ လာကြမယ် ဆိုရင်တော့ တစ်နာရီလောက် ကြာလိမ့်မယ် ထင်တယ်၊ လာပုံကိုက ပုရွက်ဆိတ်လမ်းလျှောက်သလို တုံ့နှေးတုံ့နှေးနဲ့ဗျ"

နေဟိန်းက သူ့မြင်းကို ရေတိုက်ရန် အိုင်စပ်သို့ [illegible]သွား၍ သူ့မြင်းကို ဘေးမှာ ထားလိုက်သည်။ သူကိုယ်တိုင် [illegible]ည်း မျက်နှာသစ်၊ ပါးစပ်ဆေးသည်။ ပြီးစီးသွားသောအခါ [illegible]ရုပ်လျက် သူ့လက်ခုံနှင့် ပါးစပ်ကို သုတ်လိုက်သည်။ မေကြာ[illegible] သူ့အား စောင့်ကြည့်နေသည်ကို မြင်ရသည်။ တစ်ယောက် [illegible] တစ်ယောက် ငြိမ်သက်တိတ်ဆိတ်စွာ ချိန်ဆနေကြသည်။ [illegible]သွဲ့နောက်မှ ပြိုင်တူပင် တိုင်ပင်ထားသည့်အလား အဝေးသို့ [illegible]ကြည့်လိုက်ကြ၏။

မေကြာညို၏စိတ်မှာ လှုပ်ရှားနေ၍ မသိမသာ [illegible]င်းသလို ဖြစ်နေ၏။ သူမက ထ,ရပ်ပြီးလျှင် ကော်ဖီကို ထပ်[illegible]နေ၏။ မြင်းစီးသမားများသည် ကော်ဖီ သို့မဟုတ် အရက်ကို [illegible]မြိ သောက်တတ်ကြသည်ဟု မေကြာညိုက သူမ ဖခင်နှင့်[illegible]တတည်းက သိသည်။ မြက်ပေါက်ရာ တောင်ကုန်းစောင်း[illegible]နေရာသို့ သူ့မြင်းအား နေဟိန်းက ဆွဲခေါ်သွားသည်ကို [illegible] မျက်လုံးတွေက ထက်ကြပ်မကွာ လိုက်လံနေမိသည်။ သူ့[illegible]ရှားပုံက ကြောင်တစ်ကောင် လှုပ်ရှားသည့်အလား ညင်သာ[illegible]သွားသည်ဟု မေကြာညို၏ စိတ်ထဲမှာ စွဲမှက်နေသည်။ [illegible]ဟိန်းသည် ယောကျ်ားပီသသော အသွင်ရှိပြီး ကြမ်းတမ်းစွာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်နေသော်လည်း တစ်ချိန်က အလုပ်ကြမ်းသမားတစ်ယော
မဟုတ်ဟူ၍ကား ၎င်း၏ လက်ချောင်းများကိုကြည့်ပြီး မကြ
သိသည်။ နေဟိန်း၏ လက်ချောင်းနှင့် လက်ဖမိုးသည် ပုံမှ
ပန်းပျက် ဖြစ်မနေ။ ကျော်ကျော်ထိုက်က သူ့အနီးသို့ ချဉ်း
လာကာ ခုံးတွင် ဝင်ရောက်ထိုင်ချလိုက်၏။

"မေ့ကို ဒီလိုအကျဉ်းထဲ အကျပ်ထဲ ရောက်အောင် လု
တဲ့အတွက် ကိုယ် စိတ်မကောင်းပါဘူး မေရာ၊ တကယ်
ဒီလိုလူတွေ အုတ်အရောရော ကျောက်အရောရော ဖြစ်
တာကို ကိုယ်နည်းနည်းမှ သဘောမကျဘူး၊ ဆောရီး မေ

"အခြေအနေက မေ့အတွက် စိတ်ညစ်နွမ်းစရာတော့
သေးပါဘူး"

"အေးလေ ... အလင်းရောင်လာပြီး သွားနိုင်တဲ့ အခြေအ
ကို မြင်းတွေမှာ ရှိလာရင် ကိုယ်တို့ ဒီကထွက်ဖို့ အ
အရေးတော့ ရကြမှာပဲ"

"သောင်းကျန်းသူတွေကျတော့ကော အစ်ကို"

"သူတို့က ဒီနေရာရဲ့ အရှေ့ဘက်မှာ ရှိကြတာပဲ၊ ဒီလော
ဝေးဝေးကတော့ ချက်ချင်းလာနိုင်ကြသေးမယ် မှတ်ဘူ
ဒီနေရာထက် ကောင်းတဲ့နေရာမှာ သူတို့ စတည်းချ
မယ်လို့ ကိုယ်ပြောရတယ်၊ ပြီးတော့ ကိုယ်တို့နောက်လိုက်
လာကြမဲ့ မေ့ဖေဖေကိုလည်း သူတို့က ဖြတ်တိုက်ပြီး
နိုင်ဦးမယ်"





"သူလာမယ် ဆိုတာကို အတတ်ပြောရဲ့သလား"

"ပြောရဲတယ် ... သောင်းကျန်းသူတွေနဲ့ မုချတွေ့မှာပဲ"

"အစ်ကိုရယ် ... သောင်းကျန်းသူတွေဟာ အနောက်ဘက်ကို သွားတယ်လို့ မေတို့ ကျိန်းသေမပြောရဲဘူး၊ စစ်တပ်နဲ့ ကွာ လှမ်းတဲ့ နေရာမှာ သူတို့ဟာ လူတွေကို ရက်ရက်စက်စက် သတ်တဲ့ အမှုတွေကို ဖေဖေက မေ့ကို ပြောပြဖူးတယ်"

နေဟိန်းသည် ကျောက်တုံးများပေါ်မှ ဆင်းလာကာ သူတို့နှင့် ဆက်သွယ်၍ လာရောက် စကားပြောသည်။

"သူတို့တော့ ပေါ်လာကြပြီ။ ဒါပေမဲ့ သူတို့က တစ်ခုခု စောင့်နေကြပုံပဲ၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကို စောင့်ကြပုံပဲ"

"ဘယ်သူလဲ ... သူတို့ဆိုတာ ဘယ်သူလဲ"

ကျော်ကျော်ထိုက်က ကပျာကယာ မေးလိုက်လျှင် နေဟိန်းက ...

"စောင့်ကြည့်ပေါ့လေ ... လွန်ခဲ့တဲ့ အချိန်ကလေးက ကျုပ်တို့ ဒီရောက်နေခဲ့တာတောင် ကံကို ကျေးဇူးတင်ရမယ်"

● ● ●



www.burmeseclassic.com

www.burmeseclassic.com



၆

လှဝင်မှ ကြီးကြပ်ရေး လက်ထောက်အရာရှိ ညိုမောင်သည် တောင်ကမ်းပါး တစ်ခုအနားတွင် ရပ်တန့်ပြောလိုက်သောအခါ လူတွေက ပင်ပန်းစွာ နားလိုက်ကြသည်။ သူက အနည်းငယ် လျှောက်သွား၍ သစ်ပင်တစ်ပင်ပေါ်သို့ မျောက်တစ်ကောင်အလား တက်ကြည့်သည်။ သူတို့၏ အနေးကင်းဖွဲ့တစ်ဖွဲ့ကို သောင်းကျန်းသူများက ဝင်ရောက် တိုက်ခိုက်ကြရာ အချို့ကျဆုံးခဲ့ရပြီး ရှိသရွေ့လူကလေးနှင့် ထွက်ပြေးလာခဲ့ကြရသည်။ သူ့လူတွေကို သူကပဲ အုပ်ချုပ်လာခဲ့ရသည်။ လမ်းတွင် ရဲမှူးကြီး ဦးမြင့်မိုးနှင့် တွေ့လာခဲ့ကြပြီး ပေါင်းစည်းကာ ခရီးသွားခဲ့ကြ၏။

သူ့လူများမှာ မောပန်းနွမ်းနယ်ကြပြီကို သူသိသည်။ ခရီးရှည်ကို ချီတက်လာခဲ့ကြရသည် မဟုတ်လား။ အနီးအပါးတွင် ရွာမရှိသောကြောင့် ဆက်သွယ်ရေးအတွက် ခက်နေသည်။ သည်အထဲ ဝိုင်ယာလက်စက်မှာလည်း သောင်းကျန်းသူ လက်ထဲ





ပါသွားပြီးဖြစ်သဖြင့် ပသို့မှ ဆက်သွယ်မှုကို မရနိုင်တော့ပေ။ သူက သစ်ပင်ပေါ်မှ ကပျာကသီ ပြန်ဆင်းလာပြီးနောက်တွင် သူ့လူတွေကို မြေပေါ်မှ ထ,ကြရန် အမိန့်ပေးလိုက်သည်။

တုံးလုံးပက်လက် လှဲနေကြသူများသည် သူ့အမိန့်ကို အစ်သဝေမတိမ်းနာခံ၍ လေးကန်စွာ ထ,ကြသည်။

"မြန်မြန်လုပ်ဟေ့၊ အနားတစ်ဝိုက်မှာ သောင်းကျန်းသူတွေရှိတယ်"

သူတို့သည် တစ်မိုင်နီးပါးမျှ စီးလာကြ၏။ ပတ်ဝန်းကျင်ကို အထူးသတိထားနေကြသည်။ နေကလည်း ဝင်ကာနီးသပြီ။ နေကျပြီးနောက်မှ သူတို့က တောင်ကုန်းတစ်ခုဆီသို့ ရောက်လာကြသည်။ သူတို့အရှင် လူတစ်ယောက်က လမ်းပြအင်းထောက်သည်။ သူတို့က ရှေ့ဆက်ရန် ပြင်ဆင်ခိုက် ကင်းထောက်သူ ဦးမြင့်မိုးက လက်ပြတားလိုက်သည်။ သူသည် မြေပေါ်သို့ ဒူးထောက်ပြီးလျှင် မြေပေါ်မှ ခြေရာတွေကို လေ့လာကြည့်သည်။ ထိုမှခေါင်းကို ဆတ်ခနဲ တောင်လျက် ...

"ကိုညိုမောင် ... သောင်းကျန်းသူတွေ ဒီကိုရောက်သွားခဲ့ပြီးပြီပဲဗျ။ သူတို့ဆီမှာ အကျဉ်းသားတစ်ယောက်တောင် ပါလိုက်သေးတယ်"

ညိုမောင်သည် မြင့်မိုးထောက်ပြသော ခြေရာများကို ကြည့်သည်။ အချို့နေရာတွင် ဒရွတ်တိုက်ဆွဲမှုများ ပါနေသည်။ ထိုအခါ၌ သူ့မျက်များသည် ဘေးနားရှိ ချုံပုတ်နားမှ လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဝါကလေးတစ်ထည် ငြိတွယ်ကျန်ရစ်ခဲ့သည်မို့ လှမ်းဆွဲလိုက်လေသည်။ လက်ကိုင်ပဝါက မိန်းမလက်ကိုင်ပဝါ ဖြစ်သည်။

သောင်းကျန်းသူလက်ထဲဝယ် အကျဉ်းသားအဖြစ်ပါလာသူမှာ မိန်းကလေးတစ်ဦးဟု သည်လက်ကိုင်ပဝါကို မြင်မြင်ခြင်း သိလိုက်ခဲ့ပြီးလေပြီ။ အနီးတစ်ဝိုက်တွင် မီးဖိုခဲ့သော ထင်းချောင်းများ သားကောင်၏ အရိုးများကို တွေ့ရသည်။ နန်းထိုက်သည် ပတ်ဝန်းကျင်ကို လိုက်လံလေ့လာသည်။ ထို့မှ ညီမောင်အား အစီရင်ခံလိုက်၏။

"သောင်းကျန်းသူတွေက စုရုပေါင်း ငါးယောက် ခြောက်ယောက်ထက် မပိုဘူးလို့ ကျွန်တော် ပြောရဲတယ်၊ ဒီမှာရပ်ပြီး စားသောက်စခန်းချသွားကြတယ်"

ညီမောင်မှာ ဦးနှောက်ခြောက်သွားသည်။ အဖမ်းခံရသော မိန်းကလေးအတွက် သူတို့ဘာမှ လုပ်ပေးနိုင်စရာ အကြောင်းမရှိပေ။ သူတို့မှာ မြင်းပါသည်။ လက်နက်ပါသော်လည်း ခဲယမ်းမီးကျောက်က အလုံအလောက်မရှိ၊ သည်အဖြစ်ကို သိလျက်နှင့် သောင်းကျန်းသူကို သွားစ,လိုက်လျှင် ခါချဉ်အုံကို တုတ်နှင့် ထိုးမိသလို သူတို့သာ အမိုက်မဲဆုံး ဖြစ်သွားပေတော့မည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာလုပ်မလဲ ဦးမြင့်မိုး"

သူက အကြံဉာဏ် ရလိုရငြား တောင်းလိုက်သည်။ ဦးမြင့်မိုးသည် မိနစ်များများ ကုန်လွန်သွားသည်အထိ ညီမောင်





...ပြီသော ခြေရာတွေကို စူးစမ်းကာ အကြောင်းရင်းမှန် ထုတ်...လေသည်။ ပြီးမှ ...

"ကိုညီမောင် ... အမျိုးသမီးက ထွက်ပြေးသွားပြီပဲဗျ၊ သူ့ကို ဖမ်းလာတဲ့လူတွေက အစားအစာတွေကို သူတို့ဗိုက်ထဲအဝသွတ်ပြီးတော့ အိပ်တဲ့အခါကျမှ အမျိုးသမီးက ထွက်ပြေးတာ"

"ဘယ်လို ပြေးတာလဲ၊ မြင်းနဲ့ပဲလား"

"ဟင့်အင်း ... လမ်းလျှောက်သွားတာဗျ"

"ဒါဖြင့် မြင်းကို ယူမသွားဘူးပေါ့"

"မြင်းကို ယူသွားရမှာ ကြောက်ဟန်တူပါရဲ့ဗျာ၊ ဒီလိုပဲ ယူဆရတာပဲ၊ ခြေဦးတည့်ရာ လျှောက်သွားပုံရပါတယ်"

သောင်းကျန်းသူတွေကလည်း သိကြဟန်တူသည်။ ...ပျော့ပျော့တွင် သွားသော ခြေရာသေးသေးနောက်သို့ နောက်က ခြေရာကြီးတွေက ထက်ကြပ်မကွာ လိုက်နေကြ၏။ သူမ ...မကောင်း အကြောင်းမလှလျှင်တော့ သူမအား သူတို့က ပြန်...သည်းဖမ်းမိကြပေတော့မည်။ ညီမောင်သည် နီးရာတောင်ကုန်းသို့ ...ပြေးအလွှားတက်ပြီး သူ၏ ဂျာမနီလုပ် မှန်ပြောင်းနှင့်ကြည့်၏။ ...သမဲ့ အလင်းရောင်က ဝင်လုဆဲဆဲ သူ့မှန်ပြောင်းကို ရှေ့တူရူ... ရိုက်ခတ်နေရကား ဘာကိုမှ စိတ်ကျေနပ်ဖွယ်ရာ ထင်ထင်...ရှား မတွေ့ရပေ။ ပြီးတော့လည်း သွားချိန်က ကြာခဲ့ချေပြီ...ယောတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ထွက်သွားတာကတော့ မနေ့ညက တစ်ချိန်ချိန်မှာပါပဲ။ သောင်းကျန်းသူတွေက သူ့ကို ပြန်မဖမ်းနိုင်ခင်မှာတော့ ဒီမိန်းကလေးဟာ ဝေးဝေး မသွားနိုင်ပါဘူး"

ဦးမြင့်မိုးသည် ခြေရာကောက်ရာတွင်လည်းကောင်း၊ ရှူးစမ်းဆင်ခြင်ရာတွင်လည်းကောင်း၊ အလွန်တော်သည်။ ရဲအရာရှိတစ်ဦးပီပီ သူသည် စုံထောက်ဝတ္ထုများကိုဖတ်ပြီး စုံထောက်တွေးတွေးကာ စဉ်းစားဆင်ခြင် ပြောတတ်သည်။ ယခု သမယတွင်လည်း တွေ့ရသော အထောက်အထားများကို လက်သင့်ခံပြီး ဦးမြင့်မိုးက ရဲမှူးပီပီ ထုတ်ဖော်နေလေ၏။

"ဖြစ်နိုင်တာပေါ့ဗျာ"

ထောက်ခံပြောဆိုပြီး ညိုမောင်က ခြေရာတွေကို လိုက်လံကြည့်နေသည်။

"အမျိုးသမီးဟာ ကောင်းကောင်းကြီးကို လွတ်သွားခဲ့တာပဲဗျ၊ ခင်ဗျားပြောသလို ပြေးဖို့တော့ မကြိုးစားခဲ့ဘူး၊ ခြေရာတွေက အလှမ်းမှန်နေတယ်၊ တကယ်ပြေးလို့ အသံကြားရင် သူ အသတ်ခံရမှာကို စိုးတယ်နဲ့ တူပါရဲ့ဗျာ၊ ကဲ … ငါ့လူတွေ တို့ဒါက သွားကြရအောင်"

"ကိုညိုမောင် … ဒီမိန်းကလေးကို ကျွန်တော်တို့ မကယ်ဘဲ ပစ်ထားခဲ့ကြတော့မလားဗျာ"

မြင့်မိုးက ဆောဒက တက်လိုက်၏။ ညိုမောင်၏ လည်ပင်းနှင့် မျက်နှာတွင် ချွေးများစို့လာသည်။ မနေ့ညက





အမျိုးသမီးသည် အဘယ်မျှ ဝေးဝေးလံလံ သွားလေခဲ့သနည်း။ သူ့လူတွေနှင့် လိုက်ရှာဖို့ကလည်း မလွယ်။

"အေးဗျာ … ကျွန်တော်တို့ သွားရင်း လာရင်းက အခြေအနေ ကြည့်ကြသေးတာပေါ့"

မတင်မကျ စကားတစ်ခွန်းသာလျှင် ညိုမောင် ပြန်ဖြေခဲ့၏။ သူတို့ ခရီးဆက်ကြသည်။ ခက်သည်က သည်အနီးတစ်ဝိုက်တွင် ရွာနီးချုပ်စပ်မရှိ။ ရွာများနှင့် အလှမ်းကွာဝေးနေသည်က အခက်။ ညဘက်တွင် ချမ်းသည့်စိမ့်သည့်ကြားမှ သူတို့ ခရီးဆက်သည်။ လမ်းတွင် နှစ်ကြိမ်နားသည်။ သူ့လူတွေကို နားနေ အိပ်စက်ရန် အချိန်ပေးသည်။ ပြီးတော့မှ ဆက်ထွက်လာကြသည်။

နံနက်အရုဏ်ပျို့တက်လာသည်။ အလင်းရောင်က ကောင်းစွာ မသန်းလာသေး။ သူတို့၏ မျက်လုံးများသည် အိပ်ချင်မူးတူးနှင့် နောက်ကျိ ရီဝေနေကြသည်။ နေရောင်ထွက်လာတော့လည်း သူတို့၏ ကံကြမ္မာက အလေးစောင်းခဲ့လေပြီတည်း။

တောင်ကုန်းမြင့်မြင့်ရှိ သစ်ပင်များကြားတွင် လူတစ်ယောက်သည် မားမားကြီးရပ်ကာ သူတို့ကို ကြည့်နေ၏။ သူတို့ သူ့စုနှင့် ကိုက်များစွာ ကွာဝေးလှသည်တော့ မဟုတ်ပါပေ။ ရပ်နေပုံကပင် မလှုပ်မယှက် ကျောက်ရုပ်ပမာ တည်ငြိမ်လှသည်။

သူသည် လူကောင်းတော့ မဟုတ်မှန်း အတွေ့အကြုံများပြီးသည့် ညိုမောင့် အတွက် သိပြီးဖြစ်သည်။ တောင်ကုန်းထိပ်လည်တွင်လည်း ဘာဆိုသည်ကို သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... သောင်းကျန်းသူတွေ"

ထွန်းလှက အော်လိုက်သည်။ ညိုမောင်သည် သူ့မြင်းပေါ်မှ ဆင်းလိုက်သည်။ သူ့လူတွေကိုလည်း အကာအကွယ်ယူရန် လက်မြှောက်အချက်ပြလိုက်၏။ တောင်ကုန်းပတ်လည်မှ သောင်းကျန်းသူလေးယောက်သည် ရိုင်ဖယ်သေနတ်များကိုင်ပြီး အောက်သို့ ပြေးဆင်းလာကြ၏။

ညိုမောင်က သူ၏ ဂျာမန်မော်ဇာပစ္စတိုလ်သေနတ်နှင့် စတင်ပစ်သည်။ တစ်ဖက်သောင်းကျန်းသူတွေကို သူ့ကျည်ဆန်က ရှောင်ရှားသွားသည်။ တစ်တောလုံး တစ်တောင်လုံး သေနတ်သံများ ဟိန်းထွက်သွား၏။ သစ်ပင်တွေကို အရင်းခံ၍ သောင်းကျန်းသူတွေကလည်း ပြန်ပြီး ကျည်ဆန်လက်ဆောင် ပေးသည်။

ညိုမောင်၏ဘေးမှ ကျောက်တုံးမျက်နှာပြင်တစ်ခုမှာ ကျည်ဆန်ဒဏ်ကြောင့် မှဲ့ထွက်သွားသည်။ ထွန်းလှ၊ ခင်မောင်နှင့် ညွန့်တင်၊ မြင့်မိုးတို့ကလည်း ပြန်ပစ်ကြသည်။ မြင့်မိုး၏လက်မှ စတင်းဂန်းဆွဲသံက လှိုင်လှိုင်ကြီး ပေါ်လာ၏။

"ထွန်းလှ ... မင်းတို့ ဒီက ကာပစ်,ပစ်ပေး၊ ငါတခြား နေရာက ဝင်မယ်"

ညိုမောင်က လက်တစ်ကမ်းရှိ သူ့လူတွေကို ပြောလိုက်၏။ စောစောက မလှုပ်မယှက် ရပ်နေသော သောင်းကျန်းသူ တစ်ဦးမှာ မျက်စိအောက်မှ ပျောက်ကွယ်သွားခဲ့ချေပြီ။ ညိုမောင်က သစ်ပင်တစ်ပင်ကို ပြေးကပ်ကာ အထက်သို့တက်သောလမ်းကို





ရှာလိုက်သည်။ သူ့အထက်တွင် ချုံနွယ်များနှင့် သစ်ပင်များက အာဆီးနေသည်။ သူ လှုပ်ရှားသွားလာနေခြင်းကို သောင်းကျန်းသူများက မမြင်ပေ။ မြင်နိုင်အောင်လည်း သူတို့မစွမ်း။ သူတို့အာရုံက တစ်ဖက်ရှိ ထွန်းလှတို့ဘက်သို့ မှုတည်နေ၏။

ညိုမောင်သည် ချုံနွယ်များကို လက်နှင့်ဖယ်ရှားကာ အွားသွားတက်လာသည်။ အမေရိကန် ကာကီဝတ်ထားသော သူ့ခမ်းဗိုက်ကို မြေပြင်ရှိ ကျောက်ခဲချွန်ချွန်တွေက ပွတ်တိုက်သည်။ သူတက်ရာ နေရာနှင့် သောင်းကျန်းသူများ ပစ်ခတ်ရာနေရာသည် ချက်ကောင်း ထိုးသာသာ လောက်မှာရှိသည်။

အထက်စီး ရထားသော သောင်းကျန်းသူများအဖို့ အောက်လူတွေ အထက်သို့ တက်မလာနိုင်ဟု ယုံကြည်ထားဟန်နှင့် စွတ်ပစ်နေ၏။ ညိုမောင်သည် တော်တော်ကလေး တက်လာပြီးမှ ဝပ်လျှောင်းနေသည်။ တောင်ကုန်းအထက်ကို နေရာယူထားသော သောင်းကျန်းသူများ၏ ကိုယ်ထည်ဒြပ်စီးကို သူ ကွက်ကွက်ကွင်းကွင်း မြင်နေရချေပြီ။

သောင်းကျန်းသူလေးငါးယောက်က သစ်ပင် တစ်ပင်တစ်ပင်စီကို အကာအကွယ်ယူလျက် အောက်သို့ လှမ်းပစ်နေကြ၏။ ညိုမောင် လဲလျောင်းရာနှင့်ဆိုလျှင် ဘေးတိုက်ဖြစ်နေသည်။ ညိုမောင်သည် သူ၏ ဂျာမာန်မော်ဇာပစ္စတိုလ်ပြောင်းကို လူတစ်ယောက်၏ ကိုယ်ခန္ဓာအတွင်းသို့ ချုပုတ်ထဲမှပင် ချိန်ကာမောင်းကို ညှစ်ချလိုက်သည်။

www.burmeseclassic.com



သူနှင့် ပထမဆုံး အနီးဆုံးလူသည် လက်နှစ်ဖက်လေထဲမြှောက်ပြီး အကာအကွယ် ယူထားသော သစ်ပင်နောက်မှ တောင်ကုန်းအောက်သို့ ထွမ်းစိုက်ကျသွား၏။ မိမိတို့ဘက်မှ လူတစ်ယောက် ကျသွားခြင်းကို မြင်လျှင် အပေါ်မှ သောင်းကျန်းသူတွေမှာ ကြောင်သွားသည်။ သည်စဉ်အခိုက်မှာပင် ညိုမောင်၏လက်က နောက်ထပ် ကျည်ဆန်တွေကို ညှစ်ထုတ်လိုက်သည်။ ဘယ်လိုဖြစ်သည်ဟု သူက ဆက်လက်မတွေးတော့နိုင်ပါတော့။

သူ့ဘက်က သေနတ်သံလာရာကို သောင်းကျန်းသူတွေက သိသွားသဖြင့် သူ့အရပ်သို့ လှမ်းပစ်ကြ၏။

ဆက်လက်ပြီး လှုစ္စမ်းကောင်း လုပ်လိုစိတ် မရှိသော ညိုမောင်မှာ မှောက်နေရသည်။ သူ့ဝန်းကျင်ဝယ် ပိတုန်းဝဲသံများ ကျည်ဆန်နှင့် ဆန့်ကျင်ဘက်အရာတို့ ထိမှန်တိုက်ခိုက်သံတွေကို ကြားနေရ၏။ သည်စဉ် အောက်ဘက်မှ သေနတ်သံတွေက ဒိုးဒလိမ့်ညံလာသည်။ သူ့အား ဝိုင်းပစ်နေကြသည့် ကျည်ဖူးကန်ထွက်သံတွေက တစ်မုဟုတ်ချင်း ပါးသွားသည်။

ဦးမြင့်မိုးတို့ တက်လာပြီဟု သူ သိလိုက်၏။ ဤသို့ တက်ခွင့်ရအောင် သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများဦးကို သူ့ဘက်လှည့်ခိုင်းလိုက်ခြင်း ဖြစ်သည်။

ညိုမောင်သည် ချုံပုတ်ကြားမှ ခေါင်းထောင်ကြည့်လိုက်သည်။ သောင်းကျန်းသူနှစ်ယောက်ကား တစ်ဖက်တောင်ကုန်းသို့ သစ်ပင်တွေကြားမှ ဆင်းပြေးလေပြီ။ တစ်ယောက်ကတော့





အောင် ကုန်းစောင်းမှာရှိသော ကျောက်ဖျာတစ်ခုအောက်သို့ အုမ်းသေနတ် တစ်လက်ကိုင်ပြီး ပြေးဝင်မည်ပြုသည်။ ညိုမောင်သည် ဘိုက်ပွဲ ခိုက်ပွဲ၌ သူတော်ကောင်း လုပ်နေတတ်သူ မဟုတ်ပေ။

သူက ထိုသောင်းကျန်းသူ၏ ကျောပြင်ကြီးထဲသို့ အုန်ကျည်ဆန်ကို နောက်မှ အေးဆေးစွာချိန်ကာ မြှုပ်နှံပေးလိုက်သည်။ လမ်းခုလတ်တွင်ပင် ကျောပြင်ကြီး ကော့တက်ကာ နေသားမှာ ဘုန်းခနဲ လဲသွားလေတော့၏။

သေနတ်သံများ ဆိတ်သုဉ်းသွားသည်။ ညိုမောင်တို့ဘာ မမျှော်လင့်ဘဲနှင့် အောင်ပွဲရလိုက်ခြင်း ဖြစ်သည်။ သောင်းကျန်းသူသုံးယောက် ကျသွားပြီး၊ တူမီသေနတ်တစ်လက်နှင့် ရိုင်ဖယ်သေနတ် တစ်လက်ကို သိမ်းဆည်းရမိသည်။

"တို့တော့ ပိုင်တာပဲဟေ့"

ထွန်းလူ၏ ဝမ်းသာအားရ ကြွေးကြော်သံက ဟိန်းလာသည်။

ဦးမြင့်မိုးကတော့ သောင်းကျန်းသူအလောင်းတစ်လောင်းနား ရပ်လျက်ကပင် ထွန်းလူလို မကြွေးကြော်နိုင်ပါ၊ သေခဲ့ပြီဖြစ်သော သောင်းကျန်းသူတစ်ဦး၏ ဝင်ပြေးသည့်ကျောက်ဖျာအောက်သို့သာ ပါးစပ်ကြီးဟပြီး ငေးမောနေသည်။

သူ့သွင်ပြင်မှုယာကို ကျန်လူတွေကလည်း မြင်ကြသည်။ ထို့ထိုသော အခါကာလကျမှ သူကြည့်ရာကို ဦးခေါင်းများလည်ကာ ကြည့်ကြသည်။ ကျောက်ဖျာကြီး အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်ဝှမ်းကြီးတစ်ခု ရှိသည်။ ထိုချိုင့်ဝှမ်းကြီးအတွင်းမှ လူတစ်ယောက်က ထွက်လာပြီးလျှင် တောင်ကုန်းထိပ်တွင် မားမားမတ်မတ် ရပ်လာလေသည်။ သူကား အသက်အရွယ် နုပျိုသော ဆယ်ကျော်သက်မကလေးပဲ ဖြစ်သည်။

မိန်းကလေး၏ မျက်နှာသည် ဝင်းပကြည်လင်နေသည်။ သူမက လက်နှစ်ဖက်ကို ဆန့်တန်းလျက် ...

"ကျွန်မအမည်က သီတာဝင်း ပါတဲ့ရှင်၊ အစ်ကိုကြီးတို့ကို တွေ့ရတာ ကျွန်မအဖို့ တကယ် ဝမ်းသာလို့ မဆုံးတော့ပါဘူး"

ဟု ပြောလိုက်လေတော့၏။

● ● ●





## ၅

နံနက်ခင်း ကောင်းကင်သည် မိုးတိမ်မိုးသားတို့၏ အနောင့်အယှက်၊ မြူနှင်းတို့၏ အနောင့်အယှက်ကြားမှ ကင်းဝေးသဖြင့် ပြာလဲ့နေသည်။

နေဟိန်းသည် မနက်မိုးလင်းပြီး သည်နေရာသို့ မရောက်မီက အရှေ့ဘက်မှ သေနတ်ပစ်သံတွေလိုလို ကြားခဲ့ရသည်။ သို့တစေ စိတ်ထင်တာပဲ၊ နားကြားမှားတာပဲဟု သူ့ကိုယ်သူ ထင်လိုက်မိသည်။

ယခုမူ လွှယ်ဂျယ်စမ်းရှိရာ တောင်ကုန်းဘက်သို့ လူတစ်စု လာနေကြသည်ကို အထင်အရှား မြင်နေရလေပြီ။ သူတို့သည် တုန်ချနေးကွေးစွာ လာနေကြ၏။ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်ကာ လာနေကြသူတွေကို မှန်ပြောင်းဖြင့် ကြည့်နေသည်။ သူ့နောက်ဘက်ရှိ ကျောက်တုံးများနှင့် ဖိနပ်ဦးထိခိုက်သံ ကြားရသောကြောင့် သူက မှန်ပြောင်းကို မျက်နှာမှ ဖယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရိပ်တစ်ခုသည် သူ့ရှေ့သို့ လာရောက်ကျော်လွှန်ကျနေသည်။

သည်အရိပ်သည် မေကြာညို၏ အရိပ်ဘဲဟု သူက ကောင်းကောင်းသိလိုက်သည်။ လာနေကြသော လှုပ်ရှားမှုစဆီသို့ သူမက နဖူးပေါ် လက်ဖြင့်အုပ်ကာ ကြည့်လိုက်သည်။ သူမကထရပ်လိုက်သည်။ ကာဘိုင်သေနတ်ကိုလည်း ချိုင်းတွင် ညှပ်လိုက်သည်။

"ကြည့်ရတာကတော့ ယူနီဖောင်းတွေနဲ့ပဲ၊ နယ်ခြားရဲလား မသိဘူး၊ ဖြစ်လာတာက ပုံဆိုးပန်းဆိုးနဲ့"

"သူတို့နဲ့အတူ မိန်းကလေးတစ်ယောက်လည်း ပါလာတယ် ကိုနေဟိန်း"

သူသည် မေကြာညိုအား တစ်ခုခု မေးနေချင်သည်။ မေးမည့်အလုပ်လည်း သူ့အလုပ် မဟုတ်သည်ကို သူသိသည်။ သို့ရာတွင် သည်မေးခွန်းကို မမေးဘဲ သူ့ရင်ထဲ ကြာရှည်အောင် အောင်းမထားနိုင်။ အောင်းဖို့ကလည်း သူ စိတ်မပါရ၊ ရင်ထဲဝယ် အသည်းထဲဝယ် ထိုမေးခွန်းကိုမေးဖို့ တစ်ခုခုက ဆွဲဆောင်နေ၏။

"ခင်ဗျား သူ့ကို တကယ်ပဲ လက်ထပ်တော့မလို့လား မေကြာညို"

အဝေးသို့ မျှော်ကြည့်နေသော မေကြာညို၏ မျက်လုံးများသည် နေရာပြောင်းရွေ့လာသည်။ အတည့်မတ်ဆုံး အမှန်ကန်ဆုံး ဖော်ပြရလျှင် ထိုမျက်လုံးများသည် နေဟိန်း မျက်နှာပေါ်ကိုမှ ရစ်ဝဲလာ၏။ မျက်လုံးတွေက အေးဆေးတည်ငြိမ်လှ၏။





"ဒါက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ တစ်ရပ်ပါလို့ ကျွန်မ ပြောရမှာပဲ ကိုနေဟိန်း၊ ဒီအတိုင်းလည်း မေ့ အသည်းမှာ ယုံကြည်ထားတယ်လေ"

"တကယ်တော့"

သူက မျက်လွှာကို အောက်ချလိုက်သည်။ သူ မေး[illegible]ကိုလည်း မှားသွားလေပြီလားဟု စဉ်းစားနေမိသည်။

"သူဟာ လူသိမ်မွေ့တစ်ယောက်ပါ ကိုနေဟိန်း၊ မျိုးကောင်း ရိုးကျောင်းက ဆင်းသက်လာတဲ့ လူပါ"

သူမ၏ အသံသည် မသိမသာ စိတ်ဆိုးသံ ပါနေသည်။ မိန်းမတို့၏ ဓမ္မတာအတိုင်း သူမ ချစ်သောသူအတွက် [illegible]တွယ်နေခြင်း ဖြစ်ဟန်တူသည်။

"ကျွန်တော်ကလည်း သူ့ကို ဒီအတိုင်း မြင်တာပါပဲ၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ ကြမ်းတမ်းတဲ့ ဒီဒေသနဲ့ သူနဲ့ဟာ မသင့်တော်ဘူးလို့ ယူဆမိတယ်"

"မေကလည်းပဲ ဒီနယ်ဒေသမှာနေဖို့ မရည်ရွယ်ပါဘူး"

"ဘာကြောင့်လဲ မေကြာညို၊ ခင်ဗျားအဖေဟာ ဒီနယ်မြေ ဒီဒေသမှာ အခြေလာစိုက်တဲ့ လူကြီးတစ်ယောက် မဟုတ်လား၊ ခင်ဗျားက ဒီဒေသကို ဘာကြောင့် သဘောမကျရတာလဲ၊ ခင်ဗျားရဲ့ဘဝ ဖွံ့ဖြိုးရေးအတွက် သူကပဲ ကူပေးခဲ့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒေသကလူတွေက ကောင်းကြပါတယ်၊ ဒါပေမဲ့ ဒီ ဒေသမှာ ဆူပူမှုတွေက အနည်းနဲ့အများရှိတော့ ဒေသထ လူတွေကို ထိခိုက်တယ်။ ဒါကို ကျွန်မ မကြိုက်တာ ကျွန်မမှာ ဒီလိုအမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လောက်ခံစာ နေရသလဲဆိုတာ ရှင် သိမှာပါ၊ ရှင့်လို လူစားကိုလည်း ကျွန်မ သိပါတယ်"

သူ့မျက်စိထဲသို့ သူမက ရဲရဲတင်းတင်းကြည့်ပြီး ပြောလိုက်သည်။

"ဪ ... ခင်ဗျားက သိတယ်"

သူ့နှုတ်ခမ်းကလေးတွေက တွန့်သွားသည်နှင့်အမှု မဲ့ပြုံးကလေးက ပေါ်လာသည်။ လူတစ်စုက တစ်စတစ်စ နီးလာ သည်။ နေဟိန်း၏ မျက်လုံးတွေက ကျဉ်းသွားသည်။

"ခင်ဗျားက ကျုပ်ကို သိတယ်ဆိုတာ ကျုပ် မယုံဘူး မေကြာညို၊ ဒီလိုဒေသမျိုး၊ ကျုပ်လိုလူမျိုးအကြောင်းနဲ့ ပတ်သက်ပြီး ခင်ဗျား သိတယ်ဆိုတာ ကျုပ် မယုံဘူး၊ ဒီ ဒေသဟာ ကြမ်းတမ်းတော့ လူတွေကလည်း ကြမ်းတမ်း လာရတာပဲလေ၊ ကြမ်းတမ်းတဲ့ ဒေသကို ပြုပြင်ဖို့က လူယဉ်တွေနဲ့ မရနိုင်ဘူး၊ လူကြမ်းတွေနဲ့မှ ရတာ မေကြာညို လူယဉ်တွေကတော့ ကြမ်းကြမ်းတမ်းတမ်း ခံနိုင်တာမဟုတ် လို့ ဒီလို ဆူဆူပူပူနေရာတွေနဲ့ မသင့်တော်ပေဘူး၊ ခင်ဗျား အဖေဟာ ဒီဒေသအကြောင်းသိလို့ ဒီလို လူကြမ်းလူတေ





တွေ အဆင့်အတန်းထဲမှာ နေတာပဲ၊ ခင်ဗျားအတွက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဘာကိုမှ မဝေဖန်မပိုင်းခြား နိုင်သေးဘူး၊ တစ်ခုပဲရှိတယ်၊ ခင်ဗျားလို လူအတွက်ကတော့ အိမ်ကလေးလှလှ၊ ပန်းခြံကလေးလှလှ၊ ရေဒီယိုဂရမ်တို့ ပီယံနိုတို့နဲ့မှ လိုက်မှာပဲ"

"ရှင်ဟာ စကားပြော သိပ်ကြမ်းတဲ့လူ"

"ဟုတ်ချင် ဟုတ်မှာပေါ့"

သူက သော့က်လက်စ စီးကရက်ဖင်ကို တစ်ချက် ကြည့်ကာ အရေးမထားသလို ပေါ့ဆဆ ပြောလိုက်သည်။ သည် အမှတစ်ဆင့် ဆက်ပြောသည်။

"လောကမှာ ယောကျ်ားတွေဟာ လှတဲ့မိန်းမကိုမှ လိုချင် ကြတယ်လို့ ခင်ဗျားတို့ မိန်းမတွေက ပြောကြတယ်၊ တကယ်တော့ မိန်းမတွေကမှ လှတဲ့ယောကျ်ားကိုမှ လိုချင် ကြတာပါပဲ၊ စကားကလေး ချိုချိုပြောပြီး ကန့်ကရ မင်း သားဟန်နဲ့ချောတဲ့ ယောကျ်ားတွေဆိုရင် သဘောကျကြ တယ်၊ အဲ ... ယောကျ်ားတွေကျတော့ လှတာထက် အသုံး ကျတာကို ပိုတန်ဖိုးထားတတ်ကြတယ်၊ လှတဲ့မိန်းမဟာ အသုံးမကျဘူးဆိုတာ သူတို့ သိတယ်လေ၊ မိန်းမတွေရဲ့ ဆန္ဒဟာ ဘာနဲ့တူသလဲဆိုရင် ဆေးလိပ်သောက်တဲ့လူဟာ မီးခြစ်ကို ရှာတတ်တဲ့ လူလိုပဲပေါ့၊ ဆေးလိပ်သောက်တဲ့ သူဟာ သူ့ဆေးလိပ်ကို မီးညှိချင်တုန်း တစ်ခဏမှာ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်ကို အသုံးချတယ်၊ ပြီးရင် ဂရုတောင်မစိုက်တော့ဘူး၊ ယောက်ျားလှလှမြင်တဲ့ မိန်းမလည်း ထိုနည်းလည်းကောင်းပဲ"

"အမယ် ... ဒါက ရှင်တို့ယောက်ျားတွေပါ၊ မိန်းမလှလှမြင်ရင် ရှင်တို့ ယောက်ျားတွေက ငန်းငန်းတက်၊ အဲဒီဆေးလိပ်သောက်ကာနီး မီးခြစ်ရှာတဲ့လူစားဟာ ရှင်တို့ယောက်ျားတွေသာ ဖြစ်တယ်၊ မိန်းမတစ်ယောက် လှရင်ချစ်ပြီး၊ မလှရင် ပစ်တတ်ကြတယ်"

မေကြာညိုကား သူထင်သလိုမဟုတ်၊ နှုတ်လှန်ထိုးတတ်သည့် တကား။

သူမအသံကလေးက မခံချင်စိတ်ရှိဟန်တူ၏။ စူးစူးရှရှလေး ဖြစ်နေသည်။ နေဟိန်းကဲ သွားပေါ်အောင် ပြုံးလိုက်လေတော့သည်။

"ကျုပ်လို ယောက်ျားကတော့ ဒီလိုယောက်ျားမျိုးထဲမှာ မပါပါဘူးဗျာ၊ ကျုပ်တို့ယောက်ျားတွေထဲမှာ ခင်ဗျားပြောသလို ယောက်ျားမျိုး ခင်ဗျားအမြင်နဲ့ရှိမယ်၊ ကျုပ် အမြင်မှာတော့ ကျုပ်လိုယောက်ျားမျိုးပဲရှိမယ်၊ ကျုပ်လိုယောက်ျားမျိုးကတော့ အိမ်ကို အိမ်ရှင်ပီပီ ထိန်းသိမ်းနိုင်ဖို့နဲ့၊ အရေးဟဲ့ အကြောင်းဟဲ့ ဆိုရင် သေနတ်ကို ကိုင်တန် ကိုင်နိုင်ရမယ့် မိန်းမမျိုးကိုမှ လိုချင်တယ်၊ ကိုင်း ... ကျုပ်ကအရှိကိုအရှိအတိုင်း ပြောလိုက်တာပဲ"





"မေလှဲ့ ဒီလိုလုပ်နိုင်တဲ့ မိန်းမစားလို့ ရှင် မထင်ဘူးလား"

"ဒါကတော့ ကျုပ်ထက် ခင်ဗျားလူ ကိုကျော်ကျော်ထိုက်ကပိုသိမှာပေါ့လေ၊ ခင်ဗျားအိမ်က ထွက်ပြေးခဲ့တာပဲ မဟုတ်လား"

"မေ ထွက်ပြေးပေမင့် မေ့မေမေက ဘာမဆို မေ မရှိဘဲ လုပ်နိုင်ပါတယ်၊ သူဟာ မေ မပါဘဲ နှစ်ရှည်လများ အလုပ်လုပ်ခဲ့ပြီပဲ"

"ဒါပေမဲ့ ဒီအချိန်မှာတော့ သူ အလုပ်လုပ်နေတာဟာ အရှည်ကို မျှော်မှန်းပြီး၊ သူနဲ့ ခင်ဗျား တစ်ပေါင်းတစ်စည်းထဲ ရှိနေမှာကို တွေးပြီးတော့ လုပ်ချင်လုပ်မှာပေါ့၊ ခင်ဗျားအဖေလိုလူက ဘာ့အတွက် အလုပ်လုပ်တယ် ထင်သလဲ၊ သူက ခင်ဗျားအတွက် ခင်ဗျားရဲ့ အနာဂတ်မှာ မွေးဖွားလာမယ့် ကလေးတွေအတွက် အလုပ်လုပ်ပေးနေတာပဲ၊ ဒါကို သဘောပေါက်ရဲ့လား၊ မမေကြာညို"

သူက စိတ်ဆိုးလျက် ရှိချေပြီ၊ သူ မပြောသင့်သော စကားများကို ပြောလျက်ရှိနေပြီကိုလည်း သူ သိသည်။ အကယ်တော့မှု ဤစကားလုံးများသည် သူပြောရမည် မဟုတ်ခဲ့။ သို့သော် ပေါက်တဲ့နဖူး မထူးတော့ပြီ အတူတူပြောမိမှာတော့ စကားကို ချန်ထား၍ မဖြစ်နိုင်ပါ။

"သူကကော ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ထိုက် လဲလျောင်းအိပ်စက်ရာကို လက်မနှင့် ညွှန်ထိုးပြီးသောအခါ နေဟိန်းက မေးလိုက်သည်။

"သူလည်း ထွက်ပြေးလာတာပဲ မဟုတ်လား၊ သူက ဟိုမှာနေပြီး ဘာကြောင့် ခင်ဗျားအဖေနဲ့ မျက်နှာချင်းမဆိုင်ရတာလဲ၊ သူက ဘာကြောင့် ခင်ဗျားအဖေကို ခင်ဗျားကို လက်ထပ်ချင်ကြောင်း မပြောရဲတာလဲ၊ ခင်ဗျားအဖေ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် သူလုပ်နိုင်တာကို သူသိခဲ့ပုံပဲ"

"အို ... ကျွန်မအဖေ အကြောင်းကို ရှင် မသိပါဘူး"

နေဟိန်းက သွားများဖွေးခနဲ လက်ခနဲပေါ်အောင် ပြုံးလိုက်လေသည်။ သူမလေသံက သူ့အား စိတ်ဆိုးမိအောင် လုပ်ခဲ့ခြင်းကို ပြန်လည်တွေးပြီး သဘောကျမိသောကြောင့်တည်း။

"သူ့အချိုးအစားကို ကျုပ် သိပါတယ်၊ ခင်ဗျားအဖေဟာ ဘယ်လိုလူစား ဆိုတာကို ခင်ဗျား လေသံကြား ဖမ်းတရားနာရုံနဲ့ ကျုပ် ရိပ်မိပါတယ်၊ ကိုကျော်ကျော်ထိုက်က သူ့ကို မျက်နှာချင်းဆိုင်ရမှာထက်၊ သူက ပိုပြီးတောင် မျက်နှာချင်း ဆိုင်ရခက်နေတယ်၊ ကျုပ်တွေးတာ ခင်ဗျားသိတယ် မမေကြ ့သို၊ ခင်ဗျားလည်း ကျုပ် တွေးသလို တွေးနေတာပဲ"

သူမ၏ ကိုယ်ခန္ဓာသည် ဒေါသကြောင့် တုန်နေသည်။ သူမ ဖဲကြဉ်သွားချင်လှပြီ၊ သို့သော် သူမအရှုံးပေးပြီးထွက်သွားရမှာကို နေဟိန်း သိသွားမှာစိုးသည်။ နေဟိန်း၏ နောက်ဆုံး





စကားကို သူလိုချင်သည်။ ဘာအဓိပ္ပာယ်နှင့် ဘာတွေးပြီးပြောသည်ကို သူမ ရှာမရပေ။

လူတစ်စုက တစ်စ တစ်စ နီးကပ်လာကြလေသည်။ သူတို့၏ မျက်နှာတွေကိုပင် သဲသဲကွဲကွဲ မြင်နိုင်သည်။ သည့်အတွင်း သူတို့အထဲမှ တစ်ယောက်မှာ ဖြုန်းခနဲ ခွေကျသွားသည်။ သူ့ကိုယ်သူအားယူပြန်ထ,သည်။

"ရှင်ဟာ တကယ် ယောကျ်ားပီသတဲ့လူဆိုရင် ဘာကြောင့် ဆင်းပြီးသွား မကူညီတာလဲ၊ ဘာကြောင့် တစ်ခုခုမလုပ်သလဲ"

"ကျုပ်မိတ်ဆွေ စစ်ဗိုလ်တစ်ယောက်က ပြောဖူးတယ်၊ တစ်ခါက ယူနီဖောင်းဝတ်ထားတဲ့ လူတစ်စုကိုတွေ့ဖို့ သွားတဲ့အခါကျတော့ အဲဒီလူတွေဟာ စစ်သားမဟုတ်ဘဲ တိုက်ပွဲမှာကျခဲ့တဲ့ စစ်သားတွေရဲ့ ယူနီဖောင်းကို ချွတ်ဝတ်ထားတဲ့ သောင်းကျန်းသူတွေ ဖြစ်နေသတဲ့လေ၊ ဒီတော့ သူတို့ကို ချွင်းချက်မရှိ မြင်နိုင်တဲ့အထိ ကျုပ်စောင့်ကြည့်နေရဦးမှာပဲ"

စကားဆုံးသောအခါ လက်တွင်းက စီးကရက်ကို ခုံမြကြီးပေါ် ပစ်ချပြီး သူ့ခြေထောက်နှင့် တက်နင်း၍ မီးကိုသတ်လိုက်လေသည်။ သူလုပ်သလိုပင် သူမ၏ ဖေဖေသည်လည်း ထိုသို့သော အကျင့်မျိုး တစ်ထေရာတည်း ရှိကြောင်းကို မေပြုံညိုသာ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဟိန်းသည် ကာဘိုင်သေနတ်ကို ကျောက်တုံး ပေါ်တွင် ကန့်လန့်ဖြတ်ချထားလိုက်လေသည်။ သူက ကျောက်တုံး အောက်တွင် မားမားကြီးရပ်ကာ လက်နှစ်ဖက်ကို ခါးပေါ်တွင် ဟန် ပါပါထောက်လျက် တောင်ကုန်းအောက်ခြေသို့ ကြည့်လိုက်လေ သည်။

သူ့ကိုမြင်ကြဟန်ဖြင့် အောက်ကလူတွေက တုံ့ခနဲ ရပ်သွားကြသည်။ ပထမသော် နေဟိန်းသည် စကားစ,ရှာမတွေ့ သကဲ့သို့ ဖြစ်သွား၏။ နောက်မှ အော်မေးလိုက်လေသည်။

"ဗျို့ ကိုယ့်လူတို့ အဲဒီမှာပဲ ရပ်နေကြဦး၊ ခင်ဗျားတို့ ဘယ် သူတွေလဲ"

သူတို့အောက်တွင် ဖုန်အနည်းငယ် ထ,နေလေသည်။ လူခပ်ထွားထွား၊ ဗလဖြိုးဖြိုးနှင့် လူတစ်ယောက်က လူအုပ်စုအဖွဲ့ ထဲမှ ရှေ့သို့ထွက်ရပ်လာသည်။

"ကျွန်တော်တို့ဟာ မိုင်းလုံ အနေးကင်းအဖွဲ့ဖြစ်တဲ့ နယ် ခြား လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဖြစ်ပြီး၊ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေး လက်ထောက်အရာရှိ ညိုမောင်ပါ၊ ခင်ဗျားကကော ဘယ်သူလဲ"

အပေါ်မှ အော်မေးချက်ကို အောက်မှလူက ပြည့်စုံ အောင် ပြန်လည်အော်ပြီး ဖြေလိုက်သည်။ သူတို့အသံက ဝန်း ကျင်တခိုမှာ စိုးမိုးနေလေသည်။





"ဒီလိုဆိုလည်း လာခဲ့ပါ ကိုညိုမောင်၊ ကျွန်တော်တို့က မိသားစုစိတ်ဓာတ်နှင့် ကြိုဆိုပါတယ်"

အောင်လွင်၊ မင်းသော်နှင့် ကျော်ကျော်ထိုက်က သူတို့ခြေအစုံကို မြေမျက်နှာပေါ်တွင် မတ်မတ်ရပ်တည်လိုက်ပြီး လျှင် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်လာကြသည်ကို သတိနှင့်စောင့် ကြည့်နေကြလေသည်။ ထ,ရပ်သူများထဲတွင် မြို့နေသောစောင်ကို ဖယ်ရှား၍ စိတ်မရှည်သော အမူအရာဖြင့် နောက်ဆုံးမှ ထ,ရပ်သူ မှာ ကျော်ကျော်ထိုက်ပင် ဖြစ်ကြောင်း မကြာညိုက သတိပြုလိုက် ၏။ ကျော်ကျော်ထိုက်၏ နေးကွေးမှုကြောင့် မကြာညို စိတ်ထ, သွားသည်။ ဤအချင်းအရာကို ကျော်ကျော်ထိုက်ကလည်း ဂရု ပြုလိုက်မိလေသည်။

နေဟိန်းကို သူမက အတန်ကြာသည်အထိ ရဲရဲ တင်းတင်း ကြည့်သည်။ သို့ရာတွင် နေဟိန်းကတော့ သွားဖြီရုံ သာဖြီပြပြီးလျှင် လှည့်ထွက်ကာ တစ်နေရာသို့ ကြည့်လိုက်၏။ သူသည် ရှိရင်းစွဲနေရာတွင်ပင်ရပ်ကာ စခန်းရှိလူများနှင့် ရောက် လာသူများက အသည်းတုန်လှုပ်သွားဖွယ်ရာပါသော စကားစုများ ကို တစ်ဦးနှင့်တစ်ဦး ပြန်လှန်ပြောဆိုနေပုံများကို ကြားနေရလေ သည်။

"ဘာဖြစ်သလဲ"ဟူသည့် သံနစ်စုံရာ နားလည်နိုင်ရုံ အတွက် ရောက်လာသူ လူသစ်များကို သူက စကားမပြောချင်ပေ။ သူတို့၏ မျက်နှာသွင်ပြင်ကပင် မမေးဘဲ သိနေရသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သည် အန္တရာယ်အသွယ်သွယ်နှင့် ရင်ဆိုင်ရသလို ယခုလည်း သူတို့ရင်ဆိုင်ရသော အန္တရာယ်မျိုး မိမိတို့တွင်လည်း ရင်ဆိုင်ရလိမ့်မည် ဖြစ်ကြောင်း သူတို့မျက်နှာသွင်ပြင်တွေက ပေါ်လွင်နေလေသည်။

နေဟိန်းသည် ဤနယ်မြေ ဤဒေသ အကြောင်းကို ရင်းနှီးလေသည်။ သောင်းကျန်းသူတို့ လာတိုက်မည့် အရေးကိုပင် သူက ကြိုတင်တွက်ချက်ပြီးနေပြီ။ နေဟိန်းက ဤဒေသတစ်ခွင်တွင် မြင်းတစ်ကောင်နှင့် သူ့အဝကို ရေသံသရာလည်သလို လည်ပတ်နေလေရာ ဒမကြာညီ၏ဖခင် ဦးနန်းထိုက် အကြောင်းကိုတော့ သူ ကြားဖူးနေသည်။

ဦးနန်းထိုက်သည် သတ္တိရှိ၏။ ပြတ်သား၏။ ကြမ်းတမ်း၏။ သောင်းကျန်းသူများနှင့်လည်းကောင်း၊ မှောင်ခိုသမားများနှင့်လည်းကောင်း၊ အသင့်အတင့် ပေါင်းနိုင်၏။ အတိုက်အခံလည်း လုပ်ရဲသည်။ သူ့သမီးက သူ့ဆီမှ ထွက်ပြေးသည်ကို ဦးနန်းထိုက်က သဘောကျလှပါသည်ဟု ယုံကြည်နေမည့် လူစားမျိုး မဟုတ်ပေ။ သမီးပြန်လာရေးအတွက် ဦးနန်းထိုက်က တစ်နည်းတစ်ဖုံ ကြိုးပမ်း မှာတော့ အမှန်သေချာပါသည်။ ဦးနန်းထိုက်၏ ပျော်ရွှင်မှုသည် သမီးအပေါ်မှာ တည်ရှိနေသည်ဟု နေဟိန်း ထင်သည်။

သူက အလုပ် လုပ်နေခြင်းသည် သူ့သမီးက ပျော်ရွှင်မှုတစ်ရပ် ဖြစ်စေသောကြောင့် သူ အလုပ်လုပ်ခြင်းဖြစ်သည်။





သူ့မျက်လုံးထဲတွင် သူ့သမီးကို သူသဘောကျသောလူနှင့် လက်ထပ်ပေးကာ ကလေးတွေ တစ်ပုံကြီးနှင့် မြင်ချင်မှာ သေချာ၏။ မြေးတို့၏ဘိုးအေဘွဲ့ခံကာ သူ့ဘဝမှာ ပျော်စရာကြီးတစ်ရပ်ဟု ယူထားလိုသည်မှာ သေချာလှပေသည်။ သူ့အမွေကို သားစဉ်မြေးဆက် ဆက်ခံခိုင်းချင်ပေလိမ့်မည်။

အောင်လွှမ်းသည် ငိုင်တွေစဉ်းစားနေသော နေဟိန်း၏ ကျောပြင်ကို လက်ဖြင့်လာပုတ်လိုက်သည်။ နေဟိန်း၏ အတွေးတို့ကား နေရောင်တွင် ပျောက်ကွယ်သွားသော နှင်းငွေ့နှင်းသက်များလို တစ်စစ ပျောက်ကွယ်သွားလေသည်။ သူ လုံးလုံးကြီး သတိရလာပြီဟု ဆိုရမည်သာတည်း။

သူက အောက်ဘက်ရှိ လူစုရှိရာကို ဆင်းလာသည်။ အောက်ဘက်မှာ လတ်တလောပြဿနာကလေးတစ်ရပ် ပေါ်နေသည်။

မင်းသော်သည် ခြေနှစ်ဖက်ကို ခွဲရပ်နေသည်။ သူ့လက်ကြီးတွေက ဓားတစ်ဖက်စီမှာ တွဲလောင်းကျနေ၏။ သူက ကြည့်လိုက်သည်။ ရိုးရိုးအရပ်ဝတ်အရပ်စားနှင့် လူကလည်း မင်းသော်ကို ကြည့်နေပြီး မင်းသော်နှင့် မျက်နှာချင်းဆိုင်နေသည်။ ထိုသူသည် အသက်အတန်ငယ် ရင့်နေလေပြီ။ သူသည် ဦးမြင့်မိုးဖြစ်၏။

"မင်းနဲ့ငါ တွေ့ရင် ဘယ်လိုဖြစ်မယ်ဆိုတာ မင်းလည်း အသိသားဘဲ၊ မင်းလိုချင်တာကို ငါ ပေးနိုင်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မိုးက ပြောလျက် သူ့ခါးတွင် ပတ်ထားသော သားရေအိတ်ထဲမှ ဖွင့်သုံးဆယ့်ရှစ်ဝက်ဘာလေသေနတ်ကို ဆွဲထုတ် တော့မည်ကဲ့သို့ ပြုနေ၏။

"ရပ်လိုက်"

ရုတ်တရက် နေဟိန်း အော်သံသည် အမြောက်ပစ်သံ အလား ပေါက်ကွဲပေါ်ထွက်လာသည်။ သူ့အသံသည် ဟိတ်ရှိ၏။ ကျယ်ပြော၏။ သြဇာအာဏာရှိ၏။ ပြဿနာရပ်၏ ပေါက်ကွဲမှုကို တားဆီးနိုင်သော အခြေတွင် တည်နေ၏။

"ကျုပ်တို့အားလုံး ခုကွင်းထဲ သက်ဆင်းနေကြတော့ အဖြစ်ကို ခင်ဗျားတို့ သတိမထားမိကြတော့ဘူးလား၊ ခင် ဗျားတို့ဟာ အရူးတွေလိုပဲ"

သူက အော်ပြောလိုက်သည်။

"ကျုပ်က သူ့ကို မိုင်းပြင်းကတည်းက အလိုရှိနေတာ သူ ဟာ ဝရမ်းပြေးဗျ"

ဟု ဦးမြင့်မိုးကလည်း ခေါင်းမာစွာ ပြန်ပြောလိုက် သည်။

"သူဟာ ကျုပ်တို့ ခြေရာခံလိုက်နေတဲ့ ဝရမ်းပြေးတွေထဲ က တစ်ယောက်ပဲ"

"ခဏလောက် နေပါဦးဗျာ၊ ဒေါ်ထရင် မှားတတ်တယ် အခြေအနေတွေက မကောင်းဘူး၊ ခင်ဗျားက ဘာလဲ"

"ကျုပ်က မိုင်းပြင်မြို့က ရဲမှူး"

"ခြော် ... ဟုတ်လား၊ ဥပဒေအရတော့ နောက်မှဖမ်းတာ ပေါ့ဗျာ၊ လောလောဆယ် ကျုပ်တို့ ဒီကမထွက်နိုင်သေးမီ တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင် နေဖို့လိုတယ် ဗျ"

နေဟိန်းသည် သင့်လျော်ကောင်းမွန်သော အကြံ ဉာဏ်ကို ပေးနေမိလေသည်။

"ဘာလဲ ကိုဟတ္တာ၊ ခင်ဗျားက ဒီဝရမ်းပြေးအတွက် တာဝန်ခံနိုင်လို့လား"

ဦးမြင့်မိုးက ထော့ထော့စကားလုံးတွေ သွန်ထုတ်လာ ၏။

"ဒီနေရာက ထွက်နိုင်ကြတဲ့အခါ ခင်ဗျားတို့နှစ်ဦးလုံး သတ်ချင်စိတ်ရှိနေဆဲ ဆိုရင်တော့ သတ်ကြပေါ့ဗျာ၊ ကျုပ် တို့ကလည်း ကျန်တာကို ငွေရောင်ပိတ်ကားပေါ်မှာ ဆက် လက်ရှုစားပါဆိုတဲ့ ရုပ်ရှင်သမားတို့ရဲ့ လက်သုံးစကား အတိုင်း ဒီအချိန်လောက်မှာ တားမြစ်ထားပြီး ဒီကထွက် နိုင်တဲ့ ကျန်အချိန်မှာတော့ ပွဲကြည့်ပရိသတ်အဖြစ် ရှုစား ကြရမှာပဲ"

မြင်ပြင်းကတ်လာသည်မို့ နေဟိန်းက ရှဲ့ပြောလိုက် တော့၏။ ရဲမှူးကြီး ဦးမြင့်မိုးက တွေနေသည်။ ကျန်လူတွေက ထိတ်ဆိတ်နေကြသည်။ နေဟိန်းက လေးလေးပင်ပင် ဆက်ပြော သည်။







www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ခင်ဗျားတို့ ကျုပ်စကားကို ယုံကြည်ဖို့ အရေးကြီးတယ်၊ အခု နားထောင်ကြပါလို့ ကျွန်လူတွေကိုယ်စား ကျုပ် မေတ္တာရပ်ခံပါတယ်"

ဦးမြင့်မိုးသည် နေဟိန်း စကားကို ရုတ်ခြည်းလက်မခံသာသေးသည့်နှယ် တွေတွေကြီး ကြည့်ပြီး တစ်ခုခုကိုတွေးနေသည်။ သေနတ်အိတ်နားမှ ညာလက်ကိုတော့ မရုပ်သိမ်းသေးပေ။ လက်မရုပ်သော်လည်း နှုတ်ကမူ သူ မေးလိုရာကို မေးလိုက်၏။

"ခင်ဗျားက အမိန့်တွေ အာဏာတွေကို ပေးနိုင်လောက်အောင် ဘယ်သူများမို့လဲ"

သူ့အသံက မသမသာ ခံပြင်းနေကြောင်း ပေါ်လွင်လှ၏။ တစ်ရန်မှ နှစ်ရန်သို့ ကူးဆက်ပျံ့ပွားတော့မည်ကို လူဝင်မှုကြီးကြပ်ရေးအရာရှိ ကိုညိုမောင်က ကြိုတင်မြင်မိသည်။ သူက ကြားဖြတ်စကားဝင် ပြောလာသည်။

"ဦးမြင့်မိုး ကျွန်တော်သာ ခင်ဗျားဆိုရင်တော့ ဒီလူရဲ့စကားကို နားထောင်လိုက်မှာပဲ၊ အခုထက်ထိတော့ ဒီလူစုနဲ့တွေ့ရတာ ကျွန်တော်တို့မှာ ဘေးဒုက္ခ နည်းနည်းကလေးမှ မရှိသေးပါဘူး၊ ဒုက္ခလည်း မရောက်နိုင်ကြပါဘူး"

ဦးမြင့်မိုးကား ဒေါသမွှန်နေသဖြင့် ဘာကို ကြိုတင်မှန်းဆပြီး ကိုညိုမောင်က ပြောနေခြင်းကို မသိမမြင် ဖြစ်နေသည့်ခေါင်းမာသော လူတစ်ယောက်လည်း ဖြစ်သည်။ ရဲအရာရှိတစ်ဦးဟူသော ဂုဏ်သိက္ခာက သူ့အသိဉာဏ်ကို ချုပ်ချယ်ထားရာ မိမိ





ခမ်းမည့်တရားခံတစ်ဦးရှေ့တွင် တစ်ဖက်လူ၏စကားကို ချက်ချင်းနားဝင်ရန် ခက်ခဲနေသည်။

သို့သော်လည်း သူ့တွင် ဥပဒေသမားပီသစွာ၊ လိမ္မာပါးနပ်စွာ လူတွေကို ဆက်ဆံဖို့အရေးက ရှိနေသည်။ သည်ကိစ္စကို အကျယ်အကျယ်ဖြစ်ရန် ဆန္ဒသည် သူ့ရင်တွင်းမှာ မရှိသေး၊ ဒေါသကြောင့်သာ ပြောနေရ၏။

"ကျုပ်မှန်တယ်ဗျ၊ ဒီကောင် မင်းသော်ဟာ ဥပဒေက အလိုရှိနေတဲ့ကောင်"

"မှန်လွန်းအားကြီးလို့ ခင်ဗျားအသတ်ခံရလိမ့်မယ်"

မင်းသော်က ပမာမခန့် ခေါင်းကိုစောင်းငဲ့ကာ ပြန်ခွပ်သည်။ နေဟိန်းက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဟော့လူ ပါးစပ်ပိတ်ထားစမ်း"

ဟု မင်းသော်ကို ဟောက်လိုက်၏။ ထိုမှ ဦးမြင့်မိုးအား ချော့မော့သောလေသံနှင့် ...

"ကိုင်း ... ဦးမြင့်မိုးရာ၊ ခင်ဗျား ကော်ဖီလေး ဘာလေးများ မသောက်ချင်ဘူးလား"

ချော့တော့တော့ ပျော့တော့တော့ လေသံနှင့် နေဟိန်းက ပြောစေကာမူ ဦးမြင့်မိုး မျက်နှာမှာ ဝင်ကာနီးနေမင်း၏ အရောင်အသွေးနှင့် နင်လား ငါလား ဖြိုင်သွားသည်။ သူသည် ဘားတစ်ကောင်၏ ဒေါသလို ရင်ထဲဝယ် ဒေါထသွားပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တမင့်ငြားလည်း သူက ရှည်ခြည်းဆိုသလို လှည့်ထွက်ကာ မီးပုံရှိရာသို့ လျှောက်သွားလေတော့သည်။ မင်းသော်သည် သူ သွားရာနောက်ကို လိုက်လံကြည့်နေ၏။ ပြီးမှသူသည် အောင်းဘီအိတ်ထဲက ဆေးပြင်းလိပ်ကြီးကို ထုတ်ယူ၍ ဆေးပြင်းလိပ်တောင့်ကို သူ့သွားများနှင့် ကိုက်ဖဲ့လိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုနေဟိန်း၊ မိုင်းပြင်ကလူတွေကတော့ ဒုက္ခကို သုခ၊ ငရဲပန်းကို ရွှေပန်းထင်ပြီး ဒုက္ခကို မရမက ရှာနေတတ်ကြတဲ့ လူစားတွေပါပဲ၊ သူတို့က ကျွန်တော်နဲ့ ခွန်သာ နောက်ကို ဘာမဟုတ်တဲ့ လူသတ်မှုကလေးကိစ္စကို အရင်းတည်ပြီး လိုက်နှောင့်ယှက်နေကြတော့တာပဲ"

"ခင်ဗျားတို့ ပြဿနာကို ဒီမှာ ကျုပ်တို့ ဒုက္ခရောက်နေချိန်မှာ မြှုပ်ထားသင့်တယ်၊ သူ့ကိုလည်း ရှက်စရာဖြစ်အောင် လုပ်နေရင်တော့ မကောင်းဘူး"

လိုရင်းကိုသာ နေဟိန်းက တိုတိုပြောလိုက်သည်။ တကယ်ပင် သူက ပွင့်လင်းစွာ ပြောလိုက်ခြင်းဖြစ်၏။ ရန်သူမတော်လည်း လာရောက်ဝိုင်းနေချိန်မှာ နွားရှုံကျွဲကျားကိုက် မဖြစ်စေလိုသော သူသည် ကျောက်တုံးများကို ဖြတ်ကျော်ပြီးလျှင် သူတို့ကို ကျောပေးလျက် ထိုင်ချလိုက်သည်။ မဖွယ်ရာသော ပြဿနာက စတင်မွေးဖွားလာပြီကို သူ သိလိုက်ချေပြီပေါ့။





လောကတွင် ရန်သူသည် မိတ်ဆွေ၊ မိတ်ဆွေသည် သူဟူ၍ ပြန်ဖြစ်နိုင်သည် မဟုတ်လော။ သူသည့်လည်း ယခု မှုတွေနှင့် အကြောင်းအပေါင်းသင့်သည်ဟု ဆိုရသော်လည်း င်အချိန်တွင် ရန်သူဖြစ်ကောင်း ဖြစ်နိုင်၏။

ကိုညိုမောင်သည် တင်ပြင်ခွေ ထိုင်ချလိုက်သည်။

"ကိုင်းဗျို့ ... ကိုလူဆူကြီးတွေ၊ ခင်ဗျားတို့ ဒီမှာပဲရပ်တန်းက ရပ်လိုက်ကြတာပဲ ကျွန်တော် ဝမ်းသာလှပါပြီ"

"ကျုပ်တို့ ဖုထမလုပ်ရမဲ့ အလုပ်က မြင်းတွေကို စောင့်ကြည့်ကြဖို့ပဲ၊ မြင်းတွေဆိုတာက ကျုပ်တို့မြင်းတွေပေါ့၊ သောင်းကျန်းသူတွေက တတ်နိုင်ရင် ကျုပ်တို့မြင်း တွေကို ထုပစ်လိမ့်မယ်၊ မြင်းမရှိတော့ ကျုပ်တို့ ခြေလျင်ကြိတ်ရလိမ့်မယ်၊ ဒါမှ ကျုပ်တို့ကို အမှည့်ခြွေ၊ ခြွေလို့ရမှာ၊ အဲဒါကြောင့် ကျုပ်တို့ မြင်းထားဖို့ မြင်းဇောင်းတစ်ခုတော့ ဆောက်ရလိမ့်မယ်၊ ဒီမြင်းတွေ မရှိရင်တော့ ကျုပ်တို့ကို နွှာပြီသာမှတ်၊ စိုက်ခေါင်ကိုလည်း ရောက်ကြတော့မှာ မဟုတ်ဘူး"

စဉ်းစဉ်းစားစားနှင့် နေဟိန်းက ရင်ထုတ်သည်။ မောင်ကလည်း သဘောပေါက်စွာ ခေါင်းကို ညိတ်ပြလိုက်ပါသည်။

"ခင်ဗျားပြောတာ မှန်တာပေါ့နောင်ကြီး၊ ဒါပေမဲ့ ကျွန်တော့်လူတွေအားလုံးဟာ သေမလောက်ကို နွမ်းနယ်နေကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီး လိုအပ်လာသော ကိစ္စမျိုးတွင် တုံ့ လိုက်ပါက အချိန်နှင့်တကွ လူပါဆုံးရှုံးတတ်ခြင်းကို နေဟိ သိပြီးဖြစ်သည့် အားလျော်စွာ သူက ထ,ရပ်လိုက်သည်။ ပြီး အားလုံး ကြားလောက်ရုံသော အသံက သူ့ပါးစပ်မှ ခုန်ပေါ ထွက်ပေါ်လာတော့၏။

"မိတ်ဆွေ ရောင်းရင်းတို့ ... ဒီအချိန်မှာ ကျုပ်တို့သွေးစည်း ညီညွတ်မှ ဖြစ်ကြမယ်၊ မြင်းတွေကိုထားဖို့ မြင်းဇောင်း တစ်ခုတော့ ကျုပ်တို့ ဆောက်ကြမှ ဖြစ်မယ်၊ ဒီတော့ စေတနာ့ဝန်ထမ်း လုပ်လိုသူများ ရှိကြသလား"

လူတွေက တိတ်ဆိတ်နေကြသည်။ တစ်ယောက် နှစ်ယောက်စက တစ်ဦးမျက်လုံးနှင့်တစ်ဦး ဆုံမိကြသည်။ ပထ ဆုံး သည်အလုပ်ကို လုပ်ပါမည်ဟု အာမခံသည့် အနေဖြ ထ,ရပ်လိုက်ပြသူကား မင်းသော် ဖြစ်သည်။ မင်းသော် နော က ဦးမြင့်မိုး၊ သူကလည်း မင်းသော်ကို သူ့မျက်စိအောက် အပျောက်မခံလိုဟန်နှင့် ထ,ရပ်လိုက်ခြင်း ဖြစ်လေရော့သလာ တကယ်ပဲ စေတနာနှင့် လုပ်အားပေးလိုသလား ဆိုခြင်း နေဟိန်းက မဝေခွဲ မဆုံးဖြတ်နိုင်မီ ဂလေးမှာ ကျော်ကျော်ထိုက် ထွန်းလူနှင့် ညွန့်တင်တို့ကပါ မြေပေါ်တွင် ခြေစုံရပ်ကာ အလုပ် လုပ်ဖို့ ပေါင်းစည်းလာကြသည်။

နေဟိန်းက သူတို့အား ခေါင်းဆောင်လျက် တောင် ကမ်းပါးတစ်ခုသို့ ဦးတည်ခေါ်သွားကာ ချုံပုတ်ထူထူ နေရာတ နေရာကို စိတ်ကြိုက်ရွေးချယ်လိုက်လေသည်။





သည်နေရာတွင်ပင် နွယ်ပင်များကို လိုက်ရှာ၍ တိုင်းများ၊ ချုံနွယ်များအေားတွင် သစ်ကိုင်း ခုံခုံထည်ထည် ကို တိုင်အဖြစ် စိုက်ထားလိုက်ကြသည်။ အပေါ်မှ သစ်ကိုင်း ကို ကျောက်တုံးများဖြင့် မြေကြီးထဲသို့ဝင်အောင် ထုရိုက်ချ သည်။

သပ်ချွန်ထားသော သစ်ကိုင်းများက မြေကြီးထဲသို့ စဖွယ် ခေါင်းစိုက်စိုက် နစ်ဝင်သွားကြလေတော့သည်။ သို့နှင့် ခြံတစ်ခုအဖြစ် ဖန်တီးလိုက်ကြ၏။ အလုပ်,လုပ်ရင်း သူတွေများ ပါဝင်လာကြသေးသနည်းဟု နေဟိန်းက သိလို နှင့် အကဲခတ်သောအခါ ခွန်သာကပါ သူတို့အုပ်စုထဲသို့ ရောက်လာသည်ကို တွေ့ရ၏။

နေကားတစ်စစတစ်စ ရင့်ကျက်လာသည်။ ကောင်း တွင်လည်းကောင်း၊ သြကာသလောကတွင်လည်းကောင်း၊ င်းရောင်က အမှောတ်အားနှင့် ရေးကြီးခွင်ကျယ် ကြီးစိုးလာ ည်။ အလုပ်လုပ်သူတွေက မှန်မှန်ပဲ လုပ်ကြတော့သည်။

သူတို့၏ ဉာဏ်နှင့် အင်အားကြောင့် အရာဝတ္ထု ခုကတော့ ပြီးမြောက်အောင်မြင်စွာ ပေါ်ထွက်လာရပြီ ဖြစ် ည်။ များမကြာမီအတွင်း ကျွဲခတ်လို့ပင် မပေါက်မပျက်စီးနိုင်ဘေ ာ မြင်းဇောင်း ခြံစတ်တိုင်းကြီးထူထူတစ်ရပ်ကို သူတို့ ဖန်တီး ကြလေပြီ။ တောင်ကမ်းပါးစွန်း၏ ဟ,နေသော အပေါက်များ ကျောက်တုံးများနှင့်လည်း သူတို့က ပိတ်ဆို့ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အလုပ်ကို ဆောင်ရွက်ပြီးစီးကြသောအခါ ညိုမောင်သည် သူ့ကိုယ်ကြီးကို နေဟိန်း ဆောတွင် ပန်းနှံ့ ပစ်ထိုင်ချလိုက်လေသည်။ သူသည် လေကို လေးငါးခါလောက် ခပ်ပြင်းပြင်းထုတ်ပြီးလျှင် …

"ခင်ဗျား စစ်တပ်မှာ အမှုထမ်းဖူးသလား"

"ဟင့်အင်း … မထမ်းဖူးဘူး၊ ဒါပေမဲ့ အတွေ့အကြုံတော့ ရှိဖူးတယ်"

"ဒီနေရာမှာ အုပ်ချုပ်ဖို့နဲ့ အမိန့်ပေးဖို့ကတော့ တစ်ယောက် ယောက် လိုနေတာ အမှန်ပဲဗျ"

"ကိုကျော်ကျော်ထိုက်ကတော့ တော်လိမ့်မယ် ထင်တာ ပဲ"

ဟန်ဆောင်ပြောခြင်း မဟုတ်ဘဲ တကယ်စိတ်ပါ လက်ပါပင် နေဟိန်းက ပြောလိုက်ခြင်း ဖြစ်ပါသည်။

"ကျွန်တော်တို့ လိုချင်တာက တကယ့်အတွေ့အကြုံရှိပြီး သား သောင်းကျန်းသူလက်တွေ့ တိုက်ခိုက်ရေးသမားတစ် ယောက်ကို လိုချင်တယ်"

ညိုမောင်၏ မျက်လုံးတွေက နေဟိန်း၏ လက်များ ဆီသို့ ဝေ့ဆင်းသွားသည်။

"ကျွန်တော်ကတော့ သောင်းကျန်းသူတွေကို လိုက်ချောင်းပြီး စစ်တပ်နဲ့ရဲကို သတင်းပေး၊ သူတို့နဲ့အတူ ဝင်တိုက်လေ့ရှိတဲ့ ကိုနေဟိန်း ဆိုတဲ့လူကိုပဲ အဲဒီနေရာ ထားချင်တယ်"





"တစ်ဦးတစ်ယောက်ရဲ့ ဆန္ဒပေးချက်နဲ့တော့ မလွယ်ဘူး၊ ဒီနေရာမှာ လူများစုရဲ့ဆန္ဒကို လက်ခံရတာ အကောင်းဆုံးပါ ပဲ၊ တိုက်ပွဲရဲ့ သမိုင်းမှတ်တိုင်မှာ ဒီလူရဲ့ အောင်မြင်စွာ ခေါင်းဆောင်နိုင်ဖို့က အရေးကြီးတယ် မဟုတ်လား၊ ကျုပ် တို့ ရွေးကြစို့လား"

သည်အကြံပေးချက်ကို ကိုညိုမောင်က ဘဝင်ခိုက် သဘောတူသည်။ သောင်းကျန်းသူတွေအကြောင်းကို အတွင်းကျ အင်းကျ သိသည့်လူ၊ ရဲတင်းပြတ်သားစွာ အမိန့်ပေးနိုင်သူ၊ ထိုမြတ်ခိုင်မြဲစွာ အုပ်ချုပ်ခေါင်းဆောင်နိုင်ဖို့လူကို သူတို့ လိုလား အောင့်တကြသည်။ ကိုညိုမောင်က ယင်းလူနှင့် အကိုက်ညီဆုံး မှာသည် နေဟိန်းသာ ဖြစ်သည်ဟု အကြံပေးသည်။

"ကိုကျော်ကျော်ထိုက်ကို လုပ်ပါလား၊ သူဟာ မေ ထိုလို လားနေတဲ့ လူနေရာမှာ ဖြစ်သင့်ဖို့ သင့်တော်တဲ့လူလို့ မေ ယုံကြည်တယ်၊ ပြီးတော့ သူဟာ သေနတ်ပစ်တော်တဲ့ လူတစ်ယောက်ပဲ"

"ကျွန်တော်ကတော့ ကျွန်တော့်အတွက် ကိုနေဟိန်းဟာ ခေါင်းဆောင်ဖြစ်ရင် လုံလောက်ပြီလို့ ထင်တာယ်"

မင်းသော်က ဆိုသည်။ ဦးမြင့်မိုးက ခေါင်းကြီး တာ်နဲ့ ထောင်လာသည်။

"ကျုပ်ကတော့ ကိုကျော်ကျော်ထိုက်ပဲ"

ဟု ကြွေးကြော်၏။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းလှကတော့ အိပ်မပျော်တပျော် ရှိနေသည်
သို့ရာတွင် တစ်ယောက်တစ်ပေါက် အသံတွေကြောင့် နိုးလာသည်
မျက်လုံးများစုံဖွင့်ကာ လူတစ်ယောက်ပြီး တစ်ယောက်ကို ကြည့်
လိုက်၏။ ပြီးမှ အိပ်ချင်မူးတူးနှင့် "ကိုနေဟိန်း"ဟု ကြားဖော
အော်လိုက်၏။ ပြီးတော့ မျက်လုံးတွေကို ပြန်လည် မှိတ်ပေးလိုက်
လေသည်။

ညွန့်တင်ကမူ ကျော်ကျော်ထိုက်ကို နှုတ်ပြင့်မြော
မပေးစနစ် သုံးလိုက်သည်။ သို့ရာတွင် သီတာဝင်းကတော့
နေဟိန်း ရှိရာသို့ ခေါင်းညိတ် အသိအမှတ်ပြုကာ မပေးသည်

"သီတာကတော့ သူ့ကိုပဲ၊ သူဟာ အရည်အချင်းပြည့်
တစ်ဦးပါပဲရှင်"

ဟုလည်း နောက်ဆက်တွဲ ထောပနာ ပြုလိုက်သေ
သည်။ ခင်မော်ကမူ ကျော်ကျော်ထိုက်ကို လက်ညှိုးထိုးပြလို
လေသည်။

"ဘယ်သူဘာပဲပြောပြော ကျုပ်ကတော့ ကိုကျော်ကျော်ထိုက်
ပဲ ဖြစ်ရမယ်"

သည်အခါတွင် ကျော်ကျော်ထိုက်၏ နှုတ်ခမ်းတွ
အပြုံးကလေးက သန်းနွယ်လျှားလွန့်လာသည်။ သူက နေဟိန်း
ပြုံးတုံ့တုံ့ကြည့်ကာ "မှတ်ပြီလား"ဟု မေးသလိုလို တစ်ဦးတည်
ရေရွတ်သလိုလို ဆိုသည်။





ညိုမောင်က ထ,ရပ်ကာ မြေကြီးကို ဖိနပ်ဦးနှင့်
ကော်ထုတ်လိုက်သည်။ ဖင်မှမြေကြီးစများကိုလည်း လက်ဖြင့်ခါ
ချစ်လိုက်သည်။

"အော် ... နေဦး၊ ဒီမှာ ကလေးတစ်ယောက် ရှိနေတာကို
ဘယ်သူမှ မမေးမိခဲ့ကြသေးဘူး"

ညိုမောင်က သတိရသလို ပြောပြီးသောအခါ သူ့
ခေါင်းကို ကျောက်ပေါ်လှည့်လိုက်လေသည်။

"ဟော့ ... ဟိုအပေါ်က ချာတိတ်၊ ဒီမှာ အုပ်ချုပ်ရေးခေါင်း
ဆောင် တစ်ယောက်အတွက် မပေးနေကြသဟေ့၊ အဲဒီလူ
ဟာ ကိုကျော်ကျော် ဖြစ်ချင်လည်းဖြစ်မယ်၊ ကိုနေဟိန်း
ဖြစ်ချင်လည်း ဖြစ်မယ်၊ မင်း ဘယ်သူ့ကို မပေးမလဲ"

ကျောက်တောင်ပေါ်မှ အောင်လွင်သည် အဝေးရှိ
တောတန်းများထဲသို့ ကြည့်နေသော မျက်လုံးတွေကို ရပ်တည်ပြု
ရင်းက ...

"ကိုနေဟိန်း"

ဟုသာ ခွန်းတုံ့ပြန်လိုက်လေသည်။ ကျော်ကျော်
ထိုက်သည် ပခုံးကို သိသိသာသာကြီး တွန့်ပြလိုက်၏။

"ဒီအတိုင်းသာဆိုရင် သားရေဖြစ်မဲ့ပုံပဲ"

သူက ပြောမိ၏။

မင်းသော်သည် စကားမပြောဘဲ ငုတ်တုတ်ကြီးထိုင်
ရင်း ခွန်သာကို မေးငေါ့ပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုကော ဘယ်လိုလဲ၊ အခုထက်ထိ သူက မဲမပေး သေးပါလား"

"သူက သောင်းကျန်းသူကို တိုက်ရမှာ၊ မဲဝင်ပေးသင့် လား"

ကျော်ကျော်ထိုက်က ကန့်ကွက်၏။

မင်းသော်က မျက်ခုံးကို ပင့်ကြည့်လိုက်ပြီးလျှင် ...

"သူလည်း အခုကိစ္စမှာ မဲ ပါဝင်ပေးနိုင်တယ်၊ သူ့ တိုင်းရင်းသားတစ်ယောက်ပဲ ကိုကျော်ကျော်ထိုက်"

"ကောင်းပြီ ... ကျုပ် သဘောတူတယ်၊ ခွန်သာ မင်း ဘယ်သူ့ကို မဲပေးမလဲ"

ခွန်သာသည် ဘာကိုမှ မပြောတတ်သည့်နယ် သဲမြေများကိုသာ လက်ချောင်းနှင့် ထိုးစိုက်နေသည်။ ယက် သည်။ သူသည် ရိုးသားသော အမျိုးသားတစ်ဦးသာ ဖြစ်သည် အနည်းငယ်ကြာပြီးနောက်မှ သူက ခေါင်းကိုမော်လိုက်လေသည် သူ၏ မျက်လုံးအိမ်ကျဉ်းကျဉ်းထဲမှ မျက်လုံးနက်နက်များသည် ဘာကိုမှ တိတိကျကျ လေးလေးနက်နက် အသွင်ကို မဆော ပေ။

"ဒီသူ့ကို"

ဟု နေဟိန်းကို လက်ညှိုးထိုးပြလိုက်လေသည်။

"သောင်းကျန်းသူတွေအကြောင်းကို သူ အသိဆုံးပါပဲ"

ဟုလည်း ဆိုလိုက်လေသည်။





ကျော်ကျော်ထိုက်သည် နေဟိန်းကို မျက်လုံးထောင့်စွန်းမှ စွေကြည့်လိုက်သည်။ သူ့မျက်နှာက စောစောကလို မရွှင်ဖျနိုင်တော့၊ သူသည် ဝသီအတိုင်း ပခုံးကိုသာ ချည့်ချည့်နဲ့နဲ့ တွန့်လိုက် ရှာလေသည်။

"ကောင်းလှပါပြီ ခင်ဗျာ၊ ကဲ ... အခု ဘာအမိန့်များပေး မလဲ"

သူ၏ အသံသည် သရော်သံ၊ ထေ့သံ၊ လုံးဝကင်းစင်သည်ဟု မဆိုနိုင်ပေ။ သို့တိုင်အောင် ကျော်ကျော်ထိုက်အား နေဟိန်းက ဂရုမထားခဲ့ပါ။

"တစ်ချိန်လုံး မြင်းတွေနဲ့အတူ လူနှစ်ယောက်နေရမယ်၊ အမိန့်မရဘဲ ခုခံကာကွယ်ရေး စည်းဝိုင်းထဲကနေပြီး ဘယ်သူမှ အပြင်ကို ကျူးကျော်မထွက်ရဘူး၊ နှစ်နာရီတစ်ခါ ဂျူတီလည်း စောင့်ရမယ်၊ သေနတ်တွေကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း အခုချက်ချင်း ဆေးကြောသုတ်သင် ရှင်းလင်းစစ်ဆေးရမယ်"

သူသည် ညိုမောင် ဘက်သို့ လှည့်လိုက်ပြီး စကားအကြောင်းအရာကို ရွှေ့ပြောင်းလိုက်သည်။

"ကိုညိုမောင် ... ခဲယမ်းမီးကျောက်နဲ့ စားနပ်ရိက္ခာကို စစ်ဆေးပါ၊ ကျွန်တော်က အရှိကိုအရှိအတိုင်း လိုချင်တယ်၊ အတိအကျ လိုချင်တယ်၊ မှန်းဆချက်တွ ဘာမှနားမလည် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျ"

နေဟိန်း၏အသံက အမိန့်အာဏာသံ ပါလာသလို ညိုမောင်ကလည်း အထက်လူကြီး၏ စကားအတိုင်း လိုက်နာမည့် ပုံစံလေးသို့ ပြောင်းလဲလိုက်သည်။

မင်းသော်သည် အောင်လွင်နှင့် ကင်းစောင့်တာဝန် လဲရန် ကျောက်တောင်ကမူပေါ်သို့ တက်သွားသည်။

အောင်လွင် ဆင်းလာသောအခါ နေဟိန်းက ကြားဖြတ် ပြောသည်။

"မောင်အောင်လွင် ... မောင်ရင့်မှာ ပြောနိုင်မယ်ဆိုတဲ့ အခွင့်အရေးကလေး ရှိရင်တော့ ဟောဟိုဗွာလေးမလေးကို အာရိုက်ပေးစမ်းပါကွာ၊ ကောင်မလေးက တစ်ယောက်တည်း ဖြစ်နေတော့ ကြောက်နေတယ်"

"အာ ... ဟာ ... မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်က မိန်းမတွေနဲ့ စကားမပြောဖူးဘူးဗျ၊ လေမပေးတတ်ဘူး"

"ပြောပါကွာ၊ ယောကျ်ားနဲ့ မိန်းမဆိုတာ မျိုးမတူတော့ တစ်ယောက်နဲ့တစ်ယောက် စကားပြောရတာ သာယာမှု တစ်ခုပဲကွ။ မင်း မပြောတတ်ပေမင့် ပြောတတ်သလိုပြောပါ၊ ကောင်မလေးက မင်းစကားကို နားထောင်မှာပါပဲ၊ သူက အခုမှ ဆယ်ကျော်သက်ကလေး ရှိသေးတာ မောင်အောင်လွင်၊ သူက သူ့ကိုယ်သူ အမျိုးကြီးလောက် အောက်မေ့ချင် အောက်မေ့မှာပဲ၊ ရှက်လည်းရှက်တတ်တဲ့အရွယ်ပဲကွ၊





ကဲ ... သွားသာပြောကွာ၊ ဘာပဲပြောပြော ကိစ္စမရှိပါဘူး၊ ကောင်မလေး ကြောက်စိတ်ပြေဖို့ လိုရင်းပါပဲ၊ သူကြောက်နေတဲ့ ကြောက်စိတ်ကို မင်းက ရှင်းပစ်လိုက်စမ်းပါကွာ၊ သူက သောင်းကျန်းသူလက်ထဲက လွတ်လာတော့ သောင်းကျန်းသူတွေကိုတော့ ကြောက်နေဦးမှာပဲ၊ အေး ... သောင်းကျန်းသူတွေ အကြောင်းကိုသာ မင်း သူ့ကို သွားမပြောနဲ့နော်"

"ခက်တာပဲ ... ခင်ဗျားက တော်တော်အ,တဲ့လူကြီးပဲနော်၊ ကျွန်တော် ဘယ်မိန်းကလေးမှ စကားမပြောဘူးဗျ၊ တော်တော်ကြာ ဟုတ်ရင်တော်ရဲ့၊ မဟုတ်ရင် အိုဗျာ ခက်လိုက်တာ၊ ကျွန်တော် ဘာပြောရမှန်းလဲ မသိဘူး"

"မင့်စိတ်ထဲရှိတာ ပြောကွာ၊ ကောင်မလေး ကြောက်နေတယ်ကွ၊ ဒီတော့ အေးကွာ၊ မင်းနဲ့သူဟာ သက်တူရွယ်တူပဲ၊ ကောင်မလေးကလည်း ကျောင်းသူကလေးနဲ့ တူပါတယ်၊ လူမှုဆက်ဆံရေးတော့ နားလည်ပါလိမ့်မယ်၊ မင်းမှာ သူ့ကို ကူညီဖို့ တာဝန်ရှိတယ် အောင်လွင်"

အောင်လွင်သည် သူ့ခေါင်းကို မျက်နှာရှုံ့ကာ လက်ဖြင့် ဖြစ်ဖြစ်ကုတ်လိုက်သည်။ နေဟိန်းက တိုက်တွန်းနေမှတော့ ငြင်းပယ်လို့ ရပါမည်လား။ နေဟိန်း ပြောသလို ဟိုကောင်မလေး ကြောက်နေတာကလည်း အမှန်သား။

"ကဲ ... ခင်ဗျား ပြောတဲ့အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ နေဟိန်း ကျေနပ်သွားသည်။ သူက ကျောက်တောင်ကမူကလေးပေါ်သို့ တက်သွားသည်။ ဟိုဘက်က တောင်ကုန်းတွေ၊ တောတန်းတွေ၊ လျှိုမြောင်ချိုင့်ဝှမ်းတွေကို ကြည့်လိုက်၏။

သူ့ရှေ့ရှိ တောင်ကုန်းပတ်လည်နေရာမှာ တစ်ကြိမ်က တောမီးလောင်ခဲ့ဟန် လက္ခဏာရှိလျက် သစ်ပင်အချို့ မီးသွေးတုံးငုတ်နှင့်ရှိကာ အတော်ကလေး ကျယ်ပြောသော ကွင်းပြင်ဖြစ်နေလေသည်။ ကျောက်တောင်ကမူလေးပေါ်တွင် ရောက်နှင့်နေသော မင်းသော်က ဆေးပြင်းလိပ်တစ်ခုကို ဝါးစားရန် ကမ်းပေးလိုက်ခြင်းကို နေဟိန်းက ခေါင်းခါငြင်းပယ်သည်။ နှုတ်ကမူ ...

"ကျေးဇူးတင်ပါတယ်"

ဟု ဆိုသည်။

မင်းသော်ကား ...

"အမယ် ... ကျွန်တော်ကလည်း ခင်ဗျားကို ကျေးဇူးတင်ရမှာပါပဲ၊ ဦးမြင့်မိုး လက်ထဲက ကျွန်တော့်ကို ခင်ဗျားဆွဲထုတ်ခဲ့တာကိုး၊ နို့မဟုတ်ရင်တော့ သေနတ်ပွဲကလေးတစ်ခု ဖြစ်ဦးမှာ"

"သူနဲ့ ခပ်ခွာခွာနေပေါ့ဗျာ"

"ဦးမြင့်မိုး ဆိုတဲ့လူက အင်မတန် တာဝန်ဝတ္တရားကျေပွန်တဲ့လူ၊ အပြစ်ရှိရင်လည်း ရှိတဲ့လူကို မရမက ဖမ်းတာပဲ၊ ဒါကြောင့် ကျွန်တော်က သူ့ကိုမသတ်ချင်ဘူး၊ ခက်တာက အခုဆို သူနဲ့ကျွန်တော် တစ်ဦးဦးသေမှ ဖြစ်မဲ့ပုံစံပဲ"





"ဘေးချိတ်ထားလိုက်ပေါ့ဗျာ"

မင်းသော်၏ စကားကို နေဟိန်း မငြင်းပေ။ ဦးမြင့်မိုး၏ အသက်ပင် ကြီးသော်လည်း ထောင်မောင်းသောကိုယ်ခန္ဓာတည်ဆောက်မှု၊ ခန့်ညားပြတ်သားသော မျက်နှာကို ကြည့်မိခဲ့သဖြင့် ဥပဒေကို လေးစားလျက် တာဝန်ဝတ္တရားကျေပွန်သည့် လူတစ်ဦးဟု လက်မွန်မဆွတတည်းက သိခဲ့၏။ သူသည် သူမှန်သည် ထင်သည်ဟူသော အလုပ်ကို ထင်ရာစွပ်လုပ်တတ်သည့် လူစားမျိုးလည်း ဖြစ်သည်။ ဒုက္ခနှင့် ရင်ဆိုင်နေပါစေ။ နောက်ဆုတ်မည့် လူလည်း မဟုတ်။ သည်အရည်အချင်းရှိနေသမျှ ကာလပတ်လုံး ဦးမြင့်မိုးသည် အန္တရာယ်လုံခြုံသည်ဟု တံသေကံမ မဆိုနိုင်ပေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၆

အနားမရှိဘဲ သူချထားသော အဖွဲ့ကလေးကိုနေဟိန်းသည် အမြဲမပြတ် လိုက်လံကြည့်ရှုတတ်သည်။ သူတို့၏အနေအထားကိုလည်း သုံးသပ်သည်။ တောင်ကုန်း၏ အထက်တွင် ကျောက်တောင်ကမူရှိသည်။ ထိုတောင်ကမူကို ကင်းမျှော်လင့်လုပ်လိုက်သည်။ တောင်ကုန်းအောက်ခြေရှိ စမ်းပေါက်မှ ရေများကို အထက်ရှိ ကျောက်ခွက်ကြီးတစ်ခုထဲတွင် ရေတိုင်ကီ သဘောထားကာ လှောင်ထားသည်။

တောင်ကုန်းထိပ်နားတွင် ကျောက်တုံးကျောက်ခဲများက စုပုံနေရာ၊ ထိုနေရာကို ခုခံကာကွယ်ရေး ပစ်ခတ်ရာနေရာအဖြစ် သတ်မှတ်ထားလိုက်သည်။ အခြေအနေကတော့ သူတို့ဘက်က ကောင်းမွန်နေသည်။ တစ်ပတ်စာလောက် ရေကိုလည်း သူတို့ သိုလှောင်ပြီးခဲ့လေပြီ။ အစားအစာလည်း အသင့်အတင့်၊ ခဲယမ်းမီးကျောက်ကလည်း မပေါများ မဆိုနိုင်စေကာမူ လုံလောက်





သည်ဟု ဆိုရမည်။ သည့်အပြင် တိုက်ရေးခိုက်ရေး ကောင်းသည့် သောကျားချည်း သူတို့ဘက်မှာ ရှိကြသည်။

နေသည် အနောက်ဘက်သို့ တစ်ညတာ အိပ်တန်းတက်တော့မည်။ မှောင်ကာနီးလောက်တွင် အောင်လွင်သည် သီတာဝင်းနှင့် စကားပြောရန် အနီးကပ်ဖို့ ကျိတ်စီစဉ်ရှာတော့သည်။

သီတာဝင်းသည် ဖုန်အလိမ်းလိမ်းနှင့် ညစ်ပေနေသော သူမ၏ ဆံပင်များကို စမ်းပေါက်တွင် သွားရောက်လျှော်ဘာ ဆံမင်များကို ခြောက်သွေ့အောင် မကြာခဏထိုထဲမှ တောင်းယူရှိသည့် မျက်နှာသုတ်ပဝါကြမ်းနှင့် တိုက်ပစ်သည်။

"နင့်လို မိန်းကလေးတစ်ယောက် ဒီမှာရှိတာ သိပ်ကောင်းတာပဲ၊ မမမေ အတွက် အဖော်ရတော့ သူ သိပ်ပြီး နင့်ကို သဘောကျမှာပေါ့ဟာ၊ အရင်က သူတစ်ဦးတည်း တို့ကြားထဲ ရောက်နေတုန်းက ပျင်းနေရှာတာ"

သူသည် လျှာဖျားတွင် သည့်စကားကို အရဲစွန့်ဘင်လျက် စကားအော်ပရေးရှင်း ဆက်ရသည်။ အသံမှာ မသိုသာတုန်နေသည်။

ချာတိတ်မက မျက်လွှာကလေး မသိမသာ ပင့်ကြည့်လိုက်သည်။ သူမနှင့် သက်ရွယ်ညီတူ လူငယ်ကလေးတစ်ယောက်က စကားစ,လာပြောခြင်းကို သဘောကျသွားဟန် လက္ခဏာအရိပ်အငွေ့ကတော့ မသိမသာ ပေါ်သွားသည်။

www.burmeseclassic.com



သို့တစေ မည်သည့်စကားကိုမှ မပြန်သေးဘဲ သူမ၏ ဆံပင်များကိုသာ သွေ့ခြောက်အောင်လုပ်လျက် အလုပ်များနေ၏။ အောင်လွင်သည် သီတာဝင်း၏ ဖယောင်းလက်ချောင်း ပြည့်ပြည့်ကလေးများကို ငေးစိုက်ကြည့်နေလေသည်။

"ဒီနေရာဟာ ဆိတ်ငြိမ်တယ်နော်၊ ပတ်ဝန်းကျင်က ရှုခင်းကလည်း လှတယ်"

သကောင့်သားက စကားရှာပြန်သည်။ မှန်မရှိသောကြောင့် မှန်ကိုကြိုက်တတ်သည့် မိန်းမသားပီပီ သီတာဝင်းက မှန်နှင့်အလားတူ စမ်းပေါက်မှ ရေထဲကို ကြည့်လိုက်သည်။ သို့ရာတွင် ရေထဲတွင် မြင်ရသည့် သူမ၏သွင်ပြင်အရိပ်သည် မှုန်မှုန်ဝါးသွား ရှိလှပြီး စိတ်ထဲက အားရလောက်အောင် မထင်ရှားလှပါပေ။

"စိုက်ခေါင်း ရောက်ကြမယ်ဆိုရင်၊ အခု ငါတို့ရင်ဆိုင်နေရတဲ့ ဒုက္ခတွေဟာ အေးသွားမှာပဲနော်ဟာ"

သီတာဝင်းသည် ပုဆစ်တုတ် ထိုင်ချလိုက်လေသည်။

သို့တစေ သူ့ကိုတော့ မကြည့်ပေ။ နားထောင်နေမှန်းတော့ ထင်ရှားလှပါသည်။ မိန်းမငေးတွင် နေဟိန်းက သူတို့နှစ်ဦး၏ အခြေအနေကို ကြည့်လျက် နားစွင့်နေသည်။

"ဒီမှာ ဘာအန္တရာယ်ပဲ တွေ့နေနေ နင့်အတွက်တော့ ငါ ကာကွယ်ပေးမှာပါပဲ"





သူက တံတွေးကို မသိမသာ မျိုချလိုက်သည်။ ခပ်[illegible]င်းလှမ်းမှ နေဟိန်းဆီသို့ လှမ်းကြည့်၏။ နေဟိန်းက မသိကျိုး[illegible]ပြုနေလေသည်။

"စိုက်ခေါင်ရောက်ရင်လေ ငါ လက်ဖက်စိုက်ပျိုးခင်းတစ်ခု လုပ်မယ်၊ လက်ဖက်ခူးရတဲ့ အလုပ်ဟာ သိပ်ပျော်စရာကောင်းတာပဲ၊ ငါ့မှာ စုဆောင်းထားတဲ့ငွေလည်း နည်းနည်းပါးပါး ရှိတယ်၊ အိမ်ဆိုလည်း ငါ့ဘာသာငါ ဆောက်တတ်တယ်၊ အရင်တုန်းကဆိုရင် တခြားလူတွေတောင် ကူဆောက်ပေးနိုင်ခဲ့သေးတာ၊ ငါ့အတွက်ဆိုရင် လှလှကြီးကြီးတစ်ခု ပိုတောင်ဆောက်နိုင်သေး"

ငနဲသားကလေးက စကားပြောရင်းက လက်ဟန်ခြေ[illegible] ရောယှက်လာသည်။ စိတ်ပါလာပုံရ၏။ သူ့အသံသည် [illegible]စာပြောစက်ထက် တုန်ယင်ခြင်း ကင်းလာ၏။ မျှော်စ,က[illegible]း ပျိုးလာသည်။ သူမသည် ရေထဲဝယ် သူမအရိပ်ကို စိုက်[illegible]ပြီ စိုက်ကြည့်နေပြားသော်လည်း မှိုးဝါးသော အရိပ်မျှသာ[illegible]ထဲမှ ပြနေလေသည်။ မျှော်ကလည်း မျှော်ပြိုကိုး။ သူမ[illegible] အမျှော်ထုကိုသာ ရင်ဆိုင်လျက် ငိုင်တွေထိုင်နေမိလေသည်။ [illegible]မျှော်ကျပြီး မူဝံကြယ်ရောင်က ထွက်လာသည်ကို တောင်[illegible]င်းက ဖြတ်ပြီးမြင်ရသည်အထိ အောင်လွင်က ကောင်မလေး [illegible]စကားလက်စ,မပြတ်သေးဘဲ ဆက်ပြောနေဆဲပင် ရှိသေး[illegible]။



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်စိုက်မယ် ဆိုရင်တော့ တောင်နီးနီးနားနားကို ရှာရမယ်၊ လက်ဖက်ဆိုတာ တောင်စောင်းမှာမှ စိုက်လို့ရတယ် မဟုတ်လား၊ အဲဒီ လက်ဖက်ခြင်းနားမှာမှ အိမ်ဆောက်မယ်၊ ဒီလိုဆို ငါ့အဖို့ သိပ်ပျော်စရာ ကောင်းမှာပဲဟာ"

သူက စကားကိုတန့်လျက် တောင်ကုန်းပေါ်မှ ကျော်ထွက်လာသော ရှုံ့ကြယ်ရောင်ကို မော့ကြည့်လိုက်လေသည်။ မိနစ်အတော်များများကလေး သူ့စကားက တိတ်သွားပြန်သည်။ စကားဆက်ရန် စကားကြောကို စမ်းသပ်နေဟန် တူလေသည်။

"တို့တစ်တွေဟာ ငယ်ပေမင့် ဒုက္ခဆိုတာ တွန်းလှန်နိုင်ကြပါတယ်၊ ဟာ ... မေမေက ပြောဖူးတယ်၊ ဟုတ်တယ် ငါငယ်ငယ်က သူပြောတာကြားဖူးတယ်၊ ဒုက္ခဆိုတဲ့ မကောင်းဆိုးဝါးကြီးကို တစ်ယောက်တည်း ခုခံတွန်းလှန်ရင် ကြာရှည်တတ်တယ်တဲ့၊ စုပေါင်းပြီး တွန်းလှန်ရင် ဒုက္ခဆိုတာ အဝေးကို ပြေးရောတဲ့၊ အဲဒီလိုပဲ ငါ့မေမေက ပြောခဲ့ဖူးတယ်၊ ငါဆိုရင် ဒုက္ခတွေကို တစ်ယောက်တည်းလည်း တွန်းလှန်ဖူးတယ်၊ တခြားလူတွေနဲ့လည်း စုပေါင်းတွန်းလှန်ဖူးတယ်၊ ဒုက္ခထဲမှာ ငါလေ အစားအသောက်ဒုက္ခကို မကြိုက်ဆုံးပဲ၊ ငါက ရှမ်းပဲပုပ်ကို မကြိုက်ဘူး၊ တို့ဟူးခြောက် ဆိုရင် ကြိုက်တယ်၊ နင်ကကော ..."





သူသည် စိတ်ထဲရောက်တတ်ရာရာ ပြောရသဖြင့် တချို့စကားက အဓိပ္ပာယ်သက်ရောက်သလောက် အချို့စကားလုံးတွေမှာ အမြီးအမောက် မတည့်ပေ။ သီတာဝင်းသည် သူမ၏ ဆံတိုလည်ရစ်ဆံပင်များကို လက်နှင့်သပ်လျက် ဘလောက်(စ်) အင်္ကျီကလေးနှင့် ထဘီဆွဲဆန့်နေသည်။

"ငါက တို့ဟူးခြောက်ကြော်နဲ့ ထမင်းကြော်ပူပူဆိုရင် သိပ်ကြိုက်တာ၊ ငါ့အဖို့ ဆာလာတယ်လို့တောင် ထင်ရတယ်ဟာ"

နေဟိန်းသည် တောတန်းနှင့် တောင်ကုန်းများ တစ်ခွင်ကို ကြည့်လိုက်လေသည်။ သူငယ်ငယ်က မေမေ့ရင်ခွင်မှာ နားနေခိုအောင်းခဲ့ရဖူးစဉ် စားတော်ပဲ၊ ဝမ်းဘဲဥနှင့် ထမင်းကြော်ပူပူကို စားရခြင်းအကြောင်း ပြန်လည်သတိရမိ၏။ အသက်ရင့်လာသော်လည်း အတိတ်က ကြိုက်နှစ်သက်စရာ ကလေးတွေက မှိန်ခိုပါလာတတ်သေး၏။

ပကချည်းပြောပြီး တစ်ဖက်မှ ပြန်မပြည်လာသောကြောင့် အောင်လွှင်တွင် စိတ်ထဲမှ ရှက်အမ်းအမ်း ဖြစ်လာလေသည်။ မျက်နှာကလေး မသိမသာ ပျက်လာလေတော့သည်။

"မိန်းကလေးတွေကို ငါ တစ်သက်တာမှာ ဘယ်တုန်းကမှ စကားမပြောခဲ့ဖူးဘူး၊ ဘာပြောရမလဲ ဆိုတာလည်း ငါမသိပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် အောင်လွင်က စိတ်ပျက်လက်ပျက် နှင့် အရွံ့ပေးစကား ပြောလိုက်လေသည်။

"အို ... နင် ပြောတာ အားလုံးအမှန်တွေချည်းပဲဟာ"

ဤသည်ကား အောင်လွင်၏ စကားနောက် လိုက်ပါလာသော သီတာဝင်း၏ အသံလွင်လွင်ကလေးသာ ဖြစ်တော့သည်တကား။

❁ ❁ ❁





## ၇

သတ်ပွဲခေါ်သံဖြစ်သည့် အော်ဟစ်ဆဲဆိုသံများ၊ ညာသံပေးသံများ သဲ့သဲ့ကို သူ ကြားလာရသောအခါ ရန်သူများနှင့် ရင်ဆိုင်ရတော့မည်ကို သူ သိလာသည်။ သောင်းကျန်းသူတွေက အရှေ့နှင့် အနောက်ဘက်တွင် လှုပ်ရှားနေကြသည်။ သူတို့က ခရီးသည်တင်ကား၊ ကုန်တင်ကားများကိုမှ မတိုက်ရလျှင် လှူစုလှူဝေးနှင့် မြည်းနှင့်လည်းကောင်း၊ မြင်းနှင့်သော်လည်းကောင်း ခရီးသွားလှူစု များကို တိုက်တတ်ကြသည်။

စစ်တပ်နှင့် ရဲဆိုလျှင် အဝေးက ရှောင်ပြေးကြ၏။ ဤသည်တွင် သတ္တိမရှိသော သူတို့၏ အရည်အသွေးကို သောင်းကျန်းသူတို့က ပြကြသည်။

နေမင်းက ရှမ်းရိုးမ၏ အရှေ့ဘက်မှ ထွက်ခဲ့ရာ နှင်းစာလွှာတို့ပင် ကွဲအက်ခဲ့လေပြီ။ အော်သံ၊ ကြွေးကြော်သံ၊ ညာသံဖေါ်သံတို့က ညာဘက်က ထွက်ပေါ်လာပြီး၊ နံနက်မိုးလင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆိတ်သုဥ်းနေသည်။ သည်အသံကို "သူ"ဟု နာမ်စားထိုးနေရသည့် နေဟိန်းက ကြားမိသည်။ ကျန်လူတွေကတော့ ဘာမှ မကြားဟု ဆိုကြ၏။

နေဟိန်းသည် တောင်ကုန်းဝန်းကျင်ကို မသက်မသာ ကြည့်မိ၏။ သူ့စိတ်ထဲ လာတိုက်နီး၊ လာဝိုက်နီးနှင့် စိတ်တထင့်ထင့် နေရခြင်းထက် ပြောင်ပြောင်တင်းတင်း ထွက်တိုက်လိုစိတ်ပင် ပေါ်လာ၏။ အခြေအနေက စိတ်မသက်သာစရာကို ဖြစ်စေလေသည်။ ညိုမောင်က နေဟိန်းကို သတိနှင့် စောင့်ကြည့်နေခိုက် နေဟိန်းက သူ့အား လှမ်းပြောသည်။

"ကျုပ်တော့ ဟိုနား ဒီနား ထွက်ပြီး ထောက်လှမ်းဦးမှာပဲ"

"ဖြစ်ပါ့မလား၊ တော်တော်ကြာ"

"ကိစ္စမရှိပါဘူး၊ ဒီနားတစ်ဝိုက်ကတော့ စိတ်ချရပါလိမ့်မယ်"

သူသည် ကျောက်တုံးများပေါ်တက်၍ ထိုကျောက်တုံးများအားရှိ တောင်ကုန်းစောင်း ချုံပုတ်ထူထူအစွန်းမှ အောက်ဘက်သို့ ဆင်းသွားသည်။ သူလုပ်ပုံက အေးဆေးလှသည်။ အမြင့်သို့ တက်သည့်ပဲဖြစ်စေ၊ အောက်သို့ဆင်းသည်ပဲဖြစ်စေ၊ စိတ်လိုက်မာန်ပါ အလျင်စလို လုပ်သူသည် အားတွေ့တတ်ခြင်းကို သိသည်။ တောင်ကုန်းအောက် ချုံတွေထဲတွင် သူ နေရာယူပြီး နားထောင်နေသည်။ အတော်ကြီးကြာမှ အခြားတစ်နေရာသို့ ပြောင်းကာ တိတ်တိတ် ဆိတ်ဆိတ် နားစွင့်သည်။





တစ်တောလုံးမှာ ငြိမ်နေသည်။ လေသရမ်း၍ ကျီစယ်မှုဖြင့် သစ်ရွက်တို့ တီးတိုးစကားပြောနေကြသည်။ သည်အသံက လွဲပြီး အခြားအသံတွေက တစ်ိုးတစ်စိပင် သူ့နားထဲမဝင်။ ငှက်သံတွေပင် ငြိမ်ဆိတ်လှဘိသည်။ တောင်ကုန်းပေါ်သို့ တောထဲမှ သူ ပြန်လာသည်။ သည်အချိန်ဝယ် မကြာညိုမှာ တုန်လှုပ်ချောက်ချားနေပုံနှင့် မျက်နှာကလေး ဖြူဖတ်ဖြူလျော် ဖြစ်နေရှာသည်။

တစ်နေ့လုံးလိုလို သူတို့ဆိတ်ဆိတ်ရှိနေကြ၏။ အားလုံးသော သူတို့၏ အမူအရာသည် နေဟိန်းမှလွဲပြီး သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် မရှိကြ။ စိတ်လေးနေသော အမူအရာတို့ကိုသာ ပြနေကြ၏။ နေဟိန်းက အောက်ဘက်သို့ ဆပ်မံဆင်းသက်၍ ထောက်လှမ်းပြန်လေသည်။ သူပြန်လာချိန်ဝယ် မကြာညို၏ အတွင်းစိတ်မနောတွင် တုန်လှုပ်ခြင်း၊ စိတ်လှုပ်ရှားခြင်းကို မဖုံးမဖိနိုင်သောသဏ္ဍာန် ပေါ်နေ၏။ သူမအနီးတွင် ရှိနေခဲ့သူ ကျော်ကျော်ထိုက်က သူ့စီးကရက်ကိုယူဖို့ သူတို့၏မြင်းကုန်းနှီးများ ချထားရာဘက်သို့ ထွက်သွားရာ မကြာညိုတစ်ယောက်သာ ကျန်ရစ်ခဲ့တော့၏။ အမှောင်ကမ္ဘာလာ ဖြန့်တော့မည့် မိုးသားရင်ခွင်ကို နောက်ခံထားလျက် ရိုးမကြောက ရေးရေးရှူသာ မြင်နေသည်။

"ဘာလုပ်ဖို့ ဒါလောက်တောင် အောက်ကိုဆင်း,ဆင်းကြည့်ရတာလဲ၊ ရှင့်လုပ်ပုံကိုက ဈျန်မအဖို့ ကြောက်စရာဖြစ်နေတယ်"

www.burmeseclassic.com



နေဟိန်းသည် သူမအနီးတွင် သွားရပ်၍ တောအုပ်နှင့် ကွင်းပြင်တစ်လျှောက်ကို မျှော်ကြည့်လိုက်လေသည်။ အမှောင်က တဖြည်းဖြည်း အနိုင်ကျင့်ပြီး သူ့အလှည့်ကို ထမ်းဆောင်လာပြီ ဖြစ်သဖြင့် အလွန် ငြိမ်သက်လာ၏။

"သိပ်ငြိမ်သက်တာပဲ"

နေဟိန်းက မေကြာညို ကြားလော်ကသည့် အသံနှင့်သာ ပြောသည်။

"ဒီလောက်ငြိမ်ရင် အန္တရာယ်ရှိတတ်တယ်"

"သောင်းကျန်းသူတွေဟာ အဲဒီဘက်မှာ တကယ်ပဲ ရှိသလား ရှင်၊ ဟင် ကိုနေဟိန်း"

"ရှိတာပေါ့"

"ရှိတယ်သာ ဆိုပေမင့် ခုတော့ ဘာသံမှ မကြားရပါလား"

"အဲဒါ လုံလောက်တဲ့ သက်သေတစ်ခုပဲ၊ သူတို့နောက်ကို ကျုပ် လိုက်ဖူးလို့ သူတို့အကြောင်း သိတာပေါ့၊ တောအုပ်တောင်အုပ်ဆိုတာ တစ်ခုခု ညံနေရတယ်၊ တိတ်ဆိတ်နေပြီဆိုရင် ထူးတာပဲ၊ အခုဆိုရင် ကျားဟိန်းသံ၊ သမင်တောက်သံတောင် ကြားရတာ မဟုတ်ဘူး၊ ခင်ဗျား ဘာမှမကြားရတော့ဘူးဆိုရင် အဲဒီသောင်းကျန်းသူတွေဟာ တိတ်တိတ်ဆိတ်ဆိတ် နေရာယူကြသလို သူတို့အနံ့ကိုရတဲ့ တောရိုင်းတိရစ္ဆာန်လည်း အဝေးကိုပြေးရော"





"သောင်းကျန်းသူတွေဟာ ဟိုမှာရှိတယ်ဆိုရင် ရှင် ဘာကြောင့် အပြင်ထွက်တာလဲ"

"ဩော် ... သူတို့လာတိုက်တဲ့အခါ အကာအကွယ် ယူနိုင်ဖို့နေရာ သူတို့အတွက် ရှိ၊မရှိ စုံစမ်းရတာပေါ့"

"ဒီလိုသာ လုပ်၊လုပ်နေရင် ရှင် အသတ်ခံရမှာပဲ၊ အန္တရာယ်ကို ရှင် ဖိတ်ခေါ်နေတာပဲ"

"ဟုတ်တယ် ... ကျုပ်တော့ အသတ်ခံရဦးမှာပဲ၊ ကျုပ်တို့စိုက်ခေါင်မရောက်မချင်း ကျုပ်တို့ ကိုယ်စီကိုယ်င အားလုံးဟာ အခုချိန်ကစပြီး စက္ကန့်တွင်းမှာ ကြောက်စရာ အန္တရာယ်နဲ့ တိုးနေရပြီပဲ၊ ဒါပေမင့် ကျုပ်ကတော့ အန္တရာယ်ကိုရှာနေတဲ့ လူစားမဟုတ်ဘူး၊ လွတ်ရာလွတ်ကြောင်း မိုက်မိုက်မဲမဲ ရှာနေတာ၊ အရူးတို့၊ ကလေးတို့၊ လူမိုက်တို့ဆိုတာ ဘာကိုမှ ကောင်းရာကောင်းကြောင်း သိတဲ့လူစားမဟုတ်ဘူး၊ အန္တရာယ် ဥပါဒ်ဆိုတာဟာ လုပတာ မဟုတ်သလို ကြောက်စရာ ကောင်းတယ်လို့လည်း ကိုယ်တော့မှ မထင်လေနဲ့၊ အန္တရာယ်ဟာ စိတ်နဲ့အသက်ကို တစ်ခုခု ဒုက္ခပေးတတ်တာပဲရှိတယ်၊ ရုပ်သဘောအရ ကျုပ်တို့ရဲ့ ကိုယ်ကြီးတွေက ဖောက်ပြန်နေလေတော့ အန္တရာယ်ကြောင့် ပျက်စီးလည်း ဂရုစိုက်စရာ မလိုပါဘူး"

"အလဲ ... ခမ္ဘကထိကကြီးနဲ့ တွေ့နေပါလား"

ခေါင်းကလေးမော်ကာ မေကြာဘိုက လှမ်းပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန္တရာယ်နဲ့ ကြုံလာရင်၊ ကြောက်နေရင် ခင်ဗျားစိတ်ညစ်မှာပဲ၊ အန္တရာယ်က ခင်ဗျားကို ဘာလုပ်နိုင်မှာလဲ၊ အသားနာတယ်ဆိုတဲ့ အာရုံခံစားလောက်အောင်ပဲ ခင်ဗျားကိုလွှမ်းမိုးသွားမှာ တစ်ခုပဲရှိတယ်"

သူသည် ဖိုထားသော မီးပုံဆီသို့ လျှောက်သွားစဉ် လက်ထဲက စီးကရက်ကိုလည်း ပစ်ချသွားသည်။ မေကြာညိုနှင့် တွေ့လေတိုင်း စကားအဆင်မပြေ ဖြစ်ရသည်ကြောင့် သူ့ကိုစိတ်ဆိုးမိလေသည်။ မေကြာညို၏ လေသံသည် မာနကြီးသော မိန်းကလေးလေသံကို ဆောင်နေသည်ဟုလည်း သဘောပိုက်မိလေသည်။

နေဟိန်းသည် မီးဖိုဘေးတွင် ကိုယ်တစ်စောင်းလဲလျောင်းကာ သီတာဝင်း လာပေးသော တို့ဟူးခြောက်ကြော်နှင့် ကောက်ညှင်းပေါင်းကို စားနေမိသည်။

မြိန်မြိန်ယှက်ယှက် စားသောက်နေပြီး မီးပုံကိုမကြည့်ရန် သတိထားနေသည်။ မီးသည် ကမ္ဘာဦးအစကပင် လူ့ယဉ်ကျေးမှုမှတ်တိုင်ကို ထူပေးခဲ့သည်ဟု ဆိုရမင့်ငြားလည်း တစ်ခါတလေ လူ့အာရုံကို ဗွေပြားစေသည်။ မီးတောက်မီးလျှံကို ကြည့်မိသူသည် အမှောင်ထဲသို့ ပြန်ကြည့်သောအခါ ကျိန်းသွားသော မျက်လုံးကြောင့် ဘာကိုမှ မြင်ရမည်မဟုတ်။ သည်အခါ အမှောင်ကို အားကိုးပြီး လုပ်ကြံလာသော ရန်သူအား မိမိအသက်ကို အပ်နှင်းပေးရပေလိမ့်မည်။





ကျော်ကျော်ထိုက်သည် ကျောက်တုံးများပေါ်မှ မေကြာညိုနှင့်အတူ ဆင်းလာသည်။ မေကြာညို မျက်နှာကလေး ခပ်တည်တည် လုပ်နေသည်။ နေဟိန်းက ပါးစပ်ရွဲ့ပြုံးလိုက်၏။

ဘယ်သူ့အတွက် သူမမျက်နှာ ခပ်တည်တည်လုပ်နေခြင်းဖြစ်သည် ဟူသော အဖြေကို နေဟိန်း သိရှိခဲ့ပြီး ဖြစ်သောကြောင့် ပြုံးခဲ့ခြင်းတည်း။

"ဘယ်လိုလဲ လူစွမ်းကောင်းကြီး၊ ခင်ဗျား သွားစုံစမ်းတော့ သောင်းကျန်းသူတွေများ တွေ့ခဲ့ရဲ့လား"

ကျော်ကျော်ထိုက်သည် မေးသာမေးလိုက်ရသည်။ သူ့အမေးတွင် နှစ်နှစ်ကာကာ လေသံမရှိ။ ထိုလေသံတွင် သရော်တော်တော် အစွန်းအထေ့တွေ ပါနေသည်။

"ဘယ်သောင်းကျန်းသူကိုမှ ကျုပ် သွားစုံစမ်းတာမှ မဟုတ်ဘဲ"

ကိုညိုမောင်သည် မီးပုံနားသို့ ချဉ်းကပ်လာသည်။ မီးပုံမှ တရှိန်ရှိန်တောက်လောင်နေသော မီးအလင်းရောင်ဟပ်မှုက ဖရိုဖရဲ ရှုပ်ပွနေသော သူ့ဆံပင်များပေါ်သို့ ကျနေလေသည်။

"သောင်းကျန်းသူတွေဟာ ဘယ်လောက်လို့ ခင်ဗျားထင်သလဲ ကိုနေဟိန်း"

"သူတို့ဟာ ဘယ်နေရာမဆို အုပ်စုလိုက်ရှိနေတော့ ငါးယောက်က အယောက်(၃၀)အထိ ရှိတတ်တယ်၊ တစ်ခါတစ်ခါတော့ (၅၀)လောက် ရှိတတ်ပြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်လိုများ ခန့်မှန်းနိုင်လို့လဲ"

နေဟိန်းနှင့် ကိုညိုမောင်တို့ အမေးအဖြေ လုပ်နေကြစဉ်ကြားမှ သူ့အမေးနှင့် ကျော်ကျော်ထိုက် ဝင်ရောက်ဖြတ်တောက်လိုက်လေသည်။

"ကျုပ်က သူတို့ကို ခြေရာခံလိုက်နေတဲ့လူဆိုတော့ သိတာပေါ့၊ ဒီကောင်တွေဟာ သောင်းကျန်းသူဆိုပေမင့် သူခိုးဓားပြအလုပ်တွေကို လုပ်နေတော့ ဟိုစုစု ဒီစုစု ရှိနေကြတယ်၊ တစ်ခါ တစ်ခါ ရွာတွေဝင်တိုက်မှသာ လူကများတာ"

ညွှန့်တင်ကမူ မီးပုံဘေးနားတွင် တင်ပါးနှင့်မြေကြီးဆက်စပ်ပေးလျက်က နားထောင်နေလေသည်။ သူသည်အရပ်မြင့်မြင့် နှုတ်ခမ်းမွေးသဲ့သဲ့နှင့် ဖြစ်၏။ သူသည် လူတစ်ဦးတစ်ယောက်အား အတိုက်အခံ လုပ်လိုသော စိတ်ရှိသည်နှင့်အညီ ...

"ဟော့ ကိုနေဟိန်း ... သောင်းကျန်းသူတွေအကြောင်း ခင်ဗျား တကယ်ပဲ သိသလား"

ဟု အတိုက်အခံလုပ် စိန်ခေါ်လိုက်၏။

နေဟိန်းကို စိုက်ကြည့်သည်။

"ခွန်သာကို မေးကြည့်ပါလား၊ ကျုပ် မေးတာနဲ့ တစ်ထပ်တည်း ပေါ်လာလိမ့်မယ်"

ညွှန့်တင်သည် လက်ကျန်ကော်ဖီကို မြေကြီးပေါ်သို့ ဆောင့်သွန်ပစ်လိုက်လေသည်။





"အေးလေ ... အရင်က ခင်ဗျားပြောခဲ့တဲ့ စကားလည်း ကျုပ် ကြားခဲ့သားပဲ၊ သူတို့ကို သောင်းကျန်းသူအကြောင်း မေးတော့ကော ဘာထူးမှာလဲ၊ သူတို့အားလုံး အတူတူချည်းပဲ၊ သူ့ကိုတောင် ကျုပ်တို့က ကန်ထုတ် ပစ်သင့်သေး"

"သူဟာ သောင်းကျန်းသူတွေလို လူစားမဟုတ်ဘူး၊ ကျုပ်တို့လို လူကောင်းတွေထဲက လူကောင်းတစ်ယောက်ပဲ"

ညွှန့်တင်သည် ထပ်ရှည်ပြောပြန်၏။

"တကယ်တိုက်တဲ့ အခါကျတော့ သိကြတာပေါ့လေ၊ သူကူညီနိုင်ရင် ဝမ်းသာစရာပေါ့"

"အဲဒါ ခင်ဗျား အမြင်ကျဉ်းတာပေါ့၊ ခင်ဗျားလို အမြင်ကျဉ်းတဲ့လူတွေ ဘယ်လောက် မြန်မာပြည်မှာ ရှိနေဦးမလဲ မသိဘူး"

နေဟိန်းက မှတ်ပစ်လိုက်လေသည်။ ညွှန့်တင်မျက်နှာ မဲ့သွားသည်။ အပျက်ကြီး ပျက်သွားသည်။ သည်ခဏတွင် ကိုယ်ထိလက်ရောက် တုံ့ပြန်ချင်လောက်သည့်အထိ သူ့ဝမ်းခေါင်းထဲကို မခံချင်စိတ်တွေ တိုးဝင်လာ၏။ လူဝင်မှုကြီးကြပ်ရေးလက်ထောက် ကိုညိုမောင်က ဝင်ဟန့်သည်။

"ဟော့ ကိုညွှန့်တင် ... တော်တော့၊ ကျွန်တော်တို့ အားလုံးဟာ ကိုနေဟိန်းရဲ့ အုပ်ချုပ်ခေါင်းဆောင်မှု အောက်မှာ ရှိနေကြတာပဲ၊ သူပြောတာကို ခင်ဗျား ခေါင်းညိတ်နားလည်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ ... ခင်ဗျားက ကျွန်တော့်ကို ကုတ်မာရှယ်တင် ဦးမလို့လား"

ဟု ညွန့်တင်က ပြောင်လှောင်သော မျက်နှာထား အသွင်ဆောင်ပြီး မေးသည်။ ဆက်လည်း ပြောသည်။

"ကျွန်တော့်ကို အရှုံးမထင်နဲ့၊ သူ့လုပ်ပုံကြောင့် အားလုံး လူတွေ ဒီကနေ့အဖြစ်ကို မနက်ဖြန် ပြန်ပြောနိုင်မဲ့လူ တစ်ယောက်မှ ကျန်ရစ်ခဲ့ကြမှာ မဟုတ်ဘူး"

ညွန့်တင်သည် အမှောင်ထဲသို့ သူတို့ကို ကျောခိုင်း ထွက်သွားသည်။ ကိုညိုမောင်က တိတ်တိတ်ဆိတ်ဆိတ်နှင့် ညွန့်တင်၏ကျောပြင်ကြီးကို စိုက်ကြည့် ကျန်ခဲ့လေသည်။

မင်းသော်သည် အထက်ဘက်ရှိ ကျောက်တုံးအစွန်းတွင် ပေါ်လာသည်။

"ကိုနေဟိန်း ... ဟိုအရှေ့ဘက် ခပ်ဝေးဝေးက သေနတ် ပစ်သံတွေ ကြားတယ်"

နေဟိန်းသည် ကျောက်တုံးများပေါ်သို့ လျင်မြန်စွာ တက်သွားသည်။ မိုးပုံအေားမှ အခြေအနေကို ကျော်ဖြတ်လာရ သဖြင့် သူ ဝမ်းသာမိသည်။ သူတို့က နားထောင်သည်။ သို့သော် မည်သည့်အသံတွေမှ ထပ်မံပေါ်မလာတော့ချေ။ သူက ကျောက်တုံး များအလယ်တွင် မင်းသော်နှင့်အတူ နေရာယူပြီး အသံ၏ရိုက်ခတ် မှုကို နားစွင့် ဆောင်နေမိ၏။ သို့တမင့်ပြားလည်း မည်သည့်အသံ မှ သူတို့ မကြားရတော့။





သည်သောအခါ စိတ်အနှောင့်အယှက် ဖြစ်လာပါ လေသည်။ စိတ်အနှောင့်အယှက်က ရင်ထဲမှာ သနွေတည်လာ ခြင်းမှာ အောက်ကပြဿနာကို ပြန်စဉ်းစားမိသောကြောင့်။

ညွန့်တင် ဆိုသည့် ငနဲသည် အင်မတန်မှပဲ အန္တရာယ် ပေးချင်သော အကောင်တစ်ကောင် ဖြစ်သည်။ သူ့အထက်က ကိုညိုမောင်၏ စကားကိုလည်း နားမထောင်၊ သူ့စကားကိုလည်း နားဝင်ခဲ့သည့် လူစားမျိုးမဟုတ်။ ကြည့်လေ ... သူတို့ကိုပင် ခြိမ်းခြောက်စကား ပြောသွားသေးသည်။ သည်ကနေ့ ဖြစ်နေတာ တွေကို မနက်ဖြန်ပြန်ပြောဖို့ တစ်ယောက်မှ မကျန်တော့ဘူးဆို တာ။

သည့်အတွက် စဉ်းစားစရာ ဖြစ်လာသည်က သောင်း ကျန်းသူတွေနဲ့ မတိုက်ရသည်ပဲထား၊ သူတို့ အချင်းချင်း ထဲမှာပဲ ပြန်လည်ပြီး ဝိရောဓိပြဿနာတွေ အထုအထည် ဖြစ်လာနိုင် စရာရှိပါ၏။

"ကြားရတာ သေနတ်သံတော့ အမှန်ပဲဗျ"

နောက်ထပ် ဘာသံမှ မကြားရအောင် လောကကြီး က အိပ်မောကျနေသောကြောင့် မခံချင်ဟန်ဖြင့် မင်းသော်က ပြောမိသည်။ နောက် သူ့အတွေးဖြင့် "တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီ ထင်တယ်" ဟု ဆက်လက်ဖော်ကျူးမိပြန်သည်။

သူတို့ ဘာမှမပြောနိုင်ကြဘဲ ကြုံကြုံခံ ထိုင်နေကြ ကာ နောက်ပေါ်လာမည့် သေနတ်သံများကို စောင့်မျှော်နေမိကြ

www.burmeseclassic.com



လေသည်။ အမှတ်မထင် လှုပ်ရှားလာမည့် လှုပ်ရှားမှု အဖြစ်သနစ်တွေကိုလည်း စောင့်စားမိကြသည်။ ထိုအခိုက် ကျော်ကျော်ထိုက်က ကျောက်တုံးတွေပေါ်သို့ တက်လာရာ သူ့နောက်ပါးမှ အောင်လွင်ကပါ ကပ်ပါလာသည်။

မိနစ်တွေက တစ်မိနစ်ပြီး တစ်မိနစ် ပြေးလွှားသွားကြ၏။ ရုတ်တရက်မှာပင် သူတို့ရှေ့မှ မြင်းတစ်ကောင်၏ တဝုန်းဝုန်း စိုင်းလာသော ခွာသံများနှင့်အတူ ကျယ်လောင်စူးရှသော သေနတ်သံတစ်ချက်က သူတို့မျှော်လင့်ထားသည်ထက် ပိုမိုနီးကပ်စွာ ပေါ်လာသည်။ မြင်းတစ်ကောင်သည် မီးဖိုထားရာ တောင်ကုန်းပေါ်သို့ လွှားခနဲ လွှားခနဲ ပြေးခုန်တက်လာသည်။ တစ်နေရာတွင် ခြေချော်ပြီး လဲသွားရာ မြင်းပေါ်မှ ပါလာသူသည် ထွေးခနဲ ကျသွား၏။ ကျောက်တုံးပေါ်က လူတွေက ပြေးဆင်းသွားကြသည်။ သူတို့အလယ်တွင် လဲကျနေသူက ထရုပ်သည်။ သူကား ယောကျ်ားမဟုတ်ပါ။ မိန်းမကြီးတစ်ယောက်သာ ဖြစ်နေတော့၏။ သူမ၏ လက်ထဲတွင် ရိုင်ဖယ်တန် ခြောက်လုံးပြူး ပြောင်းရှည်ကြီး တစ်လက်ကို ကိုင်လျက်သား တွေ့နေကြရ၏။

သူမ၏ခန္ဓာကိုယ်က သာမန်ကိုယ်လုံးထက် ပေါင်ချိန်များစွာ တိုးပြီးဝလွန်းလှသည်။ မျက်နှာကြီးက ပြဲသလောက် ကိုယ်အလေးချိန်ကို ထမ်းမ,ရသည့် ကမ္ဘာမြေကြီးအတွက် လေးလံလွန်းလှသည်။ မျက်နှာကတော့ ပြုံးနေသည်။ မြေပေါ်သို့ ထ,ရပ်လျှင် ရပ်မိခြင်း သူမက ပတ်ပတ်လည်ကို လေ့လာသုံးသပ်ခွဲခြမ်း





စိတ်ဖြာမှု အပြည့်ပါသော မျက်လုံးတို့နှင့် အကဲခတ်လိုက်လေသည်။ သူမ လွတ်မြောက်လာသဖြင့် ကြောက်ရွံ့ခြင်းကိုသော်လည်းကောင်း၊ စိတ်သက်သာရာ ရမှုကိုသော်လည်းကောင်း၊ ဖက်တီးမကြီး၏ မျက်လုံးထဲမှာ မမြင်ရပေ။ သူမ စကားပြောနေသောအခါ အသံသာသလောက် မာကျောသည်။ သူမသည် တရုတ်မြန်မာ ကပြားမကြီးတစ်ယောက် ဖြစ်၏။

"ဘုရားသိကြားမ,လို့ ရှင်တို့အထဲ ကျုပ် ရောက်လာရတာပါကလားတော်၊ ဒီမှာ တော်တို့ရဲ့ ကျုပ်က လွယ်မွေက လာခဲ့တာပဲ၊ ဒါထက် တော်တို့ဆီမှာ သောက်စရာကလေးများ မရှိကြဘူးလား၊ တော်တို့နဲ့ တွေ့တာ ဝမ်းသာပါတယ်"

ဂိုတ်တွင်းဝယ် ယောက်ယက်ခတ် ထိတ်လန့်မှုကိုယ်စီဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြသည်။ ဖက်တီးမကြီး ရောက်လာခြင်းအတွက် သူတို့ကို အနှောင့်အယှက် မရှိပါ။ သူမသည် ပါးစပ်ပြဲပြဲကြီးကို သွားငယ်ကလေးများပေါ်အောင် ပြုံးရင်းကပင် မင်းသော်ကို မျက်လုံးဝင့်ကြည့်လိုက်လေသည်။

"အဒေါ်ကြီးက ဘယ်လိုဖြစ်လာတာလဲ"

"လွယ်မွေက အနောက်ဘက်ကို ထွက်လာတယ်၊ ကျုပ်ယောကျ်ားလည်း ပါလာတယ်၊ ညနေဘက်လောက်လည်း ကျရော ကျုပ်ယောကျ်ားကိုပါ ဘာသောင်းကျန်းသူတွေလည်း မပြောတတ်ဘူး၊ ဝင်တိုက်တာ ကျုပ်ယောကျ်ားက



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးပြူးနဲ့ ပြန်ခုခံတယ်၊ ကျုပ်ကလည်း ကျုပ်ယောက်ျား ပေးထားတဲ့ သေနတ်နဲ့ ပြန်ပစ်တယ်၊ ကျုပ်ယောက်ျား ကတော့ ကျည်သင့် ကျန်ရစ်ခဲ့တယ်"

မိန်းမကြီး၏ အသံမှာ ခပ်ပေါ့ပေါ့ ထွက်နေသည်။ နေဟိန်းကတော့ တောင့်တင်းသော မြင်းကြီးနှင့် ပြည့်ဖောင်းနေသော မြင်းကုန်းနှီးအိတ်ကို စိုက်ကြည့်နေလေသည်။

"ကျုပ်နာမည်က မသက်ပန်တဲ့"

သူ့နာမည်ကိုသူ ဖက်တီးမကြီးက ကျူးရင့်လိုက်၏။ မေကြာညိုသည် မြေပြင်တစ်နေရာရှိ ကျောက်ဖျာတစ်ခုအောက်တွင် လဲလျောင်းနေလျက်က ထ,လာ၍ အနားသို့ ကပ်လာ၏။ ဖက်တီးမကြီးသည် မေကြာညိုကို အသေအချာ ကြည့်ပြီးသော် ...

"အလိုတော် ရှင်ဟာ ဦးနန်းထိုက်ရဲ့သမီးပဲ ဖြစ်ရမှာပဲ"

"ဒေါ်ဒေါ်က ကျွန်မအဖေကို သိလို့လား"

မေကြာညိုအံ့အားသင့်သွားသည်။ ကြောင်သွားသည်။

"မသိပါဘူး၊ သူ့အကြောင်းကို ကြားဖူးတယ်၊ သူ့ကိုမြင်ဖူးတယ်၊ သူဟာ လူချောကြီးတစ်ယောက်ပဲ၊ ကြောက်စရာလည်းကောင်းတယ်၊ ညည်းမျက်နှာဟာ သူ့မျက်နှာနဲ့တူတယ်၊ ဒါကြောင့် မေးတာ၊ ညည်းကလည်း တကယ်ချောတာပဲအေ့"

ဒေါ်သက်ပန်သည် ဘေးမှနားထောင်ကြသူများကို ဖြုံးဖြုံးကြီး လှည့်ကြည့်သည်။ ပြီးမှ ...





"ညည်းလိုလှတဲ့ လူတစ်ယောက်အတွက် ရမဲ့လူဟာ အတော်ကံကောင်းတာပဲ၊ အဲဒီလူဟာ ဘယ်သူဖြစ်မလဲတဲ"

ကျော်ကျော်ထိုက်၏ မျက်နှာသည် ခေါင်းအထက်များ ငယ်ထိပ်အထိ ထူပူသွားလေတော့သည်။ သို့ရာတွင် သူ့နှုတ်မှ ဂုဏ်ယူစကားက လွှတ်ခနဲ ထွက်သွားလေတော့သည်။

"မေနဲ့ ကျွန်တော်နဲ့က မကြာခင် လက်ထပ်ကြတော့မှာပါ"

ပြောပြီးမှ ပခုံးတွန့်လိုက်မိသည်။ မိမိကိုယ်ကို ဝင့်ကြွားရာများ ရောက်နေပြီလားဟု မလုံမလဲ ဖြစ်သွားမိလေသည်။ ဒေါ်သက်ပန်က အသံထွက်အောင် ရယ်မောလိုက်တော့၏။

"မင်းတို့ သူ့ဆီက ထွက်ပြေးလို့ ဦးနန်းထိုက် ခေါင်တွေပွနေတယ်လို့ ကြားရတယ်၊ အေးကွယ် ... ဦးနန်းထိုက်သာ မင်းကို မမိဘူးဆိုရင်တော့ မင်း ဒီကလေးမကလေးကို လက်ထပ်နိုင်မှာပါပဲ၊ သူက မင်းကို မိများသွားရင်တော့လား၊ မင်းကို နွားတွေ မြင်းတွေ နှိပ်တဲ့ သံပူတံဆိပ်နဲ့ မင်းကျောမှာ ကပ်ခံရမှာ မြင်မိသေးတော့တယ်"

စိတ်မာတက်ကျသွားခြင်းနှင့်အတူ မေကြာညို၏ မျက်နှာကလေးက ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ချာခနဲ လှည့်ထွက်သွားသည်။ ကျော်ကျော်ထိုက်သည် ပြန်ပြောဖို့စကားစ ရှာဖွေနေဟန်နှင့် ငိုင်တွေနေသည်။ ယင်းမှ သူ့ကိုယ်ကို တစ်ဖက်သို့လှည့်ပြီး မေကြာညို နောက်သို့ လိုက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နေဟိန်းက ကျောက်တုံးများကြားရှိ သူ့နေရာသို့ ပြန်သွား၍ မင်းသော်က ဒေါ်သက်ပန်၏ မြင်းကို ခေါ်ဖို့ဆင်းလာသည်။ သို့သော် ဒေါ်သက်ပန်က မြင်းကျောပေါ်တွင် ချိတ်ထားသော ကုန်းနှီးအိတ်များကြောင့် မြင်းကို မင်းသော် လက်ထဲသို့ ရုတ်တရက် အပ်ချင်ဟန် မတူပေ။ မြင်းက မြင်းကောင်းမျိုးသန့် ဖြစ်ပြီး မင်းသော် တစ်သက်တာတွင် တွေ့မြင်ရခဲ့သော မြင်းမျိုး ဖြစ်သည်။

အချိန်က တိတ်တောင်းလှချေသည်။ အရှေ့ဘက်တောင် စွယ်များ အထက်မှ လိမ္မော်ရောင် အရောင်တန်းပင် ပွင့်လန်းခဲ့လေပြီကော။ သောင်းကျန်းသူတွေက သူတို့ လွယ်ဂျယ်စမ်းပေါက်မှာ ရှိပြီး ဖြစ်သည်ကို သိကြပြီး ဖြစ်လိမ့်မည်။ ညကပင် ဒေါ်သက်ပန် နောက် လိုက်ခဲ့ကြပြီး မဟုတ်လော။ ဒေါ်သက်ပန်က မိန်းမသား တန်မဲ့ သတ္တိရှိစွာဖြင့် ခုခံရင်း ထွက်ပြေးကာ မိမိတို့ရှိရာသို့ တန်းဝင်လာခြင်း ဖြစ်လိမ့်မည်ဟု နေဟိန်း ယူဆမိ၏။ တစ်ညလုံး သူ ကောင်းစွာမအိပ်၊ သောင်းကျန်းသူများ၏ အခြေအနေ အသံဗလံ တွေကို နားထောင်နေသည်။

သားကောင်တစ်ကောင်ကို အမဲလိုက်ခွေးတွေက ဝိုင်းမိသောအခါ တစ်ချီတည်းမိပြီဟု စိတ်ချပြီးမှ ဝင်ရောက်ကိုက်ခဲသလို၊ မိမိတို့အားလည်း သူတို့က ဝိုင်းထားပြီးမှပင် စိတ်ချလက်ချ အမှည့်ခြွေခြွေပြီး ဝင်တိုက်လိုကြဟန် တူသည်။

ဒိုင်း ...





အလွန်အမင်း ကျယ်လောင်သော သေနတ်သံပါ။ ညိုးညံ့ခြင်း မရှိသမို့လည်း တောတစ်ခွင် တောင်အလုံး ဟိန်းမြ ကျယ်လောင်သွားခဲ့ဟန်တူပါပေ၏။ ခဲတောင့်မှုက လေထဲကူးသန်းကာ အောင်လွင်၏ ခေါင်းထက် ကျောက်တုံးတစ်တုံးကို ဝင်မှန်၏။ ကံကောင်းသည် နတ်မသည်ဟု ဆိုရလေမည်လား။ သူ့ခေါင်း အထက်ဝယ် လက်မအနည်းငယ်သာ ကွာလိုက်သည်။ ခဲတောင့်မှု၏ စိတ်ဆိုးမာန်ဆိုး ဖွဲ့ထုတ်မှုကြောင့် ကျောက်စတွေကွာကျလာ၏။

သူတို့နေရာယူရာ နောက်ဘက်တောင်ကုန်းအောက် ခြေဘက်မှလည်း သေမင်းတံခါးပေါက်သို့ အရောက် ခေါ်ငင်လိုက်သည့် မရဏဟစ်ကြွေးသံများလို သေနတ်သံများကို ကြားရသည်။

ပြီးတော့ ... ပြီးတော့ ... ဆိတ်ငြိမ်သွား၏။ ဆိတ်ငြိမ်လိုက်သည်မှ အတုံးလိုက် အခဲလိုက်၊ ဟော နေမင်းသူရိန်က ဝတ္တမြားသွေးနဲ့ တက်လာလေသည်။ နေထွက်လာတော့ မြူစာ လွှာတို့ ထွက်ပြေးပြီး အအေးဓာတ် လျော့လာ၏။ တစ်နာရီလောက် ကြာသွား၏။ နောက်တစ်နာရီ ကြာသွားပြန်သည်။

သည်တွင်မတော့ ရုတ်ခြည်း တဒိုင်းဒိုင်းမှသေနတ်သံများ ကြားရသည်။ ကျော်ကျော်ထိုက် ခွန်သာနှင့် မင်းသော်တို့ ပြေးလာကြ၏။ ဦးညိုမောင်သည် နေဟိန်းဆီသို့ မီးချောင်းတွား ဝပ်တက်လာသည်။

"မြင်းတစ်ကောင်တော့ ကွဲသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခွဲ့အသံကို နေဟိန်း အကဲခတ်မိ၏။ စိတ်ဆိုးသံနှင့် ပြောသံပါနေ၏။ နေဟိန်းက သူ့မြင်းကို စိတ်ပူသွားမိလေသည်။ ကိုညိုမောင်ကို ဖျတ်ခနဲ ကြည့်လိုက်၏။ ကိုညိုမောင်ကလည်း နေဟိန်း၏ အကြည့်ကို အဓိပ္ပာယ်ပေါက်သောကြောင့် ....

"ခင်ဗျား မြင်း မဟုတ်ဘူး၊ ကျွန်တော့်မြင်း"

ဟု ဆိုလိုက်၏။

"ဘာပဲဖြစ်ဖြစ် ဆုံးရှုံးတာခြင်းကတော့ အတူတူပဲ၊ ခင်ဗျား မြင်းမရှိရင် ခင်ဗျားလမ်းလျှောက်ရမှာပဲ၊ ခြေလျင်တောင် တက် အသင်းဝင်တွေလို လမ်းလျှောက်ကောင်းသမား တစ်ဦးလို ခင်ဗျား ဖြစ်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တာပဲ"

"ကျွန်တော် လမ်းလျှောက်မှာပဲ၊ မနိုင်ရင် လေးဖက်ထောက်သွားမယ်"

ကိုညိုမောင်က အားကျမခံ ပြောလိုက်လေသည်။

"အားလုံးကို အသက်နဲ့ကိုယ်တွဲပြီး လွတ်စေချင်တာ၊ ကျွန်တော့်ဆန္ဒပဲ ကိုနေဟိန်း"

တောတစ်ခုလုံး တိတ်ဆိတ်နေပေသည်။ နှင်းတွေမြူတွေ ပါးလွှားသွားတော့ ပြာလဲ့သော မိုးကောင်းကင်ကို မြင်နေရသည်။ နေရောင်ခြည်က နွေးထွေးလှပါလေ၏။ ကိုညိုမောင်က သူ့သေနတ်ကို ဆနေ၏။

"ကိုနေဟိန်း"





သူက အသံကို နှိမ်ခေါ်လိုက်သည်။

"ပြင်ပကု အကူအညီတော့ မျှော်ကိုးမနေနဲ့၊ ကျွန်တော်တို့အား ကျွန်တော်တို့ ကိုးရမှာဗျ"

အောင်လွှင်သည် စိတ်တိုစွာ လှည့်ကြည့်လိုက်၏။

"ဒီကောင်တွေ ဘာကြောင့်များ စောင့်နေကြပါလိမ့်၊ သူတို့တိုက်နိုင်ရက်သားနဲ့၊ ဘာကြောင့်များ မတိုက်ကြတာလဲ၊ လူမမြင်ရဘဲ ချောင်းပစ်နေတာကတော့ မိန်းမတွေအလုပ်ပဲ"

"အမယ်လေး ... မတိုက်မှာ မပူစမ်းပါနဲ့ဗျာ၊ သူတို့က အလောသုံးဆယ် မတိုက်ရဘူးဆိုတာ သူတို့ကိုယ်သူတို့ သိတယ်ဗျ"

အောင်လွှင် နှုတ်ဆိတ်နေလေသည်။ သူတို့က လူစုခွဲပြီး နေရာယူထားကြ၏။ ကျောက်ကျောက်ထိုက် နေရာယူထားရာအက်မှ သေနတ်ပစ်သံတစ်ချက် ကြားရပြီးနောက် တိတ်ဆိတ်သွားလေတော့သည်။

နံနက်ခင်း လေပြည် တိုးဝှေ့မှုကြောင့် သစ်ပင်သစ်ရွက်တို့ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်သံမှလွဲပြီး အခြား မည်သည့် အသံမှ ပေါ်မလာချေ။ နေရောင်က ပျံ့ပြုလှချေသည်။

ကိုညိုမောင်က တစ်နေရာမှ တစ်နေရာ ပြောင်း၍ သူ့လူတွေ နေရာယူထားကြသည်များကို လိုက်လံစစ်ဆေးနေလေသည်။ အောင်လွှင်က ရိုင်ဖယ်သေနတ်ကို မ,လျက် နေရောင်ခြည်ကို မျက်ခွံများ ကြုတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးကတော့ တော်တော်ကလေး သဘောကောင်းတဲ့ ကောင်မလေးပါ"

သူက ရုတ်တရက် ပြောလိုက်လေသည်။ သူ့စကားကို နေဟိန်းက နားလည်သဖြင့် "အေးပေါ့ကွာ ... အိပ်ရှင်မကောင်း ပီသမဲ့ဟာကလေးပဲ"ဟု ထောက်ခံ ကောက်ချက်ချလိုက်လေသည်။

"ကျွန်တော်သာ အမှုထက် အသက်နည်းနည်း ကြီးလာရင်တော့ ခင်ဗျားပြောတဲ့စကားကို အရမှတ်ယူလိုက်မှာပဲ ကိုနေဟိန်း"

သူသည် ရိုင်ဖယ်သေနတ်ကို မ,ပြီး သူတို့လှုစနောက်ရှိ ကျောက်တုံးတစ်တုံး၏ မျက်နှာပြင်ကို မသိမသာချိန်နေ၏။ ထိုနောက် သေနတ်မောင်းကို ညှစ်ချလိုက်သည်။ ကျောက်တုံးများနောက်ကွယ်မှ နာကြည်းထိတ်လန့်စွာ အော်သံပေါ်လာသည်နှင့် ရှေ့ဆင့်နောက်ဆင့် ထိုကျောက်တုံးဘက်သို့ပင် နေဟိန်းက သူ့ကာဘိုင်နှင့်လှည့်ပြီး သုံးလေးချက် ထပ်မံပစ်သွင်းပေးလိုက်သည်။ တစ်ဖန်ကျောက်တုံးပေါ်ကို ကျော်ပစ်လိုက်ပြန်လေသည်။ နောက်ထပ်အသံတွေ ပေါ် လာတော့။

"ကျွန်တော် စကားတစ်ခုတော့ လက်ကိုင်ထားတယ်၊ ဘယ်သူမပြု မိမိမှုတဲ့၊ မိမိကစရင် မိမိဘဲခံရမှာပဲ၊ အခုသူတို့ကစတော့ သူတို့ဘက်ကလည်း တစ်ယောက်ပူဖော်သွားရပြီပဲ"





လုံခြုံမည်ဟုထင်ရသော နေရာတစ်နေရာကို နေဟိန်းက အကာအကွယ် ပြန်ယူလိုက်သည်။ ပြီးတော့မှ ထရပ်လိုက်၏။

"ကိုင်း ... မောင်အောင်လွင်၊ မောင်ရင် ဒီမှာနေခဲ့ပေဦးတော့၊ သူတို့ အခု ကြောက်ချင့်ကြောက်နေလိမ့်မယ်၊ ဒါပေမဲ့ မင်းကသာ ဂရုစိုက်ပေါ့ကွာ၊ ဟိုကောင်မလေးဟာ လှပါတယ်၊ တကယ် သဘောလည်း ကောင်းပါတယ်၊ ကောင်မလေး သဘောကောင်းတာ လှတာကို မင်း နားထောင်ချင်တယ် မဟုတ်လား"

သူက စကားအဆုံးဝယ် သွားဖြဲလိုက်၍ ကျောက်တုံးများမှာ ဆင်းသက်လာသည်။ ကော်ဖီသောက်ဖို့ရန် မီးပုံနားတွင် သူရပ်လိုက်လေသည်။ ပြီးလျှင် တင်ပျဉ်ခွေ ထိုင်ချလျက် စဉ်းစားနေ၏။ သူ စဉ်းစားသည်က မြင်းတွေ၏အကြောင်း၊ လူဦးရေနှင့် မမျှအောင် မြင်းက နည်းနေရသည့်အထဲ မြင်းတစ်ကောင် သေသွားတိုင်း လူတစ်ယောက်အတွက် ခြေလျင်ခရီးဆက်ရမည်သာ ဖြစ်၏။ သည်လမ်းကန္တာရက ကြမ်းတမ်းလေရာ ခြေလျင်နှင့်သာ သွားရမည်ဆိုသော် လူတစ်ယောက်၏အသက်သည် ရှိရင်းစွဲထက် ပိုမိုတိုတောင်းမည် ဖြစ်၏။

ညွန့်တင်က မီးပုံနားလျှောက်လာ၍ ကော်ဖီအိုးကို မ,ယူလိုက်သည်။ နေဟိန်းက ငနဲကို မသိမသာ မျက်စိဝေ့ကြည့်သည်။ သည်ငနာကောင်ကို သူ မနှစ်မြို့၊ ဘဝင်မခိုက်၊ တစ်ယောက်ချင်း ပြဿနာမပေါ်လိုသဖြင့်သာ အောင့်အည်းနေရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခွန်သာနှင့် ပတ်သက်ပြီး ညွန့်တင်နှင့် နေဟိန်း ဝိရောဓိစကားတွေ ဖြစ်လာသည်။

ညွန့်တင်သည် သောက်လက်စ ကော်ဖီခွက်ပေါ်မှ သူ့အကြည့်ကို ကျော်လွှားသည်။ ညင်းညင်းသာသာ တိုင်းထွာသောအကြည့်၊ သူမြင်သည်ကို စိတ်ထဲ ဘဝင်မကျပါ။ သူ့ရှေ့မှ ခပ်အေးအေး ခပ်တည်တည် လူစားမျိုးများသည် သတ်စရာ၊ ဖြတ်စရာ၊ တိုက်စရာ၊ ခိုက်စရာ ရှိလျှင် သွေးအေးအေးနှင့် တိုက်ခိုက်သတ်ဖြတ်တတ်ကြောင်း သူ သိထားသည်။

သို့သော် ... ညွန့်တင်ကလည်း သူ့သတ္တိနှင့် သူ့အင်အားကို ယုံစားသည့် အတွက်ကြောင့် ...

"အေးပေါ့၊ ကျုပ်လျှောက်တဲ့လမ်းမှာ ခင်ဗျားခံနေခဲ့လို့ ရှိရင်လည်း ကျုပ် သေနတ်ကို ဆွဲထုတ်ပြီး ခင်ဗျားရဲ့မြှုပ်သင့် မြှုပ်ထိုက်တဲ့ နေရာထဲကို ခဲတောင့်မှ မြှုပ်ပေးလိုက်ရုံပဲပေါ့"

သူက မထေမဲ့မြင် တန်ပြန်ပြောသည်။

"အဲဒါ ဘယ်တော့လဲ"

နေဟိန်းက ခပ်တည်တည် မေးလိုက်၏။ အသံကတော့ ပျော့သည်။ သွေးအေးသည်။

ညွန့်တင်က သူ့ကို စူးစူးဝါးဝါး ကြည့်သည်။ ယင်းနောက် ခေါင်းကို ခါယမ်းပြလိုက်၏။

"ကျုပ် လုပ်ရမဲ့ အချိန်ကျမှ ကျုပ်လုပ်မှာပေါ့၊ ခင်ဗျားသာ ကျုပ်လျှောက်မဲ့လမ်းကပဲ ကင်းကင်းနေပါ"





သူ့အတ္တဘောကြီးကို အရပ်ရှစ်မျက်နှာအနက် တစ်မျက်နှာသို့ ပြောင်းရွှေ့လှည့်ပေးကာ ဂျစ်ကန်ကန်သမားကြီးက ထွက်သွားသည်။ သည်လိုအချိန်မှာ တတ်နိုင်သရွေ့ သည်းခံပြီး ပဋိပက္ခ မှန်သရွေ့ကို ရှောင်မှသာ တော်လိမ့်မည်ဟု နေဟိန်း စဉ်းစားမိသည်။ နေဟိန်းက စိတ်မကောင်းစွာ တွေးပြီးလျှင် သက်ပြင်းကို ခပ်လေးလေး ချလိုက်၏။

သည်အခိုက် သူ့တစ်ကိုယ်လုံးရှိ သွေးကြောတို့က ရှန်းကန်ထသွားသည်ဟု ထင်ရ၏။ တိုက်ပွဲက စတင်လိုက်လေပြီ။

တရစပ် မြည်ဟီးလာသော သေနတ်သံများသည် ရုတ်ခြည်း ထွက်ပေါ်လာသည်။ တောထဲမှ ပုန်းအောင်းနေကြသော သောင်းကျန်းသူများသည် တစ္ဆေသူရဲတွေလို ဟစ်အော်ကြွေးကြော်လျက် ဘွားခနဲ ပေါ်ထွက်လာကာ ကွင်းပြင်ကို ဖြတ်ပြေးတက်လာသည်။ သူတို့ဆီမှ သေနတ်သံတွေနှင့်အတူ ကျည်မိုးရွာချသည်။ ဒါတွေတင်မက ဒူးလေးမှ လွှတ်လိုက်သော မြားတံတွေက ရှီခနဲ, ရှီခနဲ သေမင်း၏ ရယ်မောသံအလား အော်မြည် ပြေးလာကြ၏။

ခဏသာတိုက်ပြီး ရုတ်တရက် ပြန်လည်ပျောက်ကွယ်သွားကြသည်။ သည်လောက် မြန်ဆန်၊ သည်လောက်လျင်လှသည့် အုပ်စုများဖြစ်သည်။ ရုတ်တရက်ပေါ်လာ၊ ရုတ်တရက်တိုက်၊ ရုတ်တရက် ပျောက်ကွယ်သွားရသော အလုပ်သည် လွယ်ကူသောကိစ္စ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ စစ်အင်အားသဘောအရ လူလုံးနှင်လည်းကောင်း၊ ကျွမ်းကျင်မှုကိုလည်းကောင်း ခြောက်ပြလိုက်ခြင်းဖြစ်ဟန်တူ၏။ နေဟိန်း အယူအဆကတော့ ရန်သူသည် သူတို့နှင့် နီးကပ်နေပြီဟူ၍ ...။

နောက်ထပ် မြင်းတစ်ကောင်မှာ ကံခေပွန်းသဖြင့် ဒူးလေးမြားတံတစ်ချောင်းက လည်ပင်းဖောက်ဝင်မှန်ခံရပြီး သေဆုံးသွားသည်။ နေဟိန်းက ဒေါသနှင့် ပစ်ပစ်နှစ်နှစ် ရက်ရက်ရောရောကြီး သောင်းကျန်းသူတွေကို ဆဲရေးတိုင်းထွာမိ၏။

ရန်သူတွေက ခြေကိုအားကိုးပြီး မိမိတို့သွားရအောင် အမှည့်ခြွေ ခြွေကြမည့်နည်းကို သိထားကြဟန်တူသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းက လွှမ်းနေသလို လူတွေအားလုံးက နောက်ထပ် တိုက်စစ်ဆင်လာမည်ကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ကြည့်နေကြသည်။ တောအုပ်ထဲသို့ သိန်းငှက်မျက်လုံးများပမာ စူးစူးရဲရဲ စူးစမ်းရှာဖွေကြသည်။ ကိုညိုမောင်က စို့ထွက်လာသော ဖောရွှေးတွေကို လက်ဖြင့်သတ်ချသည်။ သူတို့လမ်းမှာ ဖြတ်အတိုက်ခံရခြင်းကို ပြန်တွေးနေမိ၏။

“တောက် ... မြန်လိုက်တဲ့ အကောင်တွေကွာ။ ဘယ်သူမှ ပြန်မပစ်နိုင်ခင် သရဲတစ္ဆေလို ပျောက်သွားတာပဲ”

“ကျွန်တော်တို့ အချိန်ဖြုန်းနေတာပါ၊ စိုက်ခေါင်ကိုသွားရင် ရရက်သားနဲ့”

“ဘာလဲဗျ ... ခင်ဗျားတို့ အဖွဲ့လို ဖြစ်ချင်လို့လား”





ဦးမြင့်မိုးက အပြော၊ နေဟိန်းက ထွေမေးကလေး မေးလိုက်၏။

“ဒါကတော့ မတော်တဆပါ၊ နောက်ထပ် ဘယ်တော့မှ ဒီလိုအတိုက်မခံရအောင် လုပ်ရမှာပေါ့”

ဦးမြင့်မိုးက စိတ်ဆိုးမာန်ဆိုး ပြန်ပြောသည်။

“အေးပါ ... အေးပါ၊ သောင်းကျန်းသူတွေ တိုက်တယ်ဆိုတာ မတော်တဆကြီးပါပဲ”

မင်းသော်နှင့် ခွန်သာက တစ်ပြိုင်တည်းလိုလို တောအုပ်စပ် တစ်နေရာသို့ ဒိုင်းခနဲ၊ ဒိုင်းခနဲ လှမ်းပစ်လိုက်ကြစဉ် နောက်မှ ကျော်ကျော်ထိုက်၏ ကျည်တောင့်လွှတ်သံကလည်း ဒိုင်းခနဲပေါ်လာ၏။ ကျည်ဆန်သုံးခုစလုံးက လိုရာကို တစ်ခဏချင်း ရောက်သွား၏။ လူတစ်ယောက်၏ အော်သံနှင့်အတူ ဟိုးအဝေးသစ်ပင်ပေါ်မှ သောင်းကျန်းသူတစ်ယောက် ပြုတ်ကျသွားသည်ကို မြင်လိုက်ကြရလေသည်။

“လှလိုက်တဲ့ ရှုကွက်ပဲဗျို့၊ သစ်သီးကြွေကျတဲ့အတိုင်းပဲ”

မင်းသော်သည် အားပါးတရ အော်လိုက်မိလေသည်။

“ဒီကောင်တွေကို သတိထားနေဖို့ ပညာပေးလိုက်တာပဲ၊ ဒါမှ ခွေးကောင်တွေ အနားတိုးမလာရဲမှာ”

နေဟိန်းက တံတွေးတစ်ချက်ထွေး၍ မင်းသော်စကားကို ဖြည့်စွက်လိုက်မိလေသည်။ မိနစ်တွေက တစ်မိနစ်ပြီး တစ်မိနစ် ကျော်လွန်သွားသည်။ နေရှိန်က တဖြည်းဖြည်း ရင့်ရော်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ တစ်နေ့ကုန်ခါနီးလေပြီ။ နေမင်းဖန်ဝါက နေ့ကိုစွန့်လွှတ်လျှင် ညအမှောင်က ချဉ်းနင်းကပ်ငြိလာတော့မည့် ညအချိန်က ရန်သူအား တစ်စစ ဝပ်တွားတက်လာဖို့ အားပေးလာလိမ့်မည်သာ။ နေဟိန်းက အအားမနေ၊ သူ့လူတွေကို တစ်နေရာပြီး တစ်နေရာ လှည့်လည်စစ်ဆေးကြည့်ရှုလေသည်။ သူတို့ နေရာယူထားသည်က ကိုက်အတော်များများ ကျယ်ဝန်းသည်။

သို့တမင့်ငြားလည်း လာရာက် တိုက်ခိုက်သူတွေအတွက်တော့ လက်ရဝင်တိုက်ဖို့ ခဲယဉ်း၏။ အချိန်အတော်ကြာသည်အထိ သေနတ်သံသော်လည်းကောင်း၊ မြားတစ်စင်းတလေသော်လည်းကောင်း၊ ထွက်မပေါ်လာခဲ့။ ရိပ်ခံနဲ့ တောအုပ်တစ်နေရာ၌ ဖြတ်ပြေးသော သောင်းကျန်းသူတစ်ယောက်ကိုသာ ကျော်ကျော်ထိုက်က လှမ်းပြီး လက်တည့်စမ်းလိုက်သည်။ ကျည်ဖူးက အရာမရောက်ဘဲ ချော်ထွက်သွားလေသည်။ နေသည် တစ်စ,တစ်စ အနောက်သို့ စောင်းကျသွားချေပြီတည်း။

မီးပုံအားတွင် တင်ပျဉ်ခွေထိုင်လျက် နေဟိန်းသည် သူ့ချက်ကို လက်များထဲ၌ ပွတ်သပ်နေသည်။

ကော်ဖီနှင့် မီးသည် ပုလဲနံ့ပ များစွာသင့်သော အရာများဖြစ်သည်။ သည်နေရာနှင့် သူကတော့ သင့်မြတ်သည် မဟုတ်၊ အကျိုးမထူးသော တိုက်ပွဲတစ်ရစ်ကို ဖန်တီး၍ သူ့အသက်ကို သည်မှာ အသေမခံချင်ပါ။ အချိန်ရှိ၍ အခွင့်အရေးရလျှင် ထွက်သွားချင်၏။ သောင်းကျန်းသူတွေ ဝိုင်းမထားလျှင်သော်လည်း





ကောင်း၊ သူ့အား ဆည်ကလူစုက ထွက်သွားဖို့ တိုက်တွန်းခဲ့သော်လည်းကောင်း သူ ထွက်သွားဖို့ အဆင်သင့် ဖြစ်၏။

"မေတို့ ဒီကထွက်ကြမလား"

မေကြာညိုသည် အချိန်ဆရခက်သော မေးခွန်းပုစ္ဆာတစ်ခုကို တွက်ခိုင်းလာလေသည်။ သူကတော့ ပြီးစလွယ် ဖြေလိုက်၏။

"ကျုပ်တို့ ထွက်ကြမှာပဲ"

"မဟုတ်ဘူးလေ ... လူတွေအားလုံး အသက်နဲ့ကိုယ်မြဲပြီး ထွက်နိုင်ကြပါ့မလားလို့ မေးတာပါ၊ အပြင်မှာ သောင်းကျန်းသူတွေ ဒုနဲ့ဒေးပဲ မဟုတ်လား"

"ဒါတော့ မပြောနိုင်ဘူးလေ"

"မေတော့ ဖေဖေ့အကြောင်းပဲ တွေးနေမိတယ်။ သူ ... သူ မေ့ကို လိုက်ရှာမှာပဲနော်"

"အေးပေါ့ ... ကျုပ်သာ သူဆိုရင် လိုက်ရှာမှာပဲ"

"ဘာကြောင့် လိုက်ရှာမှာလဲ၊ မေက ကိုကျော်ကျော်ထိုက်ကို ချစ်တယ်၊ သူ့ကို လက်ထပ်ဖို့လည်း ရည်ရွယ်ပြီးသား"

"ဘာကြောင့် လိုက်ရှာမလဲ ဆိုတာတော့ ခင်ဗျားအဖေလည်း ဖြေတတ်မှာပဲ"

"ရှင် ... ကိုကျော်ကျော်ထိုက်ကို မကြည်ဘူးလား"

မေကြာညိုက သွေးတိုးစမ်းသံနှင့် မေးခွန်းထုတ်၏။ နေဟိန်းသည် ပခုံးကို တွန့်သည်ဆိုရုံမျှ တွန့်ပြလိုက်က ...

www.burmeseclassic.com



"သူ့ကိုတော့ ကျုပ် ကြည်တယ် မကြည်တယ် မသိဘူး၊ သူ့အကြောင်းလည်း မသိဘူး၊ သူဟာ လူကောင်းတစ်ယောက်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားအတွက်တော့ မဟုတ်ဘူးပေါ့လေ"

"ရှင်လည်း ကျွန်မအကြောင်းကို မသိပါဘူး"

"အေးလေ ... ခင်ဗျားအဖေက ဒီနယ်မှာ ခင်ဗျားအတွက် ဘာတွေလုပ်ထားဖို့ ရည်ရွယ်ထားတယ်ဆိုတာ ခင်ဗျားနားလည်လာတာနဲ့ ခင်ဗျားစိတ်ဟာ ပြန်ကောင်းလာမှာပဲ"

"အို ... ကျွန်မအတွက်ဆိုတာ မစဉ်းစားချင်ပါဘူး၊ ကျွန်မမျက်စိရှေ့မှာပဲ သူဟာ လူတစ်ယောက်ကို သတ်ထားခဲ့ပြီပဲ"

"အေး ... ခင်ဗျားအဖေ့တွင် မဟုတ်ဘူး၊ ကျုပ်တို့အားလုံး ဒီနေရာက မထွက်မီကလေးမှာ အားလုံး လူသတ်သမားတွေ ဖြစ်ကုန်ကြမှာပဲ၊ ဒါမှမဟုတ် ကျုပ်တို့အားလုံး တစ်ပါးသူရဲ့ အသတ်ကို ခံကြရမှာ"

"ဟုတ်လိုက်တာကြီး"

"ဟုတ်တာပေါ့ ... လောကမှာ တိုက်ပွဲခိုက်ပွဲ ဖြစ်လာရင် သူ မသတ်ရင် ကိုယ်က သတ်ရမှာပဲ၊ ခင်ဗျားအဖေလည်း ဒီလိုပဲ သေတဲ့လူနဲ့ ရန်ဖြစ်လို့ ဟိုကမသတ်ရတောင် သူက သတ်ရမှာပဲ၊ လူဆိုတာ ရေစီးတစ်ခါ ရေသာတစ်လှည့် ဦးသူနိုင်တမ်းပဲ"





"ဒါပေမဲ့ ကျွန်မ အဖေသတ်တာက ကလေးလေးပါ၊ ကလေးမှ တကယ့်ကလေး"

"အား ဟား ... ကလေးလည်း လူကြီးသေနတ်ကိုယူပြီး ပစ်နိုင်တာပဲ မဟုတ်လား"

စကားအဆုံးတွင် နေဟိန်း ထ,ရပ်လိုက်လေသည်။

"အေးလေ ... ကျုပ်တို့ရဲ့ အမိ မြန်မာပြည်အတွက် သတ္တိရှိတဲ့ ယောက်ျားတွေ လိုနေတာပဲ၊ ယောက်ျားမှန်ရင် အတိုက်အခိုက်နဲ့ မကင်းဘူး၊ ယောက်ျားမားသွေးနေတဲ့အချိန်မှာ မိန်းမသားမွေးရမဲ့ အချိန်မဟုတ်ဘူး၊ အားပေးရမဲ့ အချိန်ပဲ၊ ပြီးတော့လည်း မိန်းမမှန်ရင် တောင့်တင်းသန်မာတဲ့ သားကောင်းရတနာတွေ မွေးဖွားရမှာပဲ"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## ၈

အိပ်သောနေရာကို ထပ်မံရွေးချယ်လိုက်သည်။ ရေ
ကန်၏ နံဘေးတွင် နေဟိန်းက သူ့အိပ်ရာကို ဖြန့်ခင်းလိုက်၏။
ညက အေးစက်ချမ်းမြလှသည်။ လေသည် အေးအေးစိမ့်စိမ့်တိုက်
ခတ်နေလေသည်။ သူက အိပ်ရာထက်တွင် လဲလျောင်းရင်းက
မှိတ်တုတ်တုတ် ကြယ်ပွင့်ငယ်တို့ကို ကြည့်နေမိသည်။ အမျိုးအမည်
မသိသော အဖြေကိုလည်း စိတ်ထဲကျိတ်ရှာနေမိ၏။ နောက်တော့
လက်လျှော့လိုက်ရ၏။ ကိုယ်ကိုဘေးတစောင်းလှဲပြီး မှေးခနဲအိပ်
ပျော်သွား၏။ သို့သော် ရုတ်တရက် သူ ပြန်လန့်နိုးလာသည်။
လှုပ်ရှားသံတစ်ခုခုက သူ့အပေါ်သို့ လွင့်လာ၏။ အားလုံးအိပ်ပျော်
နေကြပြီမို့ မည်သူများ လှုပ်ရှားလေသည်။ သူက အတတ်နိုင်ဆုံး
ငြိမ်ထားသလို သူ့နားတွေကို မှောင်ထဲသို့ အစွမ်းကုန် ဖွင့်ထား၏။

အိပ်ပျော်နေသူများ၏ အသက်ရှူသံ၊ ဟောက်သံ
များက ပေါ်ပေါ်လာသည်။ သူက စောင့်စားနေသည်။ မျက်လုံး





တွေကို ဖြဲထားလေရာ ရုတ်တရက်ပင် လှုပ်လှုပ်ရှားရှား အသံ
တစ်ခုက ထပ်မံပေါ်လာ၏။ သည်တစ်ခါတော့ ပိုမိုနီးကပ်စွာ
ပေါ်လာရခြင်းဖြစ်၏။

ရေအိုင်နားတွင် တစ်ခုခုက လှုပ်ရှားနေပြီး သဏ္ဌာန်
မည်းမည်းတစ်ခုက ဖြည်းညင်းစွာ ထ,ရပ်လာပြီးနောက် မတုန်
မလှုပ်၊ စက္ကန့်အတော်ကြာအောင် ရပ်နေလေသည်။ သဏ္ဌာန်ပိန်
ပိန်ပါးပါးမဟုတ်၊ ခန္ဓာအစုအဝေးက ထွားကျိုင်းကြီးမားသည်။

"မြတ်စွာဘုရား ဒေါ်သက်ပန်ကြီးပါကလား"

တကယ်တော့ ဒေါ်သက်ပန် သည်နေရာတွင် မရှိ
သင့်။ ပြီးတော့ ခိုးကြောင်ခိုးဝှက်လည်း မသွားမလာသင့်၊ နေဟိန်း
စိတ်ထဲသိချင်စိတ် ပြင်းပြလာသလို ခေါင်းထောင်လာသည်။
ဒေါ်သက်ပန်၏ လက်ထဲတွင် မြင်းကုန်းနှီးများ ရှိနေသည်။ သူ့
အနားတွင် အသံမပြုဘဲ တိတ်တဆိတ် သွားလာခဲ့သည်။ မိချောင်း
တစ်ကောင်အလား သူ့အနီးမှ ဝပ်တွားကာ ရေအိုင်၏ တောင်ဖက်
ကျောက်တောင်များဆီသို့ ဦးတည်လိုက်သည်။

သူမ ပျောက်ကွယ်သွားပြီးနောက် ခဏအကြာ သံ
ကိုသံချင်း ထိခိုက်သံ ကြားလိုက်ရ၏။ နေဟိန်း ထ,ရပ်ခဲ့မိလေ
ပြီ။ ပြီးတော့ လိုက်သွား၏။ သည့်နောက် တန့်ရပ်သွား၏။ သူမ
သည် ဘာသဘောနှင့် ဘာတွေလုပ်နေပါသနည်း။ သူမ လုပ်ကိုင်ပုံ
တွေက အကြိုးဝင်ချင်လည်းဝင်မည်။ မဝင်ဘဲ နေချင်လည်းနေ
မည်။



www.burmeseclassic.com

www.burmeseclassic.com



သူက တွေးတောပူပန်လျက် စိတ်သန္တာန်မှာ အဖြေကိုရှာဆဲ သူမ ပြန်လာ၏။ သည်တစ်ခါတော့ လက်ထဲမှာ မြင်းကုန်းနှီးအိတ်များ မရှိတော့ပြီတကား။

သည်မြင်းကုန်းနှီးအိတ်တွေက အလွန်လေးလံပုံရသည်။ ဒေါ်သက်ပန်ကတော့ သန်မာတောင့်တင်းသည်မို့ ယူနိုင်သည်။

ဒါကြောင့်လည်း မြင်းပေါ်မှ ယင်းအိတ်တွေကို အလျှင်အမြန် ဆွဲချယူနိုင်ခဲ့၏။ အိတ်များကို လေးလွန်းသဖြင့် သူမကလွဲပြီး မည်သူမျှ ယူနိုင်ခဲ့သည် မဟုတ်ပေ။ ယခုအခါ အိတ်တွေကို ယူလာပြီး ဖွက်ထားပစ်ခဲ့လေပြီ။

သူမ လုပ်ကိုင်ပုံတွေက ထူးဆန်းသည်။ စိတ်ဝင်စားဖို့ ကောင်းသည်။ သူမ သို့မဟုတ် ဒေါ်သက်ပန်သည် မည်သူများ ဖြစ်လေဘိသနည်း။ သူမ ဘယ်ကလာလေသနည်း။ သူမ ပြောသလို လွယ်မွေက လာလိမ့်မည်တော့ မဟုတ်။ ပြီးတော့လည်း မကြာညိုကို သူမအဖေက ရှာနေရအောင် ဒေါ်သက်ပန်က ဘယ်ကဲ့သို့များ သိလေသနည်း။ သိလေသနည်း။

သည်သို့ တွေးတောရအောင် သူ့အလုပ်မဟုတ်ဟု နေဟိန်းက သူ့ကိုယ်သူ ပြောမိပါသေး၏။ ဒါပေမဲ့ အိတ်တွေကို တွေးမိလေတိုင်း သည်မျှလေးလံသော အိတ်များထဲတွင် ဘာတွေများ ရှိလေသနည်းဟု တွေးမရအောင် ဖြစ်နေ၏။ ရွှေမှတစ်ပါး အခြား[illegible]အရာတော့ မဖြစ်နိုင်ပါချေ။ ရွှေမှလွဲပြီး အခြားပစ္စည်းဆိုက သူမ ဖွက်လိမ့်မည်မဟုတ်။





သူကလွဲပြီး အခြားသူ တစ်ဦးဦးကကော သူမအား မြင်တွေ့သွားခဲ့လေပြီလား။

အချိန်အတော်ကြာသည့်တိုင်အောင် သူ အိပ်မပျော်ပါသေး၊ ပြီးမှ တစ်စတစ်စ ငိုက်မြည်းလာ၏။ နောက်တစ်ကြိမ် သူ့မျက်လုံးများကို ဖွင့်လိုက်သောအခါ အရှေ့ပြင်လွှာတွင် မီးခိုးရောင်ဖျော့ဖျော့ကလေးက ယှက်သိုင်းဖွဲ့ဝန်းလာပြီ ဖြစ်၏။ သူက ချက်ချင်းထ,ရပ်ကာ အောက်ခြေရှိ ရေကန်ကလေးသို့သွားပြီး သွားတိုက် မျက်နှာသစ် လက်ဆေးသည်။

ရေက အေးစက်သော်လည်း သူက ရေအေးကို ကြောက်သူ မဟုတ်ပါ။ မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်ပစ်လိုက်လေသည်။ ဆံပင်များကို နောက်သို့ လက်ချောင်းများနှင့် ထိုးဖွပစ်လိုက်လေသည်။

မင်းသော်က သူ့ဆီသို့ လျှောက်လာ၏။ သူလည်း နိုးလာချေပြီကော။

"အားလုံး ငြိမ်နေတာပါပဲဗျာ"

ယွန်ဆွန်မာတ်မီးခြစ်ကလေးကို ခြစ်လျက် သူ့စီးကရက်ကို မီးညှိလိုက်၍ မျက်လုံးထောင့်မှပဲ နေဟိန်းကို စွေကြည့်လိုက်လေသည်။

"ဒီလိုငြိမ်တော့လည်း ကျုပ်တို့ ကောင်းကောင်း နားခိုအိပ်စက်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မင်းသော်သည် သူ့လိုပဲ မျက်နှာသစ်၊ ကိုယ်လက်ဆေးကြောရန် ထွက်သွားရာ သူသွားရာကို နေဟိန်းက လိုက်လံကြည့်နေလေသည်။





ကျောက်တုံးများရှိရာ အလယ်ဘက်သို့ နေဟိန်းသည် တက်သွားလေသည်။ ဝန်းကျင်တစ်ခုလုံး အလွန်တိတ်ဆိတ် နေလေသည်။ တောတန်းတောအုပ်များနှင့် ကွင်းပြင်တစ်ခုလုံး လှုပ်လှုပ်ရှွရှွ တစိုးတစိမျှ မရှိအောင် ငြိမ်ချက်သား ကောင်းလှသည်။

ပသို့ပဲဖြစ်စေ သောင်းကျန်းသူတွေကတော့ ဝိုင်းထားမြဲ ဝိုင်းထားပေကြမည်။ အလျော့ပေး ထွက်သွားကြလိမ့်မည် မဟုတ်ပါ။ ရုတ်ခြည်း ဝင်တိုက်ချင်လည်း တိုက်ကြပေလိမ့်မည်။ ငှက်ငယ် ကလေးများသည် တစိုးစိုးတစီစီ အော်မြည်ပြီး ဟိုသစ်ပင်သည် သစ်ပင် ခုန်ကူးနေကြ၏။

မောတို့၏ ကမ္ဘောဇ နံနက်ခင်းနုနုကို နေဟိန်းက ချစ်မိလေသည်။ ငှက်သံကလေးတွေကလွဲပြီး ကွင်းပြင်ရော၊ တောအုပ်မှာပါ လှုပ်ရှားချက် မရှိအောင် ငြိမ်ဆိတ်မှုကပင် သူတို့အား ခြောက်လှန့်သလို ဖြစ်နေလေသည်။ အနာဂတ်တွင် မိမိတို့သည် နေ့သူကို ကျော်ဖြတ် ရှန်းနိုင်ကြဦးမည်လား။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်ဝယ် ဒေါ်သက်ပန်၏ တိတ်တဝှက် လှုပ်ရှားပြုမူချက်များကို နေဟိန်း ခေါင်းထဲ အတွေးက ဝင်ရောက် အသိပေးလာသည်။

ဖျတ်ခနဲ လှုပ်ရှားသွားသော လှုပ်ရှားမှု တစ်ခုကြောင့် သူ့မျက်လုံးတွေက ထိုလှုပ်ရှားမှုကို စိုက်သွားမိ၏။ သူက ကာတိုင် သေနတ်ကို အဆင်သင့် ကိုင်ထားသည်။ အရေးရှိက အသုံးပြုရန်။

"ဘာမှတော့ ဖြစ်မလာပါ"

ဒါပေမဲ့ ဟိုချုံပုတ်နောက်မှာ တစ်ခုခုတော့ ရှိနေရမည်။ အသက်ထင်ရှား သတ္တဝါ တစ်ခုခုပေလား။

သူမ ဝှက်ထားသော နေရာမှာ ရွှေများရှိလေမည်လား။ နေဟိန်းက သူရောက်နေရာမှ စိုက်ကြည့်နေမိလေသည်။ ဟော ...ဒေါ်သက်ပန်ကြီးက မိနစ်ပိုင်းအတွင်း ထိုနေရာမှ ထွက်လာ၏။ နေဟိန်းကိုတော့ မမြင်ပါပေ။

မီးပုံက မီးကို မွှေးလိုက်သောကြောင့် မီးခိုးတန်းက လေးတွေက တလူလူ ထလာသည်။ မီးမွှေးသူမှာ မေကြွာသိုမှ လွဲပြီး သိတာဝင်းတော့ ဟုတ်မည်မထင်။

ညွန့်တင်က ရိုင်ဖယ်သေနတ်ကို ချိုင်းတွင် ညှပ်ရင်းက မီးဖိုထားရာဘက်သို့ လျှောက်လာ၏။ ဒေါ်သက်ပန်က သူမ၏ခေါင်းရှိ ဆံပင်များကို ဘီးနှင့်ဖြီးချနေသည်။ တစ်ခုသော သူမ အကြောင်းကို နေဟိန်းက တွေးနေလေသည်။ သူမဟာ အန္တရာယ် ပေးနိုင်သော မိန်းမသားတစ်ယောက်တည်း။ ယောက်ျား တစ်ယောက် ကဲ့သို့ သန်မာပြီး သံချောင်းကဲ့သို့ မာကျောလှသည်။





တစ်နေရာမှ လှုပ်သံကြားရသောကြောင့် သူက ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ တစ်ခုခုကို တွေ့သွားသည်။ တစ်ဖန် တစ်ဖက်သို့ ကြည့်ပြန်ရာ အောင်လွင်၏ မျက်လုံးတွေနှင့် သွားဆုံမိသည်။ အောင်လွင်ကို လက်လေးချောင်း ထောင်ပြ၏။ အောင်လွင် ခေတ္တတွေသွား၏။ ပြီးမှ နေဟိန်း ဘာဆိုလိုသည်ကို သဘောပေါက်မိသည်။

သူက ညွန့်တင်၊ ကျော်ကျော်ထိုက်၊ ထွန်းလူ၊ ခင်မော်တို့ကို လှမ်းခေါ်လိုက်၍ နေဟိန်း ဆီသို့ မေးငေါ့ပြ၏။ လေးယောက်စလုံး ကျောက်တုံးများရှိရာကို တက်သွားကြသည်မှာ လျင်မြန်လှ၏။ သောင်းကျန်းသူများ ခိုအောင်းမည့် ဧရိယာ နယ်မြေ ဘက်သို့ လူလေးယောက်ကို နေဟိန်းက တပ်ဖြန့်ချပေးလိုက် လေသည်။

သူတို့က ဝပ်လျောင်း၍ အကာအကွယ် ယူထားကြသည်။ မင်းသော်ကလည်း ပြန်လည်အိပ်ပျော်သွားမိရာက ဖျတ်ခနဲ နိုးလာချိန်တွင် သူ့သေနတ်ကိုကောက်ပြီး နေဟိန်းတို့လူသိုက်နှင့် ဆက်သွယ်ပြီးသား ဖြစ်နေ၏။ ကျောက်တောင်များနောက်ရှိ ချုံပုတ်များထဲတွင် ပုန်းအောင်းကာ စောင့်နေကြသည်။ တစ်မိနစ်ပြီး တစ်မိနစ် နေဟိန်း၏ လက်ပတ်နာရီရှိ လက်တံရှည်တွေက ကျော်လွန်သွားသော်လည်း အခြေအနေက ထူးခြားမလာ။

နံနက်ခင်းကား နေရောင်ခြည် ဖြန့်ကျက်နေ၍ လှပလှ၏။ တောအုပ်နှင့် ကွင်းပြင်ကား အပြစ်မရှိသော အခြေအနေကို ပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမ ၁၀ မိနစ်။

ဒုတိယ ၁၀ မိနစ်။

စုစုပေါင်း မိနစ်(၂၀)မျှ ကျော်လွန်သွားခဲ့ချေပြီ။ ယင်ကောင် တစ်ကောင်က လေထဲတွင် ပျံဝဲလာလျက် နေဟိန်း ခေါင်းအထက်ရှိ ကျောက်တုံးတစ်တုံးပေါ်တွင် လာရောက်နားသည်။ သူ ခိုအောင်းနေရာယူထားရာတွင် ကိုယ်ကို မလှုပ်မရှားဘဲ တောင့်ထားမိသည်။

နာရီဝက် ကုန်လွန်သွားသည့်အခါ စောင့်နေသူတွေမှာ လေးတွဲ့လာကြ၏။ အကြောအချဉ်တွေပင် ကိုက်ခဲလာကြ၏။ ငှက်ကလေးတစ်ကောင်က ပေ(၅၀)အကွာလောက်တွင် အတောင်တဖျပ်ဖျပ်ခတ်၍ လာနားသည်။ မီးပုံတွင် ဖိုထားသော ထင်းချောင်းတို့၏ မီးရှိန်နှင့် ကျိုးသံပင် ကျယ်လောင်သလောဟု ထင်မှတ်ရ၏။

ထင်းမီးထိုးရင်း တန်းလန်းကပင် ဒေါ်သက်ပန်ကြီးနှင့် မကြောညိုတို့သည် တစ်ဦးနှင့်တစ်ဦး စကားလက်ဆုံ ကျနေလေရာ၊ စောင့်နေသော ယောကျ်ားများဆီသို့ပင် စကားပြောသံတွေက ပီပြင်ပေါ်လွင်စွာ လွင့်မျောလာ၏။

နေဟိန်းက သူ့လည်ချောင်းကို အသံမကြားအောင် တစ်ချက်ဟန့်ရင်း သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။ ညွန့်တင်က ဆေးရွက်တချို့ကို သူ့ဘောင်းဘီအိတ်ထဲမှ ထုတ်နေလေသည်။ တက်လာသော နေခြည်တွင် နှင်းဖြူဖြာလွှာများ လွင့်





ဝါးပြီမို့ တောင်တန်းတို့၏ မှိုင်းမှိုင်းညို့ညို့က ပေါ်လွင်နေလေ၏။ တစ်ချက်မျှ သမ်းဝေပြီးနောက် အောင်လွင်က သူ့အနေအထားကို ရွှေ့လိုက်လေသည်။

ထိုအခိုက် နားနေသော ငှက်ကလေးမှာ ဝုန်းခနဲထ၍ အဝေးသို့ တစ်ဟုန်ထိုး ပျံသွားလေတော့၏။ သောင်းကျန်းသူတွေကလည်း တစ်ရှိန်ထိုး တက်လာလေပြီတည်း။ အကာအကွယ်ကောင်းမည့် နေရာသို့ သူတို့က သစ်ပင်များ၊ ချုံများထဲမှ တိုးထွက် နေရာယူလိုက်ကြသည်။ သူတို့ကို မမြင်အောင် ပြုကြ၏။ သူတို့ အားလုံး ကျောက်တုံးများနှင့် မနီးမဝေးသို့ ရောက်လာကြ၏။ သူတို့ မျှော်လင့်ထားကြသည်က အစောင့်တစ်ယောက် အများဆုံး နှစ်ယောက်မျှသာ ရှိလိမ့်မည်ဟု မျှော်လင့် ယူဆထားကြ၏။ ထို့ကြောင့် တစ်ရှိန်ထိုး ပြေးလည်းပြေးလာ၊ တခိုင်းခိုင်းနှင့် ပစ်လည်းပစ်လာကြလေသည်။

သေနတ်သံတွေက ဆူညံသွား၏။ သောင်းကျန်းသူများထဲတွင် နေဟိန်း သိနေသော လူတစ်ယောက်က ခေါင်းဆောင်လေ၏။ သူကား ... ရဲကျော်ဒင်ကြီး ဆိုသည့်လူ။ ယခင်တိုက်ပွဲ သုံးလေး ပွဲတုန်းက ဆုံခဲ့ဖူး၏။ သူ့ကို နေဟိန်းက ကာဘိုင်သေနတ်ဖြင့် ချိန်ပြီး သုံးချက်မျှ ဆွဲထည့်လိုက်လေသည်။ ထိုးထိုးထင်းထင်းကြီး မြင်တွေ့နေသည်မို့ ကာဘိုင်သေနတ်နှင့် ဆွဲလိုက်သည်တောင် ကျည်ဖူးတွေက ရဲကျော်ဒင်ကြီးနှင့် ချစ်ကြည်ချင်ဟန် မတူ။ လွဲချော်ထွက်သွား၏။ ဒါပေမင့် သူ့နောက်ရှိ သောင်းကျန်း



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်၏ ကိုယ်ခန္ဓာထဲသို့ သူ့အစား ဝင်ရောက်ပြီး ကျေကျေနပ်နပ်ကြီး တူတူပုန်းလိုက်လေသည်။

သည့်နောက်တွင်မတော့ သောင်းကျန်းသူတွေက တောင်ကုန်းပေါ်သို့ ပြေးတက်လာကြလေသည်။ ပါးစပ်မှလည်း ညာသံပေး အော်ဟစ်လာကြ၏။ နေဟိန်းတို့က ကျည်တောင့်တွေကို ရှိသရွေ့ သွန်ဖြုတ်သည်။ ပထမခုခံချက် နေရာဖြစ်သည့် ကျောက်တုံးများပေါ်သို့ ခုန်တက်လာသဖြင့် ကျောက်တုံးများကို အကာအကွယ် ယူထားသော လူတွေနှင့် ရောထွေးသွားကြ၏။ အနီးကပ်တိုက်ပွဲတစ်ခု ဖြစ်ပွားလာ၏။ သူတို့လက်ထဲမှာ ဓားလည်းပါသည်။ သေနတ်လည်းပါသည်။ ဒူးလေးအချို့လည်း ပါလာကြသည်။

နေဟိန်း၏ ကာဘိုင်သေနတ်ပြောင်းမှ ဒိုင်းခနဲ တစ်ချက်မီးပွင့်သွား၍ ကျောက်တုံးများကို ယထာမှဦးဆုံး ဖြတ်ကျော်လာသော ဦးထုပ်နှင့် သောင်းကျန်းသူတစ်ယောက်မှာ နောက်သို့လန်လျက် တောင်ကုန်းအောက်သို့ ဒလိမ့်ခေါက်ကွေး ကျသွားတော့၏။

သောင်းကျန်းသူ တစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်သည်။ သူ့ကျည်တောင့်က ကျော်ကျော်ထိုက်အား ရည်ရွယ်စေကာမူ ကျည်တောင့်က ကျော်ကျော်ထိုက်နှင့် ဝေးမတိုးခဲ့ပေ။ ထိုသောင်းကျန်းသူကို မီးပိုနားမှာနီးပြီး သေနတ်ကိုင်ခဲ့မိသည့် ဦးမြင့်မိုးက သူ့စတင်းဂန်းနှင့် ဆွဲချမစ်လိုက်၏။





ကျော်ကျော်ထိုက်သည် သူ့အား အလောတကြီး ခုန်အုပ်လိုက်သော သောင်းကျန်းသူတစ်ယောက်နှင့် လုံးထွေးပြီး မြေပေါ်ကျသွားလေသည်။ သို့သော် သူက သူ့ခြောက်လုံးပြူးနှင့် တစ်ဖက်လူ၏ ဝမ်းဗိုက်သားကိုတေ့ပြီး နှစ်ချက်ဆွဲလိုက်၏။ ငနဲကောင်မှာ ကိုယ်ကြီးတစ်ချက်နှစ်ချက်မျှတွန့်ကာ ငြိမ်ကျသွားသည်။ ကျန်လူတွေလည်း လုံးထွေးနေပေပြီ။ နေဟိန်းသည် ဓားရှည်တစ်လက်ကို ကိုင်မြှောက်ပြေးဝင်လာသော လူတစ်ယောက်အား သူ့ သေနတ်နှင့် ပစ်လိုက်၏။ သို့စေကြားမင့် ကျည်ဖူးက တွန်းကန် ထွက်မလာ၊ မဂ္ဂဇင်းကတ်ထဲ ကျည်ကုန်သည့် အဖြစ်ကို ပြသွား၏။ ဓားကိုင်သောင်းကျန်းသူက ပါးစပ်မှ အော်ဟစ်ကြွေးကြော်လျက် နေဟိန်း၏ ခေါင်းကို သူ့ဓားရှည်ကြီးနှင့် ပန်းကုံးပြတ် မိုးခုတ်ချလိုက်သည်။

ကာဘိုင်သေနတ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်း ညာခြေကို ဘယ်ခြေနောက်သို့ လှမ်းဆုတ်ပေး၍ နေဟိန်းက သေနတ်ပြောင်းနှင့် ဓားဖြင့်ခုတ်သူ၏ ညာလက်ကို ရိုက်ဖယ်ပေးလိုက်၏။ ရိုက်ချက်ပြင်းသည့်ပြင် လက်ကောက်ဝတ်ကို ရိုက်မိသွားသည့်အတွက် ဓားမှာ ခေါင်းနားမှ ကပ်လွဲကာ လွင့်စဉ်သွားသည်။ နောက်ဆက်တွဲ ပေးနားမှုကလေးတွေကိုတော့ နေဟိန်းက ရက်ရက်ရောရော လုပ်ပေးလိုက်၏။ သေနတ်ပြောင်းနှင့် ထိုသူ၏လည်မျိုကို ဆောင့်ထိုးကာ သေနတ်ဒင်နှင့် မျက်နှာကို ဖိအုပ်ရိုက်ပေးလိုက်၏။ တစ်ချိန်တည်းပင် အနားသို့ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းသူ တစ်ယောက်၏ ဝမ်းဗိုက်အလယ်ကို ခြေထောက်နှင့် ကြိုးကန်ကာ သေနတ်ပြောင်းကို လက်နှစ်ဖက်နှင့် စုံကိုင်၍ မျက်နှာကို ဒင်ဖြင့် ကန့်လန့်ဖြတ် ရိုက်ပစ်လိုက်၏။

သည်မျှလောက်သာ တိုက်ခိုက်လိုက်ရပြီးနောက် သောင်းကျန်းသူများသည် မျက်စိအောက်မှ ဆင်းပြေးပျောက်ကွယ်သွားကြတော့သည်။ သူတို့၏ အလောင်းလေးငါးလောင်းသာ သွေးအိုင်ထွန်းပြီး ကျကျန်ရစ်ခဲ့ကြသည်။ ဒါကလွဲပြီး ရုတ်တရက်ဘာကိုမှ မမြင်ကြရတော့ပေ။ ပတ်ဝန်းကျင်တွင် ဆူသည့်သံတွေ စဲသွားသည်။ သေနတ်သံများပင် ပေါ်မလာတော့။ နေဟိန်းက မြေပေါ်တွင် ဘေးတိုက် လေးငါးပတ် လိမ့်သွား၍ ကျောက်တုံးများထဲတွင် သူ့ကိုယ်ကို ဖုံးကွယ်လိုက်၏။ သွေးတွေက ကွင်းပြင်ထဲမှာကော၊ တောင်ကုန်းအောက်မှာပါ အိုင်နေ၏။

နံနက်ခင်း၏ သန့်စင်သောလေမှာ မလတ်ဆတ်တော့ဘဲ ယမ်းငွေ့ယမ်းခိုးတွေလှုံးကာ နံဆော်နေတော့သည်။ သည်အချိန်ဝယ် ခင်မော် တစ်ယောက်မှာတော့ ...။

ခင်မော်သည် မြေပြင်တွင် လဲကျနေချေသည်။ ဒူးလေးမှ လွှတ်ခဲ့သော မြားတံတစ်ချောင်းက သူ့ရင်ဘတ်တွင် စိုက်ဝင်နေသည်။ အောင်လွင်သည် ဘေးတိုက်ပင် ကျောက်တုံးတစ်တုံးကို မှီထိုင်နေပြီးလျှင် သေနတ်ဒဏ်ရာ ရုပ်မှန်ထိသွားခဲ့ရသော လက်ကောက်ဝတ်တစ်ဖက်ကို လက်ကိုင်ပဝါတစ်ထည်နှင့် စီးနေသည်။





"ကျွန်တော်တို့ ဘယ်လောက်များ အမြတ်ရလိုက်သလဲ"

ထွန်းလူက ကောက်ကာငင်ကာ မေးလိုက်သည်တွင် ...

"ကျန်ခဲ့တဲ့ အလောင်းက လေးလောင်း၊ ကွင်းပြင်ထဲက နှစ်လောင်း၊ စုစုပေါင်း ခြောက်လောင်း၊ သုံးလေးယောက်တော့ ဒဏ်ရာရသွားတယ်"

နေဟိန်းသည် တိတိကျကျ ရေတွက်ပြောဆိုလိုက်လေသည်။

"သူတို့ လာနေတာ ခင်ဗျား ဘယ့်လို သိခဲ့သလဲ"

အောင်လွင်က နေဟိန်းအား မေးမိရာ နေဟိန်းက ပြုံး၍ ...

"ဟား ... ဟိုကွင်းပြင်ဘေးက ချုံတစ်ချုံ လှုပ်သွားတာ မြင်လိုက်ရတယ်၊ ဒီတော့ ဒီအချိန်မှာ ဒီကောင်တွေ အထဲ ခိုအောင်း အချိန်ယူနေပြီဆိုတာ ကိုယ်သိတာပေါ့ကွာ"

"ကဲ ... အခု ဘာလုပ်ကြမလဲ"

ကျော်ကျော်ထိုက်ကလည်း ဒဏ်ရာရနေသော ခင်မော်ကို မီးရှိရာသို့ သယ်ရန် ပြုနေသည့် ညွန့်တင်ကိုကြည့်ရင်း မေးလိုက်ပြန်လေသည်။

"ကျွန်တော်တို့ စောင့်ပြီး မြင်းတွေကို ကြည့်ကြတာပေါ့၊ ဒီကောင်တွေ မြင်းတွေကို ဒုက္ခပေးလိမ့်ဦးမယ်လို့ ကျွန်တော် ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသော်က သူ့အိပ်ရာရှိရာဘက်သို့ ပြန်သွားလေသည်။ တောအုပ်တစ်ခုလုံး ငြိမ်သက်နေလေသည်။ မေကြာညိုသည် ကော်ဖီခွက်တစ်ခွက်၊ အမဲခြောက်ဖုတ်စ,တစ်စကိုင်၍ ကျောက်တုံးများပေါ်သို့ တက်လာလေသည်။ နေဟိန်းသည် တင်ပျဉ်ခွေထိုင်ပြီးလျှင် မြိန်ယှက်စွာ စားသောက်သည်။

"မေတို့ အခြေအနေ လှရဲ့လား"

"အင်း ... ကျုပ်တို့ စည်းစည်းလုံးလုံးနဲ့ ကြံကြံခိုင်ခိုင် ခံကြမယ် ဆိုရင်တော့ အခုထက်တောင် အခြေအနေ ပိုကောင်းလိမ့်မယ်"

"သူတို့ကကော မေတို့ကို နိုင်ပါ့မလား"

"ကျုပ်တို့ နည်းနည်းကလေး လျှော့သွားရင်တော့ သူတို့ ဒီကို ရောက်လာကြမှာပဲ မေကြာညို"

ထွန်းလူက ထ,ရပ်လိုက်၍ ...

"ကျွန်တော်တော့ မြင်းတွေကို သွားကြည့်လိုက်ဦးမယ် ဗျို့"

ပြောပြောဆိုဆို ကျောက်တုံးများကို တစ်ခုပြီးတစ်ခု အကာအကွယ်ယူကာ သွားလေရာ၊ မည်သည့်နေရာဟု မခန့်မှန်းနိုင်သော နေရာမှ သေနတ်သံတစ်ချက်နှင့်အတူ ကျည်ဆန်တစ်ဆန်က လွင့်ပါးလာ၏။ သို့သော် သူက နေဟိန်းရှိရာသို့ သမင်လည်ပြန် သွားဖြိုပြကာ တောင်ကုန်းအစွန်းနားဆီသို့ ပျောက်ကွယ်သွားလေသည်။





ခင်မော်ကို မီးပုံနားသို့ ပို့ထားခဲ့ပြီးဖြစ်၍ ညွန့်တင်က ကျောက်တုံးများဘက်သို့ ပြန်တက်လာလေသည်။ သူ့ခန္ဓာကို သိန်းလျက် အသာကလေး တက်လာ၏။ အသာကလေး ဆင်မျဉ်ခွေထိုင်ပြီးနောက် သူ့ဆေးတံကို ဆေးထည့်နေ၏။ သူ၏ပါးပြင်နှင့်မေးတွင် ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေး ကျင်စွယ်များနှင့် မဲနက်နေသည်။

"ခင်မော်တော့ သွေးလွန်နေပြီ၊ သေတော့မယ် ထင်တာပဲ"

"ဒေါသက်ပန်က သူ့ကို မြှူနေတာပဲ"

အောင်လွင်က စကားပြန်ပြော၏။ တံတွေးကိုလည်း ထွေးချလိုက်သည်။

"ဟုတ်တော့ ဟုတ်တာပေါ့"

မီးခြစ်ကိုခြစ်၍ သူ့ဆေးတံကို ညွန့်တင်က မီးညှိနေသဖြင့် စကားဖြတ်ထားလိုက်သေးသည်။ ပြီးမှ ...

"ဒါထက် ဒေါသက်ပန်ရဲ့ မြင်းကုန်းနှီးအိတ်တွေကိုကော သတိထားလိုက်မိကြရဲ့လား၊ ကျုပ် မျက်စိထဲမှာတော့ ဒီအိတ်ကြီးတွေက သိပ်လေးနေတယ်"

ကျော်ကျော်ထိုက်က မျက်လုံးဝင့်ကြည့်လိုက်၏။

"ဒါက ကျုပ်တို့လုပ် မဟုတ်ပါဘူး ကိုယ့်လူရယ်"

"မဟုတ်သေးဘူး ဆိုပေမဲ့ ကျုပ်အဖို့တော့ ထူးဆန်းလှတယ်၊ ဒါရှေ့ဟာက်လေးမှတော့ ရွှေအိတ်လို့ ကျုပ် ပြောရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ဘာမှမပြောကြ၊ နေဟိန်း၏ မျက်လုံးတွေက ရေ့ရှိတောအုပ်တစ်လျှောက်သို့ ပြေးလွှားနေလေသည်။ သူ ထင်သလိုပင် ညွန့်တင်ကလည်း ဒေါ်သက်ပနီ အိတ်တွေကို ထင်နေချေပြီကော။ ဒါကမကောင်း။ ညွန့်တင်လို လူစားက သစ္စာဖောက်နိုင်၏။

ဒိုင်း ,,,

ကျယ်လောင်စူးရှ မြည်ဟီးသော သေနတ်သံတစ်ချက်က မြင်းတွေရှိရာ တူရူအရပ်မှ တည့်တည့်ထွက်လာ၏၊ ထို့နောက် ငြိမ်ကျသွား၏။ သည့်နောက် ခွန်သာ ပုန်းအောင်းရာ ကျောက်တုံးများဆီမှ သေနတ်သံတစ်ချက် ထွက်ပေါ်လာခဲ့၏။ နေက တစ်စတစ်စ မြင့်လာ၏။ ပူလောင်ပြင်းပြမှုတော့ မရှိပါသေး။ ဦးမြင့်မိုးက သူတို့ဆီသို့ မိချောင်းသွား ဝပ်တက်လာ၏။

"ကျုပ်တို့ လှောင်ထားတဲ့ရေတွေ ကုန်ကာနီးပြီ၊ နည်းနည်းပဲ ရှိတော့တယ်၊ လူတိုင်း အဲဒီအချက်ကို စဉ်းစားမိကြရဲ့လား။ ကျုပ်တို့က ရေတွေရှိတာပဲဆိုပြီး မြင်းတွေကော လူတွေကော စည်းကမ်းမရှိ သုံးလိုက်ကြတာ သိပ်တော်မကျန်တော့ဘူး"

သည်ရေအကြောင်းကို နေဟိန်းကလည်း စဉ်းစားပြီးနေခဲ့ချေပြီ။ ရေလှောင်ကန်ကား ကျယ်ပြောသော်လည်း မြင်းတွေကိုတိုက်၊ လူတွေကလည်း သုံးကြသည့်ပြင် လူအုပ်ကလည်း မနည်းလှသဖြင့် ရေက ကြာကြာခံလိမ့်မည်တော့ မဟုတ်။





နေက တစ်စတစ်စတက်လာ၏။ အပူရှိန်ပင် အစိုးရလာ၏။ သည်လိုပဲ အဝိုင်းခံပြီး သူတို့ သေရတော့မည်လား။

"ကျုပ်ကတော့ ဒီကောင်တွေ တိုက်စေချင်တယ်"

ကျော်ကျော်ထိုက်သည် သည်းခံလိုစိတ် ပျောက်ကင်းလာဟန်လော၊ ချောက်ချားလာဟန်လော်ဟု မကွဲပြားသည့် စကားဆိုလာ၏။ သူ့အား နေဟိန်းက ကြည့်သည်။ ကျော်ကျော်ထိုက်ရုပ်မှာ ကျင်စွယ်အမွေးအမှင်တွေနှင့် ညှဉ်းစိုးစိုး ဖြစ်နေမှုကြောင့် ရုပ်ချောတာကလေးပင် လွင့်စင်ပျောက်ကွယ်သလို ဖြစ်နေ၏။ ပြီးတော့လည်း အမြဲတမ်း ရှိုးကျကျ ဝတ်ထားသော သူ့အဝတ်အစားသည်ပင် စုတ်ပြတ်ပေရေနေသည်။ လောကတွင် အဝတ်အစား အစုတ်အနုပ်နှင့် ကြည့်ကောင်းသူလည်း ရှိသည်။ ဝတ်ကောင်းစားလှနှင့် ကြည့်ကောင်းသူလည်းရှိ၏။ ကျော်ကျော်ထိုက်မှာ ဝတ်ကောင်းစားလှ မရှိတော့သဖြင့် ကြည့်မကောင်းလှ။ သူကိုယ်တိုင်ကလည်း မနေတတ်ပုံရ၏။ နေဟိန်းက ပြုံးလိုက်မိလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၉

ခင်မော် သေကာနီးလေပြီ။ သေငယ်ဇောနှင့် မျော နေပြီဟု ဆိုရပါမည်။ သူသေတော့မည်ကို အားလုံးသိ၏။ သူ့ကို မြားဖြင့် ပစ်ခဲ့သည့် သောင်းကျန်းသူတွေအားလုံးလည်း သိကြပါ၏။ အကြောင်းမူ ဒဏ်ရာ၏ ပြင်းပြသောဝေဒနာ ညှဉ်းဆဲမှုကြောင့် ခင်မော်သည် မီးမြင့်ဝေယံ ထိုးမတတ်သော အသံဖြင့် အော်ဟစ် ညည်းညူမှုက တစ်ခါတစ်ခါ ပေါ်ထွက်လာသောကြောင့် ဖြစ်၏။

သီတာဝင်းက သူ၏အားမှာထိုင်ကာ မျက်နှာငယ်ကလေးနှင့် ဖြူဖပ်ဖြူရော် ဖြစ်နေသူ ခင်မော်၏ မျက်နှာကိုစိုက်ကြည့်နေ၏။

တစ်ခါတစ်ခါ ကိုယ်ခန္ဓာကြီး ကော့ကော့တက်လာပြီး ရေတောင်းသဖြင့် ရေခွက်ထဲမှရေကို ပါးစပ်ထဲသို့ အစက်အစက်ချပေးရ၏။ ကျော်ကျော်ထိုက်က ငြိမ်နေသည်။ သူ့ကုတ်



အင်္ကျီမှာ ဘေးသို့ပုံစံထား၍ အင်္ကျီလက်မောင်းကို ပင့်ခေါက်ထား၏။ သေနတ်ကို ခါးတွင်ထိုးထားသောကြောင့် နေဟိန်းက အတွေးနက် ရှနေမိလေသည်။

ယင်းသေနတ်မှာ အတော်အသုံးပြုပြီးခဲ့ဟန် တူ၏။ ကျော်ကျော်ထိုက် မျက်နှာမှာ ခက်ထန်နေသည်။ မျက်နှာတွင် စိတ်မရှည်သော အမူအရာများ ပေါ်လွင်နေ၏။ သူ၏အပူရှိန် စောင့်စားနေရခြင်း၊ တိုက်ခိုက်မှုကို မျှော်လင့်နေရခြင်း၊ သေလုနီးပါးဖြစ်နေသူ၏ ဝေဒနာနှင့် အော်ဟစ်နေပုံများက သူ့စိတ်ကို များစွာ အနှောင့်အယှက် ပြုနေပုံရ၏။

အထက်တွင် လင်းတအချို့ ပျံဝဲနေကြ၏။ ပထမ သော် တစ်ကောင်၊ နှစ်ကောင်၊ နောက် လေး,ငါးဆယ်ကောင် ဖြစ်၍ အုပ်လိုက်ဖြစ်ကာ ကောင်းကင်လှည့်ပတ် ပျံဝဲနေ၏။ ဘာမှထော့ မဖြစ်သေးပေ။

ကျော်ကျော်ထိုက်သည် နေဟိန်းကို ဒေါသနှင့် စိမ်းစိမ်းရဲရဲကြည့်ကာ ခြေလှမ်းကျဲကြီးများနှင့် လှည့်ထွက်သွား၏။ ဒေါသကြောင့် သူ့ကိုယ်ကြီးပင် တောင့်တင်းနေ၏။

မကြာညိုသည် မီးပုံအနီးမှ သူ့ဆီသို့ လာသည်။

"ကိုနေဟိန်း"

သည်တစ်ချီ သူမ ခေါ်သံက ပထမဆုံး ပျော့ပျောင်းသောအသံနှင့် ခေါ်လိုက်ခြင်း ဖြစ်၏။

"စားနပ်ရိက္ခာက သိပ်မကျန်တော့ဘူးရှင့်"

www.burmeseclassic.com



"ဘယ်နှရက်စာ ကျန်သလဲ"

"ဒီကနေ့အတွက်ပဲ လုံလောက်တယ်၊ မနက်ဖြန်ဖို့တော့ နည်းနည်းကလေးပဲ ရှိတယ်"

ပသို့ဖြစ်စေ ယင်းစားနပ်ရိက္ခာအတွက်တော့ ထည့်သွင်းစဉ်းစားဖို့ သင့်၏။ မည်သူကမှ အစားအစာများကို သတိမမူလာခဲ့သောကြောင့် ပထမတော့ ဝမ်းဗိုက်ပြည့်နိုင်သလောက် ပြည့်အောင် စားသောက်ပြီးခဲ့ကြလေပြီ။ ဤမျှကြာကြာ စားသောက်ခဲ့ရသည်ကပင် အံ့သြဖို့ကောင်းလှ၏။ ခက်ချေ၏။ ထွက်ဖို့လည်း မရ။ နေဖို့လည်း စိတ်မချရ။

"ကိုင်း ... ကျုပ်တို့ ဘာလုပ်ကြမလဲ၊ ဒီမှာပဲနေပြီး အစာငတ်ခံကြမလား၊ ဒါမှမဟုတ် အသက်ရှင်ဖို့အတွက် ထွက်ပြေးကြမလား"

ညွန့်တင်က ပြတ်သားသော မေးခွန်းကို စတင်မေးလာလေသည်။ ညွန့်တင်ကို ကျော်ကျော်ထိုက်က မီးပုံနားတွင် သွားရောက်ထိုင်ချလိုက်ရာက စောင်းကြည့်၏။ သူ့မျက်နှာတွင် ဘာသွင်ပြင်မှ ပေါ်မလာ။

"ကဲ ... ခေါင်းဆောင်ကြီးခင်ဗျာ၊ မေးနေတာ ကြားရဲ့လား၊ အဲဒါ သိချင်ပါတယ်၊ ကျုပ်တို့ ဘာလုပ်ကြမလဲ"

သူ၏ အသံတွင် လှောင်ပြောင်သံက အတိအကျ ပါလာ၏။

"ကျုပ်တို့ ကြံကြံခံရမယ်"





"ခင်ဗျား ကြောင်ပဲ"

ဟု ဦးမြင့်မိုးက ထ,ခုန်ပြောသည်။

"ခင်ဗျား ရူးနေပြီလား၊ ကျုပ်မှာ အစာငတ်ရင်ငတ် မငတ်ရင် တစ်ချိန်ချိန်မှာ သောင်းကျန်းသူသတ်လို့ ခွေးတွေ နွားတွေ သေသလို သေကြရမယ်၊ ကျုပ် သဘောကတော့ ဖောက်ထွက်ပြေးမယ်၊ စစ်တိုက်မည်သည် ခံစစ်ထက် တိုက်စစ်ကသာရမယ်"

"ဒါဖြင့် မိန်းမတွေကျတော့ ဘယ်လိုလုပ်မလဲ"

ဦးမြင့်မိုး အ,သွားသည်။ သူ့ကြည့်ရသည်မှာ စိတ်ဆိုးသွားသည်။ သို့သော် သူသည် ခေါင်းမာသော လူတစ်ယောက်ဖြစ်၏။

"ကျုပ်ကတော့ တိုက်ပြေးထွက်ဖောက်မှာပဲ"

"ကောင်းပြီ ... ကျုပ်တို့က ဖောက်ထွက်နိုင်လောက်အောင် အခွင့်အရေး ဘယ်လောက်များ ရှိသလဲ၊ ကျုပ်တို့မှာ အခွင့်အရေး သိပ်မရှိဘူးဆိုတာ ပြောရဲတယ်၊ ဒီမှာ လူ ဘယ်လောက်ရှိသလဲ၊ လက်နက်အင်အား ဘယ်လောက် ကောင်းသလဲ"

"ကျုပ်ကတော့ ဘယ်အချိန်မဆို ထွက်တိုက်ဖို့ အသင့်ပဲ၊ အပြင်မှာ သောင်းကျန်းသူတွေ သိပ်ရှိလိမ့်မှာကိုတော့ ကျွန်တော် မယုံဘူး"

ထွန်းလူက ဆန္ဒကို ထုတ်ဖော်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဒီမှာကြွဲကြွဲခံရမယ်၊ ကျုပ်တို့ နေရမယ်"

"ခင်ဗျားပဲနေ၊ ကျုပ်ကတော့ သွားမယ်ဆို အခုပဲသွားမယ်"

ညွန့်တင်က ဒေါကန်ကန်နှင့် ဟောက်ထည့်သည်။

"ကျွန်တော်လည်း သူနဲ့လိုက်သွားမှာပဲ"

ထွန်းလူက ကြေညာလိုက်၏။

"အေး … ခင်ဗျားတို့ သွားမယ်ဆိုရင် ခြေထောက်နဲ့သွားကြ၊ မြင်းတွေက ဒီမှာ ကျန်တော့တာ မဟုတ်ဘူး"

ညွန့်တင်သည် သူ့ကိုယ်ကို ဖြည်းဖြည်းလေး လှည့်လိုက်သည်။ နေဟိန်းကို အကဲခတ်လေ့လာ တိုင်းတာချိန်ဆသော အကြည့်ဖြင့် စိမ်းဆတ်စွာ ကြည့်၏။ ပြီးလျှင် ဖြည်းလေးစွာ ပြောလိုက်ပုံက …

"ကျုပ် ဒီကမြင်းနဲ့ထွက်မယ်၊ မြင်းဆိုရင် ခင်ဗျားမြင်းနဲ့မှ ဖြစ်မှာပဲ"

ကျော်ကျော်ထိုက်သည် မြေပေါ်တွင် တံတောင်ထောက်၍ နောက်ပြန်လှည့်လိုက်သည်။ ညွန့်တင်၏ အပြောက် **မသိမသာ** သဘောကျပုံ ပေါ်သွားသည်။

ကိုညိုမောင်၊ မင်းသော်နှင့် ခွန်သာတို့က ကင်းစောင့်ရန်လည်းကောင်း၊ လဲလျောင်းနေရန်သော်လည်းကောင်း ထွက်သွားသည်။ အောင်လွင်က ကျောက်တုံးများပေါ် တက်သွားလေသည်။ မိန်းမတွေမှလွဲပြီး ကျန်ရစ်သူတွေကတော့ သူနှင့် ဆန့်ကျင်ဘက်များသာ ဖြစ်တော့သည်။ နေဟိန်းသည် ခြေနှစ်ချောင်းကို အသင့်ခွရပ်နေလေသည်။





ညွန့်တင်က ခေါင်းမာနေရာ၊ သတ်မှပင် ဖြစ်တော့မည်။ သတ်ဖို့အရေးကိုလည်း သိလာ၏။ သူ မသတ်ချင်။ ညွန့်တင်က ရှေ့သို့တိုးလာ၍ ထွန်းလူက ဘယ်ဘက်သို့ အနည်းငယ် ရွှေ့လိုက်လေသည်။

ထိုအခိုက်မှာပင် ညွန့်တင်က ပြေးဝင်ပြီးလျှင် နေဟိန်း၏ ဝမ်းဗိုက်ကို ခေါင်းနှင့် ဆောင့်တိုက် ထည့်လိုက်လေသည်။ နှစ်ယောက်စလုံး မြေပေါ်မှာ မြွေနှစ်ကောင်လိမ်ယှက်သည့် အလား ပူးသွားကြ၏။

နေဟိန်းသည် သူ့ကိုခွစီးလျက် သူ့မျက်နှာတွင်းသို့ ညာဖြောင့်လက်သီးဖြင့် ပစ်သွင်းလိုက်၊ သူ ညွန့်တင်၏ လက်သီးချက်ကို ခေါင်းငုံ့ရှောင်ပေးလိုက်၏။ ညွန့်တင် လက်သီးက မြေကြီးထဲသို့ ဝင်ဆောင့်သွားစဉ် နေဟိန်း၏ ညာပင့်လက်သီးက ညွန့်တင်၏ မျက်နှာကို တည့်တည့်မတ်မတ်ကြီး တူညီသော တွန်းကန်မှုကို ပြုလိုက်လေသည်။

ညွန့်တင်ရော သူပါ လူချင်းကွဲသွားကြသည်။ ညွန့်တင်သည် မြေပေါ်မှ လူးလဲထ၍ နေဟိန်း၏ အရိုက်ထဲကို ညာပင့်လက်သီး ပစ်သွင်းပြီး ဘယ်ဝိုက်လက်သီးကမူ နေဟိန်း၏ ညာပါးရိုးသို့ စွတ်စွတ်စွတ်စွတ် ကျွေးလိုက်လေသည်။ ဘယ်လက်ဖဲ့အောင့်နှင့် ပင့်တင်လာသော လက်သီးကို နေဟိန်းက အပေါ်မှ အောက်သို့ဖိကာ တားဆီးပေးလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် သူ့ခေါင်းကို လျှင်မြန်စွာ ငုံ့ချပေးလိုက်ရာက ညာဝိုက်လက်သီး

www.burmeseclassic.com



ချက်က သူ့ခေါင်းအပေါ်မှ ဖြတ်အကျော် နေဟိန်းက ယင်းခေါင်းနှင့်ပင် ညွန့်တင်၏ မျက်နှာကို ပင့်ရိုက်ချလိုက်သည်။

ညွန့်တင်က ရှောင်သော်လည်း နောက်ကျခဲ့၏။ နှာခေါင်းသည် ခေါင်းနှင့် မိတ်ဆက် ထိတွေ့လိုက်ရကား သွေးတွေ ရဲခနဲ ဖြာကျလာလေတော့၏။

ညွန့်တင်၏ တစ်ကိုယ်လုံးသည် ဒေါသခိုးတွေ ထန်ပြင်းနေလေသည်။ နေဟိန်းကို လက်ရုံးချင်း ယှဉ်ပြိုင်ရာမှ လက်ချည်းသက်သက် ပြိုင်လို့မရမှန်း ချက်ချင်းသိ၏။

သူသည် နောက်သို့ဆုတ်လိုက်သည်။ နေဟိန်းကလည်း သူ့နည်းတူ နောက်ဖက်ကို ဆုတ်ခွာလိုက်သလို ညာလက်ကလည်း သူ့သေနတ်အိတ်နားသို့ တွဲလောင်းချထားလိုက်လေသည်။

"မင်းပစ်ရင်တော့ ငါပစ်ရလိမ့်မယ် ညွန့်တင်၊ မင်းကိုလည်း ငါ မသတ်ချင်ဘူး၊ အခုအချိန်မှာ မင်းကို ငါ အသက်ရှင်ရက်ပဲ အလိုရှိချင်တယ်"

အေးဆေးတည်ငြိမ်စွာ နေဟိန်းက ပြောလိုက်၏။ ညွန့်တင်၏ လက်သည်လည်း သူ့ခါးကြားမှ သေနတ်ကို ထုတ်လုနီးပါး ဖြစ်သွားပြီးမှ သူ့သာနာတော့မည်ကို လိမ်မာပါးနပ်စွာပင် စိမ့်ထွက်လာသော ဒေါသကြားမှ သိလိုက်၏။ သူ့ဒေါသကို အတင်းထိန်းပစ်လိုက်ရသည်။ နှာခေါင်းမှ ယိုစီးထွက်လာသော သွေးများကို ခါယပ်လက်နှင့် သုတ်လိုက်သည်။





"ငါ့ကို မင်းစော်ကားတာ ငါ တစ်သက်မမေ့ဘူး နေဟိန်း၊ မင်းကို တို့မလိုချင်ဘူး၊ မင့်သေနတ်ကို ဆွဲမယ်မကြံနဲ့"

ဒေါသနှင့် ညွန့်တင်က အော်သည်။ ကျော်ကျော်ထိုက်သည် ခပ်မှုန်းမှုန်း မပွင့်တပွင့် ရယ်လိုက်၏။

"ဒါ မှန်တယ်၊ ကိုညွန့်တင်ကလည်း ပစ်မှာ မဟုတ်ဘူး"

ကျော်ကျော်ထိုက်က အေးဆေးစွာ ပြောလိုက်၏။ တခဏအတွင်းမှာပဲ မမျှော်လင့်ဖွယ်ရာက ဖြစ်လာ၏။ ကျော်ကျော်ထိုက်သည် သူ့သေနတ်ကို မျက်တောင်တစ်ခတ်အတွင်း ဆွဲထုတ်၍ နေဟိန်းကို ချိန်ထားလိုက်၏။

"ခင်ဗျားဟာ ခေါင်းဆောင်လုပ်ပြီး လက်လွန်ခြေလွန်တယ်လုပ်ချင်တာကိုး"

ဟုလည်း ထပ်မံပြောလိုက်လေသည်။

"အစ်ကို မလုပ်နဲ့"

မေကြာညိုက ထိတ်လန့်စွာ အော်ဟစ် တားမြစ်လိုက်လေ၏။

"ကိုညွန့်တင်တို့ ပြောတာ မှန်တယ် မေ၊ ကိုယ်တို့ ဒီကမြင်းနဲ့ ထွက်ကြမှ ဖြစ်မယ်၊ ဒါဟာ ကိုယ်တို့ရဲ့ အခွင့်အရေးပဲ၊ ကိုင်း … ကိုညွန့်တင်၊ သူ့သေနတ်ကို ယူလိုက်ဗျာ"

"မယူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားလှသော အသံကလေး တစ်သံက ထွက်လာသည်။ သီတာဝင်းသည် ဒေါ်သက်ပန်၏ ကယ်လီဗာခြောက်လုံးပြူးကြီးက ရောက်နေပြီး လက်နှစ်ဖက်နှင့် ကိုင်တွယ်ထားရုံမက ထိုသေနတ်အား ထိရောက်စွာ ပသို့အသုံးချရမည်ကို သိထားသကဲ့သို့ သူ့ကို ချိန်ထားသည်။ သူ့ကိုဆိုသည်မှာ ကျော်ကျော်ထိုက်ကိုပဲ။

အလှမ်းကလည်း သိပ်မကွာ။ မေသုံးဆယ်မျှသာ။

"ကဲ … ဦးကျော်ကျော်ထိုက်၊ ရှင့်သေနတ်ကို လွှတ်ချလိုက်ပါ၊ လွှတ်ချလိုက်ဆို အခုချက်ချင်း လွှတ်ချလိုက်ပါ၊ ကျွန်မကို ငယ်တယ်ဆိုပြီး အထင်မသေးနဲ့၊ ဆင်ပစ်မြွေဟာ ငယ်ပေမဲ့ အဆိပ်ပြင်းတယ် ဆိုတာ ရှင် သိမှာပေါ့၊ ရှင် လှုပ်လိုက်တာနဲ့ ရှင့်ခေါင်းနဲ့ ကျွန်မသေနတ်က ခဲတောင့်နဲ့ အမှာချင်း ပြိုင်ခိုင်းမယ်၊ ကျန်ခဲတောင့်က ဟိုလူ့အတွက်ပေါ့"

သူမက ညွှန့်တင်ကို မေးငေါ့ပြလိုက်သေး၏။

"ရှင် ကျွန်မပြောတာ မယုံရင် ကျွန်မ လုပ်ပြမယ်၊ ကြားတယ်ရှင်၊ ကျွန်မ နှစ်အထိ ရေတွက်လို့မှ ရှင့်သေနတ်ဆိုကိုင်ထားသေးရင် သိကြရောပေါ့၊ ကိုင်း … တစ်"

ကျော်ကျော်ထိုက်သည် သူ့သေနတ်ကို ပြန်ထည့်လိုက်၏။ မျက်နှာကား ရွှာသွန်းတော့မည့် မိုးသားပြင်လို မှိုင်းညို့ပုပ်အုံ့နေလေသည်။





"မင်း … အိပ်ဖို့ မကြိုးစားနဲ့၊ မင်း အိပ်တာနဲ့ ငါ သတ်မှာပဲ"

သူက ဒေါသပြင်းစွာ နေဟိန်းကို ကြိမ်းလိုက်လေသည်။

"ကိစ္စမရှိပါဘူး ဦးကျော်ကျော်ထိုက်ရယ်၊ သူအိပ်မယ်ဆိုရင် သူ မအိပ်အောင် ကျွန်မ နှိုးပါ့မယ်"

သူတို့က ခြေသံပြင်းပြင်းနှင့် ထွက်ခွာသွားသောအခါ နေဟိန်းက ရီးသားစွာ ပြောလိုက်လေသည်။

"ကျေးဇူးပါပဲ ညီမရယ်၊ ကျေးဇူးအသချော်ပါပဲ"

သီတာဝင်းက သူ့ကို မျက်လုံးကလေး ဝင့်လိုက်လေသည်။

"ဒီလိုပဲ ကူညီရမှာပါပဲ အစ်ကိုရယ်၊ ဒီက လူတိုင်းကို လွတ်မြောက်အောင် လုပ်ပေးနိုင်တာ အစ်ကိုပဲ ဖြစ်မှာပါ"

သီတာဝင်းက မီးပုံဘက်သို့ ပြန်လှည့်သွားသောအခါ မေကြာညိုက လူမှနောက်သို့ လိုက်ကြည့်လေသည်။

"တော်တော် သံမဏိစိတ်ဓာတ်ရှိတဲ့ ဟာမကလေးပဲနော် ကိုနေဟိန်း၊ သူက ကိုကျော်ကျော်ထိုက်ကို တကယ်ပစ်လိုက်မယ် ထင်သလား"

တအောင့်ကြာမှ မေကြာညိုသည် နေဟိန်းကို မေးလိုက်လေသည်။ နေဟိန်းက ခပ်တည်တည် ခေါင်းကို ညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူက ကိုကျော်ကျော်ထိုက်ကို ပစ်မှာပဲ၊ ပြောပြီးရင်တော့ စကားနဲ့အညီ လုပ်မဲ့ကလေးမလေးပဲ၊ ပိုတောင်ပိုဦးမလား မသိဘူး၊ ဟိုနှစ်ကောင်တော့ အကြောင်းသိသွားပြီ၊ ကောင်မလေး သေနတ်ကိုင်ထားပုံကိုက လက်နှစ်ဖက်နဲ့ ကိုင်ထားတာ၊ ပေါ့တီးပေါ့ဆ မထင်နဲ့"

မဖွယ်မရာ ဖြစ်လာမှုတွေက ရင်မရှင်းဖွယ်ရာပင်။ ကျော်ကျော်ထိုက် ပြုမူချက်ကြောင့် မေကြာညိုသည် မျက်မှောင်ကလေးကုတ်နေမိ၏။

နေမင်း၏ အလင်းရောင်သည် တပြောင်ပြောင် တလက်လက် တောက်ပနေသည်။ ကောင်းကင်ပြင်လွှာသည် ပြာလဲ့နေ၏။ သူတို့သည် မြင်းများကို ရေတိုက်ကြသည်။ မြင်းဇောင်းထဲရှိ အရိပ်ရရာတွင် မြင်းတွေကို ပြန်ထားကြရသည်။ တစ်ချိန်လုံးဝယ် တစ်တောလုံး ငြိမ်နေလေသည်။ သောင်းကျန်းသူတွေက သူတို့ရှိကြောင်း အရောင်လည်းမပြ၊ ညာသံလည်း မပေးပါ။

မွန်းတည့်ကျော်လော့က်တွင် မလှုပ်မယှက် ထိုင်နေရခြင်းကို ငြီးငွေ့မိလာသည့်အလား ထွန်းလူသည် သူ့ခေါင်းကိုမ, လျက် ကျောက်တုံးများနှင့် ချုံပုတ်များကြားမှ အနည်းငယ် ချောင်းကြည့်လိုက်လေသည်။

နိုင်း ...





တိတ်ဆိတ်ခြင်းဝယ် စူးရှလှသော ရိုင်ဖယ်သေနတ်သံ တစ်ချက်က အဝေးမှပေါ်လာ၍ ဝန်းကျင်တွင် ပဲ့တင်လှိုင်းထ,သွားစေကာ အသံပျောက်သွားလေသည်။ ထွန်းလူသည် ကျောက်တုံးတွေကြားထဲသို့ ခြေပစ်လက်ပစ် ထိုးကျသွားလေတော့၏။ သစ်တုံးကြီးလိုပဲ စန့်စန့်ကြီး မလှုပ်မယှက်။

ပထမဆုံး သူ့ဆီ ရောက်သွားသူက မေကြာညို၊ ထို့နောက် ... ဒေါ်သက်ပန်နှင့် နေဟိန်း။

ဒေါ်သက်ပန်ကတော့ မော့ကြည့်သည်။

"ရှပ်ထိသွားတာပါ၊ မကြာခင် ကောင်းသွားမှာပဲ"

တောင်ကုန်းစွန်းသို့ နေဟိန်း ဆင်းသွား၏။ မင်းဆော်က အရိပ်ခိုနေလေသည်။ ကျောက်တုံးတစ်တုံးကိုမှီလျက် ခွန်သာက ငြိမ်နေသည်။ နေဟိန်းက သူ့ဘေးတွင် တင်ပျဉ်ခွေ ထိုင်လိုက်လေသည်။

"ခင်ဗျား ဘယ်လိုထင်သလဲဗျို့၊ ဟိုဘက်မှာ ဘယ်လောက် အင်အား ရှိမယ် ထင်သလဲ"

ခွန်သာက ပခုံးကို တွန့်လိုက်၍ ...

"နှစ်ဆယ်လောက် ရှိမှာပေါ့၊ သည့်ထက်ပိုချင် ပိုမယ်၊ သူတို့ကို ခေါင်းဆောင်တဲ့ ရဲကျော်ဒင်ကြီးဟာ အလဟဿတော့ မဟုတ်ဘူး"

"ကျွန်တော်တို့မှာ စားနပ်ရိက္ခာလိုတယ်၊ ဒီည ကျွန်တော် ကြီးစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အသတ်ခံရလိမ့်မယ်"

"အသတ်မခံရပါဘူး၊ ဒီတောင်ကုန်း အစွန်းက ဆင်းမှာကို ခင်ဗျားကလွဲပြီး ဘယ်သူ့ကိုမှ ကျွန်တော် မပြောဘူး၊ မြေခွေးလိုလျှိုးပြီး မြွေလို သွားရမှာပဲ၊ ဒီနေရာရဲ့တောင်ဘက်မှာ ဒရယ်ကောင်တွေကို ကျွန်တော် မှန်ပြောင်းနဲ့မြင်ခဲ့ပြီးပြီ၊ ဒီကောင်တွေ ရေလာရာတာ ဖြစ်မယ်၊ ကျွန်တော်တို့ စောင့်လို့ရချင်မှ ရမယ်"

"ခင်ဗျား အမဲလိုက်တဲ့ သေနတ်သံကို သောင်းကျန်းသူတွေ ကြားမှာပေါ့"

"မလိုဘူး ... ကျွန်တော်မှာ သောင်းကျန်းသူတွေဘက်က ကျကျန်ခဲ့တဲ့ ဒူးလေးနဲ့မြားတွေ ရှိတယ်၊ ဒါကို အသုံးပြုနိုင်တယ်၊ ဒူးလေးကို အရင်က တောင်ကြီးမှာနေတုန်းက ကျွန်တော့် မိတ်ဆွေတစ်ဦးဖြစ်တဲ့ ကော်ပိုရေးရှင်း(၁)က စာရေး ကိုစန်းမောင်က ဗုံးပစ်ဖူးတယ်၊ သူက ဒူးလေးပစ်နည်း သင်ပေးခဲ့တာပဲ၊ သူ့ဒူးလေးက သူ့မိတ်ဆွေ ကိုအောင်ခိုင် ဆိုတဲ့လူက လုပ်ပေးခဲ့တာ၊ နိုင်ငံခြားကလာတဲ့ ဒူးလေးအတိုင်းပဲ"

ဒူးလေးဖို့ကာကို နေဟိန်းက ချဲ့ပြနေလေသည်။

"ဒါပေမင့် ကျွန်တော် လုပ်မယ်ဗျာ၊ ကိုနေဟိန်း ကျွန်တော် သွားပါရစေ"





"ကျွန်တော်ပဲသွားမယ် ... ဒါပေမင့် တစ်ခုတော့ ကူပါ၊ ဘာကိုမှ မပြောပါနဲ့၊ ကျွန်တော် လုပ်ငန်းစ,တာနဲ့ သူတို့က ဘာဆိုတာ တွေးကြမှာပဲ၊ ကျွန်တော်ဟာ ဘယ်ကိုသွားတယ်ဆိုတာ ဘယ်သူ့ကိုမှ ကျွန်တော် မသိစေချင်ဘူး၊ ခင်ဗျား နားလည်လား"

အစားအစာအတွက် လိုအပ်မှုက အလွန်အရေးကြီးနေသည်။ ဒရယ်ကောင်များမှာ အစာရှာထွက်လျှင် ပစ်ရခတ်ရလွယ်ပါလိမ့်မည်။ ထို့ပြင် ဒရယ်ကောင်တွေက ခပ်ဝေးဝေးတောအုပ် ကုန်းမြင့်များပေါ်မှ လွှယ်ဂျယ်စမ်းဘက်သို့ ခေါင်းတမော့မော့နှင့် မျှော်သည်ကိုလည်း မှန်ပြောင်းထဲမှာ တွေ့ခဲ့ပြီး ဖြစ်လေသည်။

သည်ဘက်မှာ သည်သားကောင်တွေ ရှိပါလိမ့်မည်။

ဒရယ်တစ်ကောင်လောက်သာ ရမည်ဆိုလျှင် သုံးလေးရက်စာတော့ သူတို့အတွက် ဖူလုံပါလိမ့်မည်။ ယင်းကြားထဲ တိုက်ကင်းထွက်ကြသော ရဲနှင့်သော်လည်းကောင်း၊ စစ်တပ်နှင့် သော်လည်းကောင်း ဆုံစည်းလျှင် သူတို့ချမ်းသာရာ ရကြပေလိမ့်မည်။

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com



ကြယ်အရောင်တို့သည် ကောင်းကင်မှာ မြူးနေကြ
သည်။

ညကား ... အမှောင်ထု သိပ်သည်း၏။

လောကတစ်ခွင်လုံး စကားမပြောတတ်သော အ,အ
၏ နှုတ်ကဲ့သို့ ဆွံ့အခြင်း ကင်းရှင်းလှ၏။

အသံမည်သော်လည်း လှုပ်ရှားမှုကလေးတွေက သူ့
နေရာနှင့်သူ ရှိနေသည်။ အမှောင်ကို အားကိုးပြီးလေမှ နေဟိန်း
က လှုပ်ရှားရလေသည်။ ကျော်ကျော်ထိုက်က ကျောက်တုံးများ
ပေါ်မှာ ကင်းစောင့်နေလေသည်။ အောင်လွင်ကမူ အိပ်မောကျ
နေသည်။

ညွှန့်တင်ကမူ ဒေါ်သက်ပန်ကြီး အနားတွင် လဲ
လျောင်းနေသည်။ သူမအနား လာအိပ်သူ ညွှန့်တင်ကို ဒေါ်သက်ပန်
က သက်ဘရန့် ရှိခြင်း မဖြစ်မိ။ ကျန်လူတွေကတော့ ရန်သူ့အရိပ်
အကဲကို စောင့်သူစောင့်၊ အိပ်သူအိပ် ဖြစ်နေကြ၏။

သူ ဘာလုပ်မည်၊ ဘာရည်ရွယ်ထားသည်ကို ခွန်သာ
မှလွဲပြီး နေဟိန်းက လူတစ်ဦးတစ်ယောက်ကိုမှ ဖွင့်ဟ,မပြခဲ့ပါ။





သူ့ခြောက်လုံးပြူးကို သူ့ကှာ ထားခဲ့ပြီးလျှင် သူပိုင် အီတလီလုပ်
နှစ်ဖက်သွား ဓားမြှောင်တစ်လက်၊ ဒူးလေးနှင့် မြားခြောက်စင်း
ကိုသာ သက်တော်စောင့်အဖြစ် ယူလာခဲ့လေသည်။

ပြားနေအောင် မိမိကိုယ်ကို မြေပေါ်တွင် ဝပ်လျောင်း
၍ ကျောက်တုံးများထဲရှိ ချုံကြားထဲမှ သူသွားမည့်လမ်းကို
ဦးတည် ရှုးစမ်းနေလေသည်။ မိနစ်များစွာ ငြိမ်ငြိမ်သက်သက်
သူ့ကိုထားကာ နားကို အလုပ်ပေးနေလေသည်။ အမှောင်က သူ့
ကို အန္တရာယ်ကြီးစွာ ကြိုဆိုနေလေသည်။

ယင်းသည့်နောက်တွင် သူ့ကိုယ်ကို မြွေများတွား
သွားသည့်အလား တွန့်ကာ လိမ်ကာဖြင့် ချုံပုတ်တွေကြားထဲက
ထွက်လာသည်။ နားကို အလုပ်ထပ်မံ လုပ်ခိုင်းပြန်သည်။ နာရီ
ဝက်ကျော်သွားသည့်တိုင်အောင် တောင်ကုန်းအောက်မှ ရှင်းရှင်း
မလွတ်သေးချေ။ သက်ရှိလှုပ်ရှားသံကြောင့် အမှောင်ကိုခိုကာ
ပြားနေအောင်ဝပ်လျက် ရှေ့တူရှုသို့ ရှုးစိုက်ကြည့်နေ၏။

ကင်းစောင့်လား ကင်းထောက်လားဟူ၍ အသွင်
ခွဲခြားမရသည့် အဖျက်သမားတစ်ယောက်က သူရှိရာသို့ မည်းမည်း
မည်းမည်းနှင့် လျှောက်လာသည်။ သူကျော်ဖြတ်သွားသည့်တိုင်
အောင် စောင့်နေပြီးမှ နေဟိန်းသည် မြေပြင်မှ ဖြည်းညင်းစွာ
ထ,ရပ်လျက် အပြင်ထွက်လိုက်၏။

သူသည် ဒရယ်များ မြင်ရသော တောအုပ်ဘက်သို့
တိတ်တဆိတ် လာခဲ့သည်မှာ တစ်နာရီနီးပါးမျှ ကြာမြင့်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီ ဖြစ်လေသည်။ သူ့တစ်ကိုယ်လုံးတွင် ဖုတ်တွေ၊ အမှိုက်တွေ၊ ဖုန်တွေ ရောယှက်နေလေသည်။ ကောင်းကင်ပြင်လွှာတွင် ကြယ်တာရာတို့က ကတ္တီပါထဲတွင် တွဲလွဲခိုသော စိန်ကြယ်ပွင့်များအလား တလက်လက် ကွန့်မြူးတောက်ပနေကြသည်။ ဒါကြောင့်လည်း မြေပေါ်တွင် စက္ကူအစုံကို မပီသသည့်တိုင် ဘာရယ်ဟု ခွဲခြမ်းစူးစမ်း စိစစ်နိုင်သည်။

တောင်ကုန်းကလေးတစ်ခု အရောက်တွင် မားမား ထီးထီး ရပ်နေသော သဏ္ဌာန်တစ်ခုကို မြင်လိုက်၏။ မပီပြင်သော်လည်း ဒရယ်တစ်ကောင်ဟု နေဟိန်း တွက်လိုက်ပြီး ဖြစ်လေသည်။ လေသည် ဒရယ်ဘက်က၊ သူ့ဘက်သို့ ဖြတ်သန်းတိုက်ခတ်သွားသောကြောင့် လေနှင့် ဝိရောဓိဖြစ်ရာ အရပ်တွင် သူရောက်နေ၏။

ဒရယ်ကောင်သည် လူသားတစ်ဦး ကပ်လာမှုကို စိုးစဉ်းမျှ သိဟန်မတူ။ သိဖို့ကလည်း အနံ့မရ။ နေဟိန်းက မိုးမခပင်ကြီး တစ်ပင်၏ ပင်စည်အောက်တွင် ဝင်ရောက်ကပ်ခိုလိုက်ပြီးသည့်နောက် သူ့ဘက် ဘေးစောင်းကျကျလေး ရပ်နေသော ဒရယ်ကို အကဲခတ်သည်။

ဒရယ်က အနီးရှိ အပင်ငယ်ကလေးတွေကို ကိုက်ဝါးနေလေသည်။ နေဟိန်းသည် ဝမ်းသာမြူးတူးခြင်းစိတ်နှင့် မြားတစ်ချောင်းကို ကျောပိုးမြားအိတ်ကလေးထဲက ထုတ်ပြီး ပါးစပ်တွင် ကန့်လန့်ဖြတ် ကိုက်လိုက်လေသည်။ သူ့လှုပ်ရှားမှုကို ငြိမ်နိုင်သမျှ ငြိမ်အောင် အသံတိတ်ဆိတ်နိုင်သမျှ တိတ်ဆိတ်အောင်





လုပ်ဆောင်ဖို့ပဲ ရှိတော့သည်။ ဒူးလေးကို လေးညှို့ဆွဲမတင်ခင် ဒရယ်ကို အကဲခတ် လေ့လာပြန်၏။ မည်းမည်းသဏ္ဌာန်ကိုယ်ထည်နှင့် ဒရယ်သည် သစ်ရွက်များကို ကိုက်ဖြတ်ဝါးစားရာက တရွေ့ရွေ့ခြင်း နေဟိန်းနှင့် နီးနီးလာလေသည်။

နေဟိန်းသည် ဒူးလေးကို ဗိုက်တွင်ထောက်လျက် လေးညှို့တင်ရန်ပြုစဉ် ဒရယ်၏ ထူးထူးခြားခြား အပြုအမူကို သတိထားလိုက်မိလေသည်။ ဒရယ်သည် အစာစားခြင်းကို ရပ်တန့်သွားသည်။ နေဟိန်း၏ ဘေးတိုက်ခပ်လှမ်းလှမ်းရှိ ကျောက်တုံးများဆီမှ လူတစ်ယောက်၏ အသက်ရှူသံကို ကြားလိုက်ရလေသည်။ နေဟိန်း ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားလေသည်။ ဒရယ်သည် မသကာဟန်ဖြင့် နောက်သို့ သုံးလေးလှမ်း တွန့်သွားသည်။ နေဟိန်းသည် ဝမ်းဗိုက်နှင့် မြေကြီးကို အပ်ထားရင်းပင် ဒရယ်ကို စူးစိုက်ကာ ငြိမ်နိုင်သရွေ့ ကိုယ်ကို ငြိမ်အောင် ထားနေသည်။

ရုတ်တရက် ဒရယ်က ကိုယ်ကို ရွေ့လျားလိုက်သည်။ ထိုအချိန်မှာပင် လေးတစ်စင်းမှ လေးညှို့ခတ်သံ ဒင်ခနဲ အသံနှင့်အတူ လေချွန်သံကို ရှီခနဲ ကြားလိုက်ရသည်။ မူရင်းနေရာမှ ထွက်ခွာရန် ကြံစည်သော ဒရယ်မှာ နောက်သို့ပင် ပြေးရှောင်ဖို့ အချိန်မရလိုက်မီ မြားတစ်စင်းက ဒရယ်၏ ကိုယ်ထဲသို့ ဖွပ်ခနဲ ဝင်ရောက် စိုက်သွားလေတော့သည်။

ဒရယ်တစ်ကောင်သည် လေထဲသို့ ဆတ်ခနဲ တစ်ချက် ထိုးခုန်ပြီးနောက် သူ့ကိုယ်က အထက်ပိုင်းက ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနှင့် ထိရိုက်ခုတ်ပြီး လဲကျသွားလေတော့သည်။ မြေပေါ်တွင် လဲကာ လိမ့်သွားသံက တိတ်ဆိတ်သော ညဥ့်ယံကို ဖောက်ထွင်း မင်းမူသွား၏။ တစ်ခဏအတွင်းမှာပင် မြားကိုသုံးလိုက်သူ အဖျက်သမား သောင်းကျန်းသူတစ်ယောက်က ပုန်းကွယ်နေရာ ကျောက်တုံးများထဲက ထ,လာသည်။ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်၏။

သောင်းကျန်းသူသည် နေဟိန်းနှင့် များစွာဝေးလှသည် မဟုတ်ပါ။ သောင်းကျန်းသူက သက်ပြင်းတစ်ချက် ချလိုက်သည့် အချိန်မှာပင် နေဟိန်းက ဒူးလေးဦးကို သောင်းကျန်းသူဘက်လှည့်၍ မုဆိုးဒူးထောက်နည်းဖြင့် လေးညှို့ကို လက်နှစ်ဖက်အားဖြင့် ဆွဲတင်လိုက်လေသည်။ ကံဆိုးချင်တော့ ဒူးလေးညှို့က မောင်းတံတွင် စွဲမြဲမြဲ မချိတ်မိခင် နေဟိန်းက မြားတံကို အလောအစောအထည့်မှာ ဒေါင်ခနဲ မောင်းပြုတ်ထွက်သွားလေတော့၏။

ဒူးလေးပြုတ်သံက သောင်းကျန်းသူအား သည်ညသည်နေရာ၌ သူတစ်ဦးတည်း မဟုတ်ကြောင်း သတိပေးသလို ဖြစ်သွား၏။ ဒါကြောင့် တစ်ခဏခြင်း သူက ချာခနဲလှည့်ကာ နေဟိန်း ရှိရာသို့ ခုန်အုပ်လိုက်လေတော့၏။

နေဟိန်း၏ လက်ထဲကဒူးလေး လွတ်ထွက်သွားသည်။ နေဟိန်းသည် မြေပြင်ပေါ်သို့ ပစ်လဲကျသွားလေတော့၏။ သူ့အပေါ်သို့ ရောက်ခဲ့ပြီးသော သောင်းကျန်းသူသည် ၎င်း၏ ခါးကြားထဲက ဓားမြှောင်တစ်လက်ကို ဆွဲထုတ်ရာ ကြယ်ရောင်





အားကြောင့် ဝင်းခနဲ လက်သွားသည်ကို နေဟိန်း မြင်လိုက်ရစဉ် သူ့ကိုခွစီးပြီးသော ထိုသောင်းကျန်းသူက နေဟိန်း၏ ရင်အုံကို ဓားမြှောင်ဖြင့် စိုက်သွင်းလိုက်တော့၏။

နေဟိန်းသည် လက်နှစ်ဖက် ကြက်ခြေခတ်ပြီး အောက်မှခံပေးလိုက်ရာ ဓားမြှောင်ကိုင် လက်ကောက်ဝတ်က လက်နှစ်ဖက် ကြက်ခြေယှက်ရာကြားသို့ ကျရောက်လာလေတော့၏။ နောက်တစ်ကြိမ် ဆင့်အထိုးတွင် နေဟိန်းက ဘယ်လက်ဖဝါးနှင့် ဓားမြှောင်ကိုင် တံတောင်ဆစ်ကို ရိုက်ပုတ်ထုတ်ပေးလိုက်သည်။ ဓားမြှောင်သွားက သူ့မျက်နှာနံဘေးကကပ်ကာ မြေကြီးထဲသို့ စိုက်ဝင်သွားစဉ် ဘယ်လက်ဝါးစောင်းနှင့် သောင်းကျန်းသူ၏ နံကြားကို ခုတ်ထည့်ပေးလိုက်သည်။ ဓားချက်လွဲမှုကြောင့် လွန်သွားသော်အရှိန်၊ လက်ဝါးစောင်း ခုတ်ခံရသော ဒဏ်ကြောင့် ဓားမြှောင်သမားသည် တစ်ဖက်သို့ စောင်းလဲကျသွား၏။

နေဟိန်းသည် သူ့ဓားကို ထုတ်လိုက်သည်။ လူးလဲထ,ပြီးသော် ဓားမြှောင်သမားက သူ့ဓားကို လက်ဖြောင့်တန်းကိုင်လျက် နေဟိန်း၏ ဝမ်းဗိုက်ကို ပြေးထိုးလိုက်၏။ ဘယ်ခြေကို ညာခြေနောက်သို့ တစ်ကွက်ဆုတ်လိုက်ပြီးသည့် နေဟိန်းက သူ့ဝမ်းဗိုက်နားမှ ဓားချော်သွားခိုက် သူ၏ဓားမြှောင်နှင့် ညဉ့် သောင်းကျန်းသူ၏ ကျောလယ်သို့ ဝိုက်စိုက်ချလိုက်သည်။ ဓားမြှောင်ကိုင် သောင်းကျန်းသူကလည်း လျှင်ပါဘိခြင်း။ ကိုယ်ခံပညာကလေး ဘာလေးတော့ တတ်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဟိန်း၏ နှစ်ဖက်သွား ဓားမြှောင်အား စောင်းကျပ်စွာ ကိုင်ထားသော လက်ကို သူ့ဘယ်လက်ဖြင့် ဆောင့်ဖမ်းဆီးခံလိုက်၏။ သူ့လက်ကောက်ဝတ်က နေဟိန်း၏ လက်ထက် ပြင်းထန်သည်။ နေဟိန်း၏လက်က ဓားပင် လွတ်ကျသွားသည်။ ဓားမြှောင်သမားက နေဟိန်း၏ ဝမ်းဗိုက်ကို အောက်မှပင့်ထိုးပစ်လိုက်သည်။ နေဟိန်းသည် ကိုယ်ကိုကုန်းလျက် ညာလက်ဝါးဖောင်းနှင့် အပေါ်မှ အောက်သို့ ဓားကိုင်လက်ဝါးစောင်းကို ဖိခုတ်ချကာ ဖယ်ထုတ်ပစ်လိုက်လေသည်။

တစ်ချိန်တည်းတွင် ညာလက်က လက်ကောက်ဝတ်ကို ဖမ်းကိုင်ပြီး ဘယ်လက်က ပခုံးကိုဖိကိုင်၍ ရန်သူ၏ ခြေကျင်းဝတ် နောက်ကို သူ ခြေစောင်းတစ်ဖက်နှင့် ရှေ့ဘက်သို့ ကန်ထုတ် ရိုက်လှဲချိန်မှာ ရန်သူ့ကိုယ်ကို နောက်သို့ဆွဲချလိုက်၏။ ကိုယ်ခန္ဓာ၏ ထိတွေ့မှုက မြေကြီးနှင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး နှုတ်ဆက်သံ ပေါ်လာလေသည်။

မြေကြီးက ကိုယ်ခန္ဓာကို ဆီးအပွေ့ ရန်သူ၏တံတောင်ဆစ်ကို ဘယ်လက်က ကွေးချိုးပြီး ညာလက်က ဓားကိုင်ထားသော လက်ခံကိုဆုပ်ပြီး ရန်သူ၏ ရင်ဝထဲသို့ စွပ်ခနဲ စွပ်ခနဲ သုံး,လေးချက်မျှ သူ့ဓားနှင့်သူ တအားဆောင့်ထိုးသွင်းလိုက်သည်။ သံမဏိသွားက လူ့အသက်ကို ဖွင့်ထုတ်ပေးလိုက်သည်။ ငနဲကား ကိုယ့်စရိုတ်ကိုယ်စား၍ ငရဲပြည်သို့ သွားလေပြီ။





ပင့်သက်ကို အားပါးတရ ရှိုက်ရှူသွင်းပြီးနောက် သော်ကား သူ့ဓားမြှောင်နှင့် ဒူးလေး၊ မြားအိမ်ထဲမှ ကျသွားသော မြားဆံတို့ကို ရှာဖွေကောက်ယူလိုက်၍ ဘေးပတ်ဝန်းကျင်ကို အကဲခတ် သုံးသပ်သည်။ ဝန်းကျင်ကား ဆိတ်ငြိမ်မြဲ ဆိတ်ငြိမ်မြဲတည်း။ သူ့တစ်ကိုယ်လုံးတွင် ချွေးတွေ သီးထ,စို့ထွက်နေ၏။

လဲနေသည့် ဒရယ်ကောင်ကို စမ်းသပ်သောအခါ တမလွန်တံခါးဝတွင် ညဥ့်ဆောင်းကျန်းသူနှင့် ဆုံစည်းရန် ဒရယ်ကောင်၏ ဝိညာဉ်သည်လည်း ထွက်ခွာလေပြီတည်း။ ဒရယ်ကောင်ကို ပိုးသယ်သွားရန်မှာ လွယ်သည့်အလုပ် မဟုတ်ပေ။ နေဟိန်းသည် သူ့ဓားဖြင့် ဒရယ်ကောင်ကို ဖျက်သည်။ မှောင်ထဲတွင် ဖျက်ရသောကြောင့် အလျင်အမြန်မရှိ၊ ဆယ့်ငါးမိနစ်နီးပါးကြာမျှ အသားတုံးတွေကို လှီးထုတ်လိုက်နိုင်ပြီး ဖြစ်သည်။

အနီးတွင် ကျွန်းဖက်တွေကို လိုက်ရှာရ၏။ ရလျှင် အသားများကို ကျွန်းဖက်ထဲမှာ ထုပ်ပိုးပြီးသော် ကျန်အသားတွေကို သင့်ရာချောင် ဝှက်လိုက်၏။ မြန်နိုင်သမျှ မြန်အောင်လုပ်သည်။ မသဲကွဲသော အလင်းအထိအတွေ့ကို ယူလုပ်ရသည်မှာ ထင်သလောက် မလွယ်ကူ၊ ကျန်သည့်အသားတွေကို ကျွန်းဖက်နှင့်ထုပ်၍ တစ်နေရာမှာ ဝှက်ထားလိုက်သည်။ ကိုယ်ကို ဆန့်လိုက်သည်။ ဒူးလေးနှင့် မြားကို အသင့်ကိုင်၍ ပြန်ဆုတ်လာ၏။

မိနစ်ပေါင်းများစွာ သူ့ကိုယ်ကို ခလုတ်မတိုက်၊ မလဲပြိုရန် ဂရုစိုက်ရသည်။ ရန်သူနှင့်တွေ့က အသင့်ရှိစေရန်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဂရုပြုရသည်။ ပြီးမှ တောင်ကုန်းစွန်းက ကမ်းပါးကို တွေ့ရ၏။ တအောင့်မျှ ရပ်တန့်ကာ အသံဗလံတွေကို နားစွင့်ထောင်သည်။ သူ ဆင်းလာစဉ်က တောင်ကုန်းစွန်းဘက်ကို တက်သွားသော သောင်းကျန်းသူတစ်ယောက်ကို အမှတ်ရလာမိသောကြောင့် ဖြစ်လေသည်။

ယင်းငတိသည် သည်နေရာတွင် ရှိမြဲရှိနိုင်သည်။ အသားထုပ်ကို ဘယ်လက်သို့ ပြောင်းရွှေ့ကာ ဒူးလေးနှင့် မြားတံကိုလည်း ချိုင်းတွင် ညှပ်ထားလိုက်၍ သူ့နှစ်ဖက်သွား ဓားမြှောင်ကို ထပ်မံဆွဲထုတ်လိုက်လေသည်။ တစ်လှမ်းချင်း တစ်လှမ်းချင်း လှမ်းလိုက်လေတိုင်း တစ်ဖက်သား၏ တိုက်ခိုက်ခြင်းကို မျှော်လင့်စောင့်စားနေမိသည်။

တောင်ကုန်းအောက်ခြေတွင် ရှိသော အိုင်အောက်ရှိ ချုံနွယ်များ ကြားထဲသို့ ဖြတ်သန်းတိုးဝင်ချိန်တွင် အလွန်သတိရှိလျက် တစ်ခုခုကို ရပ်နားထောင်ရန် ရပ်ရသည်။ စိတ်ချပြီ၊ အခြေအနေသင့်ပြီဆိုမှ ရှေ့သို့ ထပ်တိုးသည်။ တစ်ချိန်တွင် သစ်ပင်အောက်တစ်ခုမှ သစ်ကိုင်းစတစ်ခုနှင့် အသားထုပ်က သွားငြိနေသည်။ နေဟိန်းက အသားထုပ်ကို ဆွဲယူလိုက်သည်။

လွတ်တော့သွားပါ၏။ ရှဲခနဲ သစ်ကိုင်းလှုပ်သံက ပေါ်လာသည်။ ရုတ်ခြည်း ကပျာကသီ ရှေ့သို့ သုံးလှမ်းမျှ လှမ်းသွား၍ ဝပ်ချလိုက်လေသည်။ နားကို အစွမ်းကုန် အသုံးချကာ စောင့်နေသည်။ သူ့ဘယ်ဘက်တွင် တစ်ခုခု ပွတ်တိုက် ရွေ့လျား





သံသဲ့သဲ့ကို ကြားရသည်။ သူက မိကျောင်းတွား ဝပ်တွားသည်။ အသက်ကိုအောင့်၍ ခေတ္တရပ် နားထောင်ပြန်လေသည်။

သူထွက်လာရာ ရေအိုင်သို့ ပြန်ရောက်လာပြီဟု စိတ်ချရလောက်မှ သူ့လက်ထဲက အသားထုပ်ကို မြေပြင်ပေါ်ကို ချလိုက်သည်။ အသက်ကို အောင့်ပြီး နားစိုက်သည်။ ညအချိန်က အေးမြနေသော်လည်း ချွေးတွေက စီးထွက်မြဲ စီးထွက်လျက်၊ ဓားကို ဘယ်လက်သို့ ကူးပြောင်းသည်။ ညာလက်ဝါးပြင်ကို ရှပ်အင်္ကျီမှာ သုတ်လိုက်သည်။ ဒူးတစ်ဖက်ထောင်ကာ နားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးမလင်းမီ အချိန်လောက်တွင် ကျော်ကျော်ထိုက်သည် ကျောက်တုံးများပေါ်က ဆင်းလာ၍ မီးဖိုရာဘက်သို့ လျှောက်လာလေသည်။ မင်းသော်က သူ့ကိုယ်ကို သက်သောင့်သက်သာ ဖြစ်စေသည်။ မည်သူမှ ထမလာကြသေး။

ကျော်ကျော်ထိုက်သည် မြေပြင်အပေါ်ရှိ ထုပ်ထားသော အထုပ်များကို ကြည့်လိုက်၏။ ကော်ဖီရေကျဲကျဲကို မြီးစမ်းကြည့်၏။ သည်နေရာမှ လွတ်မြောက်သူ ရှိလျှင်တော့မှ ယင်းလူကို ဖိုးကံကောင်းဘွဲ့ ပေးရမည် ဖြစ်သည်။ သူတစ်ယောက်တည်း ရန်သူဆီသို့သွားကာ ကျိတ်လက်နက်ချရ ကောင်းလေမည်လော။

သည်သို့လည်း မဖြစ်နိုင်၊ သူသွားလျှင် မေကြာညိုတွင် အဖော်ရှိတော့မည် မဟုတ်၊ ထို့ပြင် သောင်းကျန်းသူတွေကလည်း သူ့အား ချမ်းသာပေးပါမည်လော။

တစ်ချိန်က သူနှင့် မေကြာညို ကလေးတွေအား စာသင်ပေးခဲ့ခြင်းကို ပြန်လည်တွေးတော မြင်ယောင်လာမိပေ၏။ အကောင်းဆုံးကား ထိုနေရာမှ မေကြာညိုကို ခေါ်ယူထွက်ပြေးဖို့





ပဲရှိ၏။ အိပ်နေသော မေကြာညိုကိုနှိုး၍ မြင်းတစ်ကောင်စီပေါ်သို့ တက်ပြီးပြေးရလျှင်တော့ ...

သည်အကြံ သည်အတွေးက သူ့ခေါင်းနှင့်ကိုယ်ထဲသို့ ဝင်,ဝင်လာသည်။ နှင်ထုတ်ပါ၏။ မရပါ။ သူ့စိတ်ထဲကိုသာ ယင်းအတွေးက ပြန်ဝင်နေလေသည်။ သည်အချိန်ဆိုလျှင် သောင်းကျန်းသူ နှစ်ယောက် သုံးယောက်သာလျှင် ကင်းစောင့်ရှိချင်ရှိမည်။ လူစု မိကြလိမ့်မည် မဟုတ်သေး။

သို့သော် ... မြင်းတွေကို ပသို့ထုတ်ယူရမည်နည်း။ မြင်းတွေကို ယူဖို့ကလည်း မလွယ်၊ ကော်ဖီရည်ညိုညိုကို ကျော်ကျော်ထိုက်က ကြည့်နေပြီး ခွက်ထဲတွင် လှုပ်နေ၏။ သူ့အိတ်ထဲတွင် ငွေလေးဆယ်လောက် ရှိနေသည်။ ယင်းငွေလေးဆယ်လောက်နှင့် မလုံလောက်ပါပေ။

မြင်းတွေနှင့် စိုက်ခေါင်သို့ရောက်လျှင် မြင်းတွေကို ပြန်ရောင်းနိုင်လျှင် ဝက်ပြန်ထောလာမည်။ သူသည် မေကြာညို အိပ်စက်ရာကို အမှတ်မထင် လှမ်းကြည့်လိုက်၏။

သူမ လိုက်ပါမလား။

အခွင့်အရေးမကောင်း ဆိုတာတော့ သူမ သိပြီးဖြစ်၏။ သည်အခြေအနေကို သုံးသပ်မိလျက်က လိုက်မည့် သူမသည် ရူးရူးမိုက်မိုက်တော့ မဟုတ်ကောင်းပေ။

သည်တော့ နောက်တစ်ယောက် အဖော်ကောင်းတစ်ယောက်သာ ပါဦးမည် ဆိုလျှင်တော့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးနှောက်ထဲကို ညွန့်တင်က ဝင်ရောက်လာ၏။

သူ လက်မခံ။

ဘယ်ခံနိုင်ပါ့မလဲ၊ ညွန့်တင် ဆိုသော ငနဲသားက တကယ် အန္တရာယ်ကောင်ပဲ။

နောက်တစ်ယောက် ထွန်းလူ၊ ထွန်းလူက ဒဏ်ရာရနေသည့်ပြင် နေဟိန်းကို ထောက်ခံသူ ဖြစ်သဖြင့် လိုက်မည်မှာ မသေချာ။

နေဟိန်း ဆိုမှ သူ သတိဝင်လာသည်။ နေဟိန်း ဘယ်ရောက်နေလေသနည်း။ ကျော်ကျော်ထိုက်သည် ရုတ်တရက် ထ,ရပ်လိုက်၏။ နေဟိန်းကို သူ မမြင်မိခဲ့ချေ။ နေဟိန်း လစ်သွားခဲ့ချေပြီတကား၊ နေဟိန်းကို မမြင်ခဲ့သည်မှာ နာရီအတော်ကြာနေလေပြီ။

နေဟိန်း လစ်သွားပြီဟူသော အသိက သိလာသည်နှင့် တစ်ပြိုင်နက် ကျော်ကျော်ထိုက်၏ ဒေါသတွေက တစ်ကိုယ်လုံး ခြုံလွှမ်းလာ၏။ နေဟိန်းသည် သူတို့ကိုထားပြီး တစ်ကိုယ်ကောင်း ကိုယ်လွတ်ရုန်းသွားခဲ့ပြီ ဖြစ်၏။ သူသည် ဘယ်လိုလူစားမျိုးပေနည်း။ ယခုပဲ သိရပါမည်။

သူ့နောက်မှ လူတစ်ယောက် နင်းလျှောက်လာသံကြားရသဖြင့် ကျော်ကျော်ထိုက် လှည့်ကြည့်လိုက်လေသည်။ သူကား ကိုညိုမောင် ဖြစ်တော့သည်။





"ခွေးသား နေဟိန်းတော့ ကျုပ်တို့ကို ထားပြီး လစ်သွားပြီဗျို့"

ဟု ကျော်ကျော်ထိုက်က အသံကုန်ဟစ်၏။

ကိုညိုမောင်၏ ခေါင်းသည် ဆတ်ခနဲ ထောင်သွားလေသည်။

"ကျုပ်တော့ မယုံပေါင်ဗျာ"

ဟု မထူးခြားသော လေသံနှင့် ဆို၏။

"မယုံသာ မယုံတယ် သူ ပြေးပြီဗျ၊ ခင်ဗျားကိုယ်တိုင်ပဲ မျက်လုံးဖြုံကြည့်ပါဦး"

"အဓိပ္ပာယ်မရှိလိုက်တာ၊ သူ ဒီလို သူ့ရဲဘောကြောင်မဲ့ လူစားမျိုး မဟုတ်ပါဘူး"

အနှစ်သာရ ကင်းမဲ့သော လေသံဖြင့် ကျော်ကျော်ထိုက်က ဟန်လုပ် ရယ်မောလိုက်လေသည်။

"မယုံမရှိနဲ့၊ ခင်ဗျားလူ ပြေးပြီ၊ ကျုပ်တို့လည်း အခြေအနေလိုက်ပြီး ပြေးရမှာပဲ၊ အပြင်ဘက်မှာ သောင်းကျန်းသူတွေ များနေရင်လည်း ထွက်တိုက်ပြီး ပြေးမယ်"

ကိုညိုမောင်သည် ကျော်ကျော်ထိုက်ကို စူးစမ်းလေ့လာ အကဲခတ်သည်။ သုံးသပ်သည်။

"ကိုကျော်ကျော်ထိုက် ... ခင်ဗျား တစ်ခုခုတော့ မေ့နေပြီ၊ ကျုပ်တို့ ဒီမှာရှိတာက လူပေါင်း ဆယ့်လေးယောက်ရှိတယ်၊ မြင်းက ရှစ်ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ထိုက်သည် စကားပြောရန် ပြင်ပြီးမှပင် ပြောမည့်စကားကို ရပ်ထားလိုက်သည်။ သူ့ကိုယ်တွင်းမှ ဒေါသငွေ့များက တစ်စတစ်စ လွင့်စင်ပျောက်ကွယ်၍ လက်ငင်းအခြေအနေမှန်ကို သဘောပေါက်လာမိသောကြောင့် ဖြစ်၏။

"ဒါပေမဲ့ဗျာ၊ ဒီမြင်းအုပ်ထဲက တစ်ကောင်ဟာ ကျွန်တော့်ပိုင် မဟုတ်လား"

ကိုညိုမောင်က မငြင်းပါ။ ခေါင်းကိုသာ ညင်သာစွာ ညိတ်ပြလိုက်လေသည်။

"ဟုတ်တာပေါ့၊ ခင်ဗျား မြင်းပါပဲ"

နောက်ထပ် စကားဆက်လိုသောဆန္ဒ မရှိဟန်ဖြင့် ရုတ်ခြည်း လှည့်ထွက်သွားလေတော့၏။

❁ ❁ ❁





# ၁၀

လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင် အမှုထမ်းတစ်ယောက်ဖြစ်သူ အောင်ရွှေက ကျော်ကျော်ထိုက် နောက်တွင် ရပ်နေလေရာ ကျော်ကျော်ထိုက်က အလှည့်တွင် မျက်နှာချင်း သွားဆိုင်မိလေသည်။ အောင်ရွှေမှာ အသက်သုံးဆယ်ရှိ လူတစ်ယောက်ဖြစ်၏။ သူ့မျက်နှာ နီနေသည်။

"ရှူးတာမှ ကျုပ်တို့ တကယ် ငွေးပဲ၊ ကျုပ်တို့မြင်းတွေနဲ့ ထွက်ပြေးရင် ကောင်းလိမ့်မယ်လို့ ထွန်းလူနဲ့ တစ်ခါက ပြောဖူးသားပဲ၊ တခြားလူတွေ နေချင်နေခဲ့ပစေဗျာ၊ ကျုပ်တို့သွားမယ်၊ သူတို့လည်း သူတို့အသက် ကြံဖန်ရှန်းလိမ့်မပေါ့"

ကျော်ကျော်ထိုက်မှာ အောင်ရွှေ၏ စကားကို လက်ခံနိုင် မခံနိုင် စဉ်းစား၏။ တကယ်စဉ်းစားကြည့်လျှင်မူ ထွက်လည်းထွက်ချင်သည်။ ထွက်က သေမှာကိုလည်း ရှဲ့နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ရွှေသည် သူထွက်ရာတွင် အကူအညီရမည့် လူတစ်ယောက် ဖြစ်ရိုးမှန်၏။ ညွန့်တင်လို အန္တရာယ်ကောင်တော့ မဖြစ်နိုင်ပါ။ သူ့စကားကို လိုက်နာမည့်လူ တစ်ယောက်သာ ဖြစ်လိမ့်မည်။

"ကဲ ... ဘယ်လိုလဲ"

အောင်ရွှေက ကျော်ကျော်ထိုက်အား မတင်မကျ မဖြစ်စေလိုဟန်ဖြင့် မေးလိုက်၏။ ကျော်ကျော်ထိုက်နားသို့ သူ ကပ်သွားလေသည်။

"ဘာလဲဗျ၊ ခင်ဗျားက ဒီမှာ ကျန်ခဲ့တဲ့ လူတွေအတွက် နောက်ကြောင်းတွေးပူနေလို့လား၊ ဒီမှာ အစားအစာရေ ရေတွေပါ အများကြီး ကျန်ပါသေးတယ်"

ကျော်ကျော်ထိုက်သည် စကားကို မြွေမသေ တုတ်မကျိုး ပြောပြီးလျှင် ထွက်သွားလေတော့၏။

"အေးလေ၊ အခြေအနေ ကြည့်ကြသေးတာပေါ့"

သည့်နောက် မီးဖိုမှဝေးရာသို့ လျှောက်လာပြီး လူတွေ နေရာယူထားရာဘက်သို့ ခြေလှမ်းတွေကို မှန်မှန်လှမ်းလာ၏။ ကောင်းကင်မှာ နေမင်းက သာသာကြည်ကြည် ထွန်းလင်းတောက်ပနေ၏။ နေဟိန်း၏ အရိပ်အယောင်ကိုမျှ မတွေ့ရ မမြင်ရသေး။

သူမ၏ ခြုံစောင်အောက်ဝယ် မေကြာညိုက လူးလွန့်နေသေး၏။ ယင်းနောက်မှ ထ,လိုက်လေသည်။ ဆံပင်တွေကို





ဖြီးပိုက်လေသည်။ သည်မျှ ကြမ်းတမ်းသော ကန္တာရတွင်တောင် မေ၏အလှက ပျက်သုန်းမသွားသေးပါ။ အလှက ဆက်လက် ရှင်းဆန်းမြဲ ... လှမြဲဆဲ။

"သူ ထွက်ပြေးပြီ၊ နေဟိန်းတော့ ပြေးပြီ"

ကျော်ကျော်ထိုက်က လူအများ နားနေရာသို့ ရောက်လာအခါ မေကြာညိုကို အသိပေးလိုက်လေသည်။

"ထွက်ပြေးပြီ ..."

မေကြာညိုက သူ့ကိုကြည့်ပြီး ကျော်ကျော်ထိုက် ဆိုလိုသည်ကို သိဖို့ကြိုးစားသည်။

"ကိုနေဟိန်းလား၊ အို ... မဟုတ်နိုင်ပါဘူး"

"သူ သွားပြီ၊ မေ့ကို ပြောပြမယ် နားထောင်"

နဂိုကမှ ကျော်ကျော်ထိုက်က နေဟိန်းကို အပုပ်ချ ချင်လေရာ အကြောင်းအခွင့် ဆိုက်လာတော့ အားပါးတရ ပုပ်ချတော့၏။

"သူပဲ ပြောခဲ့တာ မေ မှတ်မိမှာပဲ၊ ဒီမှာနေပြီး ကြံ့ကြံ့ခိုင်ခိုင် ခုခံကြဖို့ သူက သိပ်ပြောခဲ့တဲ့လူပဲ မေ၊ အခုတော့ ဘာကိုမှ မပြောဘဲ သူရဲဘောကြောင်ကြောင်နဲ့ သူ့ကိုယ်သူ အလွတ်ရုန်း ပြေးပြီ"

"အို ... မေတော့ မယုံဘူး"

တကယ် မယုံသော လေသံက တိတိပပ နေ၏။ မေကြာညိုသည် ဖျတ်ခနဲ ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေဟိန်းဟာ ဒီလိုလုပ်မဲ့လူစား မဟုတ်ဘူး၊ သူဟာ သွေးနည်းတဲ့လူမှ မဟုတ်ဘဲ"

ကျော်ကျော်ထိုက်က မေကြာညိုကို စိတ်ကုန်ခန်းစွာ ကြည့်သည်။ နေဟိန်း လစ်ပြေးတာကို မယုံဆိုသည့် သူမ၏ စကားကို အခံရ ခက်နေသည်။

"ငနဲကတော့ ဒိမ်သွားပြီ၊ ကိုယ်တို့တစ်တွေသာ ဘာလုပ်ကြမလဲ"

"သူ ထွက်မပြေးသေးပါဘူး အစ်ကိုရယ်၊ ကိုနေဟိန်းက မေတို့ကို ပစ်မသွားပါဘူး၊ ပစ်ပြေးလိမ့်မယ်လို့လည်း မေ မမျှော်လင့်ဘူး၊ ကိုနေဟိန်းဟာ ဒီလိုလူစားမှ မဟုတ်ဘဲ"

မေကြာညိုက အခိုင်အမာ ဆိုနေပြန်၏။

သူတို့ စကားဆိုနေကြချိန်တွင် ဒေါ်သက်ပန်မှာ ထိုင်နေလျက် သူမ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ပြီးမှ သူ့ ခြေဖျားပေါ်တွင် အားပြုကုန်းထ,လိုက်သည်။ သူမကိုယ်ကြီးက ဝဖြိုးလေးလံလွန်းရကား ဆံပင်ကို ဖြီးဖို့ရန်လည်းကောင်း၊ အကျီ ကို ဆွဲဆန့်ရန်လည်းကောင်း မတတ်နိုင်ရှာပါပေ။ သူမ၏မျက် လုံးတွေက ပြောင်လက်သလောက် မာကျောအေးစက်လှ၏။

ဤမျက်လုံးတွေကပင် ကျော်ကျော်ထိုက်ကို တစ်လှည့်၊ မေကြာညိုကိုတစ်လှည့်၊ မသိမသာ ဆိုးဝါးစွာ ကျက်စား နေပြီးနောက်မှ ကျောက်တုံးတွေဘက်သို့ လွဲပြောင်းရောက်ရှိသွား လေသည်။





သူတို့အားလုံး စုံလင်စွာ အိပ်ရာက နိုးနေကြလေသည်။ သီတာဝင်းက ဆံပင်ကို သေသပ်အောင် ပြုပြင်နေပြီ။ သူမ အဝတ်အစားတွေကိုလည်း လှလှပပဖြစ်အောင် ဆန့်ရန့်နေ သည်။

"နေဟိန်းတော့ ထွက်ပြေးပြီ"

အားလုံး ကြားလောက်အောင် ကျော်ကျော်ထိုက်က အသံကိုမြှင့်ကာ ထပ်မံပြီး စကားပစ်လိုက်ပြန်လေသည်။ သူ့ကို သီတာဝင်းက မထေမဲ့မြင် ကြည့်လိုက်ပြီး လူအုပ်ထဲမှ အဝေးသို့ ရှောင်ထွက်သွားလေသည်။ မင်းသော်က ကော်ဖီအိုးကို ကောက် ကိုင်လိုက်သည်။

"သူ ထွက်ပြေးပြီ၊ အေးလေ ထွက်ပြေးလည်း သူပြန်လာ မှာပေါ့"

သူ့အသံက ခပ်ပေါ့ပေါ့ ရှိနေ၏။ အားလုံးက မင်း သော်ကို ဝိုင်းကြည့်ရာမှာ မင်းသော်က အေးဆေးစွာ ...

"ကျွန်တော်တို့မှာ စားနပ်ရိက္ခာ လိုနေတယ် မဟုတ်လား ဗျာ၊ ဒီအတွက် ကိုနေဟိန်း နှစ်ရက်စာလောက် ကျွန်တော် တို့ ရိက္ခာစားရအောင် ဒရယ်သွားပစ်ပြီး ပြန်လာမှာပါ"

"ခင်ဗျား စကားက ယုံနိုင်စရာကြီးပဲ၊ သူက ထွက်ပြေးမှ တော့ ကျုပ်တို့အားလုံးလည်း ပြေးဖို့အဆင်သင့် လုပ်ကြမှ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက စူးစူးဝါးဝါး အသံကုန် အော်လိုက်၏။ အ
လုံး ဆိတ်ငြိမ်သွားကြသည်။ ထိုအခိုက် သူတို့လူစု၏ တစ်
အစွန်းဆုံးနေရာမှ လှုပ်လှုပ်ရှားရှားတစ်ခု ပေါ်လာလေသည်။

အသံလာရာကို လူတွေက တစ်ယောက်နှင့်
ယောက် ဖယ်ရှား၍ ကြည့်ကြသည်။ ဟိုမှာ သူ့ကို ရပ်လျက်
တွေ့ကြရ၏။ သူ့ကိုယ်မှာ သွေးတွေက ပေကျံစွန်းထင်းနေသ
အကျီမှာလည်း ထို့အတူ၊ ယင်းသွေးတွေက သူ သတ်ဖြတ်ခဲ့
သောင်းကျန်းသူ၏ ကိုယ်မှ သွေးတွေနှင့် ဒရယ်၏ကိုယ်မှ သွေး

မျက်နှာရှိ ပါးတစ်ဖက်တွင် ရန်သူ၏ ဓားဖြ
လမ်းကြောင်းကလေးက ကျန်နေခဲ့သည်။ ထိုဒဏ်ရာရှိကြော
သူ သိပုံမပေါ်၊ ပေါ်ခဲ့လည်း ဂရုစိုက်ဟန်မတူ။

နေဟိန်းက ကျွန်းဖက်ဖြင့် ထုပ်ထားသော အ
ထုပ်များကို ရှေ့သို့ ပစ်ချပေးလိုက်လေသည်။

"ခင်ဗျား စွတ်ပြောမနေနဲ့၊ ကျုပ်လည်း မသွားဘူး၊ ဘယ်
မှလဲ မသွားရဘူး၊ ကျုပ်တို့ ဒီမှာနေတာဟာ အကောင်း
အတိကျအမှန်ကန်ဆုံး အခွင့်အရေးတစ်ခုပဲ"

"အေး ... မင်း ကြိုက်ကြိုက် မကြိုက်ကြိုက် ငါ
ထွက်သွားမှာပဲ"

ကျော်ကျော်ထိုက်၏ ဒေါသသည် ထွက်ကန်
တာစုစ ပြုနေလေပြီ။ နေဟိန်းက သူ့အား ကြည့်ပြီးနောက်
ခေါင်းရှုံ့ပြလိုက်လေသည်။





"ကောင်းပြီလေ သွားပေါ့၊ ခင်ဗျား သဘောကျတဲ့အချိန်
ဘယ်အချိန်မဆို ထွက်သွား၊ ဒါပေမဲ့ ခင်ဗျားရဲ့ခြေထောက်
တွေကိုတော့ အသောင်းပြေ အညာပြေ လမ်းလျှောက်နိုင်း
ပေါ့"

ကျော်ကျော်ထိုက်သည် နေဟိန်း စကားပြောစဉ်
မကြားလိုဟန်နှင့် လှည့်ထွက်သွားမည် ပြုပြီးမှ နေဟိန်း၏ စကား
အဆုံးဝယ် ပြန်လှည့်လိုက်လေသည်။

"လမ်းလျှောက်သွားရမယ်"

သူက ဒေါသထန်ပြင်းစွာ ရေရွတ်အော်ဟစ်လိုက်
သလို နေဟိန်းဆီသို့လည်း လှမ်းသွား၏။

"ဘာလို့ လမ်းလျှောက်ရမှာလဲ၊ ငါလာခဲ့တဲ့ မြင်းနဲ့ ငါ
သွားမယ်၊ ငါ ဘာကိုမှ သောက်ဂရုမစိုက်ဘူး"

"အမယ် ... ကိုကျော်ကျော်ထိုက်၊ သိပ်လျှာမရှောင်နဲ့၊ ခုနေ
အချိန်မှာ ခင်ဗျားမြင်းဟာ ဘုံပစ္စည်းပဲ၊ ခင်ဗျားမြင်းကို ခင်
ဗျား ယူသွားလို့ မရဘူး"

ကျော်ကျော်ထိုက်က မတ်မတ်ငြိမ်ငြိမ် ရပ်နေ၏။
လက်နှစ်ဖက်က ဓားကို ချထားလေသည်။ နေဟိန်းကား ကျော်
ကျော်ထိုက် အကြောင်း မသိတာတစ်ခု ရှိနေ၏။ ကျော်ကျော်ထိုက်
သည် သေနတ်ကို ဆွဲထုတ်ပစ်ခတ်ရာတွင် မည်သူနှင့်မှ မယှဉ်
သာအောင် မြန်ဆန်သွက်လက်လှသည်။ ယင်းကြောင့်လည်း
ကျော်ကျော်ထိုက်က ဒါကို အသုံးချဖို့ စဉ်းစားလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဟိန်းအား ကြက်ကလေး ငှက်ကလေး သတ်သလို လွယ်လွယ်ကူကူ သတ်နိုင်လိမ့်မည်ဟုလည်း ယုံကြည်၏။ သတ်ဖို့ ကိုလည်း အချိန်ကောင်းဟု သိ၏။

"မင်းက ငါ့ဆီက မြင်းကို ယူဖို့ ကြိုးစားနေသလား"

တိုက်ရိုက်စကားလုံးကို ကျော်ကျော်ထိုက်က ပစ်သွင်း လိုက်သည်။

"ကျုပ်မြင်းအပါအဝင် အားလုံးသော မြင်းတွေဟာ ဒီနေရာ က မထွက်နိုင်ကြမချင်း လူတိုင်းပိုင်တာချည်းပဲ၊ သန်စွမ်း တဲ့ လူတွေက ခြေလျင်လျှောက်ပြီး အားနည်းသူတွေက မြင်းတွေကို စီးကြရမယ်၊ အနည်းဆုံး မြင်းတစ်ကောင်ဟာ စားနပ်ရိက္ခာနဲ့ ရေကိုတော့ သယ်ကြရမှာပဲ၊ ဘယ်မိန်းမ ဘယ်ယောက်ျားမှ ခုနေအခါမှာ သူ့မြင်းကို သူပိုင်ပါတယ် လို့ မပြောနိုင်ကြဘူး"

"ဒါကို ကျုပ်တို့ သဘောမတူဘူး"

အောင်ရွှေက ရုတ်တရက် ဝင်ကန့်ကွက်သည်။

"ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ လိုအပ်ရင်တော့ ပြောရမှာပဲ၊ မြင်းတွေကလည်း တကယ် လိုအပ်နေတာကိုး"

စကားအဆုံးမှာ အသားထုပ်တွေကို လက်ညှိုးထိုး ပြလိုက်လေသည်။ စကားလမ်းကြောင်းကိုလည်း လှီးလွှဲပေးလိုက် လေသည်။





"ဟောဒီ အသားတွေကို ကျုပ်တို့ ကောင်းကောင်းချက် စားကြရအောင်၊ နေပူထဲမှာ သိပ်ထားလို့ သိပ်မတော်ဘူး"

နောက်ထပ် စကားကြောမဆက်၊ လှည့်ထွက်သွား သည်။ နေရိပ်ကောင်းသော နေရာတစ်ခုမှာ ထိုင်ချလိုက်၏။ ပင်ပန်းနွမ်းနယ်လာသည်မို့ သူ့သားရေဖိနပ်ရှည်ကြီးကို ချွတ်ပြီး ကိုယ်ကို မြေပြင်ထက်သို့ လှဲချလိုက်လေသည်။ ယင်းသည့်နောက် ဝယ် အိပ်မောကျသွားတော့၏။

"လူကိုက မာကျောကျောနဲ့"

ဟု အောင်ရွှေက မသိ မသာ မှတ်ချက်ချသည်။

ကျော်ကျော်ထိုက်သည် အောင်ရွှေအား စကားမတုံ့ ပြန်။ သို့ရာတွင် သူ့တစ်ကိုယ်လုံးဝယ် ဒေါသမီးတွေ တဟုန်း ဟုန်းတောက်လောင်နေသည်။

ဘာပဲဖြစ်ဖြစ် တစ်နည်းနည်းနှင့်တော့ သည်နေရာမှ ထွက်ပေမည်။ အောင်ရွှေကိုတော့ ခေါ်သွားရမည်။ သူ သွားမည့် အကြောင်းကို မေကြာညိုအား ပြောရပေဦးမည်။ မေကြာညိုက သူ့စကားကို လက်ခံမှာတော့ သေချာ၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



နေဟိန်းသည် ဖျတ်ခနဲ လန့်နိုးလာ၏။ သူ့တစ်ကိုယ်လုံးမှာ ချွေးတွေဖြင့် ရွှဲနေသည်။ ပထမတွင် သူ ဘယ်ကိုရောက်နေမှန်း မသိလိုက်၊ ကျောက်တုံးတစ်တုံးပေါ်တွင် စောင်တစ်ထည်ကို ကျောက်တုံးမှ မြေပေါ်အထိ ချထားပြီးလျှင် အရိပ်ရအောင် ဖြုလုပ်ထားလေသည်။

သူက ထိုင်၍ နားထောင်သည်။ မီးဖိုထင်းစတွေကို တဖဲ့ဖဲ့ လောင်မြိုက်သံ ကြားရသည်။ ပြီးတော့ လူတစ်ယောက်၏ လှုပ်ရှားသံလိုလိုလည်း ကြားရသဖြင့် နေဟိန်း သူ့သေနတ်ကို ဆွဲထုတ်ကာ စစ်ဆေးကြည့်ရှု၏။ သူ့အနီးတစ်ဝိုက်၌ ဘာဖြစ်နေသည်ကိုလဲ စုံစမ်းလို၏။

စောင်ကို ဖယ်ရှား၍ ဖိနပ်ကို ကောက်စွပ်လိုက်လေသည်။ မေကြာညိုသည် မီးပုံအနားမှာ ထိုင်နေ၏။

"ရှင် အတော်ကြီးကို အိပ်လိုက်တာပဲ၊ အခု မွန်းတည့်ရောက်နေပြီ"

"ဘာတွေများ ဖြစ်သေးသလဲ"

"ကိုခင်မော်တော့ ဆုံးပြီ"





"သူ့အခြေအနေကမှ မဟန်ဘဲ၊ အေးလေ ... လူသူမနီးတဲ့ တောမြိုင်ကန္တာမှာ ဆုံးရတာတော့ စိတ်မကောင်းစရာပါပဲ"

"ညက ရှင် ဘာကြောင့် ထွက်သွားရတာလဲ၊ ရှင်တော့ အသတ်ခံရတော့မှာပဲရှင်"

"ကျုပ်တို့ အစားအစာလိုတယ်လေ"

"ဟိုမှာ ဘာတွေဖြစ်ခဲ့လို့လဲ"

"ကုသိုလ်ကံဆိုးတဲ့ သောင်းကျန်းသူတစ်ယောက်နဲ့ တွေ့ခဲ့တယ်လေ"

ဒေါ်သက်ပန်သည် ကျောက်တုံးများဘက်သို့ သူမကိုယ်ကို ရွေ့လျားလာခဲ့၏။ ထိုနေရာကား တစ်မြန်နေ့ညက သူမ ပျောက်ကွယ်ရာကို နေဟိန်းက လိုက်ချောင်းကြည့်ခြင်း ခံရသော နေရာဖြစ်လေသည်။ သူမလည်း တစ်ချိန်လုံး သေနတ်ကို လက်မှချခဲ့သူ မဟုတ်ပေ။ နေဟိန်းက ကော်ဖီကို လက်စ,မသတ်နိုင်မီ ဒေါ်သက်ပန်ကြီး၏ သက်ာရနံ့ ဝင်စရာကောင်းသော အမှုအရာများကို မြင်ရသဖြင့် တစ်နည်းနည်းဖြင့် အောင်လွင်ကိုတော့ ပြောရမည်ဟု ဆုံးဖြတ်မိ၏။ သူ့ဘက်က လူတွေကို တွက်ကြည့်၏။ အောင်လွင်၊ အောင်လွင် ပြီးတော့ မင်းသော်၊ ခွန်သာ၊ နောက်တစ်ယောက်က သီတာဝင်း၊ ထွန်းလူကိုတော့ အသေအချာ မရေရာသဖြင့် ထည့်တွက်လို့မဖြစ်။

နောက်တစ်ယောက်တော့ ရကောင်းရနိုင်သေး၏။ သူကား မေကြာညို။



www.burmeseclassic.com

www.burmeseclassic.com



ခွန်သာသည် မီးပုံမှာရှိလျက် ဒရယ်ရိုးကို ကိုက်ဖဲ့နေသည်။ သူက နေဟိန်းကို မျက်လုံး ဝင့်ကြည့်၏။ ယင်းသည်မှ နေဟိန်း၏ သွေးပေသော ရှပ်အင်္ကျီပေါ်သို့ ကူးရောက်သွားလေသည်။ ညက အတိုက်အခိုက် ဖြစ်လာသည်မှာတော့ ယုံမှားဖွယ်ရာ မရှိပေ။ သွေးစွန်းသော အင်္ကျီကပင် ပြန်လည်ပြောပြနေသယောင်။

"မြင်းတွေကို ဘယ်သူ စောင့်နေသလဲ"

နေဟိန်းက သိလိုသည်။

"ကိုကျော်ကျော်ထိုက်ပေါ့၊ သူပဲ မြင်းတွေကို ကြည့်နေတယ်"

"သူ တစ်ယောက်တည်းလား"

"သူနဲ့တူ လူဝင်မှုကြီးကြပ်ရေး အမှုထမ်းတစ်ယောက် ရှိနေတာပဲ"

ထွေထွေရာရာတော့ နေဟိန်း မတွေးမိ။ လူတစ်ယောက်သည် ရန်သူကို တိုက်ရာတွင် သူ လုံခြုံမည်ဟု ယူဆထားသော နေရာကို ရွေးချယ်သည့်သည်ဟု ထင်၏။

အောင်လွင်သည် သစ်ပင်အရိပ် ကောင်းရာတွင် သီတာဝင်းကို ကုန်းစကားပြောနေသည်။ အပေါ်ပိုင်းမှာ အင်္ကျီကင်းမဲ့လျက်ရှိ၍ သီတာဝင်းက ရှပ်အင်္ကျီအပေါက်အပြဲကို ဖာထေးပေးနေလေသည်။ မင်းသော်နှင့်ညွန့်တင်ကမူ သေဆုံးသွားသော ခင်မောင်အား မြှုပ်နှံဖို့ မြင်းများထားရာနေရာနှင့် မဝေးသော တစ်နေရာတွင် ကျင်းတစ်ခု တူးနေကြလေသည်။ အောင်ရွှေက ငြိမ်ကုပ်နေလေသည်။ ကျော်ကျော်ထိုက်ကမူ သူ့အတွေးနှင့်သူ အလုပ်များနေ၏။





နေဟိန်းသည် သူ့ကာဘိုင်သေနတ်ကို ကောက်ယူကာ မဂ္ဂဇင်းကတ်ကို စစ်ဆေးပြီးနောက် ကျောက်တုံးများပေါ် တက်သွားသည်။ ရေသိုလှောင်ကန်ကို ကြည့်လိုက်သောအခါ ရေသိပ်မရှိတော့သည်ကို တွေ့ရ၏။ သူတို့ ကြာကြာ နေရတော့မည် မဟုတ်ပေ။

ထွန်းလူသည် ကျောက်တုံးများပေါ်တွင် ထိုင်လျက်က ...

"ဘာမှ ရှိမှာမဟုတ်တော့ဘူး၊ တစ်ခါမှ ဒီလိုဒုက္ခမျိုး မကြုံဘူးပေါ်င်ဗျာ"

ဟု ညည်းညူ ရှာသည်။

အထက်တွင် ဝဲနေသော လင်းတတစ်ကောင်ကို သူက သေနတ်ဖြင့် ချိန်ရွယ်ခြောက်လှန့်နေလေသည်။ ကျောက်တုံးတစ်တုံးပေါ်တွင် နေဟိန်းက ထိုင်ချလိုက်ပြီးနောက် မျက်နှာမှ ချွေးစီးတွေကို သုတ်ချလိုက်လေသည်။ သူ့အင်္ကျီမှာ ဖုန်နှင့်ချွေးများ ရောကပ်လျက် ပေရေနံစော်နေ၏။ မျက်လုံးတွေက အိပ်ရေးပျက်သဖြင့် ဖန်စပ်စပ်နှင့် နီရဲနေသည်။

ကာဘိုင်သေနတ်ကို ဒူးများပေါ် ကန့်လန့်ဖြတ်တင်ပြီး စိတ်တွင်းမှ သောင်းကျန်းသူတွေကို ကျိန်ဆဲနေမိ၏။

"အေးဗျာ ... ကျုပ်တစ်သက်မှာ ဒီလောက်ခံရတာ တစ်ခါမှ မတွေ့ဖူးဘူး၊ ကျုပ်မိတ်ဆွေကတော့ ပြောတယ်၊ မြေပြန့်ကို မြန်မြန်ပြန်ခိုင်းတယ်၊ ကျုပ်ဆိုတဲ့လူကလည်း ပြည်နယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခင်တွယ်တယ်၊ ဒီသောင်းကျန်းသူတွေကလွဲရင် ပြည်နယ်က လူတွေဟာ တကယ်ရိုးသားဖြောင့်မတ်ပြီး စိတ်သဘောကောင်းတဲ့ လူတွေပဲ”

“ဘာပဲဖြစ်ဖြစ်ဗျာ ကျလာသမျှ ဒုက္ခတွေကိုတော့ ရင်ဆိုင်ကြံ့ကြံ့ခိုင်နိုင်မှပေါ့”

စီးကရက်တစ်လိပ်ကို နေဟိန်းက ထုတ်ယူကာ နှုတ်ခမ်းတွင် တပ်လိုက်သည်။ ယင်းအခိုက်မှာပဲ မမျှော်လင့်သော အဖြစ်တစ်ခုက ပေါ်လာသည်။

ဟိုးအဝေး တောအုပ်ဆီမှ လှုပ်ရှားမှုတစ်ခုကို မြင်ရသဖြင့် နေဟိန်းသည် စီးကရက်ကို ပစ်ချပြီး ကာဘိုင်သေနတ်ကို ကောက်ယူလိုက်သည်။

ထွန်းလူသည် နေဟိန်းအား စကားပြန်ပြောမည်ဟု မျက်နှာအလှည့်မှာ သေနတ်သံတစ်ချက်နှင့်အတူ ကျောက်တုံးပေါ်တွင် တက်ထိုင်နေသည့် ထွန်းလူ ခမျာ ကိုယ်ကြီးတစ်ချက်ကော့တက်သွား၏။ ပြီးတော့ လှည့်လျက်သားပင် လဲကျကာ နေဟိန်းက တောအုပ်ဘက်ရှိ သေနတ်သံ လာရာဘက်သို့ ဒိုင်းခနဲ တစ်ချက် ထိုးပစ်စဉ် ထွန်းလူက ကျောက်တုံးတွေပေါ်က ထိုးကျလာလေတော့၏။

နေဟိန်း၏ သေနတ်ကျည်ဆံတ ကပျာကသီ ပစ်ထည့်လိုက်ရသောကြောင့် ကွင်းပြင်ထဲသို့ မှုပ်ဝင်သွားသည်။ မြေတွေ ဖွာထွက်သွား၏။ ထမ်မံ၍ ခလုတ်ကို ဖြုတ်ချလိုက်၏။





သည်တစ်ခါတော့ သောင်းကျန်းသူ ပုန်းခိုပစ်ခတ်ရာဘက်သို့ ကျည်ဦးက ဦးတည်သွားလေသည်။

တစ်ခဏအတွင်း လူတွေက ဖျတ်ဖျတ်နိုးကြားလာကြ၏။ မင်းသော်က ရှေ့တက်ပြေးလာပြီးလျှင် ကလေးတစ်ယောက်ပမာ ထွန်းလူကို မြောက်ခနဲပါလာအောင် ကျောက်တုံးတွေကြားထဲက ပွေ့ယူလိုက်လေသည်။

သို့သော် အလာနှောင်းသလောက် အခါနှောင်းခဲ့ပြီကော။ ကျည်ဖူး၏ ဖွဲ့ထုတ်မှုကြောင့် ထွန်းလူမှာ အသက်ဝိညာဉ်ကင်းမဲ့လေပြီတည်း။

နှစ်ယောက်တော့ သူတို့စာရင်းမှ ပယ်လိုက်ရချေပြီ။

ပထမလူက ခင်မော်။

ဒုတိယလူက ထွန်းလူ။

နောက်ထပ် ဘယ်လောက်များ ကြွကြဦးမလဲ၊ တောအုပ်၏ အန္တရာယ်က ကြီးမားလှဘိခြင်း။

သေနတ်သံ ပေါ်ထွက်လာပြီး နောက်တော့ ငြိမ်ကျသွားပြန်၏။

ညွန့်တင်သည် စိုးထွက်လာသော ဇောချွေးများကို သုတ်ပစ်လိုက်၍ ချုံပုတ်တောထဲသို့ ချောင်းကြည့်လိုက်၏။ ချွေးသုတ်သော ၎င်း၏ လက်များသည်ပင် တုန်တုန်ယင်ယင် ရှိနေ၏။

ထွန်းလူ ကျဆုံးသွားခြင်းသည် သူတို့၏ စိတ်ဓာတ်ကို အထိတ်တလန့်ဖြစ်အောင် ကိုင်လှုပ်လိုက်ခြင်းဖြစ်၏။ မမျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ မျက်စိတစ်မှိတ်၊ မျက်တွောင်တစ်ခတ်ဆိုသလို ဖြစ်ပုံ ပျက်ပုံက မြန်လိုက်ဘိခြင်း။

ထွန်းလူသည် အသက်အရွယ်အားဖြင့်တော့ မသေထိုက်သေးပါ။ သူ့ သေခြင်းထောက်လျှင် သောင်းကျန်းသူများသည် မိမိတို့၏ လှုပ်ရှားမှုဟူသရွေ့ကို စောင့်ဆိုင်းကြည့်ရှုနေကြပုံပေါ်သည်။ သူတို့အားလုံး အသက်ရှုကျပ်၍ ပြေးပေါက်ပိတ်သည်အထိ တစ်စတစ်စ ဝိုင်းဝန်းလာနေကြပြီ ဖြစ်ကြောင်း ထင်ရှားလှ၏။

ရေကလည်း နည်းလာ၊ အစားအစာကလည်း ပါးရှားလာသလို လူတွေ၏ ကြောက်စိတ်ကလည်း တစ်စတစ်စ တိုးလာ၏။ ထို့ပြင် ပတ်ပတ်လည်က အန္တရာယ်ကြီးသော တောအုပ်များကလည်း စိတ်မချဖွယ်ရာ ခြောက်လှန့်နေသေး၏။

လူတိုင်း လူတိုင်း၏ မျက်နှာမှာ တင်းမာခက်ထရော်သလို သုန်မှုန်နေကြ၏။ ထိုသို့ သုန်မှုန်သည့် ကြားမှ ထိတ်လန့်ကြောက်ရွံ့မှုကလေးတွေက စိုးယှက်နေ၏။ သူတို့၏ အသီးသီးတာဝန်ကို ထမ်းဆောင်နေစဉ် မျက်လုံးတွေကလည်း ပေါ်လာမည့် ပစ်ကွင်းကိုသာ အာရုံပြုနေမိကြသည်။

ပစ်ကွင်းကလည်း ထင်ထင်ရှားရှား ပေါ်မလာ။

လှဝင်မှုကြီးကြပ်ရေး လက်ထောက်အရာရှိ ကိုညိုမောင်၏ ရင်ထဲတွင်တောင် ဝေဒနာဖိနှိပ်မှုကို ခံနရသည်။ သူ့ မျက်နှာမှာ ကျပြီး ပိုမိုအိုသွားသည်ဟုတောင် ထင်ရ၏။





"ကိုနေဟိန်းရေ … ကျုပ်တို့ကိုတော့ သစ်သီးတွေ ခြွေသလို အမှည့်ခြွေ ခြွေနေကြပြီ ထင်ပါရဲ့"

ယင်းကဲ့သို့သော ခြောက်ကပ်ကပ် အသံကြီးနှင့် ထွန်းလူက ခင်မော်နှင့် အဖော်အဖြစ် ပါသွားတော့ လူသေမြုပ်ကျင်းကို ငေးစိုက်ကြည့်ရင်း ကိုညိုမောင်က မအောင့်အည်းနိုင်ဘဲ ဆိုလိုက်မိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



၁၁

ရန်သူကို မကြောက်ပါ။ ရန်သူဆိုသည်မှာ မိမိ၏ တိုက်ခိုက်ရာ လမ်းကြောင်းတွင်သာ ရှိရမည်ဖြစ်၏။

ထို့ကြောင့် သူ့မျက်လုံးတွေ ရဲတွတ်နေလင့်ကစား မမှိတ်မသုန်သော အကြည့်ဖြင့် နေဟိန်းက တောအုပ်ပတ်ပတ်လည်နှင့် ကွင်းပြင်ကြီးကို ကြည့်၍ ရန်သူကို ရှာဖွေနေမိသည်။ မည်သည့် နေရာကမှ လှုပ်ရှားမှုတစ်ခုကိုသော်လည်းကောင်း အသံကိုသော်လည်းကောင်း မတွေ့မမြင်ရ၊ မကြားရ။

ကောင်းကင်တစ်ခိုတွင် နေရောင်က လှပစွာ တောက်ပထွန်းလင်းနေ၏။ တိမ်တိုက် တိမ်ရိပ်တွေပင် မရှိ။

တစ်ချက်,တစ်ချက် ငှက်ကလေးတွေ၏ တစီးစီး တစိစိ အသံများ ပေါ်နေသည်။

နေပြင်းတော့ အိုက်စပ်စပ်ကလေးပင် ဖြစ်လာသေသည်။ နေဟိန်းသည် သူ၏ ရှပ်အင်္ကျီ ရင်ဘတ်ကြယ်သီးတစ်လုံးကို ဖွင့်လျက် မျက်နှာကို လက်ကိုင်ပဝါ ညစ်ထေးထေးဖြင့် သုတ်လိုက်လေသည်။





ချွေးစို့ပြီး အဆီပြန်နေသော လက်ထဲတွင် ရိုင်ဖယ်သေနတ်ကို ဟိုမှ သည်သို့ တစ်လှည့်စီ ပြောင်းကိုင်နေမိသည်။ တစ်ခုခု ပစ်ကွင်းရလေမလားဟု မျက်စိအစုံက ပစ်စရာတစ်ခုခုကို ရှာဖွေနေ၏။

အောင်လွင်သည် ကျောက်တုံးများပေါ်ကို ဝပ်တွားတက်လာ၍ သူ့အတွက် နေရာရှာယူလိုက်သည်။ ရေဘူးကို ဖွင့်ကာ ဦးစွာမော့ချလိုက်ပြီး နောက်မှ နေဟိန်းအား လှမ်းပေးလိုက်လေသည်။

နေဟိန်းက ဘူးထဲမှရေကို လျှာပေါ်မှတစ်ဆင့် လည်ချောင်းထဲ သွင်းသည်။ နွေးတေးတေး ရှိနေသောရေက သူ့လည်မျိုထဲသို့ လျှောကျစီးဝင်သွား၏။

“ကြည့်စမ်းပါဦး … ဟိုဘက်မှာ ဆင်းရဲဒုက္ခ ခံနေလိုက်ကြတာ”

တောင်ကမ်းပါးရှိ မြင်းများထားရာဘက်ကို အောင်လွင်က မေးငေါ့ပြလိုက်၏။

“ဒီလူတွေက မြင်းတွေကို အစွမ်းကုန် စောင့်ရှောက်နိုင်ကြပါတယ်၊ သူတို့ကိုပါ ဒီဘက်တက်လာဖို့ ပြောလိုက်”

အောင်လွင်သည် ကျောက်တုံးများဆီမှ ခေါင်းမပေါ်အောင် ကုန်းထလာပြီးလျှင် ခပ်နိမ့်နိမ့် နေရာရောက်မှ ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ရပ်လျက် မှန်မှန်လမ်းလျှောက် သွားတော့သည်။ သူ့ရှူးဖိနပ်သံက ကျောက်တုံးကျောက်ခဲများပေါ်၌ တဂေါက်ဂေါက် တဂက်ဂက် အသံထွက်နေ၏။

မိန်းမသုံးယောက် ထိုင်နေကြသော အရိပ်ရရာနေရာကို သူက ဖြတ်လျှောက်သွားသည်။ မည်သူကမှ မီးပုံကို ဂရုမထား။ မည်သူမှလည်း ကော်ဖီသောက်သူ မရှိ။ အစားအစာ လျော့ပါးလာခြင်းကိုလည်း ထည့်တွက်သူ မရှိ။

မြင်းဇောင်းနားက လူတွေက ကျောက်တုံးများ ရှိရာဘက်သို့ ဆုတ်လာကြသည်ကို နေဟိန်းက စောင့်ကြည့်နေ၏။ ဤနေရာမှ မြင်းတွေကို စောင့်ကြည့်ပြီး ရန်သူကို ခုခံသည်က ပိုမိုသင့်လျော်ပေလိမ့်မည်။

သောင်းကျန်းသူတွေက မြင်းတွေကို ရသွားမည်တော့ ကြောက်မိသည်။ မြင်းတွေနေရာမှာ လူရှိနေလျှင် ရန်သူကို တိုက်ရာမှာ ဟာနေပြီး ယခုလက်ရှိနေရာမှ တိုက်ခိုက်ခုခံလျှင် ကြံ့ကြံ့ခံနိုင်သည်နှင့်အမျှ ရန်သူ မဝင်နိုင်အောင် လူသိပ်သည်း သွားပေလိမ့်မည်။

ဟိုမှာဘက်မှာ ဘာမှ မထူးခြား၊ လူတွေက မြင်းဇောင်းဘက်က ပြန်ဆုတ်လာသောကြောင့် သူတို့၏ စကားပြောသံများကို ကြားနိုင်သည်။

နေဟိန်းကမူ ကျောက်တုံးများကြားတွင် ထိုင်၍ အရေးရှိက ဘာမဆို အဆင့်သင့်ရှိနေရန် ပြင်ထား၏။ ကိုယ်ကို





ရှေ့သို့ကုန်း၍ ကျောက်တုံးများကြားမှ ပစ်ကွင်းကို စက္ခုချာချာ လည်၍ ရှာဖွေနေပြန်၏။ သည်မှတစ်ဖန် ဒေါ်သက်ပန်ကြီးအနီးတွင် တင်ပျဉ်ခွေထိုင်လျက် တီးတိုးစကားပြောနေသည့် ညွန့်တင်ကို ကျောက်တုံးများကြားမှပင် အကဲခတ်ပြန်သည်။

မိန်းမကြီး၏ မျက်နှာမှာ အောက်စိုက်ထားသောကြောင့် ဘာစကားပြန်ပြောနေသည်ကို အကဲဖမ်းမရပေ။ သူတို့နှစ်ယောက်က လူစုထဲမှ ခပ်ခွာခွာနေခြင်းကပင် တစ်မျိုးထူးခြားနေ၏။

ယနေ့ကား ငြီးငွေ့ပျင်းရိဖွယ်ရာသာ ဖြစ်တော့၏။

အရိပ်ကောင်းသော နေရာတစ်နေရာကို ကိုညိုမောင်က တွေ့သဖြင့် သူ့ကိုယ်ကို အပျင်းဆန့်လိုက်ပြီးလျှင် ညကင်းစောင့်မလာမီ ကောင်းကောင်းအနားယူရန် ကြိုးစားသည်။ ညွန့်တင်နှင့် ကျော်ကျော်ထိုက်သည် ကျောက်တုံးများအလယ်တွင် အေးချမ်း ယှဉ်ထိုင်၍ ပတ်ဝန်းကျင်ကို သတိထားစောင့်ကြည့်လျက် စကားပြောကြလေသည်။

နေဟိန်းက လွတ်မြောက်ရေးလမ်းကိုသာ ဦးတည်စဉ်းစားနေ၏။ လွတ်မြောက်ဖို့ တစ်လမ်းသာရှိသည်။ ထိုလမ်းကား ရိုးလှ၏။ စစ်တပ်၊ သို့မဟုတ် ရဲတပ်နှင့် တွေ့ဆုံ၍ ကယ်တင်မှသာလျှင် လွတ်မြောက်တော့မည်ဖြစ်၏။

လူဝင်မှုကြီးကြပ်ရေးအဖွဲ့ ပျောက်ဆုံးနေမှု၊ ရဲအရာရှိ ဦးမြင့်မိုး ပျောက်ဆုံးသွားခဲ့မှုကို သက်ဆိုင်ရာက အငြိမ်နေကြမည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့ လိုက်လံ၍ စစ်တပ်နှင့်လည်းကောင်း၊ ရဲနှင့်လည်းကောင်း၊ ရှာဖွေကြပေလိမ့်မည်။

ရှာဖွေကြရင်ဖြင့် သည်နေရာသို့ ရောက်လာနိုင်ကောင်းစရာရှိ၏။

မေကြာညို၏ဖခင် ဦးနန်းထိုက်မှာတော့ သူ့သမီးရှာတော်ပုံ စွန့်ပဲစွန့်လွှတ်လိုက်ခဲ့လေပြီလား၊ တခြားအရပ်သို့ပဲ သွားရှာနေလေပြီလား။

အပြင်က သောင်းကျန်းသူခေါင်းဆောင် ရဲကျော်ဒင်ကြီးနှင့် သူ့လူတွေကတော့ မည်သို့မှ လက်လျှော့ထွက်ခွာသွားကြလိမ့်မည် မဟုတ်ပေ။

မိမိတို့ ထွက်ရာလမ်းကောင်းမှန်သမျှကို ပိတ်ဆို့ထားကြမည်သာဖြစ်၏။

ညွန့်တင်က ထိုင်နေရခြင်းကို စိတ်ပျက်လာပုံရသည်။ ရုတ်ခြည်း ထ,ရပ်လိုက်လေသည်။

"ချီးတဲ့မှပဲ ... ဒီနေရာက ထွက်သွားရင် သိပ်ကောင်းမယ်၊ ငရဲခံရရင် အတိုင်းပဲ"

သူက ကျယ်ကျယ်လောင်လောင် နှုတ်ဖွင့်လိုက်၏။ သူ့အား မည်သူကမျှ စကားမပြန်ကြပေ။ အောင်လွင်က ထပြီးသော အခါ ကျောက်တုံးများပေါ်သို့ တက်ရောက်ရန် ခြေတွေလှမ်းသွားသည်။ နေဟိန်းအား သူတို့နှင့် အချင်းမများဖို့အတွက် ဖြေသိမ့်ရန်ဖြစ်၏။





ကျောက်ကျောက်ထိုက်မှု သူ့ခြေရင်းရှိ မြေကြီးထဲသို့ ထွီခနဲ တံတွေး ထွေးချလိုက်လေသည်။ သူ့ကုတ်အင်္ကျီကို ပြန်ပစ်ထားခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၍ ရှပ်အင်္ကျီမှာမူ ညစ်ပတ်ပေရေစုတ်ပြဲ နေလေသည်။

မျက်နှာတွင် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ဗလဖြစ်ပေါက်နေကာ မျက်လုံးတွေကလည်း ခတ်ကျဉ်းမြောင်းသလောက် အတွင်းစိတ်၏ မနာလိုမှုကို ဖော်ပြနေလေသည်။ အားလုံးက ညွန့်တင်ကို လှေလာနေကြ၏။ သို့ရာတွင် ညွန့်တင်က စကားမထွက်ပေ။

ငနဲကြီးက သူ့အနီး ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်သည်။ ဖြည်းညင်းစွာ လှည့်ထွက်သွားလေသည်။

"ကိုညွန့်တင် ... သည်းခံပါဗျာ၊ မကြာခင် ကျုပ်တို့အားလုံး ဒီနေရာက ထွက်ကြရတော့မယ်၊ ခုကြံ့ကြံ့ခံနိုင်အောင် ကြိုးစားပါ"

ညွန့်တင်က အသံထွက်ပေါ်တာကို ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်လေသည်။

"ခင်ဗျား ပြောဖို့မလိုဘူး၊ ကျုပ်လိုတဲ့အခါကျမှ အကြံဉာဏ်တောင်းမယ်၊ ဆရာမလုပ်ပါနဲ့၊ တစ်နေ့ ကျုပ် ဒီက မြင်းနဲ့ ထွက်ပြမယ်"

"မသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညွန့်တင်က အခဲမကြေ ရန်လိုသော အကြည့်ကို ထုတ်ဖော်ပြီးမှ သွားကြီးများစေ့ကာ ပြောလိုက်လေသည်။

"ခင်ဗျား ကျုပ်ကို တားရဲ တားကြည့်ပါဦးလား"

သူနှင့် နေဟိန်း စကားစစ် လေတိုက်ပွဲဆင်နွှဲလာခြင်းကို ကိုညိုမောင်က မရှုစိမ့်လာနိုင်တော့ပါပေ။

"ဟေ့ ကိုညွန့်တင်"

သူ့အသံက မာကျောမှုကြောင့် ဝန်းကျင်တစ်လျှောက် ဟိန်းခတ်သွားလေသည်။

"ခင်ဗျား ပြန်ထိုင်ပြီး ပါးစပ်ကို ပိတ်ထားလိုက်စမ်းပါ"

ညွန့်တင်က ကိုညိုမောင်ကို လှည့်ပို့ပေးရှု၊ စောင်းငဲ့လို့တောင် မကြည့်ချေ။ မသိသလို လျစ်လျူရှုလိုက်သည်။ မျက်လုံးတွေက နေဟိန်းဆီမှ မခွာ။

"မင်းကို ငါ မုန်းတယ် နေဟိန်း၊ မင်းက ငါ့ကို ကြံကြံ နိုင်နိုင်နေဖို့ ပြောပေမဲ့ မင့်စကားကို ငါ ဘယ်တော့မှ လက်မခံဘူး၊ ဒီစကားကို နှလုံးနာလှတယ်၊ ငါ မြင်းစီးချင်ရင် စီးသွားမှာပဲ၊ အေး … ငါ မြင်းစီးတဲ့အခါ မင့်မြင်းကိုမှ ငါ စီးသွားပြမယ်၊ ကိုင်း … မင်း ဘာထင်သလဲ ဟင်း"

ညွန့်တင်၏ လေသံက ရန်လိုကြောင်း ထင်ရှားနေသည်သာမက အမူအရာကပါ တကယ်ရန်လိုနေပြီ ဖြစ်ကြောင်း ထင်ရှားအောင် ပြလာ၏။ အကြောင်းက စကားလည်းဆုံး ခြေတစ်လှမ်းကလည်း နေဟိန်းနှင့် နီးကပ်အောင် တိုးလာ၏။





နေဟိန်းက ရှေ့လည်းမတိုး နောက်လည်းမဆုတ်ဘဲ နေရာတွင် ရပ်မြဲရပ်နေ၏။ မျက်နှာအမူအရာက ဘာမှ ဖော်မပြပေ။

မင်းသော်သည် နေဟိန်းကို အားမလို အားမရဟန် ဖြင့် ကြည့်နေလေသည်။ ကျော်ကျော်ထိုက်ကတော့ ဒုတိယပွဲကြီး ပွဲကောင်းကို စောင့်ဆိုင်းနေသည်။ မျက်နှာက ပြုံးစိစိ။

"ထိုင်လိုက်စမ်း ညွန့်တင်၊ ဒုတိယအကြိမ် ပဋိပက္ခ မဖြစ်စေနဲ့၊ အခြေအနေကြောင့် တို့တတွေ အားလုံး သွေးပူနေတယ်၊ မင်း မကြောက်ပါနဲ့ကွာ၊ စစ်တပ်နဲ့ ရဲတပ်က တို့ ပျောက်နေတာ ကြာရင် မကြာခင်လိုက်ရှာပြီး ဒီရောက်လာမှာပါ၊ ဒီတော့ တို့ ဒီနေရာက ထွက်နိုင်မှာပဲ"

အေးဆေးနိုင်သရွေ့ အေးဆေးစွာ နေဟိန်းက ပြောပြနေလေသည်။

"ငါ သွားချင်တဲ့ အချိန်ကျမှ သွားမှာပေါ့၊ ဒါပေမဲ့ ငါ မသွားခင် တစ်ခုခုတော့ ငါ လုပ်ခဲ့ချင်သေးတယ်၊ မင့်ခါးက သေနတ်စုတ်ကလေးကို ငါ ယူဖို့ပဲ"

နေဟိန်းသည် ညွန့်တင်ကို ဘယ်ဖြတ်လက်သီးနှင့် မြန်နိုင်သရွေ့ မြန်အောင် ထိုးပစ်လိုက်လေသည်။ ညွန့်တင်က ရှောင်သော်လည်းမလွတ်။ ဘယ်ဖြတ်လက်သီးက သူ့မေးစောင်းကို ကျကျနန ဝင်ရောက်ထိတွေ့လိုက်သည်။

ညွန့်တင်မှာ ညာဘက်ကို ခေါင်းလည်ဆင်းသွားခိုက် နေဟိန်းသည် ညာခြေထောက်ဖြင့် ဝမ်းဗိုက်ကို အောင့်ကန်



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်လေတော့၏။ ငနဲသားကြီး၏ ကိုယ်က မြေကြီးပေါ်တွင် ရေကူးတော့မည်သဏ္ဍာန် ခြေကားယား လက်ကားယား ကျသွား၏။ ညွန့်တင်က ထ,မည်ပြုစဉ် နေဟိန်းက ပြတ်သားတင်းမာစွာ ...

"ကိုယ့်လူ မထ,နဲ့တော့၊ နို့မို့ မင့်ကိုယ်ဟာ စုတ်ပြတ်သွားလိမ့်မယ်"

ညွန့်တင်သည် လေးဖက်ထောက်ကြီး ထ,ရမလို ထိုင်ရမလို ဖြစ်နေ၏။ နေဟိန်းက ဒေါသကို ထိန်းလျက် လှည့်ထွက်သွားသည်။ ဒီတစ်ခါတော့ သူ့ဒေါသကို အဆုံးတိုင် မရောက်အောင် ချုပ်တီးထားရသဖြင့် ကိုယ်က မသိမသာ တုန်ယင်နေလေသည်။

သည်တစ်ကြိမ်ပါ ဆိုလျှင် နှစ်ကြိမ် ရှိလေပြီ။ ညွန့်တင်က ယင်းအဖြစ်ကို ပသို့မှ မေ့ပျောက်ထားလိမ့်မယ် မဟုတ်ပေ။

ဘယ်သူက ဘာမှဝင်မပြော။ ညွန့်တင်သည် သူ့နေရာက ဖြည်းညင်းစွာ ထ,ပြီးသည့်နောက် တောင်ကုန်းအစွန်းဘက်သို့ လျှောက်သွားလေသည်။

"စစ်တပ်နဲ့ ရဲတပ် လိုက်လာနိုင်မှာကို ခင်ဗျား ဘယ်လို သက်သေပြနိုင်မှာလဲ"

ဦးမြင့်မိုးသည် နေဟိန်းအား လှမ်းမေး၏။ သူ့အမေးဆို နေဟိန်းက လျစ်လျူရှုကာ ...





"ကျုပ်တို့ ဒီမှာနေကြရမယ်၊ ဒါဟာ ကျုပ်တို့ရဲ့ အသက်ရှင်လမ်းပဲ၊ အပြင်မှာဆိုရင် ကျုပ်တို့ ခြေလျင် ကြိတ်ကြရမှာပဲ၊ မိန်းမတွေလောက်ပဲ မြင်းစီးနိုင်မယ်၊ သောင်းကျန်းသူကလိုက်သတ်ဖို့ အခွင့်ကောင်းရမယ်၊ ဒီနေရာက သောင်းကျန်းသူတွေ အဆိုးဆုံးပဲ၊ ခင်ဗျားလည်း အသိသားပဲ ဦးမြင့်မိုး"

"ဖြတ်တိုက်ပြီး ဖောက်ထွက်ပြေးရင် လွတ်မှာပါ"

"ဒါကိုပဲ ခင်ဗျားတို့က ဖွတ်ပြောနေတာကိုး၊ မိန်းမတွေကို ထည့်မစဉ်းစားတော့ဘူးလား၊ လမ်းခရီးမှာ စားနပ်ရိက္ခာလည်း ချင့်တွက်ကြည့်ဦး"

စကားရှည်လျှင်လည်း အကျိုးထူးတော့မည် မဟုတ်သောကြောင့် ဦးမြင့်မိုးသည် နေဟိန်း၏ စကားကို မကြားဟန်ဆောင်လျက် သူတို့နေရာ၏ အပြင်ဘက် တစ်နေရာကို ထွက်သွားလေ၏။ ပြီးတော့ ကျော်ကျော်ထိုက်၊ အောင်ရွှေတို့နှင့်အတူ ထိုင်ချလိုက်၏။

ထအောင့် ကြာပြီးသော် ဒေါသက်ပန်က ထ,ရပ်လိုက်လေသည်။ ဦးမြင့်မိုးနောက်သို့ လိုက်သွား၏။ နေဟိန်းက သူတို့ကို ခေတ္တမျှ စိုက်ကြည့်နေလိုက်ပြီးမှ မျက်လုံးများကို ပြန်လွှဲလိုက်၏။

အောင်လွင်သည် အပေါ်မှ လှမ်းခေါ်သည်။

"ကိုနေဟိန်း ... ဟိုဘက်မှာ တစ်ခုခု လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးများပေါ်သို့ နေဟိန်းက ဖျတ်လတ်စွာ တက်သွားသည်။ သို့သော် ကွင်းပြင်နှင့် တောအုပ်မှာ ဘာမှ ပေါ်ပေါက်မလာ။ ပတ်ဝန်းကျင်မှာ မတွေ့ရ။

သို့သော် ... တောင်ကုန်းအောက် ချုံတန်းတွေဆီမှ ရှိခနဲ အသံနှင့်အတူ မြားကိုယ်ထည်တစ်စင်းက ပျံဝဲလာသည်။ မြားက သူတို့အပေါ်မှ ကျော်၍ တောင်ကုန်းအစွန်းတစ်ဖက်ကို ကျသွားသည်။

"ကိုခွန်သာ ... ကိုမင်းသော် ... မြင်းတွေကို စောင့်ကြည့် ကြဗျို့"

နေဟိန်းက ရုတ်ခြည်း အော်လိုက်သည်။ တစ်ယောက်မကျန် တစ်ခဏလေးမှာ သူတို့ခြေပေါ် သူတို့ရပ်ပြီး ဖြစ်နေကြလေသည်။ နောက်ထပ် မြားတစ်စင်းက လေကို ဖြတ်သန်း လာပြန်ကာ မြင်းစောင်းခြံထဲသို့ ဝင်ရောက်ပုန်းလျှိုးပြန်သည်။ တစ်ခဏမျှသာ ငြိမ်သွား၏။ မီးတောက်တစ်ခုက မြင်းစောင်းခြံ စည်းရိုးမှာ ထ,တောက်လာ၏။ ရန်သူတွေက မီးတုတ်မြားတွေကို အသုံးပြုလာပြီဖြစ်၏။

သည်နေရာမျိုးဝယ် ကျော်ကျော်ထိုက်တို့က အထင်အမြင်သေးသည့် ခွန်သာ၏ ဖျတ်လတ်ကြိုးပမ်းမှုတွေက ချီးမွမ်းလောက်အောင် ပေါ်ပေါက်လာ၏။ ခွန်သာသည် လျင်လှဘိ၏။ မြားတံသွားသည်ကို မြင်လိုက်သည်မို့ မြားတံက ချုံပုတ်များဖြင့် လုပ်ထားသော မြင်းစောင်းခြံအကျမှာ ပြေးသွားပြီး ဒိုင်ဗင်ထိုးချ





လိုက်သည်။ ယင်းသည့်နောက် လက်နှစ်ဖက်နှင့် သူ့အကျီနှင့် မီးတွေကို ရိုက်ဖယ်ငြိမ်းသတ်၏။ သူက မီးတောက်ကလေးကို ငြိမ်းသတ်ဆဲမှာ ဒုတိယမြားနှင့် တတိယမြားက ကျလာသည်။

ဒုတိယမြားသည် မြင်းစောင်းထဲသို့ မဝင်ဘဲ ကပ်လျှဲကာ မြေကြီးထဲသို့ မြင်းစောင်းကို ကျော်လွှား စိုက်ဝင်သွား၏။ တတိယမြားချက်ကမူ ခြံခတ်ထားသော ချုံပုတ်တွေထဲသို့ ကျလာ၏။ ရုတ်ခြည်းဆိုသလို မီးတောက်မီးလျှံက ပေါ်လာလေသည်။ ထိုအချိန်တွင် မင်းသော်၊ ဦးမြင့်မိုးကအစ လူတွေအားလုံးရောက်လာပြီးလျှင် အဝတ်များနှင့်လည်းကောင်း၊ မြေကြီးများကို တူးဆွကာ မြေမှုန့်များနှင့်လည်းကောင်း၊ ကြိုးစားငြိမ်းသတ်ကြလေသည်။

လူတွေမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။

နေဟိန်း၏စိတ်တွင် မှန်ကန်သော အခြေအနေကို သုံးသပ်မိသဖြင့် မအီမလည်ကြီး ဖြစ်နေလေသည်။ မြားတစ်စင်း ဒါမှမဟုတ် တစ်ဒါဇင်လောက်ပဲ ကျလာပြီး သူတို့ ငြိမ်းသတ်ဦးတော့ သောင်းကျန်းသူတွေက ရပ်မည်မဟုတ်ဘဲ သူတို့လိုတာကိုသာ စွတ်ပစ်နေမည် ဖြစ်လေသည်။

ချုံပုတ်တွေမှာ ဖြတ်ပြီး သစ်ကိုင်းများနှင့် ခြံခတ်ပြုထားသဖြင့် ခြောက်သွေ့နေလေပြီဖြစ်ကာ မီးကို ခံမင်စွာ လက်ခံမည့် အစိတ်အပိုင်းတွင် ရှိနေလေ၏။ မြင်းစောင်းကိုသာ လောင်ကျွမ်းခဲ့ပါမူ မြင်းတွေတစ်ကောင်တောင် ကျန်လျှင် ကံကောင်းသည်ဟု ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုညိုမောင် ... မြင်းတွေကို မြန်မြန်သွားယူဗျို့၊ မြန်မြန်ယူ"

နေဟိန်းသည် ဟိုမှသည်မှ ထထောက်သော မီးတောက်တွေကြားမှ ညွှန်ကြားနေမိသည်။

ကိုညိုမောင်သည် နေဟိန်း ညွှန်ကြားသလိုပင် ဆောင်ရွက်ပေးချိန်၌ နေဟိန်းက ကသုတ်ကရုတ် လှည့်အော်ပြန်သည်။

"မောင်အောင်လွင်ရေ မီးကို ဂရုမစိုက်နဲ့တော့ဟေ့၊ ရန်သူတွေက အခု ကိုယ်တို့ကို တိုက်ကြတော့မယ်"

သည်အခါ မျိုးဝယ် ကျော်ကျော်ထိုက်ကလည်း မြန်ပါပေသည်။ ကျောက်တုံးများရှိရာသို့ နေဟိန်း၏ စကားအပြီးသတ်မှာ ပြေးခုန်တက်သွားလျက် သူ့ ရိုင်ဖယ်(လ်)ကို ပြင်လိုက်လေသည်။ သူက တောင်ဘက်သို့ မျက်နှာမူပြီး ညွှန့်တင်က မြောက်ဘက်သို့ လှည့်ရင်ဆိုင်နေသည်။ ညွှန့်တင်က ရုတ်ခြည်းစတင်အပစ်ဝယ် တဒိုင်းဒိုင်းနှင့် ကျည်တောင့်များကို သေနတ်ပြောင်းဝက မှုတ်ထုတ်ပေးလိုက်၏။

"အမယ်လေးဗျာ၊ တောက် ... နင့်အမေကလွှား လွဲသွားတယ်၊ တစ်ချက်လောက်သာ ကောင်းကောင်းထိလိုက်ရရင်တော့လား"

မချင့်မရဲပြောသူကား အောင်လွင်သာလျှင် ဖြစ်၏။ နေဟိန်းက မီးကို ကြည့်စဉ် နောက်ထပ် မီးတုတ်တပ်မြားတွေ ဆက်ကျလာ၏။ သို့သော် ပစ်ကွင်းထဲသို့ မရောက်လာ။ လမ်းချော်ကုန်ကြ၏။ သို့လင့်ကစား မြင်းစောင်းကို ကာထားသော အကာအရံများမှာ မီးရှိန်နှင့် တဟဲဟဲ တဟုန်းဟုန်း ဖြစ်နေလေသည်။





"နောက်ပြန်ဆုတ်ကြဗျို့၊ ကျောက်တုံးတွေ ရှိတဲ့ဘက်ကို နောက်ဆုတ်ကြ"

ကိုညိုမောင်သည် မြင်းများကို အောင်ရွှေ၊ မကြောညိုတို့၏ အကူအညီဖြင့် ကျောက်တုံးများဘက် ဆွဲယူလာ၏။ ကျန်တခြားလူတွေကလည်း မြန်ဆန်လှသည်။ သူတို့က အလျင်တဆော ဆုတ်လာကြပြီး နေရာအမြန်ယူကြသည်။ မီးတောက်တွေက မြင့်မားလာသည်နှင့်အမျှ သူတို့ မျက်နှာကို မီးအပူရှိန်ဟပ်လာသည်။ သို့သော်ငြားမင့် သူတို့က ငြိမ်ငြိမ်သက်သက်မဲ လှဲဝပ်စောင့်နေကြ၏။

ရန်သူတွေက အောက်ပိုင်းက ရေရှိရာအိုင်ကို အနိုင်တိုက်ယူချင် ယူကြမည်။ အောက်ပိုင်းတောင်ခြေကို စီးမိလျှင် လူနှင့်မြင်းများအတွက် ရေအခက်ကြုံကောင်း ကြုံမည်။ နေဟိန်းတို့က ခံစစ်နှင့် ကြံ့ကြံ့ခံနေကြ၏။ တစ်ဖက်က အပစ်အခတ် ရပ်သွားသည်။ လောင်နေသော မီးများမှာလည်း ဆက်လက်လောင်စရာမရှိသဖြင့် ငြိမ်းအေးစပြုနေချေပြီ။ တစ်ယောက်မှ စကားလေသံ မဟကြ။ နေကား ခပ်ပြာပြာသာ ပူနေသည်။ နေဒဏ်ကြောင့် မင်းသော်နှင့် ခွန်သာမှာ နွမ်းနေကြသည်။ ဦးမြင့်မိုး ကြည့်ရသည်မှာ မျက်နှာပြင်တွင် သွေးရောင်ဆုတ်သလို ဖြစ်နေ၏။ ပင်ပန်းမှုဒဏ်ကြောင့် ဖြစ်၏။ စကားတစ်ချက်ကလေးမှ မဟပါ။

နေရာကို အကာအကွယ် ယူကြပေမင့် သူတို့၏ ရင်ထဲမှာတော့ မသက်မသာ စိတ်ကလေးတွေ ကိုယ်စီကိုယ်ငှ



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေကြရလေရာ ကျော်ကျော်ထိုက်က သည်းမခံနိုင်သည့်အလား အားလုံး ကြားလောက်အောင် ...

"ကျုပ်တို့ ဘာလုပ်ကြမလဲ ကိုနေဟိန်း၊ ကြွံကြွံခံကြရမှာပဲလား"

"ဟုတ်တာပေါ့"

ဦးမြင့်မိုးသည် နေဟိန်းကို မျက်လုံးစွေကြည့်သည်။ ညွန့်တင်ကတော့ ဘဝင်မခြိုက်ပုံ ပေါ်သွားသည်။ မင်းသော်က မူ ...

"ရဲကျော်ခင်ကြီးက အင်မတန် ပါးနပ်တာဗျ၊ ကျုပ်တို့ကို ကြက်ကလေး ငှက်ကလေး သဘောထားပြီး ကစားနေတာ၊ ကျုပ်တို့ကို သူ့လက်ထဲကရေဆိုတာ သိပြီးနေပြီ၊ ကျုပ်တို့ သူ့လက်က မလွတ်နိုင်ဘူးဆိုတာသိလို့ ကျုပ်တို့ကို ကသိကအောက် လုပ်နေတာ"

သူတို့သည် မျက်နှာတွင် ပြုံးရယ်ခြင်း ကင်းမဲ့စွာ စောင့်စားနေကြ၏။ သူတို့တွင်ရှိသော ရေကား နှစ်ရက်စာသာ ရှိလေတော့သည်။ ဖြစ်နိုင်လျှင် သုံးရက်စာပဲပေါ့၊ အစားအစာကတော့ ချွေချွေတာတာ စားနိုင်လျှင် သုံးရက်စာလောက် ရနိုင်ပါသေး၏။ အောက်ဘက်မှ ကျောက်တုံးများရှိရာသို့ နေဟိန်း ပြန်တက်လာလျှင် အောင်လွင်က သူ့အား ဖျတ်ခနဲ မော့်ကြည့်လိုက်လေသည်။

"ကျွန်တော်တို့ အခု ဘာလုပ်ကြရင် ကောင်းမလဲ"





သူ့အမေးကို နေဟိန်းက ပခုံးတွန့်ပြသည်။ နေက အနောက်သို့ကျလေရာ ကျောက်တုံးများ၏ အရိပ်များ ထုထည်ကောင်းရာသို့ နေဟိန်းက ရွှေ့ထိုင်သည်။

"အေး ... ကိုယ်တို့ လုပ်နိုင်တာ အားလုံးထဲမှာ အလုပ်နိုင်ဆုံးကတော့ စောင့်ဖို့ပဲ၊ ဒီမှာ စောင့်နေသမျှ ကာလပတ်လုံး သောင်းကျန်းသူတွေက ကိုယ်တို့ကို ချက်ချင်းတော့ မအောင်မြင်နိုင် သေးပါဘူး၊ အေး ... ကိုယ့်စိတ်ထင်မှာ ဒီညဒီကောင်တွေ တိုက်ကြလိမ့်မယ်ထင်တာပဲ"

"ကျွန်တော် သွားချင်ပြီ"

"မင်း သွားလိုတဲ့ အချိန်ကျတော့ သွားရမှာပေါ့ကွာ၊ မင်းကို မေးရဦးမယ်၊ မင်းနဲ့ သီတာဝင်းရဲ့ အခြေအနေကတော့ ပြေလည်ရဲ့လား"

အမှတ်မထင်လိုလို နေဟိန်းက စပ်စုစုစမ်းလိုက်သည်။ ငနဲလေး၏ မျက်နှာမှာ ရှက်သွေးရောင် ဖျန်းသွား၏။

"ဒီကောင်မလေးက တကယ်သဘောကောင်းတဲ့ သူကလေးပါ ကိုနေဟိန်းရာ"

"ဆက်ကြိုးစားဦးပေါ့"

သူတို့နှစ်ဦး အတူတကွ ထိုင်နေကြပြီ။ တောထဲကို ငေးစူးစိမ်းစိမ်း စောင့်ကြည့်နေကြသည်။ နေကလည်း ဝင်တော့မည်။ နေပြောင်းကို ယူ၍ နေဟိန်းက အရပ်ရပ်ကို လျှောက်ကြည့်နေလေသည်။ ထူးထူးထွေထွေ အရိပ်အယောင်ကို လုံးဝ မတွေ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘယ်က ချောင်းမြောင်း ပစ်လိုက်သည် မသိရသော သေနတ်သံတစ်ချက်နှင့်အတူ ကျည်ဆန်က သူ့မှန်ပြောင်းနားရှိ ကျောက်တုံးကို လာမှန်သည်။ မီးထုတ်တပ်မြားတစ်စင်းက လေထဲကျော်ကာ မီးပုံနားကို ကျလာသည်။ နောက်ထပ်ပြေးဝင်လာသော ကျည်ဆန်က အောင်လွင်၏ ခေါင်းနှင့်ကပ်ကာ ဆံပင်တချို့ကို ပြတ်ပါသွားစေသည်။

နောက်တစ်ဖန် ပစ်လွှတ်လိုက်သော မြားတံက ကျောက်တုံးတွေကြားထဲသို့ အန္တရာယ်မရှိ ကျလာသည်။

နေဟိန်းက ကာဘိုင်ကို အသာပြင်ထားရင်း စောင့်ဆိုင်းနေသည်။ ကျီးမျက်စိအလား ဝေ့ဝေ့လည် ကြည့်နေရာ တောစပ်မှ ကွင်းပြင်သို့ လှူပ်လှုပ်,လှုပ်လှုပ် ထွက်လာသော သဏ္ဍာန်တစ်ခုကို မြင်သဖြင့် ကာဘိုင်ကို အနည်းငယ် နှိမ့်ကိုင်ချိန်လျက် မောင်းတံတွင် တင်ထားသော လက်ညှိုးကို ကွေးချပေးလိုက်သည်။ ထိုသဏ္ဍာန်မှာ လက်တစ်ဖက် လေထဲမြှောက်၍ တစ်ချက်မျှ ခုန်ထွက်သွားပြီးနောက် ဖြည်းညင်းစွာ လဲကျသွားသည်။ လက်ချောင်းတွေက မြေကြီးထဲသို့ ကုတ်ခြစ်ကာ မြက်ပင်ပေါက်တွေကို ဆုပ်ကိုင်ရင်း ငြိမ်သက်သွားသည်။

"တစ်ယောက်တော့ ချောပြီ၊ ချက်ကောင်းမှန်တာပဲ"

"ကံကောင်းလို့ မှန်တာပါ၊ ဒီငနဲ ဒီဘက်မှာ ရှိကောင်းရဲ့ဆိုပြီး မှန်းဆအုပ်ထည့်လိုက်တာ"

အောင်လွင်က အားပါးတရအပြော နေဟိန်းက ပြန်ပြောသည်။





"သူတို့ ဟိုမှာ ဘာတွေ လုပ်ဖို့များ စဉ်းစားနေကြပါလိမ့်"

နေဟိန်းက ပခုံးတွန့်လျက် ...

"ဘယ်သူသိမှာလဲ၊ ကိုယ့်စိတ်ထဲတော့ ရဲကျော်ဒင်ကြီးဟာ မနားမနေ ကြံနေပြီ ထင်တာပဲလေ၊ သူက ကိုယ်တို့ကို သုတ်သင်နိုင်မယ်လို့ ထင်နေတယ်၊ သူ့အကြံက ကိုယ်တို့ကို ဒီနေရာကို မီးနဲ့တိုက်ပြီး အပြင်ရောက်အောင် ထုတ်ယူမယ်၊ အပြင်ရောက်မှ သုတ်သင်မယ်ပေါ့"

သူတို့ စကားပြောနေကြစဉ်ဝယ် အောက်ဘက်ရှိ ကျောက်တုံးများကြားဝယ် ကျော်ကျော်ထိုက်က ထရပ်လိုက်သည်။ သူနှင့်ရှိနေသော အောင်ရွှေက မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

"ဒါဖြင့် ဒီည အလုပ်ဖြစ်မယ်ပေါ့"

"ဟုတ်တယ် ... ဒီညပဲ"

ကျော်ကျော်ထိုက်သည် ယတိပြတ် ဆုံးဖြတ်ချက်နှင့် ပြောချလိုက်၏။

• • •



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဟုတ်သည်။ ကျော်ကျော်ထိုက်ကတော့ ဆုံးဖြတ်ချက် အနိုင်အမာ ချပြီးလေပြီ။ သူတို့ လူစုကား ကံဆိုးမိုးမှောင်ကြပြီးလေပြီ ဖြစ်လေရကား ထိုကံဆိုးမိုးမှောင် ကြားထဲတွင် သူပါဝင်ဖို့ မရည်ရွယ်ပေ။ ညစဉ်ညတိုင်း ညပေါင်းများစွာ ကျောက်တုံးများ ထဲဝပ်နေရင်း အစီအစဉ်တစ်ရပ်ကို လေ့လာခွဲခြမ်းနေသည်။ သည်တော့ ညဘက်တွင် အသံမကြားအောင် ထွက်ပြေးနိုင်ပါမှ သူ့အတွက် လွတ်ပေါက်ကောင်းတစ်ခု ဖြစ်နိုင်ပါသည်။

အောင်ရွှေက မြင်းတွေကို ကုန်းနီးတင်ထားမည်။ ပြီးတော့ အားလုံး ငြိမ်သက်မှုကို ရှိမရှိ၊ သူတို့ စောင့်ကြည့်၍ ငြိမ်သက်သွားပြီဆိုပါမှ မြင်းတွေကို မစီးဘဲ ဇက်ကြိုးမှ ကိုင်လျက် ဆွဲထုတ်သွားမည်။

မြင်းခွာတွေကို မြင်းအသံ မကြားအောင် အဝတ်ဝတ်ပေးထားမည်။ ရန်သူနှင့် တစ်မိုင်ကျော် နှစ်မိုင်လောက်ဝေးမှ စိုက်ခေါင်ကိုပဲဖြစ်ဖြစ်၊ မိုင်းပြင်းဘက်ကိုပဲဖြစ်စေ ပြေးကြမည်။





နေပဟိန်းကတော့ ခံစစ်နှင့် ကြံ့ကြံ့ခံခံ တိုက်ချင်တိုက်ပါစေတော့။ သောင်းကျန်းသူတွေ၏ မြားဒဏ်၊ ကျည်ဒဏ်၊ မသင့်တောင် သူတို့ ဒီမှာ အစာငတ် သေဖွယ်ရာ ရှိသည်။ မည်သူ့မှ လာမည် မဟုတ်။ သူတို့ ဒီမှာရှိသည်ကို ဘယ်သူမှလဲ သိကြမည်မဟုတ်။ ညွှန့်တင်ကတော့ လိုက်ချင်လိုက်မည်။ သူ့အကြံနှင့်သူ ရှိမည်မို့ လိုက်လိုကလည်း လိုက်ပါစေတော့၊ နှစ်ယောက်နှင့်စာလျှင် သုံးယောက်သွားက ပိုတော်လိမ့်မည်။ ထို့အပြင် ညွှန့်တင်မှာ သန်စွမ်းသည့်လူ မို့ အရေးအကြောင်းဆိုလျှင် အားကိုးရပါလိမ့်မည်။

ကျော်ကျော်ထိုက်က အိသားမြှောင်းများ ကင်နေသော မကြာညိုဆီသို့ လျှောက်သွားသည်။ မကြာညိုသည် သူမ၏ အိုးမီးဖိုဆံနွယ်များကို တစ်ဖက်တစ်ချက်တွင် စုစည်းနှောင်ထား၍ ကေသာနှစ်ခွ လုပ်ထား၏။ သူ့ကို ပြုံးကြည့်နေ၏။ မကြာညိုသည် မသိကျိုးကျွန်သော ပြောင်းလဲစ,ကလေးတွေ ဖြစ်နေတာတော့ ကျော်ကျော်ထိုက် အရိပ်အကဲ ဖမ်းမိလေသည်။ ဒါကလေးတွေက သူ့ကို အနှောင့်အယှက် ဖြစ်သလို ခံစားမိသည်။

"မေ့အတွက် အလုပ်မရှိဘူး၊ မေချည်းပဲ လုပ်နေရတာ ပင်ပန်းလှပါတယ်ကွယ်"

"တစ်ယောက်ယောက် ဝင်လုပ်လည်း ရပါတယ်၊ ဒါပေမဲ့ အလုပ်မရှိဘဲနဲ့ မေ မနေချင်ဘူး"

"ကိုယ်တို့ မကြာခင် ဒီနေရာက ထွက်ကြရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မကြာညိုက သူ့ကို မျက်လွှာကလေးများ ပင့်ကြည့်လိုက်သည်။

"အစ်ကိုပြောတာ ကြားရလို့ ဝမ်းသာပါတယ်၊ တခြားလူတွေလို အစ်ကိုလည်း စဉ်းစားတတ်လာပြီ ထင်တယ်၊ ဒီနေရာက ဘယ်တော့မှ မထွက်နိုင်ဘူးလို့ လူတွေက ယုံကြည်နေကြတယ်"

"သူတို့တော့ မထွက်နိုင်ဘူး၊ ဒါပေမဲ့ မေကတော့ ထွက်နိုင်မှာပါပဲ"

မကြာညို၏ မျက်လုံးများသည် ကျော်ကျော်ထိုက်၏ မျက်နှာကို အပြေးအလွှား အဓိပ္ပာယ် ရှာဖွေနေလေသည်။

"ဘာဆိုလိုတာလဲ အစ်ကို"

"အစ်ကို ကတိပေးထားတဲ့အတိုင်း မေ့ကိုတော့ အစ်ကို စောင့်ရှောက်မှာပဲလေ၊ မေ ဒီက လွတ်မြောက်သွားတာ မြင်ချင်တယ်"

ထိုအခါ မကြာညို ၏ မျက်လုံးကလေးတွေက နူးညံ့ပျောင်းအိလာသည်နှင့်အမျှ ကျော်ကျော်ထိုက်၏ လက်များပေါ်သို့ သူမ လက်ကလေးကို တင်လိုက်၏။

"တကယ်ပဲလား အစ်ကို၊ အစ်ကိုက မေ့အကြောင်းကို ထည့်စဉ်းစားမယ်ဆိုတာ မေ အစဉ်ယုံကြည်ပါတယ်"

"ကဲ ... ကဲ ... အနားယူလိုက်ဦး မေ၊ အနားယူဖို့ မေ့မှာ လိုနေတယ်"





သူက ခွဲခွာပြီး သူ့မြင်းဆီသို့ လျှောက်သွားခြင်းကို မကြာညို တွေ့ရလေသည်။ ယခင်ကာလများကထက် မြင်းကို အစာပိုကျွေးသည်မှာ နှစ်ရက်ရှိနေပြီဖြစ်ကြောင်း၊ ကျော်ကျော်ထိုက် လုပ်ပုံတွေကို မကြာညို အကဲခတ်ရင်း သိနေရသည်။ မကြာညိုက ကော်ဖီဖျော်အပြီး တစ်ယောက်ပြီးတစ်ယောက် အစားလာ စားကြသည်။

သူတို့ ဒီကို ရောက်လာပြီး ကတည်းက ဒီအချိန်ဝယ် ကျော်ကျော်ထိုက် အမူအရာ အသွင်အပြင်က အနူးညံ့ဆုံး ဖြစ်နေသည်ကို မကြာညို တွေ့ရသောကြောင့် သူမ ဝမ်းမြောက်ပီတိ ဖြာနေရလေသည်။ သို့သော် နေဟိန်းကို မြင်ရပြန်တော့ စိတ်မသက်မသာ ဖြစ်မိရပြန်သည်။

ညအမှောင်ရောက်ချိန်ဝယ် ကမ္ဘလာ နတ်ထည်က လွှမ်းခြုံထားသလို မှောင်အတိကျနေလေသည်။ မြင်းစောင်းမှာ မီးလောင်သွားပြီမို့ နေဟိန်းတို့ စခန်းချနေရာကား ယခင်ထက် ပိုမိုကျယ်ဝန်းလာသည်။ လူတွေက စကားမပြောကြ၊ အိပ်လည်း မအိပ်ကြ၊ လူတိုင်းလူတိုင်း အန္တရာယ်ကို သတိရှိနေကြသည်။

သူတို့ လူစုအလယ်တွင် ကြောက်ရွံ့ခြင်းတရားက အသက်ရှင်နေကြသည်။ အောင်ရွှေက တုန်နေသော လက်တစ်ဖက်ဖြင့် သူ့မျက်နှာကြမ်းကြမ်းကို ပွတ်သပ်နေသည်။

ဦးမြင့်မိုးကား သူ့စတင်းဂန်းသေနတ်ကို မကြာခဏ မြှောက်ထောင်လိုက် ချလိုက်လုပ်နေ၏။ မင်းသော်မှာ တစ်နေ့မှ



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့ ရွေ့လျားသွားလာပြီးလျှင် တောအုပ်နှင့် ကွင်းပြင်ကို ရှုးစမ်းနေသည်။

တစ်ခုခု လှုပ်တာတွေ့လျှင် ပစ်ချဖို့ စိတ်ပြင်းပြနေသည်။ ခွန်သာပင် မင်းသော်ကို လှုပ်လှုပ်ရွရွ ရှိနေ၏။ မျက်လုံးတွေက ကျယ်ပြောပြီး မှောင်ထဲသို့သာ အတွင်သာ စိုက်ကြည့်နေသည်။

မရဏ တရားက တစ်စတစ်စ နီးလာပြီကို သူတို့ကိုယ်သူတို့ သိကြပြီမို့ ထိုအသိတရားတွေကို ပြမိသော မျက်လုံးတွေ အချင်းချင်း မြင်မိမှာ စိုးသဖြင့် တစ်ယောက်မျက်နှာကိုပင် တစ်ယောက်မကြည့်ကြချေ။ ချုပ်တော်တွေကို မီးလောင်သွားခြင်းကပင် အခြေအနေတစ်ရပ် ပြောင်းလဲခဲ့ပေပြီ။ ကျော်ကျော်ထိုက်မှာတော့ သူ့အကြံ အောင်မြင်တော့မှာ မလွဲတော့ပြီမို့ စိတ်သက်သာရာ ရနေလေသည်။ သူတို့အတွက် အခွင့်အရေးရှုပြီး သူ့ဘာမှ မဖြစ်ဘူးဆိုလျှင် ထွက်ပြေးနိုင်ပေတော့မည်။

မကြာညိုကို သူ ဒီနေရာက ခေါ်ထုတ်သွားလျက် စိုက်ခေါင်ကို ရောက်လျှင် မကြာညိုကို လက်ထပ်ရတော့မည်။ သူ ကြံထားသော အကြံကား ရိုးရိုးကလေးနှင့် ရှင်းလှပါဘိ။ သို့တစေ အတွေးတစ်ခုက သူ့ခေါင်းထဲ ပြေးဝင်လာ၏။ စိုက်ခေါင်သို့ ရောက်တာထက် မကြာညို၏ ဖခင်ဦးနန်းထိုက် လိုက်လာခဲ့ပါမူ သူ အသတ်ခံရတော့မည်မှာ သေချာသည်။

ပသို့ပဲဖြစ်စေ ကြံထားသောအကြံ၊ ခိုင်မာသော ဆုံးဖြတ်ချက်ကို သူ့ အလျှော့မပေးလို၊ မြင်းတွေကလည်း သူတို့နှင့် နီးနီးနားနား၊ သူ ညွှန့်တင်နှင့် အောင်ရွှေတို့က မြင်းတွေကို အသာထုပြီး ပြေးကြရမည်။ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စိုင်တွေကြားမှ ဆွဲထုတ်ရမည်သာ၊ ဘယ်သူမှ မသိမီ သွားကြသည်က အကောင်းဆုံး ဖြစ်လိမ့်မည်။





နေဟိန်းသည် မီးကျီခဲများနားတွင် ထိုင်နေရင်းက စီးကရက်တစ်လိပ်ကို လက်ထဲမှာ မြှောက်ကစားနေရင်း သူတို့ ရင်ဆိုင်နေရသော အခြေအနေကို စဉ်းစားနေလေသည်။

ယခင်ကထက် ယခုအနေမှာ ခုခံကာကွယ်ရန် တကယ်တမ်း သူတို့ အခြေအနေကောင်းနေကြပြီဆိုလျှင် သူတို့၏ ခံစစ်က ပိုမို တောင့်တင်း လာပေလိမ့်မည်။

မြင်းတွေအတွက် အစားအစာလည်း နည်းလာသည်။ ရေလည်း လျော့လာလေပြီ၊ လူဆယ်ယောက်စီးရန် မြင်းရှစ်ကောင်မှ လွဲပြီး ဘာမှ မရှိ၊ သူတို့ရှေ့မှာ အန္တရာယ်ကလည်း ကြီးမားလှမိခြင်းမို့ မြင်းတစ်ကောင်မှ ဖြတ်ကျော်ခြင်းမှာ စွမ်းမည်မထင်။

သောင်းကျန်းသူတွေကို တိုက်ခိုက်ဖို့ အတွေးသို့ ပြန်လည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင် ပျောက်သုန်းသွားပြီးသည့် အချိန်မှစ၍ တောအုပ်တစ်ခုလုံးမှာ ခြောက်သွေ့နေသည်။ လေအေးကလေးက တဖျုပ်ဖျုပ် တိုက်ခတ်နေသည်။ သစ်ရွက်ခတ်သံ ကလေးများက တီးတိုးညင်သာလှ၏။

ဦးမြင့်မိုးသည် ထွင်းများကို သယ်ဆောင်ကာ မီးရှိန်အားကောင်းအောင် ထင်းမီးထိုးနေသည်။ နေဟိန်းက တောအုပ်ကို ထိုင်စောင့်ကြည့်နေသူ ခွန်သာဆီသို့ ချဉ်းကပ်တိုးဝင်သွားသည်။ ရှမ်းအမျိုးသားကြီးဘေးတွင် သူက တင်ပျဉ်ခွေထိုင်သည်။

"အခု အချိန်ကစပြီး သုံးလေးနာရီ ကြာတဲ့အချိန်မှာ ကျွန်တော်တို့အထဲကတချို့ သောင်းကျန်းသူတွေကို သွားတိုက်ကြမလို့"

"ကျွန်တော်လည်း လိုက်မယ်"

သောင်းကျန်းသူများ၏ ပြန်လည်တိုက်ခိုက်မှုကို စိုးရိမ်နေရကြောင်းနှင့် သူကြံစီနေသည့် အကြံအစီများကို ခွန်သာအား နေဟိန်းက တိုးတိုးတိတ်တိတ် ပြောပြလေသည်။ ခွန်သာမှာ သောင်းကျန်းသူတွေအကြောင်းကို ကောင်းကောင်းသိ





သည်။ ဒါကြောင့် သူ့ အကြံ ကောင်းမကောင်း နေဟိန်းက ပြောပြနေခြင်းဖြစ်၏။ သို့ရာတွင် ခွန်သာက မကန့်ကွက်၊ နေဟိန်း၏ အကြံပေးအစီအမံကို လက်ခံ၍ သူ့ပုန်ကင်းစောင့်များ ရှိမည့် နေရာများကို မှန်းဆပြောပြနေ၏။

သူတို့နောက်ဘက်တွင် အောင်လွင်ရှိသည်။ သူက သီတာဝင်းကို စကားလမ်းကြောင်း ခင်းပေးနေသည်။ သီတာဝင်းမှာ မီးပုံတွင် ထင်းထိုးရင်း အလုပ် များနေ၏။ မိနစ်ပိုင်းအတွင်းမှာပင် အောင်လွင့်အား နေဟိန်းက သူ့ရည်ရွယ်ချက်ကို ရှင်းပြသည်။ သူက မီးကို ဆွနေသည်။ ပြီးတော့ စီးကရက်ကို မီးညှိရင်း စကားဆက်ပြော၏။

"သွားရမှာက မင်းရယ်၊ ခွန်သာရယ်၊ ကိုယ်ရယ်၊ ကိုယ့်အထင် လူတစ်ယောက်တောင် ပိုနေလား မပြောတတ်ဘူး"

"ဘာလဲဗျ … ခင်ဗျားက သောင်းကျန်းသူစခန်းကို သွားချမလို့လား"

"တတ်နိုင်ရင် မြင်းကလေး ဆွဲရအောင်ပေါ့ကွာ၊ လေးကောင်လောက်ပေါ့"

"မြင်းတွေကို ယူရခက်လိမ့်မယ် ထင်တယ်"

"ကြံဖန်ယူရတာပေါ့ကွာ"

"ကောင်းပြီဗျာ၊ ဘယ်အချိန်စ,မလဲ"

"၁၁–နာရီလောက်မှာပေါ့"

ညဉ့်ဦးပိုင်းတွင် အပစ်ခံရသည်။ ကျည်ဆန်တစ်ခဲ့က မီးပုံပေါ်က အိုးကြီးကို လာထိသည်။ နောက် ကျည်တောင့်တွေက



www.burmeseclassic.com

www.burmeseclassic.com



မီးကျီခဲတွေကို ပြန့်လွင့်ထွက်သွားစေသည်။ အောင်လွင်က မြေကြီးပေါ် ဒူးခံနဲ လှဲချလိုက်ပြီးနောက် စခန်းတစ်ဝိုက်ရှိ ချုံတွေထဲသို့ ဆင့်ကဲဆင့်ကဲ ပစ်ပစ်ထည့်လိုက်သည်။ လူတိုင်းပင် နောက်ထပ် ကျည်မလာမီ အကာအကွယ်ယူပြီး ပြန်ပစ်ကြသည်။

မိနစ်အတန်ကြာအောင် သေနတ်သံတွေက အဆက်မပြတ် ပေါ်နေသည်။ မြင်းတစ်ကောင်က တဟီးဟီးနှန်သည်။ မင်းသော်က အကာအကွယ်ယူရာ ကျောက်တုံးတစ်ခုနောက်ကို လိမ့်သွားပြီး လေးဖက်ထောက် ဝပ်ချလိုက်၏။ သည်အခိုက်မှာပင် အပစ်အခတ်တွေက ရပ်စဲသွားသည်။

သိုင်းချက် ချက်သောအိုးမှာ ကျည်ခ,သွားသဖြင့် သုံးမရတော့၊ မြင်းတစ်ကောင်မှာလည်း လက်ပြင်နား ကျည်ရှပ်မှန်ခံရသည်။ အောင်လွင်၏ နားရွက်ဖျားကလေးမှာလည်း ကျည်ဖူးမှ ကစားသဖြင့် နားစုတ်ပြတ်သွားသည်။

သူတို့အားလုံး တုန်လှုပ်ချောက်ချားနေသည်။ ရန်သူ သောင်းကျန်းသူတွေက နီးလာပြီလား မပြောတတ်။ သူတို့ကို အပိုင်ပစ်နိုင် လျက်သားနှင့် မပစ်ဘဲ ထားသည်မှာ အကဲခတ်မရ။

"သူတို့က ကျွန်တော်တို့ကို အရှင်လိုချင်တယ်"

မင်းသော်က ထင်မြင်ချက်ပေးသည်။ ဦးမြင့်မိုးက ဖြည်းညင်းစွာ ခေါင်းကို မော်၍ မင်းသော်ကို ကြည့်၏။

"မင်းက အရူးစကား ပြောနေပြန်ပြီ၊ ဘာကြောင့် သူတို့က တို့ကို အရှင်လိုချင်ရမှာလဲ"





"ဒီမိန်းမတွေရှိတယ် မဟုတ်လား၊ ဒီတော့ သောင်းကျန်းသူဆိုတဲ့ သူတွေဟာ လှလှပပ မိန်းကလေးကို အသက်ရှင်ရက် ဖမ်းပြီး ကစားချင်တာပဲလေ"

မင်းသော်က မှင်သေသေ ပြောသည်။ ဦးမြင့်မိုးက မင်းသော် စကားကို အသိအမှတ်မပြုဘဲ ထွက်သွားမည်ပြုပြီးမှ နေဟိန်းဘက်ကို လှည့်၍ ...

"ဒီကောင်တွေက အရူးမှ မဟုတ်တာ၊ ဘယ်တော့မှ အသက်ရှင်ရက်နဲ့ ရန်သူကို ထားမဲ့ ကောင်တွေ မဟုတ်ဘူး"

ဦးမြင့်မိုးမှာ ပြောသာ ပြောရသည်။ အားမရှိလှ။ သောင်းကျန်းသူတွေက မိပြီဆိုလျှင် အသက်ရှင်လျက်ရှိသော အကျဉ်းသားများကို ရက်ရက်စက်စက် သတ်သည်မှာ သူ အသိပဲ ဖြစ်၏။ သူတို့က သေလူထက် ရှင်လူကို အရဖမ်းတတ်ပြီး ကြောင်က ကြွက်ကို ကစားသည့်နှယ် ညှဉ်းပန်းတတ်၏။ ဒါကြောင့် မင်းသော် စကားကို အသိအမှတ် မပြုခြားလည်း မဟုတ်ဟုတော့ မငြင်းပယ်ရဲ။

မှောင်ထဲသို့ လျှောက်ကြည့်သည်။ လူတိုင်း နှုတ်ပိတ်နေကြ၏။ သီတာဝင်းက အောင်လွင်၏ ဒဏ်ရာရသွားသော နားရွက်ကို ဆေးထည့်ပြုစုနေလျက် မင်းသော်ကမူ သေနတ်ကို စစ်ဆေးနေလေသည်။

မီးပုံမှ အလင်းရောင်အားက နည်းပါးယုတ်လျော့လာလေသည်။ ခွန်သာက မြင်း၏ ဒဏ်ရာနေရာကို မြေကြီး



www.burmeseclassic.com

အနည်းငယ် ကောက်သိပ်နေသည်။ ကျော်ကျော်ထိုက်က မြေပြန့်က ရန်ကုန်မြို့ကြီးကို စဉ်းစားတွေးတောနေသည်။ သို့သော ဒီနေရာက လွတ်မြီး စိုက်ခေါင်ကို ရောက်လျှင် စိုက်ခေါင်မှ ရန်ကုန်သို့ ဆင်းပြီး ဘယ်တော့မှ သည်ဘက်သို့ ပြန်လာတော့မည် မဟုတ်ပေ။

ကုသိုလ်ကံထောက်မလို့များ ဦးနန်းထိုက် သေလျှင် ဦးနန်းထိုက်ပိုင် ပစ္စည်းတွေ ရောင်းချ၍ ရန်ကုန်သို့ ပြန်သွားမည်။ သူ့အတွက် သင့်တော်သည်က ရန်ကုန်ပဲ။

ကြယ်လည်း တောက်ပဝင်းလက်လာပြီ။ ညဥ့်လေလည်း ငြိမ်လာပြီ။ အဝေးမှ ကျားဟိန်းသံတစ်ခု ကြားနေရ၏။ မီးပုံမှ အားနည်းအလင်းရောင်က မင်းသော်၏ အဆီပြန်နေသော မျက်နှာနှင့် သူ့ တိုက်ချွတ်နေသော ရိုင်ဖယ်သေနတ် ပြောင်းအား ပြောင်လက်စေသည်။

ကိုညိုမောင်ကတော့ ကျောက်တုံးတစ်တုံးကိုမှီကာ ရုပ်ရှင်မင်းသားဝင်းဦး၏ 'မီးပုံပွဲ'သီချင်းတစ်ပုဒ်ကို လေချွန်သံ တရှိုးရှိုးနှင့် တေးကြော့နေသည်။ သူက တေးတစ်ပုဒ်လေချွန်ဆဲမှာ မကြာညိုက ထင်းစတွေကို မီးကျီခဲပေါ်တင်ပြီး အလင်းရောင်အား ပိုလာအောင် ဆွပေးသည်။

မီးတောက်က သူတို့ မျက်နှာပေါ် လွှမ်းမိုးလာသော အခါ ကိုညိုမောင်၏ 'လေချွန်သံက ရပ်သွား၏။ ပြီးတော့ အားလုံး ငြိမ်သက်သွားလေတော့၏။

●●●





## ၁၃

သန်းခေါင်တိုင်ဖို့ နစ်နာရီလောက် လိုတော့သည်။ အောင်လွင်က မြင်းများကို ကုန်းနှီးတင်ပြီ။ သည်အခါမှာတော့ စခန်းတစ်ခုလုံးမှာ အိပ်မောကျနေကြပြီဖြစ်၏။ သူက ရပ်စရာရှိသည်များကို အသံတစုံတစ်မျှ မထွက်အောင် သတိနှင့် လုပ်ဆောင်သည်။ ဒါကြောင့်လည်း အိပ်ရာဝင်ပြီး သတိခေတ္တလစ်နေကြသူတွေ တစ်နည်းအားဖြင့် အိပ်မောကျနေကြသူတွေအဖို့ အနှောင့်အယှက် မရှိခဲ့။

ကျော်ကျော်ထိုက်က ကျောက်တုံးတွေအပေါ် တက်နေပြီး ညွန့်တင်မှာ စခန်းတစ်နေရာတွင် ရှိနေ၏။

အောင်ရွှေသည် နေဟိန်း၏ ရေဘူးနှစ်ဘူးနှင့် အခြားလူများ၏ ရေဘူးနှစ်ဘူးကို ကောက်ယူဖြည့်ပြီး မြင်းတစ်ကောင်ပေါ်တွင် ချည်နှောင်ပြီးခဲ့လေပြီ။ သူ့ရိုင်ဖယ်သေနတ်ကိုလည်း ယူပြီးနောက် နေဟိန်း၏ မြင်းကျောပေါ်တွင် တင်ထားလိုက်၏။

www.burmeseclassic.com



သည်မြင်းကို သူက စီးဖို့ရည်ရွယ်မှန်းပြီးသား။ နေဟိန်း မြင်းမှာ မျိုးကောင်းဖြစ်သဖြင့် သူလိုချင်သည့် မြင်းမျိုးထဲတွင် ပါနေသောကြောင့် သဘောကျနေ၏။

သို့ရာတွင် မြင်းအကြောင်းကို သူ ကောင်းကောင်း သိသည့်တော့မဟုတ်။

သူ့အလုပ်ပြီးစီးသောအခါ ကျော်ကျော်ထိုက် ရှိရာ ကျောက်တုံးများပေါ်သို့ တက်သွားသည်။

"ကြည့်ရတာ ဘယ်လိုလဲ ကိုကျော်ကျော်ထိုက်"

"သိပ်ကောင်းကြီးလို့ မဆိုနိုင်သေးဘူး၊ သုသာန်တစပြင်လို တော့ ဟိုဘက်မှာ ငြိမ်နေတာတော့ အမှန်ပဲ"

အောင်ရွှေမှာ ကျောစိမ့်မှုကလေးကို ခံစားမိသည်။ လေအေးဒဏ်ကြောင့် ကျောစိမ့်ခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

"ဒါဖြင့်လည်း အချိန်မရွေး ကျွန်တော်တို့ အသင့်ရှိနေကြပြီ လို့ ဆိုရမှာပေါ့"

စကားပြန်မပြောဘဲ ကျော်ကျော်ထိုက်သည် အတော်ကြီးကြာအောင် တွေဝေနေသည်။

သူသည် ပစ်ပစ်ခါခါ လုပ်ရမည်ဖြစ်သော်လည်း ကင်းစောင့်တာဝန်ကို သူ့အား ပေးထားလေရာ ထိုတာဝန်ကို လစ်လျူရှု၍ ထွက်ပြေးရမည်ကို တွေဝေနေမိလေသည်။

လူအားလုံး၏ အသက်သည် သူ့လက်ထဲမှာ ရှိသဖြင့် ထွက်ခွာဖို့ဝေးစွ ကင်းစောင့်သူသည် အိပ်ပျော်ရန်ပင် မဖြစ်နိုင်ပေ။





သို့သော်ငြားလည်း သည်လူတွေနှင့်နေပြီး ဒုက္ခကို ရင်ဆိုင်ဖို့ရာ မဝံ့စားရဲ။

"ကိုညွန့်တင် ဘယ်မှာလဲ"

"ဒီနားတစ်ဝိုက်မှာပဲ ရှိမှာပေါ့"

"ကောင်းတယ်"

ကျော်ကျော်ထိုက်က စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်သည်ကြောင့် ဆက်လက်၍ ...

"ကျုပ် မကြာညိုကို သွားခေါ်မယ်"

အောင်ရွှေက မပြောဘဲ မှတ်ဆိတ်သော်လည်း မကြာညိုအား ခေါ်သွားမည်ကို သဘောမပေါက်နိုင်ပါပေ။ သူမအား ခေါ်ဆောင်သွားရခြင်းမှာ တာဝန်ကြီးတစ်ထုပ်တစ်ပိုးကို ထမ်းရွက်ပြီး နှောင့်နှေးကြန့်ကြာသည်ဟု ယူဆမိသည်။ သည်တော့လည်း ကြာကြာ မှတ်ဆိတ်မထားနိုင်ပါ။

"ကြည့်လည်း လုပ်ပါဦး ကိုကျော်ကျော်ထိုက်၊ ကျွန်တော်တို့ ဒီက ထွက်ကြရမှာ မိန်းမသား တစ်ယောက်ပါလို့ လွယ်ပါ့မလား"

"သူပါမှဖြစ်မယ်၊ သွားမှာသာ သွားပါဗျာ"

မကျေမနပ်နှင့် အောင်ရွှေ ထွက်သွားသည်။ ညွန့်တင်မှာ ထွက်ပြေးဖို့ အဆင်သင့် ရှိနေသော်ငြားလည်း သူ့မှာ တစ်ခုသောဆန္ဒ ကိန်းအောင်းနေသည်။ သည်ဆန္ဒကို ပြည့်မြောက်အောင် လုပ်ဖို့လည်း ရည်ရွယ်သည်။ ဒေါသက်ပန်က စခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ယူလာခဲ့သော ကုန်းနီးအိတ်များကို လိုချင်နေသည်။ ဒါကြောင့် သူရှိမည့်နေရာက ထ,လာပြီး စခန်းတစ်လျှောက်တွင် ဒေါ်သက်ပန် အိပ်ထားမည့်နေရာများကို မှန်းဆရှာဖွေသည်။

စင်စစ်ကား သူသည်လည်း နေဟိန်းကဲ့သို့ပင် ဒေါ်သက်ပန်ကြီးက စခန်းချရာမှ ထ,ပြီး ထိုအိတ်တွေ ဖွက်ထားလိုက်ခြင်းကို တွေ့ခဲ့ပြီးဖြစ်သည်။ ဒါကြောင့် ရှိမည့်နေရာကို တွေးတောနိုင်ခဲ့သည်။

ခိုးလာသောရွှေဖြစ်ပြီး ထိုရွှေတွေကို ဒေါ်သက်ပန် ရထားသည်။ ဒါကို သူ လိုချင်၏။

ကျော်ကျော်ထိုက်သည် မေကြာညိုအား ကုန်းကြည့်ကာ ပခုံးကို လက်ဖြင့် ပုတ်နှိုးလိုက်သည်။ အအိပ်ဆတ်သော မိန်းကလေးတစ်ယောက်ဟု ဆိုရပါချိမ့်မည်။ ရွှန်းဝေစိုလှသော မျက်လုံးကြီးတွေက တစ်ချက်အပုတ်ခံရရုံနှင့် နိုးလာလေသည်။

"မေ ..."

သူက အညင်သာဆုံး လေသံနှင့် တိုးတိုးသာသာ ခေါ်လိုက်သည်။

"လိုက်ခဲ့တော့မေ၊ ကိုယ်တို့ သွားကြတော့မယ်"

မေကြာညိုက ယောင်နနထ,ထိုင်ပြီး အိပ်ချင်မူးတူးဖြင့် 'ဘယ်လဲ ... ဘယ်သွားမှာလဲ၊ ဟင် ... အိုး ... အစ်ကိုက ကိုနေဟိန်းနဲ့ သွားမှာလား"

"နေဟိန်း ... ဟုတ်လား"





ကျော်ကျော်ထိုက်မှာ ကြောင်တောင်တောင် ဖြစ်သွားသည်။ မေကြာညိုသည် သူတို့ လစ်ကြမည့် အစီအစဉ်ကို တစ်စွန်းတစ်စ နားလွဲပြီး ကြားကောင်းကြားခဲ့လေမလားမသိ။

"အို ... နေဟိန်းက ကိုယ်တို့နဲ့ ဘာမှ မဆိုင်ပါဘူး၊ ကဲ လာမှာသာလာ၊ စိုက်ခေါင်အရောက် ကိုယ်တို့ မြင်းတွေနဲ့ သွားကြမှာပဲ"

"အစ်ကို သွားဖို့ ကိစ္စတော့ မပြောပါနဲ့ အစ်ကိုရယ်၊ သွားရမှာက မလွယ်ဘူး၊ ပြီးတော့ "

မေကြာညိုက တစ်ခုသတိ ရလာသည်။ အိပ်ချင်စိတ်များပင် ပြေပျောက်လာ၏။

"ပြီးတော့ အစ်ကို့မှာ ကင်းစောင့်တာဝန် ရှိနေတယ် မဟုတ်လား"

"ဘာလဲ မေ၊ ထမင်းရေပူ လျှာလွှဲပြီး ငြင်းနေသလား"

ကျော်ကျော်ထိုက် ကျွဲမြီးတိုလာ၏။

"ဟိုကောင် နေဟိန်းက ဒီကလူတွေနဲ့ နေချင်ပါတယ်ဆိုတော့ အဲဒီလူတွေကို အုပ်ချုပ်ပြီး သူ နေရစ်ခဲ့ပေါ့၊ ကိုယ်ပြောမယ် မေ၊ သူတို့အားလုံး အသတ်ခံရမှာပဲ၊ ကိုယ်တို့ ဒီက မထွက်လည်း ကိုယ်တို့ အားလုံး အသတ်ခံရမှာပဲ၊ လာမှာသာ လာခဲ့စမ်းပါ၊ မေ့ မြင်းကို ကုန်းနှီးတင်ပြီးပြီ"

မေကြာညိုသည် စောင်ကို ခွာ၍ ထရပ်လိုက်၏။ သူမ၏မျက်စိထဲတွင် စိုက်ခေါင်ရှိ အိမ်များ၊ ဆိုင်များ၊ လမ်းများကို

www.burmeseclassic.com



မြင်ယောင်လာ၏။ အေးအေးချမ်းချမ်းနေရမည့် အရေးကိုလည်း တွေးမိ၏။ ပြီးမှ သူမကိုယ်တိုင်ပင် မယုံကြည်နိုင်လောက်သော စကားစုတွေက နှုတ်မှအန်ထွက်လာ၏။

"မေ မသွားတော့ဘူး အစ်ကို၊ မေဒီမှာပဲ နေရစ်ခဲ့တော့မယ်"

ကျော်ကျော်ထိုက် ရင်မှာ ဒေါသနှင့် ခုန်လာသည်မှာ မှန်၏။ သို့သော် ယင်းဒေါသကို မျိုသိပ်ရင်း ...

"ဘာအရူးထပြီး အရူးတွေး တွေးနေတာလဲ မေ"

သူသည် စကားလုံးတွေ ဖွင့်နေချိန်မှာ အတော်သည်း ညည်းခံနေရ၏။ ခေါင်းကို ယမ်းခါသည်။

"မေ နားမလည်သေးပါဘူး၊ ဒီက လူတွေအားလုံးကို အသက်နဲ့ကိုယ် မြဲပြီး ထွက်နိုင်ဖို့ နေဟိန်းမှာ ဦးနှောက်မရှိပါဘူး၊ အခွင့်အရေးလည်း ပိတ်နေတာပဲ၊ သူတို့ဟာ ထောင်ချောက်ထဲ မိနေကြတာ၊ ဒါကို နေဟိန်း သိသားပဲ၊ ဒါပေမဲ့ ဒီမှာနေကြဖို့က တို့ ဦးနှောက်ကြီး မဟုတ်သေးဘူး၊ ကိုယ်တို့ ဒီက ထွက်ကြမယ်၊ မကြာမီရက်အတွင်း စိုက်ခေါင်ကို ရောက်ကြမှာပဲ"

မေကြာညို ငိုင်နေ၏။ သူမ ဝန်းကျင်တစ်ခုလုံးက ငြိမ်သက်နေ၏။ နေဟိန်းကို သူမ မမြင်ရ။ သို့သော် နေဟိန်းက သူမနှင့် ကိုက်အနည်းငယ်အကွာမှာ ရှိနေ၏။ သူမ ထွက်သွားက လူတွေက သူမအား ဘာပြောကြမည်နည်း။ မိမိကကော တစ်ကိုယ်ကောင်းစိတ်နှင့် ပစ်ခွာသွားနိုင်ပေမည်လား။





"မြန်မြန်လုပ်ပါ မေ၊ ကိုယ်တော့ အားလုံးအဆင်သင့်ပဲ၊ အောင်ရွှေနဲ့ ကိုညွန့်တင်ကလည်း ကိုယ်တို့နဲ့ လိုက်ကြမှာပဲ"

မေကြာညိုက ရှေ့သို့ တစ်လှမ်းတိုးပြီးမှ ရပ်သွားသည်။

"အစ်ကိုသာ သွားပါ အစ်ကိုရယ်၊ ဒီမှာပဲ မေ နေခဲ့ပါ့မယ်"

ကျော်ကျော်ထိုက်မှာ တကယ်ဒေါကန်လေပြီ။

"မိုက်စမ်းပါနဲ့ မေ၊ ဘာကြောင့် ဒီမှာ နေခဲ့ရမှာလဲ၊ ဒီလူတွေနဲ့ မေနဲ့လည်း ဘာမှ မပတ်သက်ဘူး၊ မေ လိုက်ခဲ့ရင် သူတို့အတွက် အစာနဲ့ရေတောင် ပိုဦးမယ်၊ ပြီးတော့ သူတို့အတွက် မေ ကုသိုလ်လုပ်လိုက်တာနဲ့ အတူတူပဲ"

"မေ ဒီမှာပဲ နေမယ် အစ်ကို၊ အစ်ကိုသာသွား၊ အကို့အစား သူတို့ မနီးမချင်း တစ်ယောက်ယောက်က ကင်းစောင့်လိမ့်မပေါ့၊ သွားနော် အစ်ကို"

"အို ... မေ မပါဘဲ သွားရမလား"

မေက မော်ကြည့်သည်။ မေ့ရင်မှာ လှိုင်းကြက်ခွပ်များ ထ,သလို အထက်အောက် ဘောင်ဘင်ခတ်နေသည်။

"ဟုတ်ကဲ့ ... မေ မပါဘဲ အစ်ကိုသွားပေါ့"

"ဒါပေမဲ့ ကိုယ်တို့ လက်ထပ်ကြတော့မယ် ဆိုတာ မေ မေ့နေပြီလား၊ ကိုယ်တို့အချင်းချင်း စေ့စပ်ပြီးသား၊ စိုက်ခေါင်ဟာ သိပ်မဝေးလှပါဘူး မေ"



www.burmeseclassic.com

www.burmeseclassic.com



"မေ စိတ်မကောင်းပါဘူး အစ်ကို၊ မေ စိတ်မချဘူး၊ အစ်ကိုသာ သွားပါ၊ အစ်ကိုသာ စိုက်ခေါင်ရောက်ရင် မေတို့အတွက် အကူအညီ လွှတ်လိုက်ပါ၊ ကဲ ... စကား ပြောနေလို့ အချိန်ကုန်နေမယ် အစ်ကို"

မေ့ကို စိမ်းကားစူးရှဲစွာ ကျော့်ကျော့်ထိုက်က ကြည့်နေ၏။ သူ သွားမည်ခရီးတွင် မေ မပါ၍မဖြစ်၊ လိပ်တက်လာသော ဒေါ်သကို ထိန်းထားရသည်။ မေက ပြောရက်သည်။ သူမကို သည်မှာ ထားခဲ့၍ စိုက်ခေါင် ရောက်လျှင် သူမတို့အတွက် အကူအညီ လွှတ်ပါတဲ့။

"မေ ... မေ လိုက်ရမယ်၊ အခု စကားပြောနေလို့ အပိုပဲ၊ အစ်ကိုနဲ့ လိုက်ခဲ့ပြီး စစ်တပ်နဲ့ တွေ့မှ ဒီပြန်လာတာပေါ့၊ အစ်ကို့အနေနဲ့ မေ့ကို ဒီကလွှတ်စေချင်တယ်၊ အန္တရာယ်ကို လုံခြုံစေချင်တယ် မေ"

မေကြာညိုသည် ဆုံးဖြတ်ချက် အတိအကျ ရှိနေပြီ ဖြစ်ကြောင်းကို အေးစက်စက်လေသံနှင့် ဖော်ပြနေသည်။

"မေ ဒီမှာပဲ နေမယ်၊ မေတို့အားလုံး ဒီနေရာ မသွားနိုင်မချင်း မေ ဒီနေရာက ခွာကို မခွာနိုင်ဘူး"

ညွန့်တင်မှာ ကိုက်သုံးဆယ်အကွာ၌ ရှိနေသည်။ ရွှေရှိမည်ဟု သူမှချတွက်ထားသည့် နေရာကို ရောက်နေ၏။ ထိုနေရာကား မြေကြီး၏ ပတ်ကြားအက် အအက်အကွဲကြောင်း တစ်နေရာ။





ပင်ကြားအက်ထဲ လက်ကို ထိုးထည့်၍ စမ်းသပ်ရာ လက်ချောင်းကလေးများက ကုန်းနှီးအိတ်၏ သားရေမျက်နှာပြင် စိုစိုစွတ်စွတ်ကို ထိတွေ့လိုက်မိ၏။ ကုန်းနှီးအိတ်ထိပ်ကို ကိုင်လိုက်သည်။ ရင်မှာ သွေးတိုးနှုန်းက သာမန်ထက်ပိုနေသည်။ ကုန်းနှီးအိတ်တွေက လေးလှ၏။ လေးလှ၏။ ပြီးတော့ ကြီးလည်းကြီးသည်။ အချိန်ဖွင့်နေ့မနေ၊ အိတ်တွေကို လဟာပြင်ထဲသို့ ဆွဲနုတ်ယူလိုက်သည်။ ရတော့ ထ,ရပ်သည်။

လေးလံသော အိတ်များကို ကိုင်၍ မီးပုံမှ အလင်းရောင်ကွယ်ရာ အရပ်သို့ သူ့ကိုယ်ကိုလှည့်ပြီး နောက်ဆုတ်သွားလေသည်။ ခြေကို တစ်ချက် ထပ်မံလှမ်းလိုက်ရရုံရှိသေး သူ့တစ်လုံးရှိ သွေးများခဲမတတ် အဖြစ်ကို ခံစားရသည်။ သူ့နောက်မှ ခြောက်လုံးပြူးတလက်၏ ချောက်ခနဲ မောင်းတင်ဆွဲလိုက်သံ ကြားရသည်။ သေနတ်မှာ ဒေါ်သက်ပန်၏ သေနတ်ပဲဖြစ်၏။

"အိတ်တွေကို ချထားလိုက်စမ်း မောင်ညွန့်တင်"

ဒေါ်သက်ပန်က အေးစက်သလောက် တည်ငြိမ်မာကျောလှသည်။

"အိတ်တွေကို မင်းချယင်ချလိုက်၊ မချရင်တော့ မင်းကိုယ်ဟာ မလှမပ ဖြစ်သွားလိမ့်မယ်"

ညွန့်တင်မှာ အကြံရကျပ်ကာ ရပ်နေမိသည်။ ဒေါ်သက်ပန်က တကယ်တမ်း သတ်ရဲ မသတ်ရဲ မစဉ်းစားနိုင်ပေမဲ့ လောလောဆယ်မှာ ရွှေအတွက် အသက်တစ်ချောင်း နှမြောကောင်းမှ နှမြောမည်။



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်ပါဦးဗျာ၊ ကျွန်တော်တို့"

"အို … မင်း လက်ထဲက အိတ်တွေသာ လွှတ်ချလိုက်စမ်း"

ခက်တော့သည်။ ညွန့်တင်က ရှင်းပြလိုသော်လည်း ဒေါ်သက်ပန်က အရှင်းမခံ၊ ညွန့်တင်က အထက်နိုင်ဆုံးသော အလုပ်ကို လုပ်ပြလိုက်သည်။ အိတ်တွေကို ဒေါ်သက်ပန်ခိုင်းသလို လွှတ်ချလိုက်ခြင်းပဲဖြစ်၏။ အောင်ရွှေက သူ့ကို မြင်းတစ်ကောင်ပေါ်မှ ကျော့်လွှားစိုက်ကြည့်နေသည်။ ကျော်ကျော်ထိုက်ရော မေကြာညိုပါ သည်အသံတွေကြောင့် ညွန့်တင်ကို လှည့်ကြည့်ကြသည်။ ဒါပင်မက သူတို့ရှိရာ အရပ်တစ်ဖက်စွန်းမှာ နေဟိန်း ရောက်နေ၏။

ညွန့်တင်သည် ဖြည်းလေးစွာ လှည့်ကြည့်၏။ သူ့သေနတ်မှာ ခါးကြားထဲတွင် ရှိနေသဖြင့် အားတော့ရှိနေသေးသည်။ သို့သော် ဦးစီးထားသော အန္တရာယ်သေနတ်ကို သူ ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ပါမည်လား။

"ဒေါ်သက်ပန်းကြီးကလည်းဗျာ၊ ဒေါ်သကြီးပဲ၊ ခင်ဗျားနဲ့ ကျွန်တော်တို့ အညီအမျှခွဲဝေယူပြီးတော့ ခင်ဗျားကို ကျွန်တော့်တို့ ဒီက သွားမှာပဲ"

ငနာကောင်က အားလုံး ကြားလောက်အောင် မြင့်တက်နေလေသည်။

အောင်ရွှေက ကြာပြီဖြစ်သည်။ ညွန့်တင်မှာ လောဘကြီးနေသူ၊ ကျော်ကျော်ထိုက်မှာ မ,စိတ်မွှန်လျက် မေကြာညိုကို





အပါရအောင် ခေါ်နေသူ။ သူတို့တာတွေနှင့် ချော့မော့မည် မဟုတ်။ မိမိမှာ နေဟိန်း၏ မြင်းကို လက်ဝယ်ရှိပြီး ဖြစ်သည်။ ဘာများ ကြောက်စရာလိုသလဲ၊ ဒါကြောင့် နေဟိန်းမြင်းပေါ် လွှားခနဲ တက်ကာ တောင်ကုန်းအောက်သို့ ဒုန်းစိုင်း၍ အမှောင်ထဲသို့ တိုးဝင်သွားသည်။ ညအချိန်ဝယ် မြင်းခွာသံက ထိုးဖောက်ထွက်လာ၏။

"သူ ဝေးဝေး မသွားနိုင်ပါဘူး၊ ကျုပ် မြင်းကို စီးပြေးသွားတာပဲ"

"အဲဒီမြင်း စီးပြေးတာနဲ့ ဘာဖြစ်မလဲ"

နေဟိန်းက အပြော၊ မင်းသော်က မေး၏။

"ကျုပ် မြင်းက တစ်မျိုးဗျ၊ ဖြန်းခနဲ ခုန်တက်လိုက်လို့ မရဘူး၊ ဖြန်းခနဲ ခုန်တက်ရင် လန့်တတ်တယ်၊ အေးလေ အခုပဲ သူ ဘာဖြစ်မလဲဆိုတာ သိရမှာပဲ"

မြင်းက အတားအဆီးမရှိ ဒုန်းစိုင်းပြေးနေလေရာ အောင်ရွှေ၏ အသည်းနှလုံးသည် ကြမ်းတမ်းစွာ ခုန်နေသည်။ သူကား လွတ်ပြီ။ သူ့အတွက် မှုစရာမလို။

မြင်းမှာ သူ့ကျောပေါ်သို့ လိုက်လာသူသည် သူ့သခင်ရင်း မဟုတ်မှန်းသိသည့်ပြင် ထိတ်လန့်လည်း ထိတ်လန့်နေခဲ့သည်မို့ အတားအဆီးမရှိ ပြေးရာက ရုတ်ခြည်းတန့်ပြီး ခြေလေးဖက်ကို ဆတ်ခနဲ တုံ့ကာ ကျောပေါ်မှ အောင်ရွှေကို ပတ်အောက်ရှုပ် ခါချသည်။ အောင်ရွှေက ထိန်းပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိန်းမရတော့။

သူ့တစ်ကိုယ်လုံး မြေကြီးပေါ် အရှိန်နှင့် ပစ်အကျမှာ မြင်းက သူ့ကိုယ်ပေါ်ကို ခွာနှင့် သုံးလေးချက် ပေါက်ပြီး မှောင်ထဲသို့ ပြေးဝင်လေတော့၏။ အောင်ရှေသည် လေးဖက်ထောက်ထသည်။ ကြောက်အားနှင့် အော်လိုက်မိ၏။

တစ်ခဏချင်း သူ့မှာ အန္တရာယ်တွေ ဝိုင်းဝိုင်းလည် ဖိစီးလာပြီကို အသေအချာ သိလာ၏။ သူ့မှာ သေနတ်တစ်လက်နှင့်သာ ရပ်တည်စရာရှိသည်။ မြင်းမရှိ၊ ရေဘူးမရှိ၊ ထို့အပြင် သောင်းကျန်းသူတွေကလည်း သူ့အပါးတစ်ဝိုက်မှာ ထုနှင့်ထည်နှင့်။

ခဏမျှ သူသည် ငြိမ်ငြိမ်ကလေး ရပ်နေမိသည်။ သူ ပြန်သွားနိုင်သည်ဟူသော အတွေးကို ရပေဉ်းမင့် ယင်းအတွေးကို ပယ်ဖျက်ပစ်လိုက်၏။

သူ့မှာ လွတ်မြောက်လာပြီပြစ်ရကား စခန်းပြန်သွား၍လည်း လူတွေ၏ အပြောအဆိုမခံချင်။ ဘာအန္တရာယ်နှင့်ပဲ ကြုံကြုံ ရှေ့သို့ ခရီးဆက်မည်။ မြင်းမရှိလျှင် ခြေထောက်အားကိုး လျှောက်မည်ပဲပေါ့။

ရုတ်တရက် တောထဲမှာ တစ်စုံတစ်ခုသော အသံကို သူ ကြားပုံရ၏။ သူက ကုပ်ကုပ်ကလေး နားထောင်၏။ သည်တော့လည်း ဘာအသံမှ ပေါ်မလာ။ သူက စိတ်ချပြီဆိုမှ လမ်းလျှောက်လာ၏။ ပထမကြားရသော အသံကို ကြားရပြန်၏။ ခြေတွေကို သွက်သွက်လျှောက်သည်။ ထိုအခြေမှ ပြေးမိသည်။





သူ့ကိုယ်သည် လေထဲတွင် တိုးဝှေ့ဖြတ်သန်းကာ ပြေးနိုင်သမျှ ပြေး၏။ ထိုအခါဝယ် ခလုတ်တိုက်ကာ လဲရပြန်သည်။

လေးဖက်ထောက် ထရပ်၏။ မြေပြင်နှင့် ထိခိုက်မိသောကြောင့် လက်များတွင် သွေးယိုစီးကျနေသည်။ နောက်ပြေးပြန်၏။ ချုံနွယ်တွေ၊ ဆူးပင် ချုံပင်တွေကို ဝင်တိုး၏။ သစ်ပင်များနှင့်လည်း ဝင်တိုက်၏။

နေထွက်လာချိန်ဝယ် သူ့တစ်ကိုယ်လုံးသည် မောဟိုက်တုန်ချည့်နေသည်။ မြေမို့မို့တစ်နေရာမှာ ထိုင်ချကာ လက်နှင့်ခြေဆူးတွေကို ပါးစပ်ဖြင့် ကိုက်နုတ်ရ၏။

ဆူးများကို တစ်ခုပြီးလျှင်တစ်ခု လျင်မြန်စွာ ကိုက်နုတ်နေခိုက် သူ့အနီးမှာ တစ်စုံတစ်ခုက လှုပ်ရှားလာသဖြင့် ထိုလှုပ်ရှားချက်ကိုကြည့်ရန် မျက်လုံးများကို ပင့်လိုက်မိ၏။

တအောင့်ကြာမျှ ကြက်သေ,သေနေသည်။

ယင်းနောက် မျက်လုံးများကို ဘယ်မှညာသို့ ပတ်ပတ်လည် ကြည့်လိုက်မိသည်။ လန့်ခုန်သည်။ နောက်သို့ အနည်းငယ် တွန့်သွားလေသည်။ ပါးစပ်ထဲတွင် ဆူးတန်းလန်းနှင့် ပြန်လှည့်ကြည့်မိ၏။

မှုန်ကုတ်သောမျက်နှာ၊ ရက်စက်တော့မည့် ပုံပန်းများနှင့် သူတို့တစ်တွေအားလုံးက သူ့ကို ဝိုင်းမိထားပြီး ဖြစ်ကြ၏။

သူ့အတွက် လွတ်ပေါက်ဟူ၍ မြူတစ်မှုန်ကလေး တစ်မှုန်မျှ မရှိတော့အောင် ကာင့်မဲ့ဆိတ်သုန်းသွားချေပြီတည့်။



www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့်လုနီးပါးတွင် နေဟိန်းတို့လူစုက ငယ်သံပါအောင် အော်လိုက်သော အသံကို လွင့်ပါးတိုက်ခတ်လာသော လေနှင့်အတူ ကြားကြရသည်။

ကျော်ကျော်ထိုက်ကား ခြေမကိုင် လက်မကိုင်မိနှင့် ခြေတွေကို ဆန့်ရပ်လိုက်မိသည်။ သူ၏ မျက်နှာမှာ အကြောက်တရားကြောင့် ဖွေးခံနဲ သွေးရောင်ကင်းသွား၏။

"ဒါ ဘာသံလဲဟင်"

မိနစ်အတော်ကလေး ကုန်သွားသည်အထိ တစ်စုံတစ်ဦး၏နှုတ်မှ အဖြေသွန်ထုတ်မလာ၊ နောက်မှပင် နေဟိန်းက ...

"ဒါဟာ အောင်ရွှေ့အသံပေါ့၊ သူက ဒီနေရာကို မကြိုက်တဲ့အတွက် ရသင့်တဲ့ ဆုလာဘ်တစ်ခုကြောင့် ပေါ်ထွက်လာသံပဲ"

နေ့လယ်ခင်းလောက်ဝယ် နေဟိန်း၏မြင်းက သူတို့စခန်းသို့ ပြန်ရောက်လာ၏။ မြင်းမှာ ခုန်ဆွ ခုန်ဆွနှင့် ကဆုန်ပေါက်လာ၏။ နေဟိန်း သူ့မြင်းရှိရာသို့ အသွားမှာ မြင်းက မော်ကြည့်၏။ မျက်လုံးတွေက ချာချာလည်ပတ်နေ၏။

မြင်းကို နေဟိန်းက ညင်သာစွာ တီးတိုးစကားပြောလျက် လည်ဆံမွေးများကို ကိုင်လိုက်လေသည်။ မြင်းကို ရေရှိရာသို့ ခေါ်သွားသည်။ ကုန်းနှီးကို ဖြုတ်၍ မြင်းကို အနားပေးလျက် မြင်းစာပဲများ ကျွေးသည်။





အောင်ရွှေ၏ ငယ်သံပါအောင် အော်ဟစ်သံများက ကုန်ခဲ့ပြီးအချိန်က အဆက်မပြတ် စူးရှကျယ်လောင်သော်လည်း တစ်စတစ်စ ပါးပါးလာ၏။ အချိန်များများ ကြာသည့်တိုင် ဘယ်သူကမှ စကားမပြောကြချေ။ ညွန့်တင်က နောက်ဆုံးတွင် နေဟိန်းထံသို့ လျှောက်သွားလေသည်။

"သူတို့ သူ့ကို ဘာလုပ်နေကြတာလဲဗျာ"

မေးသူ၏အသံမှာ ကတုန်ကယင် ရှိလှ၏။ မျက်နှာပြင်တွင် ချုပ်တီးခြင်းငှာ မစွမ်းသာသော ကြောက်ရွံ့ခြင်း စိတ်ဝေဒနာတစ်ရပ်က လွှမ်းလျက် နဖူးတွင် ချွေးများ သီးထနေ၏။

"ဒီကောင် ... ဒီကောင့်အသံက တိရစ္ဆာန်တစ်ကောင်ရဲ့အသံလို ဖြစ်နေတယ်"

"အင်း ... ဒီလူတော့ တိရစ္ဆာန်ကို ညှဉ်းပန်းခဲ့တော့ ကိုယ်တိုင်လည်း သူ့ကိုယ်သူ လူလို့တောင် အခုချိန်မှာ သတိရမှာ မဟုတ်တော့ဘူး၊ သောင်းကျန်းသူတွေက သူ့ကို ဘာလုပ်နေကြသလဲဆိုတာ ကျုပ်လည်း အတတ်မပြောနိုင်ဘူး၊ တိရစ္ဆာန်တစ်ကောင်ကို အရေခွာသလို နည်းနည်းခြင်း နည်းနည်းခြင်း ခွာနေသလား၊ ဒါမှမဟုတ် အသားထဲကို ဝါးစူးတွေ ရိုက်သွင်းပြီး မီးရှို့မလား မပြောတတ်ဘူး၊ သောင်းကျန်းသူဆိုတဲ့ကောင် တွေဟာ သူများညှဉ်းဆဲရမယ်ဆို တကယ်စိတ်ကူးရတဲ့ ကောင်တွေ"

လက်ကြီးတစ်ဖက်နှင့် ညွန့်တင်က မျက်နှာကို သုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် ... ကျွန်တော်တို့မှာ အသက်ရှင်ဖို့ လမ်းစကလေး များရှိသေးတယ်လို့ ခင်ဗျား ထင်နေသေးသလား ကိုနေဟိန်း ဟင် ... ထင်နေသေးသလား"

"ကျုပ်တို့ အသက်ရှင်ဖို့လား၊ အင်း ... လမ်းစတော့ရှိကြ ပါသေးတယ်"

ပသို့ပဲဆိုရစေ နေဟိန်းက လက်လျှော့ရသည်။ ဘာကို လျှော့ရလေသနည်း။ ညအချိန် သောင်းကျန်းသူစခန်းကို သွားတိုက်ခိုက်ဖို့အကြံကို လက်လျှော့ရခြင်းဖြစ်၏။ သောင်းကျန်း သူတွေက သူတို့ လှုပ်ရှားမှုကို ကြည့်ကောင်းကြည့်နေကြမည်။ ညအချိန် အောင်ရွှေ ပြေးသည်ကို သိလာကြမှတော့ နောက်ထွက် လာမည့် လူများကိုလည်း မျှော်ကြဦးမည်သာ။

ဦးမြင့်မိုးသည် ကုန်းနှီးအိတ်များကို စိုက်ကြည့်နေ လေသည်။

"အထဲမှာ ဘာတွေလဲဗျ"

သူလည်း မနေနိုင်မထိုင်နိုင် မေးမိပြန်ချေသည်။

"ရှင့်အပူ တစ်ပြားသားမှ မရှိဘူး"

ဒေါ်သက်ပန်က နှုတ်ခမ်းတလန် ပန်းတလန် သွက် သွက်ခါ မှုတ်ပစ်လိုက်လေသည်။ ညွန့်တင်က ဒူးနှစ်လုံးပေါ် လက်နှစ်ဖက်တင်ပြီးသော် ...

"ဒီအထဲမှာ ဘာတွေလဲဆိုတာ ကျွန်တော် ပြောရဲတယ်၊ ရွှေတွေဖြစ်မှာပေါ့၊ ဒီရွှေတွေဟာ အနည်းဆုံး ငါးသိန်း ခြောက်သိန်းဖိုး ဖြစ်ရမယ်၊ ခိုးလာတဲ့ ရွှေတွေကွ"





"ဟုတ်ရဲ့လား"

"ဟုတ်ပဗျာ၊ ကျုပ် သိတယ်"

ဒေါ်သက်ပန်၏ မျက်နှာပြကြီးသည် ချွေးတွေ့ရွှဲလာ သည်။ မျက်နှာမှာ ညိုပုပ်သွားသည်။

"ကောင်းပြီ ... ရှင်လိုချင်ရင် လာယူလေ"

ဦးမြင့်မိုးက နှုတ်ခမ်းများကို လျှာဖြင့် ယက်လိုက်၏။ မိန်းမကြီးက၏ ကြည်ကြည်သာသာဖြင့် အပ်မည့်ပုံမပေါ်။

"ခင်ဗျားမို့ ဒီရွှေတွေ မက်မောနေတယ်၊ ဒီမှာဖြင့် လူတွေ အသက် ဘယ်လိုထွက်၊ ဘယ်လိုလွတ်ရမှန်းတောင် မသိ တာ၊ ဒီရွှေတွေရကော လွတ်ပါ့မလား"

ညွန့်တင်က လှောင်ရိပ်နှောသည့် အသံဖြင့် ပြော၏။

"ကိုင်း ... ကိုင်း ... တော်ကြပါတော့၊ ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့ လူစုထဲမှာ ခင်ဗျားတို့ ဖန်တီးနေကြတာ ကိုး၊ ကိုညွန့်တင် ... ခင်ဗျား လေကြောဆက်ရှည်နေရင် အောင်ရွှေ နောက်ကို လိုက်ရအောင် ကျုပ် ခင်ဗျားကို ကန်ထုတ်ရလိမ့်မယ်"

ဒေါ်သက်ပန်က သေနတ်ကြီးကိုင်ကာ သူတို့ကို ဘုရှုရှုနေသည်။ သို့ရာတွင် နေဟိန်းက မသိသလို နေလိုက်သည်။ သူတို့မှာ ဒုက္ခတွင်းထဲ ရောက်နေကြ၏။

အောင်ရွှေမှာလည်း သေလုမျောပါး ညှဉ်းဆဲခံနေ ရပြီ ဖြစ်လေရာ သူ သေပြီဆိုလျှင် သောင်းကျန်းသူတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ကို တိုက်ကြပေတော့မည်။ ကိုညိုမောင်က နေဟိန်းဆီသို့ ရောက်လာ၏။ သူ့ပုံသွင်က အိုနေ၏။

“နေဟိန်း ... အောင်ရွှေက ခင်ဗျားအပေါ် အနိုင်ကျင့်သွားတာကို တောင်းပန်ပါတယ်ဗျာ၊ ခက်တာက အောင်ရွှေတို့၊ ညွန့်တင်တို့ ဆိုတာတွေက လူကတ်သတ်တွေ၊ ကျွန်တော်တို့အဖွဲ့မှာ ဒီလူတွေပါနေတာ အတော်ဦးနှောက်ခြောက်စရာပဲ”

ဦးမြင့်မိုးသည် သူတို့အား စကားသံ ပေးလာပြန်သည်။

“နေဟိန်း ... ဟိုမိန်းမကို ကျွန်တော့်ဆီ ရွှေအိတ်ပေးလိုက်ဖို့ ပြောပေးစမ်းပါဗျ၊ ကျွန်တော်ဟာ ရဲအရာရှိတစ်ဦးပါ”

“ဟာ ... မလုပ်နဲ့ ဦးမြင့်မိုး၊ ဒီအချိန်မှာ ဝိရောဓိ ဖြစ်မဲ့ အသွင် ဆန့်ကျင်တဲ့ အခြေတွေ အစုစုအရပ်ရပ် ဖြစ်လာမှာကို ကျွန်တော် မလိုလားဘူး၊ ဒေါ်သက်ပန်ဟာ လောဘလွှမ်းနေတာဗျ၊ တော်ကြာ ဒုက္ခရောက်ကုန်လိမ့်မယ်၊ ပြီးတော့ ဒီရွှေအိတ်က ကျွန်တော်နဲ့ မဆိုင်ဘူးဗျ၊ ကျွန်တော်ဆိုင်တာက လူတွေ အသက်ရှင်အောင် ဘယ်လို လုပ်ရမှာလဲ ဆိုတာပဲ”

ဦးမြင့်မိုးက စောဒက ထပ်မတွန့်တော့၊ ဒေါ်သက်ပန်နှင့်လည်း ရန်းရင်းဆန်ခတ် လုပ်ရမှာ ဝန်လေးလှ၏။

❁ ❁ ❁





## ၁၄

လေက ခတ်ပြင်းပြင်း တိုက်နေသည်။ နေမှာ မြင့်တက်ကာ ထွန်းတောက်နေသည်။ လှောင်ကန်ထဲဝယ် ရေနည်းသွားပြီဖြစ်သည်။ တောင်ကုန်းရှိ ကျောက်တုံးများပေါ်မှပင် မင်းသော်က တောအုပ်ထဲကို စိမ်းစိမ်းဆတ်ဆတ် ကြည့်နေ၏။

သူ့လည်ချောင်းများက ခြောက်သွေ့နေသည်နှင့်အမျှ မျက်လုံးတွေက အိပ်ရေးပျက်မှုကြောင့် ဖန်ကျိန်းနေသည်။ တစ်ကိုယ်လုံး နွမ်းနယ်နေ၏။ အစာရေစာကို တွက်ချင့်၍ သူတို့ ဘယ်နှရက်နေရမည်ကို ခန့်မှန်းနေမိ၏။

နေဟိန်းက သူကိုင် ကာဘိုင်ကို စစ်ဆေးဂရုစိုက်ပြီးနောက် မေကြာညို ရှိရာသို့ လှမ်းကြည့်၏။

သူမသည် အခုမနက်တွင် ထူးထူးဆန်းဆန်း ငြိမ်နေသည်။ သူမအတွက် အချိုးကျရသော အစားအစာများဆိုသော်လည်း ... ပြီးသော်လည်း နုတ်မှ စကားတစ်ခွန်း မထွက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သီတာဝင်းက အောင်လွှင်နှင့်အတူထိုင်ကာ လေဆေး ဖြောင့်နေသည်။ ကျော်ကျော်ထိုက်ကတော့ ဘုန်းမောင့်တစ်ကိုယ်တည်း ထိုင်နေ၏။

ညက အဖြစ်သနစ်ကို နေဟိန်းက သိလာရသောအခါ၊ ကျော်ကျော်ထိုက်တို့ကို နေဟိန်းက အပြစ်မဆိုပေ။ သူက ကျော်ကျော်ထိုက်ကို သဘောမကျသော်လည်း တိုက်မည့်ခိုက်မည့်လူဦးရေလျော့သွားမည်ကို စဉ်းစားမိသဖြင့် နှုတ်ပိတ်ရေငုံနေလိုက်၏။ ကျော်ကျော်ထိုက်မှာ သတ္တိရှိသော်လည်း တစ်ကိုယ်ကောင်းသမား၊ အန္တရာယ်သမားမှန်း သူ သိရပြီးဖြစ်၏။

ဦးမြင့်မိုးကား ဥပဒေသမားဖြစ်သောကြောင့် ဥပဒေနှင့် ပတ်သက်လျှင် ညာမည်မဟုတ်။ ယခုမင် ပြင်ပအန္တရာယ်ကို ကာကွယ်ရမည်ထက် ဒေါ်သက်ပန်ကို ပိုမိုပြီး ဂရုစိုက်ကြည့်နေ၏။ အလစ်မပေး။

မေကြာညိုသည် နေဟိန်းသောက်ဖို့ရန် ကော်ဖီတစ်ခွက် ယူလာသည်။

"ကော်ဖီတောင် ကုန်လုနေပြီ ကိုနေဟိန်း၊ ဒါတင်မဟုတ်ဘူး မေတို့မှာ ရိက္ခာဆိုလို့ မြင်းစာကျွေးတဲ့ ပဲတစ်ဝက်ပဲ ရှိတော့တယ်"

ကော်ဖီခွက်ကိုလည်း လှမ်းယူရင်း သွားဖြဲပြသည်။ နေဟိန်းမှာ များစွာပင်ပန်းမောလျပုံ ရနေသည်ဟု မေကြာညို ထင်မိသဖြင့် ကရုဏာသက်သွားမိလေသည်။





"အင်း ... ရှင့်မလည်း ကျွန်မတို့ကလွဲပြီး တခြားအကြောင်း စဉ်းစားစရာ လုပ်စရာမရှိတော့ဘူး ထင်ပါရဲ့၊ ရှင်ဟာ အားလုံးရဲ့ အကျိုးကို ဆောင်နေတာပဲနော်"

"ကျွန်တော်ကတော့ ဒီက အသက်နဲ့ကိုယ် မြဲထွက်ချင်တာပါပဲ"

"သည့်ထက်တောင် ပိုဦးမှာပါပဲ"

သူမတို့ စကားဖလှယ်သံများကို ကိုညိုမောင် ကြားရသောကြောင့် လှမ်းကြည့်သည်။ မေကြာညိုကို ကြားမှ စကားဝင်စွက်လိုက်လေသည်။

"အမယ် ... ဒါတော့ ခင်ဗျားသိသားမဲ၊ ဘာပဲလာလာ ခင်ဗျား သူနဲ့နေ မေကြာညို၊ သူက ခင်ဗျားဆို အသေအလဲ အကာအကွယ်ပေးမှာ"

"ရှင်တော့ ကျွန်မကို အရွှေးများထင်မလား မသိဘူး"

ကိုညိုမောင်က စကားအဆုံးတွင် ထွက်သွားခိုက် မေကြာညိုက နေဟိန်းကို ပြော၏။

"ဒီနယ်မှာရှိတဲ့လူတွေဟာ သတ်တာ ဖြတ်တာချည်းပဲ ပြောနေ လုပ်နေကြတော့ ဒီလူမျိုးတွေထဲမှာ ရှင့်ကို မြင်တော့ ဒီလိုပဲ ထင်ခဲ့တာပဲ"

"ခင်ဗျားအဖေ သတ်လိုက်တဲ့ လူငယ်လေးလိုပေါ့၊ ဒီအကြောင်းတွေ ကျုပ် အကုန်သိပါတယ်၊ ခင်ဗျားအဖေက ဒီလူငယ်ကို သေအောင်သတ်တာမှ မဟုတ်ဘဲ၊ ဒီလူငယ်ရဲ့ အမည်က ကျော်မောင်မောင်သွင်တဲ့ ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အေး ... ကျော်မောင်မောင်သွင်ဆိုတဲ့ သူငယ်လေးဟာ သေနတ်သမားပဲ၊ ကြေးစားလူသတ်သမားပေါ့၊ ခင်ဗျားအဖေကို စီးပွားရေးမှာ မနာလိုတဲ့ လူတွေက ခင်ဗျားအဖေကို သတ်ဖို့ လွှတ်လိုက်တာပဲ"

မေကြာညိုက မျက်လုံးကလေးပြူးပြီး နေဟိန်း၏ စကား ဟုတ်မဟုတ်သိရန် နေဟိန်း၏ မျက်လုံးတွေကို စောကြော နေသည်။

"ရှင် ... ကျွန်မ စိတ်သက်သာအောင် ပြောနေတာ မဟုတ်ပါဘူးနော်"

"ဒီလိုအချိန်မှာ လိမ်စကားပြောတဲ့လူဟာ လူမိုက်ထက်ဆိုးတယ်၊ ဒါပေမဲ့ ခင်ဗျား ဦးမြင့်မိုးကိုပဲဖြစ်ဖြစ်၊ ကိုမင်းသော်ကိုပဲဖြစ်ဖြစ် မေးသင့်တယ်၊ ဒီနယ်ဘက်မှာရှိတဲ့ လူတွေဟာ ဒီဇာတ်လမ်းကို လူတိုင်း သိကြတယ်၊ ကျော်မောင်မောင်သွင်ဟာ ကျိုင်းတုံကလာတဲ့လူ၊ လူဆိုးဝရမ်းပြေး တစ်ယောက်ပဲ၊ ခင်ဗျားအဖေကို မနာလိုတဲ့ လူတွေက ခင်ဗျားအဖေကို သတ်ရအောင် သေနတ်သမားကို ငှားတော့ ကျော်မောင်မောင်သွင်ကိုပဲ ငှားခဲ့တော့တာပေါ့"

"ဒီလိုဆို မေတော့ အရှုံးလုံးလုံး ဖြစ်ပါပြီရှင်"

"လောကမှာ မိန်းကလေးတွေနဲ့ ရောရောရောရော လုပ်တတ်တဲ့ ယောကျ်ားလေးများဟာ ဘယ်တော့မှ လူကောင်း





မဖြစ်နိုင်ဘူးဆိုတာ လူတိုင်းသိတယ်၊ ကျော်မောင်မောင်သွင်ကလည်း ခင်ဗျားကို ရောခဲ့တာပဲ၊ ကျုပ် ကျော်မောင်မောင်သွင်ကို မြင်ဖူးတယ်၊ ရုပ်ကလေးချောသလောက် နှလုံးသားက ရက်စက်တယ်"

မေကြာညိုက ငြိမ်နေ၏။ မျက်နှာကလေးမှာ မသိမသာ ညှိုးလျှမ်းညွတ်ပျော့သွားရသည်။

"ကိုနေဟိန်း ... မေ ပြန်ချင်တယ်၊ ဖေဖေ့ဆီကို မေ ပြန်ချင်တယ်"

"မေ ပြန်တာကို သူသဘောကျမှာပါပဲ"

"ကိုနေဟိန်း မေ့ကို ပြန်ခေါ်သွားမလား"

သူ့မျက်လုံးတွေက မေကြာညို၏ မျက်လုံးရိဝေဝေထဲမှာ ရှာနေသည်။ သူလိုချင်သော အဓိပ္ပာယ် တွေ့လိုတွေ့ငြား။

"ကျွန်တော်တို့ ဒီက ထွက်နိုင်တဲ့အခါ ခင်ဗျားကို ပြန်ခေါ်သွားပါ့မယ် မေ"

ဖိနပ်သံတစ်ချက်က ကျောက်တုံးမျက်နှာပြင်နှင့် ထိတွေ့သံပေါ်လာသည်။

"မေ ကို့ဆီကိုသာ လာခဲ့ပါ"

ဖိတ်ခေါ်သံက မခံချင့်စဖွယ် လွှမ်းနေ၏။ သူတို့နှင့် မျက်နှာချင်းဆိုင် လာရပ်သူကား ကျော်ကျော်ထိုက်၊ မေကြာညိုသည် နေဟိန်းစကားကို ကြားရစေကာမူ အားမရှိ၊ ကျော်ဖို့

www.burmeseclassic.com



ဆိုသည်မှာ မည်သို့ ထွက်ကြရပါမည်နည်း။ သို့စဉ်ခိုက် ကျော်ကျော်ထိုက်က စကားဆိုပြန်သည်။

"မေ ဒီလူနဲ့ ထွက်သွားလို့မရဘူး၊ နေဟိန်းက မေ့ကို ဘယ်ကိုမှ ခေါ်မသွားနိုင်ဘူး"

"အေးလေ ... ဒီကိစ္စ နောက်မှ ဆက်ပြောကြသေးတာပေါ့၊ ကျုပ်တို့မှာက ဒုက္ခနဲ့တွေ့နေတော့ အပြီးအပိုင် ပြောလို့ မဖြစ်ဘူး"

ကျော်ကျော်ထိုက်က အသံထွက်အောင် လှောင်ပြောင်ရယ်မောလိုက်တော့သည်။

"အားဟား ... ဒုက္ခနဲ့တွေ့တိုင်း ခင်ဗျား အမြဲတမ်း ရှောင်နေတာပဲ ကိုနေဟိန်း၊ ဒုက္ခနဲ့ တွေ့လာပြီဆို ခင်ဗျားပဲ ကျောက်ဒူးတုန်တာပဲ၊ အခုလည်းကြည့်၊ မနေ့ညက ဒီနေရာက နွာဖို့ ကျုပ် စီစဉ်ခဲ့တာကို ခင်ဗျား သိရက်သားနဲ့ ဘာကြောင့် ကျုပ်ကို မတားမြစ်ရဲခဲ့သလဲ၊ ခင်ဗျား ကြောက်လို့ပေါ့"

"ကြောက်လို့"

"အေးပေါ့၊ ဒီမှာ ကိုနေဟိန်း ... ပုံနေတဲ့ ကျီးကန်းတစ်ကောင်ကိုတောင် ကျုပ် သေနတ်တစ်ချက်တည်းနဲ့ ပစ်ချရဲတဲ့လူ"

"ကျီးကန်းမှာ သေနတ်ရှိရင်ကော ခင်ဗျား ပစ်ချရဲပါ့မလား"





နေဟိန်းက နူးနူးညံ့ညံ့ ပြန်မေးသည်။ မြိုးမြိုးမြ အမူအရာသည် ကျော်ကျော်ထိုက်တွင် ပျောက်သွားသဖြင့် နေဟိန်းက စကားဆက်သည်။

"ကျုပ်က ကျီးလိုတော့ မပျံဘူး ကိုကျော်ကျော်ထိုက်၊ ဒါပေမဲ့ ကျုပ်မှာ သေနတ်ရှိပြီးသား"

ကိုညိုမောင်သည် အချင်းများရာသို့ ကပ်လာပြီး နေဟိန်းကို လှမ်းကြည့်၏။

"ကိုနေဟိန်း စိတ်ကိုထိန်းပါဗျာ၊ ခင်ဗျား ခေါင်းဆောင်ထားတော့ စိတ်ကိုချုပ်မှပေါ့"

နေက ပြင်းသည်။ တောင်တန်း တောင်စွယ်တို့မှ မြူငွေ့တွေပင် လွင့်ပျောက်သွားချေပြီ။ နေဟိန်းက ကျောက်တုံးများပေါ်သို့ ပြန်တက်လာရင်း သူ့ခေါသကို ထိုးသွင်းမျိုသိပ်နေရ၏။ ကျော်ကျော်ထိုက်က သူ့ကိုယ်သူ သေနတ်သမားတစ်ယောက်အနေဖြင့် ဖင်ခေါင်းကျယ် စကားတွေ ပြောလွန်းနေသောကြောင့် မခံမရပ်နိုင် ဖြစ်နေလေသည်။ သူ့တစ်သက်တာတွင် သူ့လောက်မလျှင်သူတွေနှင့် တွေ့ရပြီး အနိုင်ယူလာခဲ့သောကြောင့် ထင်တစ်လုံးစွဲနေပုံပေါ်သည်။

ယခုလက်ရှိတွင် ကျော်ကျော်ထိုက်မှာ အန္တရာယ်အပေးနိုင်ဆုံးသော လူတစ်ယောက် ဖြစ်နေမှန်း ထင်ရှားနေပေပြီ။

ယင်းအထဲ ခေါ်သက်ပန်၏ ရွှေတွေကလည်း တစ်မျောင့်။ ထိုရွှေတွေက သူတို့လူစုအားလုံးကွဲဖို့ ဖန်တီးပေးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တုနေ၏။ ညွန့်တင်နှင့် ကျော်ကျော်ထိုက်သည် သူ့ရန်သူလုံးလုံး ဖြစ်နေသည်။ မင်းသော်နှင့် ခွန်သာက မည်သူ့ဘက်ပါမည်ကို မည်သူမှ မသိကြ။ ဦးမြင့်မိုးမှာ ရဲအရာရှိတစ်ဦးမို့ ကိကိကျကျ တွက်မရ။ တရားဥပဒေသည် မှန်သည့်ဘက်သာ ပါမှာသေချာ၏။

သူတို့က နေရင်းစွဲ နေရာမှာ ရှိကြသည်။ သည်နေ့ကား ရှည်ကြာဆုံးသောနေ့ဟု ထင်ကြရ၏။ အစားအစာလည်း ကုန်ခန်းလေပြီ။ ရေအနည်းငယ်သာ ကျန်တော့သည်။ တောအုပ်ထဲမှ အောင်ခြေ၏ အော်သံကလည်း ဆိတ်ငြိမ်သွားပြီဖြစ်ရာ ယင်းအော်သံက ကျောက်တုံးများကို အကာအကွယ်ယူ ခုခံကြသည့် လူအားလုံး၏ နားထဲမှ အသည်းထဲသို့ စိမ့်စီးစွဲမြဲထင်ကျန် နေရစ်သည်။

မိုးကုတ်စက်ဝိုင်း တစ်လျှောက်ကို နေဟိန်းက မျှော်ငေးကြည့်မိသည်။

အဝေးမှာ ဝေသီမြင့်ခေါင်သော တောင်တန်းများ၏ ကျောရိုးတို့သာ ထင်းနေ၏။ မြင်းတွေက ခေါင်းစိုက်ရပ်နေသည်။ မင်းသော်သည် သူ့နေရာက ဆင်းလာပြီးလျှင် ဟိုမှသည်သို့ လျှောက်ကြည့်သည်။ တစ်ခုခုလွတ်ပေါက်ကို မျှော်ကိုးသည့်အလား စက္ကူအစုံက ကျောက်တုံးတွေကြားထဲ လျှောက်မွှေနေသည်။

ဒေါ်သက်ပန်ကြီးကတော့ သူ့ကုန်းနှီးအိတ်တွေကို လက်ထဲမှ အလွတ်မပေးချေ။ မျက်နှာတွင် သဏ္ဍာန်က လောဘဇောတိုက်နေဟန် ပေါက်နေ၏။ ညွန့်တင်က သူမအား ကြည့်





သည်။ သူ့ကိုယ်ခန္ဓာဒြပ်စည်းက ထယ်ထယ်ဝါဝါ မရှိဘဲ ကြုံလှီသွားလေသည်။

ခွန်သာ တစ်ယောက်သာ မပြောင်းလဲဘဲ ကျန်ခဲ့သည်။ ကျောက်တုံးများ၏ ထိပ်ဆုံးတွင် ရောက်နေလျက် ကျည်မြုပ်ရမည့် ပစ်ကွင်းတစ်ခုခုကို ရှာနေသည်။ ရုတ်ခြည်းဆိုသလို ကိုညိုမောင်က သေနတ်ကို မ,လိုက်သည်။ နေဟိန်း မြင်လိုက်ရသည်။ နေဟိန်း မြင်ကွင်းမှာပင် ပြောင်းဝက တန်းသွား၍ ကျောက်တုံးနှစ်ခုကြားထဲ ထိုးထွက်သွားလျက် သေနတ်ဒင်က ပါးမှာကပ်ပြီး ဖြစ်သွား၏။

ကိုညိုမောင်က ခလုတ်ကို ဖြုတ်၍ပစ်ချလိုက်ချိန်မှာ သေနတ်သံတစ်ချက်က ဝန်းကျင်ကို ကိုညိုမောင်၏ သေနတ်သံထက် ဦးစွာရိုက်ခတ်သွားသည်။ ကိုညိုမောင်သည် ဖြည်းညင်းစွာ ကိုယ်တစ်ပတ် လည်ထွက်သွား၍ လက်ထဲက ရိုင်ဖယ်သေနတ်က လွတ်ကျသွားလေသည်။ သည့်နောက် မြေပြင်ပေါ်ကို လဲကျသွားသည်။ ကျောက်တုံးများဆီမှ ရေလျောင်ကန် အစွန်းဆီသို့ လိမ့်ဆင်းကျသွားသည်။ သူက ဒယီးဒယိုင်နှင့် ထရပ်သည်။ ရှေ့သို့ သုံးလေးလှမ်းမျှ တိုးလျှောက်၍ မြေပေါ်သို့ မျက်နှာအပ်ကျသွား၏။

နေဟိန်းသည် လေထက်လျင်မြန်သည်ဟု ထင်ရမည်ဖြစ်သော ခြေလှမ်းများနှင့် သူ့ဆီသို့ ပြေးသည်။ ကပျာကသီ ကိုညိုမောင်ကို ဆွဲလှန်လိုက်သည်။ မေးခွန်းမေးစရာ မလိုတော့။ ကိုညိုမောင်ကား သူတို့အား မျက်နှာလွှဲသွားခဲ့ပြီ ဖြစ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နည်းရာ အဂ္ဂတော့ လူထွက်ပြန်ပြီ ကိုနေဟိန်းရေ့၊ ခင်ဗျားအဖို့လည်း ဓာတ်လမ်းဆုံးခန်းတိုင်လုပါပြီ"

ကျော်ကျော်ထိုက်က ထေ့ပြောကလေးတွေနှင့် ထေ့နေသည်။

"ကျုပ်ကိုသာ မဟုတ်ဘူး၊ အားလုံးပဲ ဓာတ်သိမ်းကြရမှာပါ"

နေဟိန်းသည် ကိုညိုမောင်၏ ရှိင်ဖုယ်သေနတ်ကို ကောက်ယူပြီးနောက် ကျည်ဆန်များ ရှိ,မရှိ ကိုညိုမောင်၏အိတ်ကို စမ်းသပ်စစ်ဆေးနေသည်။

"ကိုနေဟိန်းရေ ... ချွေးမသားတွေ လာနေကြပြီဗျို့"

အောင်လွင်၏ အသံက ပေါ်လာသည်။

သူတို့ လာကြပေပြီ။ နေဟိန်းတို့ လူစုကလည်း ဝပ်လျှောင်း အနေအထား ယူကြသည်။

တောအုပ်နှင့် ကွင်းပြင်က အရှင်းသား။ ရုတ်တရက် အောင်လွင်က နေဟိန်းအား တစ်နေရာသို့ ညွှန်ပြ၏။ ထိုနေရာရှိ ချုံပုတ်များသည် လေမလာဘဲ လှုပ်နေသည်။

နေဟိန်းက သူ့ကာဘိုင်နှင့် သုံးချက်ဆက်တိုက် ပစ်သွင်းလိုက်သည်။ သူပစ်တော့ ခွန်သာလည်း လိုက်ပစ်၏။ သည်တွင် သူတို့နှင့် အစွန်ဆုံး အလှမ်းကွာမှ တောင်ကုန်းစွန်းရှိ ကျော်ကျော်ထိုက်နှင့် အောင်ရွှေကလည်း သေနတ်ပြောင်းမှ ကျည်တောင့်တွေကို မှုတ်သွန်ထုတ်ပစ်၏။ နောက်ဆုံးတွင် မင်းသော်က အဆုံးသတ်ပေးသည်။





သူက ရုတ်တရက်ထ,၍ သူ့ရှိင်ဖယ်မှ ကျည်ကုန်သည်အထိ ချုံပုတ်ထဲသို့ ပစ်သွင်းလိုက်သည်။ ကျည်မန်းပေါက်ပေါက်ကြဲလိုက်သည်မှာ အထက်ဘဝင်သို့ပင် ထိုးဖောက်လုနီးပါး ဖြစ်သွား၏။ ပစ်ပြီးသည်နှင့် တစ်ပြိုင်နက် ကျည်ကတ်မဂ္ဂဇင်းကို အသစ်လဲတပ်၍ ကျောက်တုံးများမှ ခုန်ဆင်းကာ တစ်နေရာမှ တစ်နေရာသို့ လျှင်ပါးစွာကူး၍ ကွင်းပြင်ထဲသို့ တဒိုင်းဒိုင်းပစ်သည်။

ချုံပုတ်တွေ သစ်ပင်တွေရှိရာ မှန်သမျှ အကာအကွယ် ယူနိုင်ရာ မှန်သမျှ ပစ်ထည့်နေသည်။ နေဟိန်းက မင်းသော်၏ အတင့်ရဲမှုကို သဘောကျမိသော်လည်း စိုးရိမ်သဖြင့် ...

"ကိုမင်းသော်၊ ဝပ်ချ ... ဝပ်ချ"

ဟု အော်ဟစ် သတိပေးသည်။ သူ့အော်သံနှင့် သေနတ်သံများမှာ လုံးထွေးရောယှက်နေသည်။ မင်းသော်ကကြားမိဟန်တူသည်။ ကျောက်တုံးတစ်တုံးပေါ် မှောက်ချပြီး ကျည်တောင့်များကို သွန်ထုတ်လိုက်စဉ် သူ့ရှေ့မှ သေနတ်သံတစ်ချက်ပေါ်လာလျက် မင်းသော်၏ ကိုယ်ကြီးက ဆတ်ခနဲ တွန့်တက်သွားလျက် ကိုယ်ကြီးကော့လန်ကာ အထဲဘက်သို့ ကျလာတော့၏။

နေဟိန်းက ပြေးပွေ့လိုက်၏။ မင်းသော်၏ မျက်လုံးတွေကား တောက်ပြောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လုပ်စရာရှိတာတွေကို လုပ်ခဲ့ပြီးပြီ ကိုနေဟိန်း၊ တစ်နေ့ ဒီလိုပဲ ဖြစ်လာရမှာပါ၊ ကျွန်တော်လည်း ကြာကြာမနေရတော့ပါဘူး၊ ခင် ... ခင်ဗျား ခွန် ... ခွန်သာကို စောင့်ရှောက်လိုက်ပါနော်၊ ဒီလူ ... ဒီလူဟာ အမျိုးသားကောင်း တစ်ယောက်ပါဗျာ"

စကားလည်းဆုံး မေးလည်း စောင်းကျသွားသည်။

နေဟိန်းက စိတ်ထိခိုက်သံနှင့် ...

"ကိုမင်းသော် ... ကိုမင်းသော်"

ဟု ခေါ်သော်လည်း ပြန်လည်မထူးတော့ချေ။ သူ့အားတွင် လူတစ်ယောက်က လာရပ်သောကြောင့် မော့ကြည့်လိုက်သောအခါ မေကြာညို ဖြစ်နေသည်။ နေဟိန်းက ဖြည်းညင်းလေးကန်စွာ ထ,ရပ်လိုက်၏။

"သူ ... သူ ဘာတွေ ပြောသွားတာလဲ ကိုနေဟိန်း"

လူတစ်ယောက်ပြီး တစ်ယောက် ဆုံးရသောကြောင့် မေကြာညို၏ အသံမှာ ရှိုးရှိုးအသံမဟုတ် ငိုသံကလေးက တိမ်တိမ်ကလေး ပါနေသည်။

နေဟိန်းက စကားမဆိုဘဲ မင်းသော်ကိုသာ စူးစိုက်ကြည့်နေ၏။ မင်းသော် သေခဲ့သည်က အသေကောင်း။ အားလုံးအတွက် အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်ခြင်းဖြင့် အသက်ကုန်ဆုံးခဲ့လေပြီ။

"သူဟာ တစ်ခုခုကို မြင်သွားလို့ ပစ်ခဲ့တာနဲ့ တူတာပဲ"





ဟု အောင်လွင်က ကောက်ချက်ပေးသည်။

"ဟုတ်တယ် ... ကိုယ်တို့ ဒီလိုထင်တာပဲ၊ သူပစ်တာက တကယ် အပစ်ကောင်းပဲ၊ ဟိုမှာရှိသရွေ့ကို လျှောက်ပစ်ခဲ့တာ"

သူတို့ မင်းသော်အတွက် စိတ်မကောင်းပါ။ အောင်လွင်က စေ့စေ့ကြည့်မေးလိုက်လေသည်။

"ကျွန်တော်တို့ ဒီကလွတ်မယ် မထင်ဘူး မဟုတ်လား"

နေဟိန်းက ခေါင်းခါပြသည်။

"ဒီကောင်တွေဟာ ပါးတယ်၊ ကိုယ်တို့ကို အသေခံတိုက်မဲ့လူတွေ၊ မင်း သူတို့ကို တစ်ကောင်မကျန် မသတ်နိုင်ရင် မင်းကို သူတို့က သတ်မှာပဲ"

"အေးဗျာ၊ ခြောက်ယောက်တော့ ကြွသွားပြီ၊ ခြောက်ယောက်စလုံးဟာ ကျွန်တော့် အမြင်မှာ လူကောင်းတွေချည်းပါပဲ"

မေကြာညိုသည် နေဟိန်းအနီးသို့ လာရောက်ကာ မှောက်လှဲချလိုက်သည်။ နေဟိန်းက သူမအား လှည့်မေးလိုက်သည်။

"မေကြာညို ခင်ဗျားဆီမှာ မှန်ပါသလား"

"မှန်လား"

သူမအဖို့ အဓိပ္ပာယ်ကောက်မရသလို ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲရှင့်၊ မေ့ကိုယ်က မသေမသပ်ဖြစ်နေလို့ မှန်ကြည့်ခိုင်းတာလား၊ အမှန်က မေ့မှာ"

"အို ... မဟုတ်ပါဘူး၊ ကျုပ် မှန်လိုချင်လို့ပါ၊ ကြီးလေကောင်းလေပဲ"

"မေ့ပစ္စည်းတွေထဲမှာ ရှိတော့ရှိတယ်၊ ဒါပေမဲ့"

"သွားယူ ... ပြီးတော့ သီတာဝင်းနဲ့ ပြန်လှည့်ခဲ့၊ ကျုပ်အနေနဲ့ ခင်ဗျားကို ဟောဟို တောင်တန်းတွေဘက်ကို ပြစေချင်တယ်"

သူက အနောက်မြောက်ဘက်ကို လက်ညှိုးထိုးပြသည်။

"ပြီးတော့ ဟိုဘက်"

အရှေ့မြောက်ဘက်ကို ညွှန်ပြပြန်၏။

"အဲဒီနှစ်ဖက်ကို အဆက်မပြတ် မှန်ထိုးပြစေချင်တယ်ဗျာ၊ အခုပဲ စလုပ်ရင် ကောင်းမယ်၊ တစ်ယောက်နဲ့တစ်ယောက် သက်သာအောင် ကြည့်လုပ်ကြပေါ့၊ နေထွက်နေသရွေ့ ခင်ဗျားတို့ လုပ်ရမယ်၊ ကြားရဲ့လား၊ သဘောပေါက်ရဲ့လား"

"ဟုတ်တယ် ... ဒီအချိန်မှာ တိုက်ကင်းတွေ ထွက်ကြမှာပဲ၊ ခင်ဗျား အဖေရဲ့အဖွဲ့၊ ဒါမှမဟုတ် စစ်တပ်၊ ဒါမှမဟုတ် ရဲတပ်တစ်ခုခုပေါ့ဗျာ၊ သူတို့က ကျုပ်တို့ကို ဒီဘက်မှာ လိုက်ရှာချင်ရှာမှာ၊ ခင်ဗျားပြတဲ့ မှန်ရောင်ကို မမြင်ဘဲ





နေမှာမဟုတ်ဘူး၊ မိုင်အတော်များများကပဲ မှန်ရောင်ကို မြင်နိုင်တာပဲ"

"မေ့မှန်က ငယ်တာမှ မဟုတ်တာ၊ ဒီအတွက် မေ့မြင်းကုန်းနှီးအိတ်မှာ စပယ်ရှယ်အိတ်တောင် မှန်ထည့်ဖို့ ချုပ်ထားရတာ၊ ဖေဖေက ဒီအိတ်ကို ချုပ်ပေးခဲ့တာပဲ၊ မှန်က ၆-လက်မ၊ ၈-လက်မရှိတယ်"

"ကောင်းတယ်၊ ကျုပ် မျှော်လင့်ခဲ့တာ ဒီရွယ်ပဲ"

"ရှင့်မလဲ အခုမှပဲ အကြံရတယ်နော်၊ အရင်က ဒီအကြံမျိုး ဒီစိတ်ကူးမျိုးသာ ရနေရင် မေတို့ ဒါလောက် ဒုက္ခမရောက်ရဘူး၊ အခုတော့ကော နောက်ကျမနေပေဘူးလားရှင့်"

"နောက်ကျပေမဲ့ နောက်ကျတယ်လို့ ကျုပ် မထင်ဘူး၊ စစ်တပ်တို့ ရဲတပ်တို့ဆိုတာ ဒီအချိန်မှာမှ တိုက်ကင်းထွက်တာပဲ၊ ကျုပ်က သူတို့နဲ့ ဆက်သွယ်ဖူးတော့ သူတို့ ထွက်မဲ့ရက်ကို မှတ်ထားဖူးတယ်၊ အခု မေကြာညို ပျောက်နေတာ၊ သီတာဝင်း ပျောက်နေတာ လူဝင်မှုကြီးကြပ်ရေးအဖွဲ့နဲ့ ရဲမှူး ဦးမြင့်မိုး ပျောက်နေတာတွေဟာ သက်ဆိုင်ရာက လူတွေသိဖို့ ဖြစ်လာတော့ သူတို့ တောနင်းရှာကြမှာပဲ"

နေဟိန်း၏ အပါးမှ မေကြာညို ထ,သွားသောအခါ နေဟိန်းက တောအုပ်ကို သတိထား၍ သုံးသပ်နေသည်။ မျက်လုံးတွေကို အားရှိသရွေ့ အသုံးချရသောကြောင့် မျက်ကြောများပင် တဆိမ်းတင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့မှန်ဘီးလူးနှင့် ဟိုအဝေးမှ မြင်ကွင်းကို လေ့လာ စစ်ဆေးသည်။ နာရီဝက်လောက်ကြာမှ ထရပ်သည်။

မကြာခဏပင် သူတို့စခန်းထဲသို့ မီးတံတံတပ်မြားတပ်တွေ ခဲ၍ ပျံ၍ ကျလာလေသည်။

❁ ❁ ❁





အချိန်ကား နေ့လယ်ခင်း။

သူ့အပါးသို့ ညွှန့်တင်၊ ကျော်ကျော်ထိုက်နှင့် ဦးမြင့်မိုးတို့ ကပ်လာသည်။ နေဟိန်းက အနေအထားကို ပြန်လည် ရွှေ့ပြောင်းလျက် ညောင်းညာနေသော ခြေထောက်များကို ဆန့်ထုတ်ပစ်လိုက်လေသည်။

ရေဘူးမှ ရေကို မော့သောက်ချသည်။ သူ့အနီးသို့ လာကြသော လူသုံးယောက်ထဲတွင် ကျော်ကျော်ထိုက်က ခေါင်းဆောင်ဖြစ်သည်။

"ကိုနေဟိန်း ကျုပ်တို့ ပြေးချင်ပြီ၊ မြင်းတွေက အခု ရှိနေကြတဲ့ လူတွေနဲ့ဆို အတော်ပဲ၊ တကယ်လို့ သောင်းကျန်းသူတွေကို ဖောက်ထွက်ပြေးမယ်ဆိုရင် ပြေးနိုင်မှာပဲ"

"ဝမ်းနည်းပါတယ်"

နေဟိန်းက စကားအကုန်ခံဘဲ တိုတိုတုတ်တုတ်သာ ပြောချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်စမ်း ကိုနေဟိန်း၊ ကျုပ်တို့မှာ ပြေးဖို့ အချိန် အခါ ရောက်နေပြီပဲ၊ ကျုပ်တို့ ဒီမှာ ဆက်နေရင် သောင်းကျန်းသူတွေက ကျုပ်တို့ အသက်ကို တစ်သက်ပြီး တစ်သက် ပွတ်ချေပစ်လိမ့်မယ်၊ ကျုပ်တို့ မသေသင့်ပဲသေ၊ မတိုက်သင့်ဘဲ တိုက်နေရမှာပဲ"

ကျော်ကျော်ထိုက်၏ အမူအရာက ကြမ်းတမ်းလာသည်နှင့်အမျှ လေသံကလည်း တင်းဆန်မာကျောလာ၏။

"ကိုကျော်ကျော်ထိုက် ... ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိဆိုတဲ့ စကားအဆိုတစ်ရပ်ကို ကြားဖူးတယ် မဟုတ်လား၊ ခင်ဗျားတို့ရှေ့မှာ အောင်မြွေကလည်း ပညာပေးပြီးပြီ"

"အို ... ထွက်ပြေးဖို့ကို ကျုပ်တို့လုပ်နိုင်တာပဲ"

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့ မြင်းတစ်ကောင်ကလည်း နာနေတယ်၊ ကျုပ်တို့မှာ စီးမဲ့လူတွေက ကိုးယောက်၊ အစီးခံမဲ့မြင်းက ရှစ်ကောင်"

"အို ... ဒီလိုဆိုလည်း တစ်ယောက်ကို မြန်မြန်ဖြတ်လိုက်တာပေါ့၊ ကျုပ် လုပ်ပြပါ့မယ်"

လက်တွင် တွဲလောင်းကိုင်ထားသော ရိုင်ဖယ်ပြပြီး ညွှန့်တင်က တောအုပ်ထဲကို စောင့်ကြည့်နေသူ ခွန်သာအား မထေမဲ့မြင် မေးငေါ့ပြလိုက်၏။

"ဟော့လူကြီး ခင်ဗျား လက်ထဲက သေနတ်ကိုသာ ချလိုက်"





ကျောက်တုံးများအကြားအလယ်၌ အောင်လွင်သည် ထိုင်လျက်ရှိရာက လက်နှစ်ဖက်တွင် ကိုင်ထားသော ရိုင်ဖယ်ဖြင့် ညွှန့်တင်ကို ဦးတည်ချိန်ထားသည်။

"ခင်ဗျားလက်ထဲက လက်နက်ကို ချရင်ချ မချရင် ကျုပ်ကို အဆိုးမဆိုနဲ့"

သေဘေးကိုတော့ ညွှန့်တင်က အကြောက်သား၊ လက်က သေနတ်ကို ပစ်ချပြီး ပါးစပ်မှ ဆဲဆိုရေရွတ်ခြင်းကိုသာ အားကိုးလိုက်ရတော့၏။ သည်အဖြစ်ကို မြင်သော ကျော်ကျော်ထိုက်၏ လက်တစ်ဖက်က သူ့ခြောက်လုံးပြူးနားသို့ ထိလုနီးပါး တိုးကပ်သွားလေ၏။

"တမ်ခေါက်ယောက်ကတော့ မင်းကိုယ်ထဲကို ကျည်မြှုပ်ပစ်တော့မှာပဲ နေဟိန်း၊ နောက်ဆုံး မကြာညိုဆိုတဲ့ မိန်းကလေးကြောင့် မင်းကို ငါက ကျည်ဆန်မြည်ခိုင်းရမဲ့ပုံပဲ"

"ဟား ... ဟား ... ဟား ပါးစပ်သေနတ်ကတော့ တယ်လာပါကလား၊ ညွှန့်တင်ကို မောင်အောင်လွင်က သိမ်းထားပါလိမ့်မယ်၊ ခင်ဗျားကိုတော့ ကျုပ်က စောင့်နေပါ့မယ်"

အေးဆေးဆေးဆေး နေဟိန်းက ပြန်ချေပသည်။ ကျော်ကျော်ထိုက်၏ မျက်နှာပြင်က အတည်ငြိမ်ဆုံး ဖြစ်နေလေသည်။ မျက်လုံးကလေးတွေကတော့ ကျယ်သွားသည်။

သူ့လက်က သေနတ်နှင့် နီးကပ်နေပြီဖြစ်သော်လည်း တစ်ခဏခြင်း ဆွဲထုတ်တော့မည်ကဲ့သို့ ဖြစ်နေ၏။ နေဟိန်းက



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်ရင်း မျက်လုံးတွေက အနည်းငယ် ပြုံးနေသည်။ ဣန္ဒြေမပျက်။

ပြီးမှ ကျော်ကျော်ထိုက်က လက်နှစ်ဖက်ဘေးချ၍ လှည့်ထွက်သွားသည်။ နေဟိန်းက သူ့ကို လိုက်ကြည့်သည်။ နေဟိန်း သိရသလောက် ကျော်ကျော်ထိုက်မှာ ကြောက်တတ်သူ မဟုတ်၊ သည်လူက သူရဲဘောမကြောင်။

သို့သော် ကျောက်တုံးများပေါ်၌ အောင်လွင်က သေနတ်နှင့် ရှိနေလေရာ နေဟိန်းကို သူက ပစ်သည်နှင့် သူ့ကို အောင်လွင်က ပစ်ထည့်လိုက်မှာကို သေချာနေသည်။ ဤအကြောင်းရင်းက လိမ္မာပါးနပ်စွာ ကိုယ့်ဘေးကိုယ်မြင်သူ ကျော်ကျော်ထိုက်က သိသွားပုံပေါ်၏။

✿ ✿ ✿





ကျောက်တုံးများပေါ်က ကြည့်လျှင် ဘာကိုမှ ထင်ထင်ရှားရှား မတွေ့၊ သို့သော် တစ်ဖက်က ပစ်ခတ်မှုက မရပ်စဲသေး၊ သူပုန်တွေ ဟိုဘက်မှာ ရှိနေကြ၏။ မှန်းတည့်လာပြီးနောက် ဦးမြင့်မိုးက နှစ်ချက်မျှ သူ့စတင်းဂန်းနှင့် ဆွဲချလိုက်၏။

သို့သော် သူ့မျက်လုံးတွေက ရွှေများနှင့် ထိုင်နေသူ ဒေါ်သက်ပန်ကြီးကို အလစ်မပေး။ ဘယ်သူ့ကမှ သူမ အနီးသို့ မသွား၊ သူမကိုလည်း စကားမပြောကြ၊ သူမ၏ ပုတ်လောက်ကိုယ်ကြီးက ထိုင်းမှိုင်းနေပေမင့် မျက်လုံးတွေကတော့ အသက်ဝင်နေလေသည်။ တစ်ယောက်ယောက် လှုပ်လျှင် လှုပ်သူနောက်သို့ ၄၅-ဗို့ သေနတ်ကြီးက လိုက်လာမှာ သေချာ၏။

ညနေ နေဝင်ဆည်းဆာအချိန်။

နေဟိန်းက သူတို့၏ နေရာကို လှည့်ပတ်စစ်ဆေးသည်။ ညရောက်လာလျှင် လေအေးက တဖျပ်ဖျပ် လူးလွန့်ဝင်ရောက်လာသည်။ အပူရောင် ကွယ်ပျောက်သောအခါ အအေးက အနိုင်ကျင့်လာ၏။ လေအေးစက်မှ သက်သာရာ ရစိမ့်သော မီးပုံငယ်ကလေးဖိုပြီး နွေးထွေးအောင် လုပ်ကြသည်။

www.burmeseclassic.com



နေဟိန်းက ရေလှောင်ကန်သို့ သွား၍ ကျောက်ခွက်ထဲက ရေကို ခပ်သောက်သည်။ ရေသောက်ပြီး ဒေါ်သက်ပန်ကြီးကို ကြည့်သည်။ သည့်နောက် ရေခွက်ကို ဖြန်းခနဲ ရေထဲ နှစ်၍ လက်ကို ပြန်ဆန့်ထုတ်လိုက်ပြီးလျှင် ဒေါ်သက်ပန်ကြီးဆီသို့ စတင်လျှောက်သွားလေတော့သည်။

တစ်ယောက်ယောက်က လေသံနှင့် ပြောလိုက်သောကြောင့် ကျော်ကျော်ထိုက်က ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ နေဟိန်းက လျှောက်လာစဉ် ဒေါ်သက်ပန်က သေနတ်ဖြင့် ချိန်ထားလိုက်လေ၏။

"နောက်ကို ပြန်ဆုတ်လိုက်"

စကားမပြောဘဲ အချိန်နာရီပေါင်းများစွာ ရှိပြီးမှ သူမ၏ ပထမဆုံး စပြောလိုက်သော စကားသံဖြစ်သည်။ နေဟိန်းက ဆက်လျှောက်လာပြီးလျှင် သူမအား ရေခွက်ကို ထိုးပေးလိုက်လေသည်။ ဒေါ်သက်ပန်က သူ့ကို မော့ကြည့်သည်။

ပြီး သူမ၏ ဘယ်လက်က လေးဆယ့်ငါးဗို့ ခြောက်လုံးပြူး၏ သံပတ်မောင်းပေါ်တွင် လက်ညှိုးကို အသင့်ကွေးတင်လျက် ချိန်ထားကာ ညာလက်က နေဟိန်း ထိုးပေးသော လက်ကခွက်ကို လက်ခံသည်။ ရေကို အမော်မရ သောက်ချလိုက်၏။ သောက်ပြီးသောအခါ ခွက်ကို သူ့ဆီသို့ ပြန်ပေးလိုက်သည်။ သူမ၏ မျက်လုံးတွေအောက်မှ နေဟိန်းက ဣန္ဒြေရရပင် ကျောပေးကာ သူမဆီမှ ဖဲခွာသွားသည်။





"ဒီမိန်းမကြီးတော့ ရှင့်ကို သတ်တော့မှာပဲ"

သဘောမကျစွာ စိုးရိမ်မှုလွန်ကဲစွာ ပြောလာသူက မေကြာညို။ သူ စကားပြန်ဆိုလိုက်ပါသည်။

"သူ ကျုပ်ကို မသတ်ပါဘူး"

သီတာဝင်းက လှမ်းပြောလာပြန်၏။ သူမသည် မင်းသော်၏ ရိုင်ဖယ်သေနတ်နှင့် ကျောက်တုံးများထဲမှာ ရောက်နေ၏။

"အစ်ကိုနေဟိန်း ... အစ်ကိုနေဟိန်း ... ကျွန်မတော့ မီးပုံး တစ်ခုကို မြင်လိုက်ရတယ် ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ကျောက်တုံးများပေါ်သို့ ကုန်းကုန်း ကုန်းကုန်းနှင့် နေဟိန်း တွယ်တက်သွားသည်။ တစ်ခဏအတွင်း သိတာဝင်း ညွှန်ပြရာ အရှေ့မြောက်ဖက်သို့ ဒေါသက်ပန် လိုက်ကြည့်သည်။ တောင်တန်း မည်းမည်းကြီးတွေကလွဲပြီး ဘာကိုမှ မတွေ့မမြင်ရချေ။ သိတာဝင်း မျက်စိမှားတာပဲဟု နေဟိန်း ထင်သည်။

ကောင်းကင်တွင် ကြယ်ကလေးတွေသာ တွဲလွဲခိုနေကြသည်။ ပြိုးရှင်ဝင်းပနေကြသည်။

သူတို့အားလုံး စိတ်ရှည်စွာ စောင့်နေကြ၏။ သည်သို့ စောင့်နေကြသောကြောင့်လည်း သူတို့အားလုံးက တခဏချင်းမြင်တွေ့လာကြရ၏။ မိုင်အတော်ဝေးဝေးတွင် စူးစူးစိုက်စိုက်ကြည့်ပါမှ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော မီးရောင်လဲ့လဲ့ကလေးကို မြင်ကြရသည်။ ထိုမီးရောင်ကလေးသည် တောအုပ်ရှင်းသော တောင်စောင်းတစ်ခုမှ ပေါ်နေဟန်ရှိသည်။





"မီးက အတော်ကြီး ကြီးပုံရတယ်၊ ဒီလောက်ကြီးတဲ့ မီးကို ဘယ်သူရှို့ထားသလဲ မသိဘူး"

ဟု အောင်လွင်က တစ်ကိုယ်တည်း ရေရွတ်ရင်း ပဟေဠိလုပ်နေသည်။

မီးနှင့် ပတ်သက်ပြီး သူတို့ ထင်မြင်ချက်အမျိုးမျိုး ပေးကြသည်။ နောက်ဆုံး တညီတညွတ်တည်း မှတ်ချက်ချလိုက်သည်ကား ယင်းမီးသည် တောမီးလောင်ခြင်းလည်း ဖြစ်နိုင်သည်။ လူတို့ရှို့ထားသောမီးလည်း ဖြစ်နိုင်သည်ဟု မပြေလည်သော ကောက်ချက်ကိုယ်စီနှင့်သာ တအုံနွေးနွေး ဖြစ်သွားကြ၏။ သို့သော် လူရှို့သော မီးဆိုလျှင် မိမိတို့ကို ပြန်လည်မြင်နိုင်ရအောင်ဆိုပြီး မီးပုံကြီးတစ်ပုံကို ဖိုထားလိုက်ကြလေတော့၏။

မကြာမီဆိုလျှင် တိုက်ပွဲကစ,လာသည်။ ကျည်တစ်တောင့်က ဖိုထားသော မီးပုံကို ကျော်ဖြတ်ပြီးသော် ကျောက်တုံးတစ်တုံးကို လာထိသည်။ လူတွေက ကိုယ့်နေရာကိုယ် အသက်, အသက ယူလိုက်ကြလေသည်။ ဖိုထားသော မီးဖိုမှာ အရှိန်နည်းသွားသဖြင့် အောင်လွင်သည် တောင်စောင်းသို့ ပြေးဆင်းကာ ထင်းချောင်းတွေကို မနိုင်မနင်းနှင့် မီးဖိုဘက်သို့ သယ်ချသွား၏။

ရုတ်တရက်ဆိုသလို ဒေါသက်ပန်ကြီး ထလာသည်။ ကိုနေဟိန်းက အံ့အားသင့်စဖွယ် မြင်လိုက်ရလေသည်။ သူ ထ,လာသည်က အောင်လွင်ထ,လာသော တောင်စောင်းမှ ဖြစ်လျက် လက်ထဲတွင်လည်း ထင်းတွေက တစ်ပွေ့တစ်ပိုက်ကြီး။ သူမက



www.burmeseclassic.com

www.burmeseclassic.com



ထင်းတွေကို ပစ်ချသည်။ ယင်းနောက် ယခင်ကထက် ပိုမိုကာ အများဆုံး သယ်လာသည်။ သူမက ထင်းတွေနှင့် လျှောက်လာစဉ် ခဏ္ဍ မကြောညိုဘက်ကို လှည့်ကြည့်၍ ...

"ဟော့ ... ငါ့စိတ်ထင်တော့ တို့ကို ကယ်မဲ့လူတွေ လာပြီ ထင်တာပဲ"

သူမ၏ အသံမှာ ထူးထူးခြားခြား ပျော့ပျောင်းနေလေရာ၊ မကြောညိုက အတွေးခက်သောဟန်ပန်နှင့် နေဟိန်းကို ကြည့်မိသည်။

အပြင်မှ လှမ်းပစ်နေကြသော်လည်း ခုခံနေသူတစ်စုက အကြောက်အရွံ့ကင်းမဲ့စွာ မီးကိုသာ စွန့်စားဖိုနေကြသည်။ နေဟိန်းက ယင်းလူတွေအတွက် အကာအကွယ် ပေးရန်အတွက် ကာဘိုင်ကိုဆွဲပြီး အပေးချုံပုတ်တွေထဲက သေနတ်ပြောင်းမှ လီမွှော်ရောင် မီးပွင့်လက်ရာသို့ လှမ်းလှမ်းပစ်ချလိုက်၏။

တစ်ချီတွင်တော့ ပြင်ပမှ သောင်းကျန်းသူတွေထဲမှ တစ်ယောက် အထိနာသွား၏။ နေဟိန်းက လေးငါးခြောက်ချက် မောင်းဆွဲအပြီး စူးစူးရှရှတစ်ချက်သာ ချုံပုတ်တွင်းက အော်သံကြားလိုက်ရပြီး နောက်ပိုင်း ဆိတ်ငြိမ်သွားလေသည်။

မီးတောက်ကြီးက ဝင့်ကြွားမြင့်ထယ်လာကာ လီမွှော်ရောင် မီးညွန့်တွေနှင့် အတူတူ မီးခိုးမည်းမည်းတွေက ကောင်းကင်သို့ တစ်လိပ်ပြီး တစ်လိပ် တက်လာ၏။ နေ့အလင်းရောင်အလား အရှိန်ရလာသော မီးအရှိန်အားက ကောင်းလာလေသည်။ ပစ်ခတ်





သံတွေက ယခု ပိုမို နီးလာသဖြင့် နေဟိန်းတို့က အမှောင်ထဲသို့ လှမ်းမစ်ထည့်ကြ၏။

"လေငြိမ်နေတယ်၊ ဟိုကလူတွေ မီးမမြင်ရလည်း သေနတ်သံတော့ ကြားကြမှာပဲ"

နေဟိန်းက ခွန်သာကို ပြောပြသည်။ အပြင်မှ ပစ်သူများသည် နံနက် အာရုံကျင်းလာသောအခါ ပစ်ခတ်သံများ ကျဲကျဲလာ၍ ရပ်ဆိုင်းသွားကြ၏။

"ငနာကောင်တွေ ကြောက်သွားပြီထင်တယ်၊ ကျုပ်တို့ မီးနဲ့ အချက်ပြတာကို တစ်ဦးဦး မြင်သွားပြီလို့ သူတို့ ထင်သွားကြဟန်တူပါရဲ့"

အားရပါးရ နေဟိန်းက ပြောစဉ် ငယ်သံပါမတတ် အော်လိုက်သော ဒေါ်သက်ပန်၏ အော်သံက ထွက်လာလေသည်။ အသံမှာ လည်မြိုညှစ်ခံရသဖြင့် ဖြာနောက်နောက် ထွက်လာသော အသံမျိုး၊ သူတို့က ဖျတ်ခနဲ လှည့်ကြည့်လိုက်ကြလျှင် ညွန့်တင်က မြင်းကုန်းနှီးအိတ်တွေ ကိုင်လျက် သူတို့နှင့်ဝေးရာ နောက်ဆုတ်သွားသည်ကို မြင်ကြရသည်။ သူ့လက်ထဲမှာ ပစ္စတိုလ်တစ်လက်က ရှိနေလျက် သွားတွေအဖြဲသားနှင့်။

"ဟော့လူတွေ သူ့ရွှေတွေ ပြန်ပေးလိုက်စမ်း၊ အခု ချလိုက်စမ်း၊ ညွန့်တင် ... မင်းနဲ့ ဒီဥစ္စာနဲ့ မဆိုင်ဘူး"

စိတ်ဆိုးမာန်ဆိုးနှင့် နေဟိန်းက အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... လုပ်ပါးဝလို့၊ မင်းနဲ့ ဆိုင်သလား၊ မင်းတို့သာ ဒီမှာ ခွေးသေ သေရစ်ကြပေတော့၊ ငါတော့ သွားမယ်"

ညွန့်တင်က မြင်းတွေရှိရာကို ဆုတ်သွားသည်။ မြင်းတစ်ကောင်မှာ ကုန်းနှီးတင်ပြီး ဖြစ်နေသည်ကို သူတို့ မြင်ကြရသည်။ သူက နေဟိန်းကို စောင့်ကြည့်ကာ မထေမဲ့မြင် ပြုံးရင်း လက်ကသေနတ်ကို နေဟိန်း၏ ဝမ်းဗိုက်သို့ တန်းချိန်ထားသည်။ သူ့စိတ်ထဲမှာ မြင်းတစ်ကောင်နှင့် ရွှေယူဖို့ကလွဲပြီး ဘာမှ စိတ်မဝင်စားတော့ပါချေ။

နေဟိန်းက ဆောင်နိုင်မည့်ချက်ကောင်း ချောင်းနေ၏။ သို့တစေ ညွန့်တင်က ပါးနပ်သည်။ တစ်စက်လေးမှ အလစ်မပေးဘဲ ဒေါ်သက်ပန်၏သေနတ်ကိုပင် အဝေးသို့ ကန်ထည့်သွား၏။ ယင်းနောက် မျက်နှာချင်းဆိုင်ရာက မြင်းကို ဆားစောင်း တက်လိုက်၏။ သူ့အတွက် တစ်ခုမေ့သွား၏။ မြင်းပေါ်တက်စဉ် ခေါင်းငုံ့ရမည်ဆိုတာကို။

မြင်းက ပထမတစ်ချက် လွှားခနဲ ခုန်အထွက် တစ်နေရာက သေနတ်သံတစ်ချက် ထွက်လာ၍ ညွန့်တင်မှာ ကြောက်အားနှင့် တုန်သွားသည်။

မြင်းက ကျောက်တောင်ကို ကျော်လွှားကာ တောင်ကုန်းမှ ဆင်းချသွားလေရာ သေနတ်သံကြောင့် တုန်သွားသူ ညွန့်တင်က မြင်းကုန်းနှီးပေါ်က ချာခနဲ လည်ကျ၍ မြင်းခြေနင်း ကွင်းတွင် ချိတ်လျက် မြင်းပြေးရာကို ဒရွတ်တိုက် ပါသွားလေ





သည်။ တောင်ကုန်းအောက်တွင်လည်း ကျောက်တုံးများ ရှိလေသည်မို့ ညွန့်တင်အဖြစ်မှာ တွေးဝံ့စရာ မရှိတော့ပေ။

"သူ့ကြမ္မာ သူစီရင်တာပဲ"

စိတ်မကောင်းစွာ နေဟိန်းက ပြောနေစဉ် ညွန့်တင် လက်မှ ကျကျန်ရစ်ခဲ့သော ရွှေအိတ်များကို တောင်ကုန်းအောက်သို့ ပြေးကောက်ရန် တစ်ဦးတစ်ယောက်ကမှ မထင်လိုက်ချိန်မှာ ဒေါ်သက်ပန်က ဆင်းပြေးလေတော့၏။

"ဒေါ်သက်ပန် ... ဒေါ်သက်ပန် ... မပြေးနဲ့၊ မသွားနဲ့ ပြန်လာခဲ့ပါ"

ပထမသော် ကြောင်ကြောင်အမ်းအမ်း ဖြစ်နေကြပြီးမှ သတိအလျှင်ဆုံး ဝင်လာသူ နေဟိန်းက အော်ပြောလိုက်သည်။ ရွှေအတွက် လောဘဇောဝင်နေသည့် ဒေါ်သက်ပန်မှာ နေဟိန်း စကားကို မမှုဘဲ ပြေးမြဲသာ ပြေးနေသည်။

"ဒုက္ခပါပဲရှင်၊ သေတော့မှာပဲ"

မကြာညိုသည် ဝေးကွာသွားပြီဖြစ်သော ဒေါ်သက်ပန်၏ နောက်ကျောပြင်ကို ကြည့်ပြီး ထိတ်လန့်တကြား ပြောလိုက်မိလေတော့သည်။

မီးရောင်က ပြန့်ပြူးနေပြီး ဖြစ်လေရာ ဒေါ်သက်ပန် ပြေးရာကို ကောင်းစွာ မြင်နိုင်သည်။

ဒေါ်သက်ပန်က ရွှေအိတ်ကို အလောတကြီး ကုန်းကောက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သက်ပန် မြန်မြန်ပြန်လာ"

တောင်ကုန်းအောက်မှ ဒေါ်သက်ပန်ကို စိတ်မချုပ်တီးနိုင်သူ သိတာဝဏ္ဏက အော်သတိပေးလိုက်သည့်အဆုံး ရွှေအိတ်ကြီးနှစ်အိတ်ကို ကိုင်၍ အိပက်အိပက်နှင့် ဒေါ်သက်ပန်က ပြန်ပြေးတက်လာသည်။

အားလုံးကပဲ ရင်တမမ စောင့်ကြည့်နေကြသည်။ သို့သော် သည်အချိန်အထိတော့ သေနတ်သံ ပေါ်မလာပေ။ တောင်တန်းပေါ်သို့ တစ်စတစ်စ နီးလာသော ဒေါ်သက်ပန်၏ ခန္ဓာကိုယ် ရှန်းကန်မှုထဲက တဟဲဟဲ အသက်ရှူသံပင် ကြားရတော့သည်။

"ရွှေအတွက်နဲ့ ကိုယ့်အသက်ကိုတောင် မငဲ့ဘဲ သွားရဲတဲ့ ဒီမိန်းမကြီး ဒီတစ်ခါ တယ်ကံကောင်းပါလားဗျို့"

ရင်ထိတ်နေမိသူ အောင်လွင်သည် မအောင့်အည်းနိုင်ဘဲ ပြောမိသည်။ မိမိသာ ဒေါ်သက်ပန်ဆိုလျှင် သူမလောက် မိမိ စွန့်ရဲမည် မဟုတ်ကြောင်း အောင်လွင်က သူ့ကိုယ်သူ ကျိတ်ဝန်ခံမိ၏။

မီးပုံအနားသို့ ဒေါ်သက်ပန်၏ မျက်နှာကြီးက ပေါ်လာ၏။ ယင်းတော့မှ အားလုံး သက်ပြင်းချလိုက်မိကြသည်။

"ဒိုင်း"

တစ်ချက်တည်းသော သေနတ်သံပါ။ မြိုင်တစ်ကြောတွင် ညဥ့်ရဲ့လွှာကို ထွင်းဖောက်လျက် ဝန်းကျင်ကို ရိုက်ပုတ်သွား၏။





မီးပုံနားသို့ ရောက်လုဆဲဆဲ ဒေါ်သက်ပန်၏ ကိုယ်ခန္ဓာကြီးသည် အိမ့်ကနဲ အိမ့်ကနဲ အဖြစ်က တန့်သွား၏။

နောက်တစ်လှမ်း ဆက်လျှောက်သည်။ ကျော်ကျော်ထိုက်သည် လွှားခနဲ အပြင်သို့ ခုန်ထွက်လာပြီးလျှင် ဒေါ်သက်ပန်၏ ရွှေအိတ်တွေကို ပြေးယူလိုက်ချိန်မှာ ဒေါ်သက်ပန်သည် သက်ပြင်းကြီးတစ်ချက်ချကာ တဖြည်းဖြည်းချင်း ညွှတ်ခွေကျသွားလေတော့သည်။

ခါးအလယ်တွင် အနီရောင် အကွက်ကြီးတစ်ကွက်က ပေါ်လာသည်။ တစ်ချက်တလေမှ မလှုပ်တော့ဘဲ မျက်လုံးတို့သည် ရှေ့သို့သာ ပြူးကြောင်ကြောင် ကြည့်နေဆဲ။

"ဒေါ်သက်ပန်"

နေဟိန်းက လှမ်းခေါ်သည်။

မထူးတော့ပါ။ သူမ မက်မောတွယ်တာ ပိုင်ဆိုင်လိုလှသော ရွှေတွေကိုပင် တစ်ပါးသူလက် ရောက်သွားပြီကို မသိနိုင်တော့သော နောင်တမလွန်သို့ ရောက်သွားပါလေပြီ။

ကျော်ကျော်ထိုက်ကလည်း ပါးနပ်သည်။ ပြင်ပအခေးမှ သေနတ်သံတစ်ချက် ကြားကာ ဒေါ်သက်ပန် တုံ့ဆိုင်းသွားသည်ကို မြင်ကတည်းက မည်သူမှ မဦးခင် သူက ထွက်ပြီး ဒေါ်သက်ပန်လက်ထဲက ရွှေအိတ်နှစ်အိတ်ကို ဆွဲယူလိုက်ခဲ့ခြင်း ဖြစ်တော့သည်။

ကျော်ကျော်ထိုက် လက်မှ ရွှေအိတ်ပါလာလျှင် ဦးမြင့်မိုးက လှမ်းတောင်းရန် ပါးစပ်ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တင်းမာ ရှမ်းကားတော့မည့် ပုံးမျိုးနှင့် ကြည့်လိုက်သော ကျော်ကျော်ထိုက်၏ အကြည့်ကြောင့် နေဟိန်းက ဦးမြင့်မိုးကို လက်ကုပ်ပြလိုက်သည်။ ရိပ်မိပါသည်။

ဒေါ်သက်ပန်၏ အလောင်းကို မည်သူကမှ သွားမဆွဲရဲကြ။ သည်နေရာက ပစ်ကွင်းအလွန်ကောင်းနေသည်။

သည်နေ့တစ်နေ့လုံး သူတို့ သတိနှင့် စောင့်နေကြ၏။

နောက်ဆုံး အစားအစာနှင့်ရေကို ဝေမျှစားသောက်ကြ၏။

ညနေစောင်းလာက်တွင် သောင်းကျန်းသူတွေက ချောင်းမြောင်းမနေကြတော့။ သူတို့ကိုယ်တိုင်က သွေးဆာနေကြပြီမို့ ပါးစပ်က အော်ဟစ်ကြွေးကြော်သံများနှင့် ပြေးတက်လာကြသည်။

သူတို့၏ သတ်ပွဲခေါ်သံကား နားပွင့်မတတ် ဆူညံလှသည်။ သေနတ်သံများနှင့်လည်း ထွေးယှက်နေသည်။

ကျောက်တုံးများပေါ်မှာ အကာအကွယ်ယူပြီးတော့ တစ်ယောက်ပြီးတစ်ယောက် ပစ်ချနေသည်။

နေဟိန်းက ရဲကျော်ခင်ကြီးကို ရှာသည်။

ခေါင်းတွင် ခမောက်ဆောင်း၍ ဘောင်းဘီ အနက်ဝတ်ထားသူ ရဲကျော်ခင်ကြီးကို ရိုင်ဖယ်သေနတ်တစ်လက်ကိုင်လျက် ကွင်းပြင်တွင် ဝပ်တွားလာသည်ကို သူ့မှန်ဘီလူးတွင် တွေ့နေရသည်။





ကျည်ဆံတွေ တဖွဲဖွဲကျနေသည့် ကြားက ရဲကျော်ခင်ကြီးသည် ပါးစပ်ကြီးဖြဲအောင်ကာ တက်လိုက်၊ ပစ်လိုက်၊ မြေပြင်တွင် မှောက်လိုက်နှင့် တက်လာနေကြ၏။

ကျော်ကျော်ထိုက်သည် ရွှေအိတ်များကို သူ့တင်ပါးအောက်၌ ခုထိုင်လျက်က မောင်းကို တစ်ချက်ပြီးတစ်ချက် ဆွဲချသည်။

သောင်းကျန်းသူတွေထဲက ကျသူများလည်းရှိသည်။ တက်လာသူများတွေလည်းရှိသည်။

နေဟိန်းတို့မှာ လူအင်အား နည်းနေပြီကို သောင်းကျန်းသူတွေက ကောင်းကောင်း ရိပ်စားမိဟန်တူသည်။

မေကြာညိုနှင့် သီတာဝင်းသည် သေနတ်ကို ကိုင်နေကြပြီး မိမိတို့၏ အသက်အား လွယ်လွယ်ဖြင့် အပ်မဖြစ်သည်ကို မေကြာညိုတို့က နားလည်ကြသည်။

ဦးမြင့်မိုး၊ အောင်လွင်၊ ခွန်သာတို့က တစ်တွဲယူထားသည်။ သူတို့ဘက်ကလည်း တစ်ချက်ပြီးတစ်ချက် ပစ်,ပစ်ချနေလေရာ သောင်းကျန်းသူအချို့မှာ ခေါင်းမဖော်နိုင်ကြတော့။

သည်တိုက်ပွဲသည် ဤနေရာ၊ ဤဝန်းကျင်တွင် နောက်ဆုံးတိုက်ခိုက်ကြသော တိုက်ပွဲတစ်ရပ်ဖြစ်ကြောင်း ဖြစ်နိုင်ပေသည်။

ကျည်ဖူးတွေက ပလူပျံ၊ မိမိခိုအောင်းအကာအကွယ်ယူနေသော ကျောက်တုံးနှင့် ဆားဘီက ကျောက်တုံးပြင်လွှာများကို

www.burmeseclassic.com



ထိမှန်ဖဲ့ကုတ်နေသည့်တိုင် နေဟိန်းက အရေးမထားဘဲ သူ့လိုရာကို သာ ချိန်နေသည်။

သောင်းကျန်းသူတွေကလည်း တစ်စတစ်စ နီးလာ၏။

ရဲကျော်ခင်ကြီးသည် ဆဲဆိုရင်းက တောင်ကုန်းပေါ် သို့ ပြေးတက်လာသည်။

ကာဘိုင် မှန်ထဲတွင် ရဲကျော်ခင်ကြီး အကသိုလ်ဆိုက် ချိန်ပဲပေါ့။

တောင်ကုန်းအောက်ရှိ ကျောက်တုံးတစ်တုံးနားသို့ ကပ်မည်အပြု ရဲကျော်ခင်ကြီးတစ်ကိုယ်လုံးမှာ တွန့်လုံ့လိုက်သလို ကိုယ်က ချာချာလည် ကျသွား၏။

အမှောင်ထုသည် သူ့အား ပြေးဖိနင်းလာ၏။ ပေါ် လာသော ကိုယ်တွင်းဖောက်ပြန်မှု ဝေဒနာနှင့် အမှောင်ကို ရဲကျော်ခင်ကြီး ဘယ်သို့မှ ဖယ်ရှားမရမှန်း သိလာ၏။ သူ့မကောင်း မှုတို့က သူ့ကို ပြန်လည်ဖိစီးလေပြီ။

ရဲကျော်ခင်ကြီး မှန်သွားခြင်းကို သွေးပူနေသော သူ့ငယ်သားတွေက မသိဘဲ ရှေ့သို့သာ တိုးတက်လာ၏။ သေနတ်ထဲက ကျည်တောင့်များကုန်လျှင် နောက်ထပ်အသစ် ထပ်မလဲလှယ်ထည့်ပြီး နေဟိန်းတို့က ပစ်ခတ်ပေမင့် သူပုန်တွေက တောင်းကုန်းအောက်ခြေသို့ ကပ်လာကြသည်။ ထိုစဉ်မှာပင် နေဟိန်းတို့အတွက် ဝမ်းအသာကြီး သာရမည့်အဖြေတစ်ရပ်။





တောအုပ်ထဲက ညာသံပေးသံများနှင့်အတူ တနိုင်း ဒိုင်း မြည်ဟိန်းပေါက်ကွဲသံများက အသစ်ပေါ်လာသည်။

အစိမ်းရောင် ယူနီဖောင်းဝတ် လက်နက်ကိုင်လူများ ကို တောင်ကုန်းပေါ်မှ လူတွေက စီးမြင်လိုက်ကြ၏။

"ဟာ ... မြန်မာ့တပ်မတော်သားတွေ ရောက်လာပြီဗျို့"

အောင်လွင်သည် ဝမ်းသာအားရ ဟစ်ကြွေးလိုက်လေ သည်။ သူတို့ အားတက်လာကြသည်။ ကယ်မည့်သူတွေက အချိန်မီ ရောက်လာကြချေပြီ။

ပြည်တွင်းသစ္စာဖောက်တို့ကား ကျဆုံးခြင်း၊ ဆုံးရှုံး ခြင်းတို့နှင့်သာ ရင်ဆိုင်တိုးနေကြရ၏။

တပ်မတော်သားတွေမှန်း သိကြသောအခါ သောင်း ကျန်းသူများသည် တောင်ကုန်းပေါ်သို့တက်ရန် မကြိုးစားကြတော့ ကျောဘက်မှ ညှပ်ပစ်လာသော စစ်သားများကို တိုက်ခိုက်တွန်း ဖောက်ဖို့ ကြိုးစားကြတော့၏။

သူ့တွင် ကာဘိုင်ကျည်ဆန်လည်း ကုန်လေပြီ။ ကာဘိုင်သေနတ်ကို ကျောက်တုံးတွင် မှီထောင်လိုက်၍ တောင်ကုန်း အောက်က တိုက်ပွဲကို မျှော်ကြည့်၏။ တိုက်ပွဲကား ကွင်းပြင်က တောတွင်းသို့ ရွှေ့လျားသွားလေပြီ။

"ကျုပ်တို့ ပူစရာ ဘာမှမလိုတော့ဘူး၊ အသက်ချမ်းသာရာ ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



နေဟိန်းက ဦးမြင့်မိုးကို လှမ်းပြောလိုက်၏။ မကြာသည်နှင့် သီတာဝင်းက ငိုရမလို၊ ရယ်ရမလို၊ ဘာကို ခံစားရမည်ကို ခွဲမရသလို ဖြစ်လေသည်။

ကျည်ကုန်သွားသော ရိုင်ဖယ်သေနတ်ကြီးကို ကျော်ကျော်ထိုက်က ပစ်ချလိုက်လေသည်။

သူ လက်တလောအချိန်၌ ဘာလုပ်ရမည်ကို သိပြီး ဖြစ်လေသည်။ သူ့လက်ထဲတွင် ဒေါ်သက်ပန်၏ ရွှေတွေ ရှိနေသည်။

ယင်းရွှေတွေသည် သူ့အဖို့ မထင်မှတ်ဘဲ စားရက်ကြုံ၍ မုတ်ဆိတ် ပျားစွဲလာသော ရွှေဖြစ်သည်ကြောင့် လက်မလွှတ်သင့်ဟု ကျော်ကျော်ထိုက်က ယတိပြတ် တွေးတောဆုံးဖြတ်ချက် ရှိပြီးသား ဖြစ်နေ၏။

လက်ဝယ်ရရှိထားသော ရွှေများနှင့်သာဆိုလျှင် မိမိ၏ ဘဝကို ကောင်းမွန်ကျနစွာ မကြာသည်နှင့် တည်ဆောက်နိုင်ပေမည်။ တိုက်ပွဲပြီးလျှင် စစ်တပ်ရောက်လာမည်။ ရောက်လာလျှင် ရွှေတွေကို အပ်ရချိမ့်မည်။ ယင်းရွှေတွေက မှောင်ခိုရွှေတွေ မဟုတ်လော။

ကျော်ကျော်ထိုက်သည် သူ့အား လူတွေက ဝိုင်းဝန်းအကဲခတ်နေသည်ကို သိလျက်ကြားကပင် ခပ်တည်တည် မြင်းတစ်ကောင်ကို သွားရောက်ဆွဲယူလိုက်လေသည်။

ရွှေအိတ်နှစ်အိတ်ကို သူ့ပခုံးတစ်ဖက်ပေါ်၌ ရှေ့နောက် ခွထမ်းထားသည်။ သူ ဆွဲသောမြင်းက သူ့မြင်းသာပဲ ဖြစ်နေသည်။





တောတွင်းဝယ် သေနတ်သံများက တစ်စတစ်စ လျော့ရဲလာသည်။

ဤနေရာတွင်ရှိသော အတွင်းပဋိပက္ခကလေးက မလျော့ပါးကြသေးပေ။

"ကျော်ကျော်ထိုက် ... ခင်ဗျား ဒါ ဘာလုပ်တာလဲ"

ကျောက်တုံးကို မှီရပ်နေသူ နေဟိန်းက မနေသာသဖြင့် လှမ်းမေးလိုက်သည်။

သူသည် ခပ်ပေါ့ပေါ့အသွင်နှင့် မေးခြင်းမဟုတ်မှန်း တင်းမာသော မျက်နှာက ဖော်ပြနေပါ၏။

ပြန်ဖြေဖို့ဆန္ဒသည် ကျော်ကျော်ထိုက် ရင်တွင်းမှာ လုံးလုံးလျားလျား ကင်းမဲ့နေသဖြင့် ကျော်ကျော်ထိုက်က မကြားယောင်ပြုနေလေသည်။

ဦးမြင့်မိုးသည် သူ့မျက်စိအောက်က ကျော်ကျော်ထိုက်ထက် ရွှေအိတ်ကြီး နှစ်ခုလုံး လွတ်ထွက်သွားမှာကို အလွန်စိုးရိမ်ပူပန်တုသည်။

"ကျုပ် ယူသွားမလို့ပေါ့"

လှည့်မကြည့်ဘဲ ပြန်ဖြေပြီးလျှင် ကျော်ကျော်ထိုက်သည် မြင်းကုန်းနှီးအိတ်ကို မြင်းပေါ် လွှဲတင်လိုက်သည်။

ဦးမြင့်မိုးသည် ကျော်ကျော်ထိုက်အနားသို့ ကပ်သွားကာ ရွှေအိတ်တွေကို လက်ဖြင့် ပုတ်ပြလိုက်၏။

"ဒါ ရွှေတွေဆိုတာ သိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အသိသားပဲ"

သွားကာနီးတွင် အနှောင့်အယှက် ကြုံလာရသောကြောင့် မလိုလား၊ မနှစ်မြို့ကိုသည့်အသွင် ကျော်ကျော်ထိုက်က ဆောင်ယူလာသည်။ မျက်မှောင်ကုတ်သည်။ ပါးစပ်ကို ရွဲ့သည်။ လက်နှစ်ဖက်ကလည်း ခါးကို ထောက်လိုက်သေးသည်။

"သိရင် ဒီရွှေတွေကို ခင်ဗျား မယူပါနဲ့ ကိုကျော်ကျော်ထိုက်၊ ဥပဒေက ခွင့်မပြုပေမဲ့ ဥပဒေကပဲ အရေးယူရမယ်။ ဒါကြောင့် ဥပဒေကသာ ပိုင်တယ်၊ ကျုပ်လက်ကို အပ်ပါ"

"ဟား … ဟား … ဟား … ဘာလဲဗျ၊ ခင်ဗျာအိတ်ထဲ ထည့်မလို့လား၊ မလုပ်ပါနဲ့လေ၊ ဒီနည်းမျိုးတွေဟာ ရိုးနေပါပြီ"

ကျော်ကျော်ထိုက်က မရယ်ချင့်ရယ်ချင် အသံမျိုးနှင့် ရယ်နေသည်။

ဦးမြင့်မိုး၏ မျက်နှာက ပထမ ဖြူသလိုလို ဖြစ်သွားသည်။ ထို့နောက် သွေးရောင်လွှမ်းသွားသည်။ သူက ရွှေအိတ်တွေကို လှမ်းယူလိုက်သည်။

"ခင်ဗျား ဘာပြောပြော ရွှေတွေကို ဥပဒေက ပိုင်တယ်၊ ကျုပ်က ရဲအရာရှိတစ်ယောက်အနေနဲ့ သိမ်းရမှာပဲ၊ ကျုပ် လွှတ်မပေးနိုင်ဘူး"

ကျော်ကျော်ထိုက်၏ ညာလက်တစ်ဖက်က ဦးမြင့်မိုး၏ ရွှေအိတ်ကိုင်ထားသောလက်ကို ပုတ်ချလိုက်လေသည်။ မျက်လုံးများကို မေးကြည့်သည်။





တာဝန်ဝတ္တရားနှင့် ပတ်သက်လာသောအခါ ဦးမြင့်မိုးသည် အလွန်ခေါင်းမာကြောင်း လူအားလုံးတို့က သိမြင်လာကြသည်။ လက်အပုတ်ခံရသော်လည်း ဂရုမစိုက်ဘဲ ဦးမြင့်မိုးသည် ရွှေအိတ်များကို အရယူဖို့သာ ကြိုးပမ်းအားစိုက်လာသည်။ သူ့လက်တွေက သည်တစ်ကြိမ် ရွှေအိတ်ကို မထိမိမှာပင် ကျော်ကျော်ထိုက်၏ ဘယ်ပင့်လက်သီးက ဦးမြင့်မိုး အရိုက်ထဲသို့ ဘုန်းခနဲ ဝင်သွားသည်။ ကျော်ကျော်ထိုက် သည်မျှလောက် ကြမ်းလိမ့်မည်ဟု ဦးမြင်းမိုး မထင်မိခဲ့ရိုးအမှန်။

ဒါကြောင့်လည်း ဝဝအိအိကလေး ခံစားလိုက်ရသည်။ လူတစ်ကိုယ်လုံးရှိ သွေးကြောတွေ တုံ့ဆိုင်းသွားသလားဟု ထင်ရလောက်အောင် ဝမ်းဗိုက်တစ်ခုလုံး အောင့်တက်လာသည်။ အသက်ပင် ဘယ်လို ရှူရမှန်းမသိတော့။

အကြောတွေက စုဆွဲသဖြင့် ဝမ်းဗိုက်က အလိုလို ကုန်းကျလာသည်။ မိမိအား အရိုအသေ ပေးလာသလိုဖြစ်ခဲ့သူ ဦးမြင့်မိုးကို ကျော်ကျော်ထိုက် မညှာ။

ဝမ်းဗိုက်ထဲသို့ ပင့်လက်သီး ပေးပြီးသည်နှင့် တစ်ပြိုင်နက် ညာလက်သီးဆုပ်ကြီးနှင့် ဦးမြင့်မိုး၏ ငယ်ထိပ်ကို ထုချလိုက်သည်။ အရုပ်ထစ်ရုပ်ကို ဓားဖြင့်ပိုင်းချခြင်း ခံရသည့်အလား ဦးမြင့်မိုး ခွေခနဲ ကျသွားတော့သည်။

ကျော်ကျော်ထိုက်၏ လုပ်ငန်းစဉ်ကို ခေတ္တမျှ မျက်နှာလွှဲပြီး တစ်ဖက်အမှောင်ကမ္ဘာမှာ သွားကျင်လည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဟိန်းတို့အားလုံးက စကားတစ်ခွန်းမျှ မပြောဘဲ ကျော်ကျော်ထိုက် လုပ်ပုံကိုသာ လိုက်ကြည့်နေကြသည်။ လောဘဇောသည် ကျော်ကျော်ထိုက်ကို ဖိစီးနေပြီဖြစ်လေရကား။

ကျော်ကျော်ထိုက်၏ ချောမောသောရုပ်ရည်မှာ ပန္နက္ခသမယတွင် ဘီလူးရုပ်နှင့် နင်လားငါလား တုပြိုင်နေတော့၏။

ခပ်တည်တည်ပဲ သူ့အလုပ်ကိုသာ သူ အရေးထားသည်။ မြင်းကုန်းနီးတင်၍ ဝမ်းဗိုက်ကြီးများ စည်းနှောင်နေဆဲတွင် တောတွင်းမှ သေနတ်သံများလည်း တိတ်သွားပြီဖြစ်၏။ နေဟိန်းက ရဲကျော်ခင်ကြီးလဲရာသို့ လှမ်းမျှော်ကြည့်သည်။

ရဲကျော်ခင်ကြီးသည် အနေအထားမပျက်ဘဲ သေနတ်ကို ဆုပ်ကိုင်မှောက်လျက် အသက်ထွက်နေပေပြီ။ သူ့တိုက်ပွဲအောင်မြင်သည် ရှုံးနိမ့်သည်ကိုမှ ကြည့်မသွားနိုင်ရှာပါတကား။

"မေ ... အစ်ကိုနဲ့ တစ်ခါတည်း လိုက်ခဲ့နော်"

ကျော်ကျော်ထိုက်က ခေါ်နေခြင်းဖြစ်သည်။ နေဟိန်းက လှမ်းကြည့်သည်။ သိတာဝင်းနှင့်အတူ မေကြာညိုသည် ယှဉ်ရပ်နေသည်။ မေကြာညိုရှေ့မှာ ကျော်ကျော်ထိုက် ရောက်နေသည်။ နေဟိန်း ရင်ထဲမှာ နာကျင်သလို ဖြစ်သွားသည်။ ဘာကြောင့်ပါလိမ့်ဟု သူ စဉ်းစား၍မရပါချေ။

သူမအား နောက်ဆုံး အပါခေါ်နေသော ကျော်ကျော်ထိုက်ကို ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် မေက မော်ကြည့်လေသည်။





ယတိပြတ် ဆုံးဖြတ်စကားတစ်ခုကိုဖြင့် မေ ပေးရပေမည်။

လိုက်မလား ...
သို့တည်းမဟုတ် ...
မလိုက်ဘူးလား ...

မေသည် ကျော်ကျော်ထိုက်၏ အပြုအမူများကို လက်တွေ့ မျက်တွေ့ မြင်ရ ကြုံရခဲ့ပြီးပြီ။ ကျော်ကျော်ထိုက်က တစ်ကိုယ်ကောင်းဆန်သည်။ လောဘရမ္မက် တက်လွန်းသည်။ သူတစ်ပါးကို နှိမ်လွန်းသည်။ အမူအရာရိုင်းစိုင်းသည်။

ထိုယောကျ်ားမျိုးကို မိမိတို့လို မိန်းမတွေက အိမ်ထောင်ဖက်ရွေးပါက တစ်သက်ပတ်လုံး စိတ်ချမ်းသာမည်ဟု အာမခံပေးနိုင်ပါမည်လော။

မေသည် တောအုပ်ဘက်သို့ ကြည့်၏။ ထိုမှတစ်ဖန် နေဟိန်းကို ကြည့်သည်။ နေဟိန်းက သူမအား ကြည့်နေသည်မှာ ဝမ်းနည်းသလို ဆွေးနေသလိုဟု ထင်ရ၏။

တိုက်ပွဲလွန်သော မိမိအား ဖေဖေထံ ပြန်ပို့ပေးပါမည်ဟု နေဟိန်း ပဋိညာဉ်ပေးထားသည်က ရှိနေလေသည်။

"ဘာငိုင်နေတာလဲ မေ ... သွားမယ်"

"သွားလေ ... အစ်ကိုသွား၊ မေ မလိုက်ဘူး"

မေ့အသံကို အားလုံးက ပီပီပြင်ပြင်၊ ပြတ်ပြတ်သားသား ကြားလိုက်ရသည်။ ကျော်ကျော်ထိုက်သည် ရုတ်နှာအဖျက်ကြီးပျက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာယ်မေး၊ မလိုက်ဘူး"

သူ့အသံက ဝမ်းနည်းသံလား၊ မာကျောသံလားဟု သူကိုယ်တိုင်လည်း မဝေခွဲနိုင်။ အားလုံးကလည်း မခွဲခြမ်းမစိတ်ဖြာနိုင်။

ကျော်ကျော်ထိုက်စိတ်ထဲ ဝမ်းနည်းသွားလိမ့်မည်ဟု မေ တစ်ယောက်သာ သိသည်။

"အစ်ကို့ဆီမှာ ဒေါ်သိက်ပန်ရဲ့ ရွှေတွေ ပါနေတယ်၊ ဒီရွှေတွေဟာ ကျောင်းကျိုးပေးမှာ မဟုတ်ပါဘူး အစ်ကို၊ ဒီရွှေတွေကြောင့် အစ်ကို လူဆိုးတစ်ယောက် ဖြစ်နိုင်တယ်၊ အခုလည်း ကြည့်စမ်း"

မေသည် စင်းစင်းကြီးလဲနေသူ ဦးမြင့်မိုးကို လက်ညှိုးထိုးပြသည်။

"အခုလည်း ရဲအရာရှိတစ်ယောက်ကို အစ်ကို လက်ရုံးအားကိုး လုပ်လိုက်တာ ဘယ်လောက်လွန်သလဲ"

"မဆိုင်တာတွေ မပြောစမ်းပါနဲ့၊ လိုက်မယ်မလိုက်ဘူးဆိုတာသာပြော"

"အစ်ကို့ရွှေတွေ ထားခဲ့လေ"

"ဒီရွှေတွေ ကိုနဲ့ မေ့ဘဝမှာ ..."

"အရည်အချင်းရှိတဲ့ ယောက်ျားတစ်ယောက်အဖို့ အချောင်ရတဲ့ပစ္စည်းဟာ မလိုပါဘူး၊ အလုပ်တစ်ခုခုကို ကိုယ့်အရည်အစွမ်းနဲ့ လုပ်စားနိုင်ကြတာချည်းပဲ အစ်ကို"





မေက တင်းတင်းပင် လေသံမာနေသည်။

"ဒါဖြင့် မေ မလိုက်ဘူးပေါ့"

"မေ့ကို ခေါ်ရင် ရွှေတွေထားပစ်ခဲ့"

ကျော်ကျော်ထိုက်၏ ဒေါသက ပေါက်ကွဲထွက်သွားလေပြီ။ သူသည် သူ့လက်ကြီးတစ်ဖက်နှင့် မေ့ပါးပြင်ကလေးကို လက်ဝါးစာ ကျွေးထည့်လိုက်လေသည်။ ဖြန်းခနဲ အသံအဆုံး မေ့ပါးတွေ ထူပူသွားတော့သည်။ မေသည် မြေပြင်သို့ ပြိုလဲကျသွားရှာ၏။

လမ်းဘေး မျက်လှည့်ဝိုင်းတစ်ခုကို လူတွေ ဝိုင်းအုံကြည့်နေသည့်ပမာ ကျော်ကျော်ထိုက်နှင့် မေ့အဖြစ်ကို ရှုကွက်သဘောမျိုးသာ လူတွေက သဘောထားကြည့်နေကြသည်။ ဆန်းစစ်ပါလျှင် နေဟိန်း အသည်းထဲမှာ မေကြာသို့ ပါးရိုက်ခံရသည်ကို မြင်ကတည်းက အသည်းထဲ ကျွဲဝင်ခတ်ခံရသည့်နှယ် နာကျင်မိန်းမောသွားသည်။

သို့တစေ ...

သူတို့ချင်းချင်းသာ ဖြေရှင်းထိုက်သော ကိစ္စတစ်ရပ်မို့ ဖြေရှင်းကြပါစေ။ မိမိတို့က ဝင်ရောက်စွက်ဖက်ခွင့်မရှိဟု နေဟိန်းက လူမှုရေးသဘောတစ်ရပ်အနေဖြင့် နားလည်လိုက်ပါ၏။

"မလိုက်ဘူး၊ မလိုက်ဘူး မခေါ်နဲ့၊ နင့်လို ရိုင်းစိုင်းတဲ့ လူရဲ့ ဇာတိဟာ အခုတော့ မင်းသားဟန်ဆောင်ရာက ဘီလူးဇာတိရုပ် ပေါ်လာပြီ မဟုတ်လား၊ နင်နဲ့သာ လိုက်ရင် ငါ ချေးဖြစ်မှာပဲ"

www.burmeseclassic.com



မကြာညို ဒေါသဖြစ်စရာ၊ မုန်းတီးစရာ ဖြစ်မည်ဆိုလည်း ဖြစ်ထိုက်ပေ၏။ ငယ်စဉ်ကတည်းက သူ့ပါးပြင်ပေါ် သူစိမ်းလူဝေးလို့ ဖေဖေ့လက်ဝါးတောင် အတင်မခံရခဲ့။

ယခုတော့လား ...

စလယ်ဝင် ဖင်မမည်းခင်က ကွဲကြရမည့်ဖြစ်တွေ။

ခပ်ပြင်းပြင်း ပါးကို ပွတ်သပ်ရင်းက မကြာညို၏ ပါးနုလွှာပေါ်သို့ မျက်ဝန်းအစွင်းက ပုလဲနှစ်တွေက တစ်ပေါက်ချင်း ထွက်လာလေသည်။ ကျော်ကျော်ထိုက်သည် သူရိုက်မိသဖြင့် သူ မှားမုန်းသိ၏။

သို့စေငြား မိမိက မှားပါသည်ဟု မိန်းမသားတစ်ယောက်ရှေ့မှာ ဝန်ခံရမှာရှက်သည်။ ဝန်လည်းမခံလို။

မကြာညိုလို လှသည့် မိန်းမမျိုးတော့ ရွှေသာရှိလျှင် လက်ဖြောက်တစ်ချက်တီးရုံနှင့် ထွက်လာလိုက်ကြမှာ အပုံ။

"အေး ... နင့်ထိုက်နဲ့နင့်ကံ နင်နဲ့မထိုက်တော့ မစံရုံပေါ့ လောကမှာ မိန်းမတွေ ပေါပါတယ်၊ ရွှေဖြစ်ငွေဖြစ် မိန်းမတွေဆို သုံးမကုန်ပါဘူး"

"ရှင်သွား ... အဲဒီမိန်းမတွေထဲမှာ သွားခေါင်းစိုက်ချေ။ မိန်းမတွေကို ရှာရပေမဲ့ မေတ္တာကိုတော့ မြင်တွေ့လိမ့်မယ် မထင်လေနဲ့"

ဒေါသ၊ မုန်းတီးခြင်း၊ ရင်နာမှု ရှက်ခြင်းတို့နှင့် ပြည့်မွတ်စွာ အော်ပြောလိုက်၏။ လောကတွင် သူကလွဲလျှင်





မည်သူ့ကိုမျှ ထိမထင်သော ကျော်ကျော်ထိုက်က မဲ့ပြုံးတစ်ချက်ပြုံး၍ မြင်းဆီသို့ ခြေလှမ်းပြီး ခြေနင်းကွင်းကို နင်းလိုက်၏။

"ကိုကျော်ကျော်ထိုက် ခင်ဗျား သွားချင်တဲ့နေရာကို သွားပါ၊ ဒါပေမဲ့ ရွှေအိတ်ကလေးတော့ တစ်ဆိတ် ကျေးဇူးပြုထားခဲ့ပါဗျာ"

ညင်သာသိမ်မွေ့စွာ နေဟိန်းက လှမ်းပြောလိုက်၏။ မြင်းပေါ်သို့တက်မည့် ကျော်ကျော်ထိုက်၏ ကိုယ်သည် မြေပြင်မှ သစ်ငုတ်နှင့်မခြား ငြိမ်သွားသည်။

ခြေကို မြေပေါ်ပြန်ချလျှက် ဖြည်းညင်းစွာ ကြည့်လိုက်သည်။ သူ၏ရှေ့တည့်တည့်မှာ နေဟိန်းသည် လက်ပိုက်ရပ်နေ၏။

"ဘယ်လိုလဲ ... အနှောင့်အယှက်တွေက များလှချည်လား၊ တယ်လည်း စိတ်ညစ်ရပါလား ကိုနေဟိန်း၊ ဒီရွှေတွေက ကျုပ် ရထိုက်လို့ရတာ၊ ကျုပ် သဘောပါ"

"တကယ် ရထိုက်တော့ တိုင်းပြည်ဘဏ္ဍာအတွက်ပါ။ ဒီရွှေတွေဟာ တိုင်းပြည်အတွက် အသုံးချရမဲ့ တိုင်းပြည်ပိုင် ရွှေတွေပဲ၊ မမိုက်ချင်စမ်းပါနဲ့"

"မမိုက်ချင်စမ်းပါနဲ့ ... ဟာ တယ်လာတဲ့ စကားပါလား၊ မိုက်တယ်ဆိုတာ ချိုထွက်တာ မဟုတ်ဘူးဗျ၊ ဘယ်သူမဆို ကိုယ့်အခွင့်အရေးထိလျှင် ချမှာပဲ"

"ချချင်ရင် ခင်ဗျားဘာသာခင်ဗျား ဟောဟိုတောထဲမှာ သွားချ၊ ကိုယ်လိုချင်တာက ရွှေတွေထားခဲ့ဖို့"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးက တင်းမာ ခက်ထန်နေပြီး တစ်ယောက်ကိုတစ်ယောက် အလျှော့ပေးမည့်ပုံ မပေါ်ချေ။

မနီးမဝေးမှ အောင်လွင်က သေနတ်တပြင်ပြင် ဖြစ်နေလေရာ ခွန်သာက တားထားရသည်။ နေဟိန်း ခါးမှာကော။ ကျော်ကျော်ထိုက် ခါးမှာပါ သေနတ်တွေက အသီးသီး ရှိနေသည်။

ကျော်ကျော်ထိုက်သည် သတိမေ့နေသူ ဦးမြင့်မိုးကို မေးငေါ့ပြလိုက်၏။

"ရွှေတွေကို မယူရအောင် ပါးစပ်ဆော့ခဲ့တဲ့ ဟောဟို ဦးမြင့်မိုးကို ကျုပ် ဘယ်လို ပညာပေးခဲ့သလဲ ဆိုတာ ခင်ဗျားအမြင်ပဲ၊ ဒီတစ်ခါတော့ ကျုပ်က သူ့ကို လက်နဲ့ ပေးမှာတော့ မဟုတ်တော့ဘူးနော်"

"ဘာလဲဗျ ... ခင်ဗျားက အနောက်တိုင်း ရုပ်ရှင်တွေထဲက နွားကျောင်းသား ဓာတ်လိုက်တွေကို သေနတ်ထုတ်မြန်တယ်ဆိုပြီး စကားတင်စီးနေသလား"

"မြန်ရုံတင် ဘယ်ကမလဲ၊ မှန်လည်း မှန်တယ်"

"အေး ... လေကလည်း မှန်ပါတယ်၊ ဒီတော့ လှေကုန်မခံဘဲ ရွှေအိတ်တွေကိုသာ မစ,ပေးခဲ့ပါ"

ခပ်အေးအေး ပြောပြီးလျှင် နေဟိန်းက ခါးထောက်လိုက်သည်။

ကျော်ကျော်ထိုက်၏ မျက်နှာအသားရောင်သည် မင်နီရောင် ထ,သွားသည်။





"တော်စမ်းဗျာ"

သူသည် ခပ်ဆောင့်ဆောင့် တစ်ချက်ဆို၍ မြင်းပေါ်လှည့်လျက် တက်ရန် ဟန်ပြင်လိုက်သည်။

"ကိုကျော်ကျော်ထိုက်"

နေဟိန်း ခေါ်သံက စူးရှ မာကျောလှ၏။

"မနေသာ အဖြေရှာရတော့မည်မို့ ..."

ခေါ်သနှင့် ကျော်ကျော်ထိုက်က လှည့်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် သူ့ခါးကြားမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။

သည်အတွင်း နေဟိန်းမှာလည်း သူ့သေနတ်ကို သားရေအိတ်ထဲမှ ဆွဲထုတ်ရာက မြေပေါ်သို့ သူ့ကိုယ်ကို လှဲချလိုက်၏။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

သေနတ်သံတွေက ဆူညံသွားသည်။

ကျော်ကျော်ထိုက်က ဦးစွာအပစ်။ မြေပေါ်တွင် နေဟိန်းက တစ်ပတ်လိမ့်ပေးလိုက်လျက် ထိုးမှောက်ရာက သူ့သေနတ်ပြောင်းဝမှ ခဲတောင့်နှစ်တောင့် မှုတ်ထုတ်ပေးလိုက်သည်။

ကျော်ကျော်ထိုက်၏ ကျည်ဖူးတွေက နေဟိန်း ပထမ လှဲချရာ မြေကြီးထဲသို့ ဝင်ရောက် တူတူ့ပုန်းလိုက်စဉ် နေဟိန်း ပစ်လွှတ်သော သေမင်းတမန် ကျည်တောင့်တွေက ကျော်ကျော်ထိုက် ကိုယ်ထဲ နစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမ ...

ကျော်ကျော်ထိုက် လက်ထဲကသေနတ် လွတ်သွား၏။

ဒုတိယ ...

ကျော်ကျော်ထိုက်က တောင့်တောင့်ကြီးရပ်ပြီး တွေးနေ၏

တတိယ ...

ကျော်ကျော်ထိုက်သည် ဒူးတွေညွတ်လျက် ဖြည်းဖြည်းကလေး ပျော့ခွေကျသွား၏။

သည်မြင်ကွင်းသုံးခုကို အသက်ရှင်နေသူတွေ အားလုံးက တစ်ခုပြီးတစ်ခု တွေ့ရသည်။

နေဟိန်းသည် လူးလဲထ,ကာ ကျော်ကျော်ထိုက်ကို ပြေးပွေ့သည်။ သေစေရန် မရည်ရွယ်ခဲ့ငြားလည်း အကုသိုလ်ဆိုက်ချိန်မှာတော့ ကျည်ဝင်ရာက ကျော်ကျော်ထိုက်၏ ရင်အုံနှင့် ဝမ်းဗိုက်။

သွေးတွေက မင်နီရည်လောင်းသလို ရွှဲရွှဲစိုနေသည်။

"ခင်ဗျား မှန်တယ်"

နေဟိန်းက ကျော်ကျော်ထိုက်ကို အပွေ့မှာ သည်တစ်ခွန်းမျှသာ ကျော်ကျော်ထိုက် ဆိုသည်။

ပြီးတော့ ပြုံးသည်။ ထိုအပြုံးကား သူ့ရုပ်ဒြပ်ထယ် မပျက်စီးမချင်း ပြုံးနေဦးမည်သာ။ ပြုံးရင်း ကျော်ကျော်ထိုက် အသက်ထွက်ခဲ့လေပြီ။





နေဟိန်းအား မှန်သည်ဟု ရည်ရွယ်ပြောခဲ့သော စကားက ဘာကို မှန်သည်ဟု ယူဆရလေမည်မသိ။

လူတွေက တဖြည်းဖြည်း ဝိုင်းအုံလာသည်။

မကြာညိုသည် ကျော်ကျော်ထိုက် နားမှာ ဒူးထောက်၍ ငုံ့ကြည့်သည်။ စောစောက နာကြည်းခဲ့ငြားလည်း ချစ်သူဟောင်းမို့ မျက်ရည်တွေက တစ်ပေါက်ပြီး တစ်ပေါက် ကျော်ကျော်ထိုက်၏ ရင်ဘတ်ပေါ် ကျသွား၏။

သွေးနဲ့မျက်ရည် ရောနှောပေါင်းစပ်လေပြီ။

သွေးနဲ့မျက်ရည် ပေါင်းစပ်သော နေရာတိုင်းမှာ ငြိမ်းအေးပါစေလို့ မကြာညို ဆန္ဒပြုချင်သည်။

"ခင်ဗျားတို့ မြင်ကြတဲ့ အတိုင်းပါပဲ၊ ကျော်ကျော်ထိုက်က ပထမဆုံး သေနတ်ဆွဲနုတ်ပြီးပစ်လို့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ပြန်ကာကွယ်လိုက်ရတာယ်"

နေဟိန်းက အားလုံးသော လူတွေကို သက်သေထူလိုက်လေသည်။ သက်ပြင်းလေးတွဲ့စွာ ချမိသည်။

များမကြာမီ စစ်သားတွေက တောင်ကုန်းပေါ်သို့ ရောက်လာကြသည်။ များများစားစား မဟုတ်၊ တိုက်ကင်းလှည့်အဖွဲ့တစ်ခုသာ ဖြစ်၏။ သူတို့နှင့်အတူ လူသုံးဦးပါ ပါလာကြသည်။ မကြာညို၏ ဖခင်နှင့် သူ့တပည့်နှစ်ဦး။

မေသည် ဖခင်ကို တွေ့သောအခါ ပြေးဖက်ငိုကြွေးလေသည်။ ဦးနန်းထိုက်သည် မကြာညိုကို တွေ့စက ပေါ်သဖြစ်

www.burmeseclassic.com

သလို ရှိနေသော်လည်း မေ ငိုသည်ကို တွေ့သောအခါ မျက်နှာတွင် ဝမ်းနည်းသည့် အရိပ်အရောင်နှင့် မျက်လုံးမှာ မျက်ရည်များ ရစ်ဝဲစ ပြုလာသည်။

“တိတ်ပါ သမီးရယ်၊ ကံမကုန်လို့ ပြန်တွေ့ကြပြီပဲ၊ သမီးထွက်သွားတာကို သိကတည်းက ဖေဖေတို့ ရှာကြသေးတယ်၊ ဒါပေမဲ့ လမ်းလွဲနေတယ်၊ နောက် စိုက်ခင်းဘက်ကို သွားမှာပဲဆိုပြီး လိုက်အလာ လမ်းမှာ တိုက်ကင်းအဖွဲ့နဲ့ သွားတွေ့တယ်၊ သူတို့ကလည်း ကူညီလိုက်ပါ ရှာပေးပါ့မယ် ဆိုတာနဲ့ ဒီဘက် ဆက်ထွက်လာမှာ တစ်ညမှာ သေနတ်သံတွေလို့ သဲ့သဲ့ကြားလို့ ဆက်ထွက်လာကြတယ်၊ မကြာခင် ဒီက ရှို့ထားတဲ့မီးကို တွေ့ကြတာပဲ”

အားလုံးကိုပဲ ပြောသလိုလို၊ သူ့သမီးကိုပဲ ပြောသလိုလို၊ ဦးနန်းထိုက်က ပြောပြသည်။ ထို့နောက် တပ်ကြပ်ကြီးဘက်ကိုလှည့်၍ ...

“ဆရာဇော်လင်း ... အဲဒါ ဦးသမီးလေ၊ ဦး ရှာနေတာ သူ့ကိုပဲပေါ့”

ဂျီသရီးသေနတ် ထမ်းထားသော ဆရာဇော်လင်းက သဲ့သဲ့ပြုံးပြသည်။ သူ့မျက်နှာသည် တောတွင်းဝယ် တာဝန်ဝတ္တရားကို မပြတ်ထမ်းဆောင်နေရ၍လော မသိ၊ နေစားကာ အမွေးအမှင်တွေက ထူထပ်နေသည်။





တိုင်းပြည်ကို တာဝန်ထမ်းဆောင်နေရသော စစ်သားတစ်ယောက်အတွက် သူ့ကိုယ်သူ မသ,အား၊ ရန်သူကိုရှာနေခြင်းသာ သူတို့အလုပ်။ တိုင်းပြည်အတွက် ရန်သူနှင့် ရင်ဆိုင်တိုက်နေရသော တိုက်ပွဲသည် သူတို့၏ မိတ်ဆွေ၊ စစ်သားများကို မေ ကရုဏာသက်စွာ မျက်ရည်ပြည့်လျှမ်းမှုကြားမှ ကြည့်နေ၏။

ဆရာဇော်လင်းက ရန်သူ၏ အကျဆုံးစာရင်း၊ လက်နက်စာရင်းများကို စစ်သားတစ်ဦးထံမှ ကောက်နေသည်။

မြန်မာ့တပ်မတော်ဘက်မှ အကျအဆုံးမရှိ။ ထိခိုက်ဒဏ်ရာမရှိ။ သူကပင် ဆရာဇော်လင်း၏ ရင်ကို ပေါ့ပါးစေသည်။

သောင်းကျန်းသူများဘက်ကမူ အရှင်မမိ၊ အသေသာ အမိများ၏။ အချို့လည်း ဆုတ်ခွာထွက်ပြေးသွားကြ၏။

နေဟိန်းက သူတို့အားလုံး၏ ဖြစ်ထွေကို ဆရာဇော်လင်းနှင့် ဦးနန်းထိုက်ကို ပြောပြသည်။

“ကိုနေဟိန်း ဆိုတာ ခင်ဗျားကို၊ စစ်တပ်နဲ့ ရဲကို အကူအညီ ပေးပေးနေတာ ကြားပါတယ်၊ အခုလို တွေ့ရတာ ဝမ်းသာမိပါတယ်”

ဆရာဇော်လင်းက ကိုနေဟိန်း၏ ပခုံးကို ရင်းနှီးစွာ ပုတ်ပြောလိုက်သည်။ ဦးနန်းထိုက်ကလည်း နေဟိန်းကို ပြုံးပြသည်။ သူနှင့် နေဟိန်းသည် စကားမပြောပေမင့် တစ်ယောက်ကို တစ်ယောက်တော့ တစ်စွာဝင် တစ်စွာထွက်နဲ့ မျက်နှာသိ ဖြစ်နေကြသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နောက်ဆုံးပြောလိုတာက ကျွန်တော်နဲ့ ကိုကျော်ကျော်ထိုက် ကိစ္စပဲ၊ သူနဲ့ ကျွန်တော် သေနတ်ပစ်ပွဲဖြစ်တော့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့ အနေနဲ့ ပြန်[illegible]ဲ ... ဥပဒေအရ ဖမ်းမယ်ဆိုလည်း အဖမ်းခ[illegible]ယ်"

နေဟိန်းသည် တရားဥပဒေကို ရိုသေလေးစားသည့် အားလျော်စွာ ပြောပြသည်။ ဦးနန်းထိုက်သည် ကျော်ကျော်ထိုက် အလောင်းကို လှမ်းကြည့်၍ ...

"မင်းမှာ အပြစ်မရှိဘူးလို့ ဦး ထင်တယ်၊ ကျော်ကျော်ထိုက်ဟာ လူကောင်းမှ မဟုတ်ဘဲ၊ သူဟာ မန္တလေးက ကစားဝိုင်းတစ်ခုမှာ လူတစ်ယောက်ကို ဓားသေနတ်နဲ့ ပစ်သတ်ပြီး ထွက်ပြေးနေတဲ့ ဝရမ်းပြေးတစ်ယောက်ပဲ၊ သူ့ကိုလည်း ရဲက အလိုရှိနေတယ်၊ ဟောဒီမှာ သူ့လူသတ်မှုအကြောင်း ပါလာတဲ့ သတင်းစာ၊ သူ့ဓာတ်ပုံလည်း ပါတယ်၊ တကယ်လို့ သူ အသက်ရှင်နေရင်လည်း သမီးရှေ့တင် ဒီသတင်းစာဖြတ်ပိုင်းကိုပြပြီး ဖမ်းမလို့ကွယ်"

အိတ်ကတ်ထဲက သတင်းစာ အပြတ်တစ်ခုကို ဦးနန်းထိုက်က ထုတ်ပြသည်။ အားလုံးက တအံ့တသြ ဖြစ်နေကြ၏။ ဦးနန်းထိုက် ပြောသလိုပင် ကျော်ကျော်ထိုက်၏ လူသတ်မှုနှင့် ကျော်ကျော်ထိုက်၏ ဓာတ်ပုံက ပါနေသည်။





"ဘုရား ... ဘုရား ... သမီး မှားတော့မလို့၊ ရေတိမ်နစ်တော့မလို့"

ထိတ်လန့်တုန်လှုပ်စွာ မေကြာညိုက ရင်ဘတ်ကို လက်နှင့်ဖိရင်း မျက်နှာကလေး ဖြူဖပ်ဖြူရော်နှင့် ဆိုလိုက်ရှာသည်။

"အဲဒါ သမီးတို့ မိန်းကလေးတွေ အမှားပေါ့ကွယ်၊ အမျိုးအမည် ဇာတိကိုမသိရဘဲ သူတို့ကို လိုက်လျောပြီး ရုပ်ချောတဲ့ ယောကျ်ားလေးဆိုရင် အထင်ကြီး ဖမ်းကြိုက်လိုက်တာပဲ၊ ဒါဟာ သမီးတို့ရဲ့ ချို့ယွင်းချက်ပဲ၊ တကယ်ဆို ကိုယ်ယူမဲ့ ယောကျ်ားဟာ လူဆော်ကြွားအစား၊ တိုင်းပြည်တာဝန်ကို ထမ်းရွက်ပေးနေတဲ့ ယောကျ်ားအစားမျိုး ဖြစ်ရမယ်၊ မဟုတ်ဘူးလား ဆရာဇော်လွင်း"

"အာ ... ဟုတ်တာပေါ့"

ဆရာဇော်လင်းက အားနာနာနှင့် ပြောလိုက်၏။

အဘိုးကြီးက သူ့သမီးအား ဆက်မပြောတော့ပေ။

သို့သော် သူ့မျက်လုံးတွေက ဦးမြင့်မိုးနှင့် စကားပြောနေသော နေဟိန်းဆီသို့သာ ကျက်စားနေသည်။

"ကဲ ... ဦးမြင့်မိုး၊ ခင်ဗျား ဝတ္တုရေးအတိုင်း ခွန်သာကိုခေါ်သွားတော့၊ သူဟာ လူကောင်းပါ၊ တရားလည်းမှန်အတိုင်းတော့ ဖြစ်အောင် ကြိုးစားပေးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ ကျွန်တော် တတ်နိုင်သရွေ့ ခွန်သာ့ အတွက် တတ်စွမ်းသရွေ့ ကူညီပါ့မယ်၊ ရှမ်းလည်း မြန်မာ၊ မြန်မာလည်း ရှမ်းပါ၊ ဥပဒေဆိုတာ တိုင်းရင်းသား ညီအစ်ကိုတွေ အတွက် တစ်မျိုးတည်း သတ်မှတ်ထားတာပဲ"

"ပြီးတော့ ရွှေတွေကိုလည်း ဆရာဇော်လင်းနဲ့ ခင်ဗျားလက်ထဲ အပ်လိုက်မယ်"

"ကောင်းပါပြီ"

အလောင်းတွေကို ရှင်းလင်းခြင်း၊ လက်နက်များကို သိမ်းဆည်းခြင်း ပြီးသောအခါ ဆရာဇော်လင်းက စစ်သားနှစ်ယောက်ကို ရှေ့ပြေးကင်းထောက် လွှတ်လိုက်သည်။ နေဟိန်းသည် အောင်လွင်ကို လှမ်းခေါ်လိုက်၏။

"မင်း ဘယ်ကိုသွားမလဲ"

အောင်လွင်က ရယ်ကျဲကျဲ လုပ်နေသည်။

"ကျွန်တော်တော့ သိတာဝင်းနဲ့အတူ အလုပ်အကိုင်ကောင်းမဲ့ နေရာကို သွားမယ် စိတ်ကူးတယ်၊ သိတာဝင်းကလည်း ကျွန်တော် ခေါ်ရာကို လိုက်မယ်တဲ့"

"အေး ... အဲဒါလည်း ကောင်းပါတယ်၊ ဒါဖြင့်လည်း ဒီလိုလုပ်၊ ဦးနန်းထိုက် ဆီမှာ လုပ်မလား၊ သူ့ဆီ အလုပ်တောင်းရင် ရပါတယ်"

သူငယ်နှစ်ယောက်အတွက် နေဟိန်း စိတ်အေးသွားရသည်။ သူက မကြာညိုဘက် တစ်ချက် လှမ်းကြည့်သည်။





မကြာညိုကလည်း နေဟိန်းကို ငေးကြည့်နေရာ အကြည့်ချင်း ဆုံသွားသည်။ နေဟိန်းက ဦးစွာ လွှဲဖယ်ပစ်လိုက်လေသည်။

သူသည် သူ့မြင်းရှိရာသို့သွား၍ မြင်းကုန်းနှီးကို စစ်ဆေးနေသည်။ သည့်စဉ်ခိုက် မကြာညိုသည် အနားကပ်လာသည်။

"ကိုနေဟိန်း ... ဘယ်သွားမလို့လဲဟင်"

နေဟိန်းသည် မကြာညိုကို ငုံ့ကြည့်လိုက်၏။

"ဘယ်ကို သွားရမယ်လို့ မသိသေးပါဘူး မေ၊ ထုံးစံအတိုင်း ပြည်သူ့ရန်သူတွေကိုပဲ ဆက်လက် ရှင်းလင်းရဦးမှာပေါ့"

"မေ့ကို ပြောထားတဲ့ စကားကို မေ့နေပြီလား ကိုနေဟိန်း၊ တိုက်ပွဲပြီးရင် မေ့ကို အိမ်လိုက်ပို့ပေးမယ်ဆို"

မေက ညင်သာစွာ တီးတိုးပြောလိုက်သည်။

"မေ့ ဖေဖေ လာပြီမဟုတ်လား"

"မေ့ဖေဖေကို မေက လိုက်ပို့ရမှာ၊ မေ့ကို ကိုနေဟိန်းက လိုက်ပို့ဦးပေါ့၊ ဖေဖေ့ ကြည့်ရတာ ကိုနေဟိန်း လိုက်ပို့တာကို ကန့်ကွက်မဲ့ပုံ မပေါ်ပါဘူး"

"တကယ်ပဲ လိုက်စေချင်သလား မေ"

"တကယ်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေ့ဟီနီးသည် မြင်းဘေးမှ မေကြာညိုကို ပြုံးကြည့်၏။ မေကလည်း သူ့ကို အပြုံးတွေအပြည့်နှင့် ပြန်ဟပ်ကြည့်သည်။ သည်အပြုံးနှစ်ခု၏ ထိတွေ့မှုကား လာမည့်အနာဂတ်ကာလအတွက် မေတ္တာများ ဖူးပွင့်နေသယောင်ယောင်။

ဆုံကြဦးမယ်ကွယ်

စောညို



www.burmeseclassic.com